
www.burmeseclassic.com



www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# လူသူတော်ကျောင်တဆောင်း

# နှင့်

# ကိုးသချိုင်းရာဇာ

# ရာဇဂဏီ

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၀၇၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၀၀၈၆၁၂

**ထုတ်ဝေသူ**

ဦးကျော်ဆန်း(ရဲဘော်ကျော်ဆန်း) (မြ-၀၉၃၂)

ရဲအောင်စာပေတိုက်

အမှတ်(၂)၊ ချွန်းလမ်း(၁)

မင်္ဂလာတောင်ညွန့်မြို့နယ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊

အမှတ်-၁၀၆၊ တာမွေလမ်း။ (က+ခ)ရပ်ကွက်၊ တာမွေကြီး၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ။

[redacted] အုပ်ရေ - ၅၀၀



ကျုပ်က...သူတောင်းစားဆိုတော့...

ခွက်စောင်းခုတ်တဲ့အတတ်ကို...,

တစ်ဖက်ကမ်းခပ်အောင်...တတ်တယ်လေ...

သူတောင်းစားစိန်မြား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## သူတောင်းစားစိန်များ

ရန်ကုန်ကွမ်းခြံဘူတာကြီးရှေ့သို့ . . အဖြူရောင်အော်စတင်ကားကြီးတစ်စီးက ဝင်ရောက်လာလေသည်။ ရှေးဦးစွာ . . ကားမောင်းသူက အထူးတန်းဆင်ဝင်အောက်တွင် ကားကိုထိုးရပ်လိုက်လေသည်။ ကားရပ်ပြီးသည်နှင့် ကားမောင်းသူသည်ကားပေါ်မှကပျာကယာပြေးဆင်းလာကာ . . ကား၏နောက်ခန်းညာဘက်တံခါးကိုဆွဲဖွင့်၍ အရိုအသေပေးလိုက်လေသည်။

ကား၏နောက်ခန်းမှ . . ဟန်ပါပါဖြင့် ဆင်းလာသူမှာ ဝန်ထောက်မင်း မစ္စတာကောလင်းဆိုသူပင်ဖြစ်လေ၏။ ထိုပုဂ္ဂိုလ်



ကြီးသည် လွန်စွာရှည်လျားလှသောအရပ်၊ နီစပ်သောအသား၊ ပွသောနှာခေါင်း၊ ပြူးသောပါးစပ်တို့ကို ပေါင်းစပ်ထားသဖြင့် မြင်ရသူများအတွက် ထူးဆန်းသောသတ္တဝါကြီးတစ်ကောင်ဟု ထင်မိကြရလေသည်။

သို့သော်လည်း . . ဝန်ထောက်ဆိုသောရာထူးကြီးက မကောင်းဆိုးဝါးနှင့်တူသော မစ္စတာကောလင်း၏မျက်နှာအား ဖုံးအုပ်ထားပေးလေသည်။ ထိုကားကြီးထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက် မီးရထားဝန်ထမ်းများသည် ကားကြီးအနီးသို့သူ့ထက် ငါ အပြေးအလွှားရောက်ရှိလာကြပြီး . . ကြိုဆိုနေကြလေသ ထိုကဲ့သို့ကြိုဆိုကြသည့်လူများထဲတွင် မီးရထားရုံပိုင်ကြီးလ ၁င်လေ၏။

"ဝန်ထောက်မင်း . . . ကြွပါခင်ဗျာ . . "

ရုံပိုင်ကြီးကစတင်၍ . . ကြိုဆိုနှုတ်ဆက်လိုက်လေ၏ ထို့နောက်ဝန်ထမ်းများအားလုံးကလည်း သံပြိုင်အော်ဟစ်၍နှု ဆက်လိုက်ကြ၏။

"ဝန်ထောက်မင်း မစ္စတာကောလင်း . . ကျန်းမာပါစေ။ ချမ်းသာပါစေ . . "

ဝန်ထောက်မင်းမစ္စတာကောလင်းသည် . . သူ၏ မလှမပ ပြုလှသောမျက်နှာကြီးကိုပြုံးပြလိုက်ပြီးလျှင် မီးရထားရုံပိုင်ကြီး၏ အခန်းအတွင်းသို့ စတင်ဝင်ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌. . ဘူတာရုံထဲတွင် အသင့်ရှိနေကြသောပုလိပ်များက. . ခရီးသည်များအား ဘေးသို့ကပ်ပေးကြရန်အော်ဟစ်ပြောဆိုယင်း စကြ်န်ပလက်ဖေါင်းတစ်လျှောက် ရှေ့မှအလျှင်ပြေးသွား၍ လမ်းရှင်းပေးနေကြလေ၏။

ခရီးသွားရန်. . ဘူတာရုံကြီးထဲသို့ရောက်ရှိနေကြသူများမှာ ကြောက်ကြောက်လန့်လန့်ဖြင့်. . ပါလာသည့်အထုပ်များကို မနိုင်မနင်းဆွဲကိုင်လိုက်ကြကာ ဘေးသို့အလျှင်အမြန်ကပ်ပေးလိုက်ကြ ရလေသည်။

ပုလိပ်များကလည်း. . လက်ကိုင်တုတ်များဖြင့် ဟန်ရေးပြကာအော်ဟစ်နေကြသည်။

"ရှေ့ကလူတွေ. . ဘေးကို မြန်မြန်ကပ်ကြစမ်း။ လမ်းရှင်းပေးထားကြစမ်း။ ဝန်ထောက်မင်းလာနေတာကို ခင်ဗျားတို့မမြင်ကြဘူးလား. . "

"ဟိုရှေ့ကအဖွားကြီး. . ။ ကျုပ်ပြောနေတာကို မကြားဘူးလား. . ။ ဘေးကို ကပ်ခိုင်းနေတယ်လေ. . "

အသက်အရွယ်ကြီးပြီဖြစ်သဖြင့် တုန်တုန်ချိချိသွားနေရရှာသောအဖွားကြီးတစ်ယောက်အား. . ပုလိပ်သားတစ်ယောက်က အတင်းဆွဲ၍ ဘေးသို့တွန်းထုတ်လိုက်လေသည်။ အဖွားကြီးမှာ တွန်းလိုက်သည့်အရှိန်ကပြင်းထန်လွန်းသဖြင့်. . လူအုပ်အတွင်းသို့ လဲပြိုကျသွားရှာလေသည်။



"ဟာ. . "

"အလို. . "

"ဒီကောင်တွေ. . လူမှ ဟုတ်ရဲ့လားမသိဘူး"

လူအုပ်အတွင်းမှ ဝေဖန်သံများပေါ်ထွက်လာလေသည်။ ပုလိပ်များမှာ. . အဖွားကြီးကို လှည့်၍မျှပင်မကြည့်ကြတော့ဘဲ ရှေ့မှလူများကိုသာ အတင်းတွန်းတိုက်၍ ဆက်လက်လမ်းရှင်းပေးနေကြလေသည်။

ထိုအချိန်တွင်. . . လူအုပ်အတွင်းမှ စုတ်စုတ်ပြတ်ပြတ်အဝတ်အစားများကိုဝတ်ဆင်ထားသူတစ်ယောက်သည် ရုတ်တရက်ရှေ့သို့တိုးထွက်လိုက်ကာ. . အဖွားကြီးအား ပြန်လည်တွဲထူပေးလိုက်လေသည်။

ထို့နောက်. . အဖွားကြီးအားတွန်းထုတ်သွားသော ပုလိပ်၏အနောက်သို့အပြေးလိုက်သွားပြီးလျှင်. . ထိုပုလိပ်၏အကျႌကော်လံကို အားကုန်ဆောင့်ဆွဲထည့်လိုက်လေသည်။

"ဟေ့ကောင်. . မင်းက ဘာလုပ်တာလဲ"

"ဘာလုပ်ရမှာလဲကွ. . ။ မင်းက အဖွားကြီးကိုတွန်းထုတ်သွားပြီး လဲကျနေတာကိုမမြင်ချင်ယောင်ဆောင်သွားလို့ အဖွားကြီးကိုပြန်တောင်းပန်ဖို့ လာခေါ်တာပေါ့. . "

စုတ်စုတ်ပြတ်ပြတ်နှင့်လူသည် အသင့်လွယ်ထားသောလွယ်အိတ်စုတ်အတွင်းသို့ လက်တစ်ဖက်ကိုထည့်ကာ ထိုပုလိပ်အား

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောလိုက်ခြင်းဖြစ်ပေသည်။ ပုလိပ်မှာ. . ထိုလူ၏ လက်အတွင်း၌ ယက်ကန်ယက်ကန်ဖြစ်၍နေလေသည်။ ဤအဖြစ်ကို. . ကျန်ပုလိပ်များကမြင်သည်နှင့် သူတို့အနီးသို့ဝိုင်းအုံရောက်ရှိလာကြလေတော့သည်။

"ဟေ့ကောင်တွေ. . ။ တစ်ယောက်မှအနားကပ်မလာကြနဲ့နော်. . ။ ဒီလွယ်အိတ်ထဲမှာ ဘာတွေပါသလဲဆိုတာ. . မင်းတို့ကောင်းကောင်းသိသွားမယ်. . "

စုတ်စုတ်ပြတ်ပြတ်လူက. . ခပ်မာမာအသံဖြင့် အော်ပြောလိုက်သည်။

"မင်းတို့ဟာ. . ပုလိပ်ဆိုတဲ့ယူနီဖောင်းဝတ်ရတာနဲ့ မင်းတို့ကိုယ်ကိုမင်းတို့. . ဘုရင်ခံရာထူးရသလိုမျိုး ထင်နေကြတယ်. . ။ မင်းတို့ပထွေးက သူ့ဘာသာလာတာကို. . ငါတို့က ဘာဖြစ်လို့လမ်းဖယ်ပေးရမှာလဲကွ. . ။ ငါတို့လည်း ခရီးသွားဖို့လာကြတာပဲကွ. . ။ ငါတို့လည်း. . ပိုက်ဆံပေးစီးကြမှာပဲ။ အလကားစီးမှာ မဟုတ်ဘူး။ မင်းတို့ကမျက်နှာလိုမျက်နှာရနဲ့ လမ်းရှင်းပေးတယ်ပဲထားဦး. . ။ ဘာဖြစ်လို့. . ကိုယ်ထိလက်ရောက်စော်ကားရတာလဲ။ အခုတော့ကြည့်စမ်း. . ။ မစွမ်းမသန်တဲ့အဖွားကြီးကို မညှာမတာတွန်းထုတ်ကြတယ်။ အဲဒါမင်းတို့သတ္တိလား. . ။ ကဲကွာ. . လာကြစမ်း။ သတ္တိရှိတဲ့ကောင်. . ငါ့ကိုလာပြီး တွန်းကြ၊ ရိုက်ကြ၊ ဖမ်းကြလေ. . ။ လာကြစမ်းပါကွ. . ဟား. . ဟား. . "



စုတ်စုတ်ပြတ်ပြတ်လူ၏လက်ထဲတွင် ဖမ်းချုပ်ခံထားရသောပုလိပ်မှာ လုံးဝလှုပ်ရှား၍မရတော့ပေ။ အင်္ကျီကော်လံစကို ခိုင်ခိုင်မာမာကြီးပင် ချုပ်ကိုင်ထားခြင်းခံထားရလေသည်။

ထိုအချိန်တွင်. . . ကျန်ပုလိပ်ငါးယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် အချက်ပြလိုက်ကြပြီးလျှင်. . စုတ်စုတ်ပြတ်ပြတ်နှင့်လူအား အတင်းဝင်ရိုက်ကြလေတော့သည်။

ပွဲက ကြည့်၍ကောင်းလှပေသည်။ စုတ်စုတ်ပြတ်ပြတ်နှင့်လူသည်. . ပုလိပ်ငါးယောက်က ဝိုင်း၍ရိုက်နှက်နေကြသော်လည်း လက်ထဲမှပုလိပ်ကိုလွှတ်မပေးဘဲ တိမ်းရှောင်နေသည်မှာ လွန်စွာမှပင် လျှင်မြန်လှလေသည်။

"ကဲ. . မင်းတို့ကဝိုင်းရိုက်ကြလို့ဝပြီဆိုရင်. . ငါက မင်းတို့ကို ပြန်တိုက်ဖို့အလှည့်ပဲပေါ့. . ။ အတုန့်အလှည့်ဆိုတာ ရှိရမယ်လေ. . ။ ဟုတ်ပြီလား. . "

စုတ်စုတ်ပြတ်ပြတ်နှင့်လူသည် လွယ်အိတ်ထဲမှလက်ကို ထုတ်လိုက်သည်နှင့် ပိန်ချိုင့်နေသောဒန်ခွက်စုတ်တစ်လုံးက လက်ထဲတွင်ပါလာလေသည်။

"ဒီမှာတွေ့ကြလား. . ။ အဲဒါ. . ငါ့ရဲ့အထူးလက်နက်ပဲ။ မြင်ဖူးရင် သေချာကြည့်ထားကြ. . "

စုတ်စုတ်ပြတ်ပြတ်နှင့်လူက သူ့လက်ထဲတွင်ဖမ်းချုပ်ထားသောပုလိပ်၏မျက်နှာကို. . ခွက်စောင်းဖြင့် ခပ်ကန့်မြည်အောင်

www.burmeseclassic.com

www.burmeseclassic.com



ခုတ်ချလိုက်လေသည်။

"ဒန်. ."

"အား. ."

ထိုပုလိပ်မှာ တစ်ချက်သာအော်နိုင်ပြီး. . လဲကျသွားလေတော့သည်။ စုတ်စုတ်ပြတ်ပြတ်နှင့်လူသည်. . အလွန်လျှင်မြန်သောအရှိန်အဟုန်ဖြင့် ကျန်ပုလိပ်များ၏ လက်ကိုင်တုတ်ဖြင့်ရိုက်ချက်များအား ရှောင်တိမ်းကာ. . ပုလိပ်တစ်ယောက်ပြီးတစ်ယောက်အား ခွက်စောင်းဖြင့်တစ်ချက်စီသာလိုက်ခုတ်ထည့်လိုက်ရာ ပုလိပ်များမှာ စကြိန်ပေါ် တွင်ပုံလျက်သားလဲကျကုန်လေ၏။

နံဘေးမှကြည့်နေကြသူများက. . စုတ်စုတ်ပြတ်ပြတ်နှင့်လူအား လက်ခုပ်သံများတဖြောင်းဖြောင်းတီးကြကာ. . ဩဘာပေးနေကြလေ၏။

"ကဲ. . အားလုံးပဲ ကျုပ်နာမည်ကိုမှတ်ထားကြ. .။ သူတောင်းစားစိန်မြားလို့ခေါ်တယ်။ အလုပ်က တောင်းစားတယ်။ ကျုပ်က. . မခိုးတတ်ဘူး၊ မလုတတ်ဘူး၊ သူတစ်ပါးမသထာရေစာကို မစားတတ်ဘူး။ နောက်တစ်ခုက. . ကျုပ်ရှေ့မှာ မတရားတာလုပ်ရင်မခံတတ်ဘူး. ."

စုတ်စုတ်ပြတ်ပြတ်နှင့်လူသည်. . သူ၏ ပိန်ချိုင့်နေသော ဒန်ခွက်စုတ်ကို လွယ်အိတ်ထဲသို့ပြန်ထည့်လိုက်သည်။

"ကျုပ်က သူတောင်းစားဆိုတော့. . ခွက်စောင်းခုတ်တဲ့



အတတ်ကို တစ်ဖက်ကမ်းခပ်အောင်တတ်တယ်ဗလေ. .။ ဒါကြောင့် ဟောဒီ ဗြိတိသျှလက်ပါးစေပုလိပ်ကောင်တွေကို. . ကျုပ် သူတောင်းစားစိန်မြားက ခွက်စောင်းခုတ်ပညာပြလိုက်တာပဲဗျို့။ ကဲ. . ကျုပ်သွားပြီဗျို့။ ကျုပ်တို့မြန်မာလူမျိုးတွေအားလုံး. . မဟုတ်မခံစိတ်ရှိကြပါစေဗျာ. ."

သူတောင်းစားစိန်မြားဆိုသူသည်. . ပြောပြောဆိုဆိုပင် ဘူတာကြီးအတွင်းမှ လျှင်မြန်သောအဟုန်ဖြင့် ထွက်ပြေးပျောက်ကွယ်သွားလေတော့သည်။

ထိုအချိန်တွင် လဲကျနေရာမှပြန်ထလာနိုင်ကြပြီဖြစ်သောပုလိပ်များသည် ခါးကြားမှဝီစီ (ခေါ်) ခရာများကိုထုတ်ကာမှုတ်၍ တစ်ဦးနှင့်တစ်ဦး အချက်ပေးခေါ်ယူနေကြလေတော့သည်။

ထို့ကြောင့်. . ဘူတာကြီးအတွင်း၌ ခရာသံများစီစီညံသွားသော်လည်း. . ထွက်ပြေးသွားသည့် သူတောင်းစားစိန်မြားကိုမူ အရိပ်အယောင်မျှပင်မတွေ့ကြရတော့ပေ။

ဘူတာအတွင်း၌. . ရှိနေကြသောလူများမှာ ရုတ်တရက်ဖြစ်ပျက်သွားသော အဖြစ်အပျက်များကိုငေးကြည့်ရင်း အံ့ဩစွာကျန်ရစ်ခဲ့ကြလေ၏။

ဘူတာအတွင်းရှိ လူများထဲမှ. . အသက်အရွယ်အိုမင်းလျှင်ပြီဖြစ်သောအဘိုးကြီးတစ်ဦးက. . သူတောင်းစားစိန်မြားဆိုသောသူငယ်အား မေတ္တာပင်ပို့လိုက်ပေသေးသည်။

www.burmeseclassic.com



"မောင်မင်းကြီးသား . . ကျန်းမာပါစေ။ ချမ်းသာပါစေ . . ။ ပိုက်ဆံများများ တောင်းလို့ရပါစေ။ ခွက်စောင်းလည်း . . များများ ခုတ်နိုင်ပါစေ . ."

ထိုလူကြီး၏မေတ္တာပို့သံကြောင့် ဘူတာအတွင်းရှိလူများမှာ ပြုံးလျှက်ရှိကြလေကုန်၏။

❖ ❖ ❖



သူတစ်ပါးကို...တရားချဆုံးမနေမယ့်အစား...
ကိုယ့်ကိုယ်ကို...ကောင်းဖို့လိုတယ်။

သုဘာ ရာဇာ ပေတိုး

www.burmeseclassic.com

www.burmeseclassic.com



## သုဘရာဇာ ပေတိုး

တောင်ငူမြို့မှ . . နေ့ဝက်မျှ ခြေလျှင်လျှောက်သွားလျှင် ပေကုန်းဆိုသောရွာကလေးသို့ ရောက်ပေမည်။ ထိုရွာမှာ . . အလွန် ကြီးမားရှ်ထူနေထူထပ်ကာ စည်ကားလှသောရွာကြီးတစ်ရွာပင်ဖြစ် ပေသည်။

ထိုပေကုန်းရွာအစွန်ရှိ သင်္ချိုင်းကုန်းကို . . တာဝန်ယူရသော သုဘရာဇာ၏အမည်ကား ပေတိုးဖြစ်ပေ၏။ သူ့အား လူအများ ကသုဘရာဇာပေတိုးဟုသာခေါ်ဝေါ်သမှုပြုကြလေသည်။

တစ်နေ့သ၌ . . ပေကုန်းရွာကြီး၏ လူချမ်းသာစာရင်းဝ



များဖြစ်ကြပေသော ဦးဖိုးကောင်းနှင့်ဒေါ်သီလေးတို့၏သားငယ် ယူတီဘာစီတီကျောင်းသားလေးမောင်ချစ်ဖေသည် ရုတ်တရက် ကွယ်လွန်သွားပေသဖြင့် . . ပေကုန်းသုသာန်သို့ အသုဘချရန်စီစဉ် ကြရလေသည်။

"အိုလေး . . သားလေးရဲ့အဖြစ်က ဆိုးလှချည့်လားကွယ်။ ငါတို့သားလေးကို . . ပညာတတ်ကြီးဖြစ်စေချင်လွန်းလို့ မြို့ကျောင်း ကောလိပ်မှာထားပေးခဲ့ကြတာ။ အခုတော့ . . ကိုယ်ကျိုးနည်းပါပေါ့ လား . . သား လူလေးရယ် . . "

ဒေါ်သီလေးမှာ . . တက်မတတ်၊ ချက်မတတ်ပင် ငိုကြွေး ၍နေလေသည်။ သူမငိုနေသည်မှာလည်း . . လာသမျှ ဧည့်သည် များသိအောင် အကြွားပိုပိုဖြင့်အသံကုန်ဟစ်ကာ ငိုယိုပြနေခြင်းပင် ဖြစ်လေ၏။

"ငါ့သားလေးက . . တစ်လတစ်လ စရိတ်ငွေသုံးရာနဲ့ တောင်မလောက်ဘူးဆိုလို့ . . ငွေသုံးရာ့ငါးဆယ်လတိုင်းပို့ပေးခဲ့ရ တာ . . ဟောဒီက အမေပါကွယ်"

ဦးဖိုးကောင်းကတော့ . . ကျောက်ရုပ်တစ်ရုပ်နှယ်ငြိမ် သက်လျက်ရှိပေသည်။

"ငါ့သားလေးက . . ဘော်ဒါဆောင်မှာ နေချင်တယ်ဆိုလို့ အလွန်တန်ဖိုးကြီးတဲ့အဆောင်ကိုထားပေးခဲ့တာလည်း . . ဟောဒီက အမေပါပဲကွယ် . . "

www.burmeseclassic.com



အသုဘပို့ရန်ရောက်လာကြသူများမှာ ဒေါ်သီကိုကြည့်ကာ စကားတွတ်ထိုးနေကြလေသည်။

"အောင်မယ်လေး. . သားလေးရဲ့။ ချည်ပုဆိုးမဝတ်ချင်ဘူး၊ ခြေညှပ်ဖိနပ်မစီးချင်ဘူးဆိုလို့. . ဘန်ကောက်လုံချည်ဆယ်ထည်နဲ့ ပန်းမရှူးဖိနပ်တွေကိုဝယ်ပေးခဲ့တာလည်း. . ဟောဒီက အမေပါကွယ်. ."

ဒေါ်သီလေးတစ်ယောက် ငိုကောင်းကောင်းနှင့်ငိုနေသည်ကို ဦးဖိုးကောင်းက တစ်ချက်မျှကြည့်လိုက်ပြီး. .

"မသီလေးရယ်. . သိပ်ပြီးတော့လည်း ငိုမနေပါနဲ့ကွယ်။ သေတဲ့လူက. . သေပြီးပြီပဲ။ မင်းပါ. . ကျန်းမာရေးထိခိုက်နေမဦးမယ်ကွယ်. ."

"ကိုဖိုးကောင်းရယ်. ။ ကျုပ်က ဘယ်လိုဖြေရမှာလည်းတော့. ။ မြို့တက်ပြီး. . သားလေးရောဂါပျောက်ဖို့ ကောင်းမေ… ဆိုတဲ့ဆေးတိုက်ကြီးမှာ ပန်ချာပီဆရာဝန်မှုကာဂျီနဲ့ တစ်နေ့ ငွေတ… ရာ့နှစ်ဆယ်အကုန်ခံပြီး ဆယ်ရက်တောင်ကုပေးခဲ့တာလည်း. . ဟောဒီကအမေပါကွယ်. ."

အသုဘပို့လာကြသူများမှာ. . ဒေါ်သီလေးကိုကြည့်က… အမြင်ကပ်နေကြလေ၏။ ငိုတာကနည်းနည်း. . ကြွားနေတာ… များများ ဖြစ်နေသောကြောင့်ပင်တည်း။

ဦးဖိုးကောင်းကလည်း. . ဘေးမှနေ၍တတွတ်တွတ်န…



ဖျောင့်ဖျနေလေ၏။ ဒေါ်သီလေးကတော့ ငိုလျှက်ပင်. . ။

"ဒီမှာ ကိုဖိုးကောင်းရဲ့. . ။ ကျုပ်သားလေးကို. . ကျုပ်ကဝမ်းနဲ့လွယ်ပြီး မွေးထားခဲ့ရတာပါတော့. ."

"ဟုတ်ပါတယ်မသီလေးရယ်. . ။ ဒါတွေကို. . ကျုပ်သိပါတယ်ကွယ်. ."

"ဒါဖြင့်ရင်. . ရှင့်သားလေး သေသွားတာတောင်. . ရှင်ကမငိုဘဲ နေနိုင်တယ်ပေါ့. ."

"ကျုပ်လည်းငိုချင်ပါတယ်. . မသီလေးရယ်။ ဘယ်ကစပြီး ငိုရမှန်းမသိလို့ပါကွယ်. ."

"အောင်မယ်လေး အရပ်ကတို့ရေ. . ။ ကျုပ်ယောက်ျား ကိုဖိုးကောင်းက သူ့သားလေးသေသွားတာတောင် မငိုတတ်ဘူးတဲ့တော့. . ။ ဟီး. . ဟီး ဟီး. . ."

ဦးဖိုးကောင်းမှာ. . မျက်နှာငယ်လေးဖြင့် ဒေါ်သီကိုကြည့်နေမိတော့၏။ မဖြစ်ခြေတော့ပေ. . ။ ငိုမှဖြစ်ပေတော့မည်ဟု သိလိုက်ပြီး ဦးဖိုးကောင်းမှာငိုချလိုက်လေတော့၏။

"ဟီး. . ဟီး. . ဟီး. ."

အသုဘပို့ရန်ရောက်နေသူများမှာ. . ဦးဖိုးကောင်း၏ တဟီးဟီးနှင့်ငိုနေသည့်အဖြစ်ကိုကြည့်ကာ. . တခွီးခွီးကျိတ်၍ ရယ်နေမိကြလေတော့၏။ ထိုအချိန်တွင်. . လှည်းပေါ်၌ အသင့်ပြင်ဆင်ထားသောဆိုင်းခါးပြတ်ဝိုင်းမှ အသုဘချဆိုင်းကိုတီးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗေ . . ဗေ . . ပတ်ဗေထီး"

"ဗေ . . ဗေ . . ပတ်ဗေထီး"

ဤသို့ဖြင့် . . ယှုတီဘာစီတီကျောင်းသားလေးမောင်ချစ် ဖေ၏အသုဘကို စည်စည်ကားကားပင် သုသာန်သို့ပို့ဆောင်လာကြ လေတော့သည်။

အဝေးမှလွင့်ပျံ့လာသော ဆိုင်းသံကို . . ပေကုန်းသုသာန်မ ကြားနေရလေ၏။ သုဘရာဇာပေတိုးက . . တပည့်ဖြစ်သူစဏ္ဍာလ တာတေကို သတိပေးလိုက်၏။

"ဟော . . ။ ကောလိပ်ကျောင်းသားလေး အသုဘတော့ မကြာခင်မှာရောက်လာတော့မယ် တာတေရေ . ."

"ကျင်းတော့ . . တူးပြီးပါပြီ။ တွင်းအနက်ကို . . ဆရာလာ ကြည့်လိုက်ပါဦး . ."

"အင်းပါကွာ . . တော်လောက်ပါပြီ။ တွင်းကို . . သိပ်နက် အောင်စပယ်ရှယ်တူးထားရင်လည်း . . သေမှာကတော့ သေမှာပ ပဲကွာ . ."

"တွင်းရဲ့မြေကြီးနှုတ်ခမ်းတွေကကော ညီရဲ့လားဆိုတာ . . ကြည့်လိုက်ပါဦးဆရာ . ."

"အေး . . ညီတယ်။ ဒီထက်ညီအောင်ညှိရင်လည်း သေမှာ ကတော့ . . သေမှာပါပဲကွာ . ."

"ဒါဆိုလည်း . . ကျွန်တော် ခဏနားလိုက်ဦးမယ်"



"အေး . . နားချင်ရင်လည်း နားပေတော့ကွာ။ မင်းက . . မနားမနေအလုပ်တွေလုပ်နေရင်လည်း . . သေမှာကတော့ သေမှာ ပါပဲကွာ . ."

"ဟာဗျာ . . ဆရာပေတိုးကလည်း ဖွဟဲ့လွဲပါစေ . ."

"အောင်မာ . . ။ မင်းကဖွဟဲ့လွဲပါစေဆိုလည်း သေမှာက တော့ သေမှာပါပဲကွာ"

"ကျွန်တော်က . . မိန်းမတောင် မရသေးဘူးဗျ"

"မိန်းမရရ မရရသေမှာကတော့ သေမှာပါပဲကွာ . ."

သုဘရာဇာပေတိုး၏စကားကို တပည့်ဖြစ်သူစဏ္ဍာလတာ တေက . . မည်သို့မျှပြန်မပြောတော့ဘဲ ဇရပ်ပေါ် သို့တက်သွားလေ တော့သည်။

မကြာမီ . . ယှုတီဘာစီတီကျောင်းသားလေး မောင်ချစ်ဖေ ၏ အသုဘချမည့်သူများရောက်လာကြသဖြင့် မောင်ချစ်ဖေ၏ အလောင်းကိုဂူသွင်းရန် . . ဆရာတပည့်နှစ်ယောက်ပြင်ဆင်ကြရ လေတော့သည်။

ထိုအချိန်တွင် . . အသုဘပို့ရန် လာကြသူများအား မောင်ချစ်ဖေ၏အခေါင်းကိုဖွင့်ပြလိုက်ရင်း . . အလောင်းပေါ်တွင် အဆင်သင့်တင်ထားလျက်ရှိသော . . ငွေသားဖြင့်ပြုလုပ်ထားသည့် လေးထောင့်ပုံဆွဲပြားလေးကို . . စဏ္ဍာလတာတေက လက်ဖြင့် အသာအုပ်၍ခိုးယူထားလိုက်ပြီးလျှင် . . ခေါင်းကိုအသာပိတ်၍ သူ၏

www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းတွင် ဆွဲထားလိုက်လေတော့သည်။

သုဘရာဇာပေတိုးမှာ. . အုတ်ဂူကို စိတ်တိုင်းကျပင်ပြု လုပ်နေလေ၏။ သူသည်. . စကားတစ်ခွန်းမျှမပြောဘဲ အလုပ်ကို သာစိတ်ပါလက်ပါလုပ်ဆောင်နေလေသည်။

အသုဘပို့လာရင်း ဝိုင်းကြည့်နေကြသူများထဲတွင် အလွန် တရားဟောချင်နေသော၊ ဆရာလုပ်ချင်နေသော. . ဦးမြတ်ကျော် ဆိုသူလည်းပါလာလေ၏။ ဦးမြတ်ကျော်က. . ဟိုဟာလေးလုပ်လိုက် စမ်းပါဦး၊ ဒီဟာလေးလုပ်လိုက်စမ်းပါဦးဟု အဆက်မပြတ်ဆရာ လုပ်နေသည်ကို စဏ္ဍာလတာတေမှာခံနေရရှာ၏။

"အဟမ်း. . ။ ဒီနေရာမှာ. . ကျုပ်တို့က တရားသဘောနဲ့ ကြည့်ကြမယ်ဆိုရင် သင်္ခါရတရားပေါ့ဗျာ. . ။ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရသောကိုယ် အနတ္တဆိုတဲ့. . သုံးပါးသော လက္ခဏာတွေပါပဲ. . ဟဲ. . ဟဲ. . "

သုဘရာဇာပေတိုးနှင့် စဏ္ဍာလတာတေတို့မှာ. . ဦးမြတ် ကျော်ပြောနေသည်ကို မကြားသယောင်ပြု၍ မိမိတို့အလုပ်ကိုသာ အာရုံစူးစိုက်၍လုပ်နေကြလေသည်။

"တစ်ချို့လူတွေကျတော့. . ဒီတရားတွေကို မသိကြဘူး။ ကိလေသာအမိုက်မှောင်တွေကဖုံးလွှမ်းနေကြပြီး. . ငါမဟုတ်တဲ့ ဟာတွေကို ငါလို့ထင်နေကြတာက ဆိုးသဗျာ. . ။ တရားရနိုင်ဖို့ အင်မတန်ခက်ခဲတဲ့ လူတွေပေါ့. . ။ ဟင်း. . ဟင်း. . "



"ဟုတ်တာပေါ့ ဦးမြတ်ကျော်ရယ်. . ။ ဦးမြတ်ကျော်ပြော နေတာတွေဟာ သိပ်မှန်တာပေါ့. . "

ဦးမြတ်ကျော်ပြောသမျှကို ထောက်ခံစကားဆိုလိုက်သူက ရွာတကာလှည့်၍ ဖဲရိုက်၊ ကြက်တိုက်၊ အနီမှထောင်ကစားနေသော လောင်းကစားသမားအုန်းမောင်ဆိုသူဖြစ်၏။

"ငါဆိုတဲ့အတ္တအစွဲဟာ. . အင်မတန် ချွတ်ရခက်တဲ့အစွဲ နော်. . ။ ငါ့အိမ်၊ ငါ့ယာ၊ ငါ့ပစ္စည်း၊ ငါ့ဇနီးမယား၊ ငါ့အဆွေခင်ပွန်း ဆိုတဲ့အစွဲတွေကို. . အမြဲတမ်းသတိနဲ့ယှဉ်ပြီး ငါဆိုတဲ့အစွဲကို ပြုတ်နိုင်သမျှပြုတ်အောင် ကြိုးစားကြရမယ်။ ဒါမှလည်း ခင်ဗျား တို့ကျုပ်တို့တတွေဟာ. . ဟောဒီသံသရာကြီးထဲမှာ လည်မနေကြ မှာဗျ. . "

ဦးမြတ်ကျော်၏တရားများကို. . နားထောင်နေကြကုန် သော အသုဘပို့သည့်လူများမှာ အသုဘပို့ခြင်းမပြီးဆုံးသေးသဖြင့် ပြန်ရန်ခက်နေကြသောကြောင့် ငြိမ်သက်လျက်ပင်ရှိကြဗေသည်။ ထိုသည်ကို. . ပရိသတ်များက အလွန်စိတ်ဝင်စားနေကြသည်ဟု ထင်မှတ်ကာ စကားအပြောသန်သောဦးမြတ်ကျော်သည် ကံငါးပါး အကြောင်းကို ဆက်၍ဟောပြောနေပြန်လေသည်။

သုဘရာဇာပေတိုးမှာ အလုပ်လုပ်ရ၍မောနေသည့်ကြား တွင် နားပါညည်းလာသဖြင့်. . စိတ်မရှည်နိုင်တော့ဘဲ လက်ထဲမှ ပေါက်ပြားကိုပစ်ချလိုက်ကာ ဦးမြတ်ကျော်အားချက်ကျလှသောကျပင်

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းထုတ်လိုက်လေတော့သည်။

"ကဲ. . ဦးလေးမြတ်ကျော်ရေ။ ခင်ဗျားက. . သူများတွေကိုတောင် တရားချပြီးဟောပြောညွှန်ပြနေတဲ့လူဆိုတော့. . ခင်ဗျားကိုယ်တိုင်ကရော ကံငါးပါးကိုလုံအောင် ထိန်းသိမ်းနိုင်နေပြီပေါ့။ ဟုတ်လား. . ။"

"ဒါပေါ့. . ပေတိုးရ။ ဦးအနေနဲ့ လုံခြုံအောင်ထိန်းသိမ်းနေရတာပေါ့ကွယ့်. . "

အသုဘမို့ ရန်ရောက်လာကြသည့်လူအများကြားတွင် ဦးမြတ်ကျော်ကမျက်နှာကိုမော့လျှက် ဂုဏ်ယူဝင့်ကြွားစွာအဖြေပေးလိုက်လေသည်။

"ဟုတ်ပါပြီလေ. . ။ ဒါဆိုရင်တော့. . ခင်ဗျားရဲ့အခုလက်ရှိဘဝအခြေအနေတွေကို. . ကျုပ်က ရှင်းရှင်းလင်းလင်းပြောပြထားမှပဲ ဖြစ်တော့မယ်ထင်တယ်. . "

"ငါက. . ဘာတွေများဖြစ်နေလို့လဲ ပေတိုးရဲ့. . "

"ခင်ဗျားဟာ. . ဘုန်းကြီးဘဝကနေ မပျော်လို့ဆိုတဲ့အကြောင်းပြချက်နဲ့ လူထွက်လိုက်ပြီး အပြင်မှာအေးအေးချမ်းချမ်းမနေဘဲ. . ထန်းရည်သောက်လိုက်၊ အရက်သောက်လိုက်လုပ်နေတာကို. . ကျုပ်တင်မကဘူး တစ်ရွာလုံးသိကြပါတယ်. . "

"ဒါကတော့. . မလွဲသာလို့ပါကွာ"

"ဟုတ်ပါပြီလေ. . ။ နောက်တစ်ချက် ထပ်ပြောပြမယ်။



နှားခိုးမှုနဲ့ထောင်ကျနေတဲ့. . တေင့်ရဲ့မိန်းမမမြခင်ကို ခင်ဗျားခိုးယူပေါင်းသင်းနေတာ. . ဒီနေ့အထိပဲနော်. . "

"ဒါကတော့. . မလွှဲသာလို့ပါကွာ"

"ဦးမြတ်ကျော်ရေ။ ခင်ဗျားဟာ မလွှဲသာလို့ပါဆိုတဲ့စကားနဲ့. . ခင်ဗျားရဲ့အမှားတွေကို ဖုံးကွယ်လိမ်ညာနေတာပဲ။ ခင်ဗျားရဲ့မလွှဲသာနိုင်လို့ပါဆိုတဲ့အမှားတွေကို. . ကျုပ်က ဆက်ပြောပြနေဦးမှာလား. . ။ ခင်ဗျား. . ဘာပြောချင်သေးလဲ. . "

"ဒါကတော့. . "

"တော်တော့. . ဦးမြတ်ကျော်။ ကျွန်တော်သာ ဆက်ပြောရင်. . ခင်ဗျားရဲ့အပြစ်တွေဟာ ကံငါးပါးတောင်မကဘဲဖြစ်ကုန်သိမ့်မယ်။ ခင်ဗျားသိထားဖို့က. . သူတစ်ပါးကို တရားချဆုံးမနေယ့်အစား. . ကိုယ့်ကိုယ်ကိုကောင်းအောင် ကြိုးစားကျင့်ကြံဖို့ပဲလိုပါတယ်။ ကိုယ်ကောင်းအောင်အရင်ကြိုးစားပြီးမှ တရားချရင်ပြီးအဆင်ပြေလိမ့်မယ်နော်. . "

ဦးမြတ်ကျော်တစ်ယောက်. . အလွန်ဒေါသထွက်ကာ မျက်နှာများပင်နီရဲလာလေတော့သည်။

"တယ်. . ဒီသုဘရာဇာကောင်တော့. . ငါလုပ်လိုက်ရင်သေတော့မယ်. . "

"အဲဒါကို. . ဒေါသလို့ခေါ်တယ်။ အဲဒီဒေါသကို. . ထိန်းချုပ်နိုင်မှ. . တကယ့်သူတော်ကောင်းဗျ။ စိတ်ကိုလျှော့. . စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



လျှော့. . ။ ခင်ဗျားပြောသလိုပဲ. . တရားမှတ်လိုက်စမ်း။ ဖြစ်တယ်၊ ပျက်တယ်၊ ဖြစ်တယ်၊ ပျက်တယ်၊ ဟုတ်ပြီနော်။ ဟား. . ဟား. . ”

သုဘရာဇာပေတိုး၏ စကားကြောင့်. . အသုဘပို့ရန်လာကြသူများမှာ ပြုံးစေ့စေ့ဖြစ်နေကြပြီးလျှင်. . ဦးမြတ်ကျော်အား ဝိုင်းကြည့်နေကြလေတော့သည်။

ဦးမြတ်ကျော်တစ်ယောက်မှာ ရှက်ရှက်ဖြင့်သုသာန်တွင်းမှ တစ်ဦးတည်း ထွက်ခွာသွားရလေတော့သည်။

❖ ❖ ❖



ယောကျ်ားစစ်စစ်တစ်ယောက်ရဲ့. . .နှုတ်ထွက်စကား
တစ်လုံးဟာ. . .အာမခံကုမ္ပဏီက. . .
စာချုပ်တစ်စောင်ထက်. . .ပိုပြီး ခိုင်မာတယ်. . .။

သုဘရာဇာပေတိုး

www.burmeseclassic.com

www.burmeseclassic.com



## သူတောင်းစားပရိမိုးရှင်း

တာတေတစ်ယောက် ဆရာဖြစ်သူသုဘရာဇာပေတိုး၏ ခိုင်းစေချက်အရ တောင်ငူမြို့ထဲသို့ခရီးထွက်ခဲ့လေ့သည်။ ပေကုန်းသုသာန်မှ ခြေလျှင်ခရီးနှင်ခဲ့ရသည်မှာ. . အတော်ကြာခဲ့ပြီဖြစ်၍ နေ့လည်ထမင်းစားချိန်သို့ပင် ရောက်ရှိခဲ့လေ၏။ သို့နှင့်. . လမ်းတွင်တွေ့လိုက်ရသော ဇရပ်လေးတစ်ခုပေါ်သို့. . ထမင်းစားရန် တက်သွားလိုက်လေသည်။

တာတေ၏ခြေသံကြောင့်. . ဇရပ်ခေါင်းရင်းပိုင်းတွင် အိပ်နေသောလူတစ်ယောက်မှာ. . ဖျတ်ကနဲ မျက်လုံးများကိုဖွင့်ကြည့်



လိုက်ကာ ထ၍ထိုင်လိုက်ပြီးလျှင်. . သူ၏အနီးရှိ လွယ်အိတ်ထဲမှ ခွက်စုတ်ကလေးကိုထုတ်၍. . လက်ထဲတွင် အဆင်သင့်ကောက်ကိုင်ထားလိုက်လေသည်။

"ဪ. . ။ အိပ်မောကျနေတဲ့ မိတ်ဆွေကြီးက. . ကျုပ်ကြောင့် အနှောင့်အယှက်ဖြစ်သွားရတာကို ခွင့်လွှတ်ပါဗျာ။ ကျုပ်ကတော့. . စဏ္ဍာလတာတေပါ။ ပေကုန်းသုသာန်မှာနေပါတယ်. . ။ အခု တောင်ငူမြို့ထဲကိုသွားမလို့ထွက်လာတာမှာ ဒီဇရပ်ပေါ်မှာ ခဏနားမလို့တက်လာတာပါဗျ. ."

အိပ်မောကျနေရာမှ လန့်နိုးလာသူမှာ. . တာတေအား မယုံသင်္ကာဖြစ်နေဟန်ဖြင့်. . သေချာစွာ ခြေဆုံးခေါင်းဆုံးကြည့်၍ စူးစမ်းလေ့လာနေပြန်သည်။

"ယုံပါဗျာ. . ။ ကျုပ်က. . သူခိုးလည်း မဟုတ်ပါဘူး။ ဓါးပြလည်း မဟုတ်ပါဘူး။ ခင်ဗျားကိုလည်း အန္တရာယ်မပြုပါဘူး"

"ခင်ဗျားက. . ဒီကို ဘာလာလုပ်တာလဲ"

တာတေသည် ဇရပ်ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်ပြီး. . ပါလာသောထမင်းထုပ်ကို ဖြည်လိုက်သည်။

"ဒီဇရပ်ပေါ်ကို ဘာလာလုပ်သလဲဆိုတာ. . မိတ်ဆွေကြီးမြင်တဲ့အတိုင်းပါပဲ. . ။ ထမင်းစားဖို့ပေါ့ဗျာ. . ။ ကဲပါလေ. . တစ်ခါတည်းသာ ဝင်စားလိုက်ပါ။ မိတ်ဆွေကြီးလည်း. . ဆာလှရောပေါ့. ."

www.burmeseclassic.com

www.burmeseclassic.com



"အိုဗျာ. . ။ ခင်ဗျားလိုစဏ္ဍာလတစ်ယောက်ရဲ့ထမင်းကို ကျုပ်အနေနဲ့. . ဘယ်လိုမှ စားလို့ရမယ်မထင်ပါဘူး။ ခင်ဗျားပဲ စားလိုက်ပါတော့. . "

တာတေက. . ဘာမျှပြန်ပြောမနေတော့ဘဲ ပြုံးပြလိုက်ပြီးလျှင်. . သူ၏ထမင်းထုပ်ကို မြိန်ရှက်စွာစားနေလေတော့၏။ ဘေးမှကြည့်နေသည့်လူမှာလည်း. . ဆာလောင်လွန်းနေသည်ဖြစ်ရကား ဟန်ဆောင်၍မျက်နှာလွှဲနေကာ မကြာခဏပင်တံတွေးကို မျိုချနေမိလေ၏။

"မိတ်ဆွေကိုကြည့်ရတာ. . ဒီအရပ်ကတော့ ဟုတ်မယ်မထင်ဘူး။ ဘယ်ကိုသွားပြီး၊ ဘာလုပ်မလို့လဲဆိုတာ မိတ်ဆွေအနေနဲ့ အပန်းမကြီးဘူးဆိုရင် ပြောပြပါလား။ ဒါမှ. . ကျုပ်လည်းကူညီစရာရှိရင် ကူညီရတာပေါ့. . "

ထိုလူသည် တာတေ၏မျက်နှာအားသေချာစွာကြည့်၍ တာတေ့အနီးသို့တိုးကပ်ကာ ထိုင်လိုက်လေသည်။ သူ၏စိတ်ထဲတွင်လည်း တာတေ့အပေါ်အားကိုးလိုသောစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

"ခင်ဗျားအနေနဲ့. . ကျုပ်ကို ကူညီနိုင်ရင်ကူညီပါဗျာ။ ကျုပ်ဟာ. . ရန်ကုန်မြို့ကနေပြီး ပုလိပ်ရန်ကိုကြောက်လို့ထွက်ပြေးလာရတဲ့သူပါ။ ကျုပ်အလုပ်က. . သူတောင်းစား။ ကျုပ်နာမည်က. . စိန်မြားပါ။ ပုလိပ်တွေကို အင်မတန်မုန်းတီးနေတဲ့ သူတောင်း



စားစိန်မြားဆိုတဲ့ကောင်ပေါ့ဗျာ။ တလောက. . ရန်ကုန်ဘူတာကြီးထဲမှာ အဖွားကြီးတစ်ယောက်ကို မတရားအနိုင်ကျင့်နေတဲ့ ပုလိပ်တစ်ယောက်ကို အမြင်မတော်တာနဲ့ ကျုပ်ရဲ့ ခွက်စောင်းနဲ့ ခုတ်ထည့်လိုက်မိတယ်။ အဲဒီမှာ. . ဒီကောင်တွေက ကျုပ်ကိုဖမ်းဖို့ ဝိုင်းလာကြလို့. . အားလုံးကိုခွက်စောင်းနဲ့ထပ်ခုတ်ပစ်ခဲ့ပြီး ကျုပ်လည်း ဒီနယ်ဘက်ကို ထွက်ပြေးလာခဲ့ရတာပါ။ အဲဒီကိစ္စကြောင့် ဒီကောင်တွေက. . ကျုပ်ရဲ့နောက်ကို စုံစမ်းပြီးလိုက်ဖမ်းနေကြတာမို့ ပြေးရင်းလွှားရင်းနဲ့ ဒီဇရပ်ပေါ်ကိုရောက်လာရတာပေါ့ဗျာ. . "

"ကဲ. . ကဲ. . ။ ခင်ဗျားရဲ့အဖြစ်တွေကို ကျုပ်သိရမှတော့ အကူအညီပေးရတော့မှာပေါ့လေ။ ဒါပေမယ့်. . ကျုပ်က လောလောဆည်မှာ ခရီးဆက်စရာရှိနေသေးတယ်။ ခင်ဗျား. . ဒီဇရပ်ပေါ်ကသာစောင့်နေ။ ညနေမစောင်းခင်မှာ. . ကျုပ် အမီပြန်လာခဲ့ပြီး ကျုပ်တို့ရဲ့ပေကုန်းသုသာန်ကို အတူတူသွားကြတာပေါ့. . ။ ဟိုမှာ. . ကျုပ်ဆရာသုဘရာဇာပေတိုးဆိုတာရှိတယ်။ သူ့ကို အကျိုးအကြောင်း ပြောပြပြီး. . ကျုပ်တို့နဲ့ပဲ အတူတူနေပေါ့ဗျာ။ ကျုပ်တို့အလုပ်ကိုတော့. . မိတ်ဆွေကြီးလည်း ဝိုင်းလုပ်ပေးရလိမ့်မယ်နော်. . "

"ဟာ. . ဒီအတွက်တော့ စိတ်မပူပါနဲ့ဗျာ. . ။ ကျုပ်ကိုသာ ကူညီပြီးလက်ခံထားမယ်ဆိုရင် ဘာအလုပ်ကိုပဲ. . လုပ်ရလုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လုပ်ပေးနိုင်ပါတယ်. . ”

“ဟုတ်ပြီ. . ဒါဆို. . ခင်ဗျားဒီနေရာက အေးအေးဆေးဆေးပဲ စောင့်နေပေတော့. . ။ ကျုပ်အပြန်မှာ. . ဝင်ခေါ်မယ်”

“ကိုတာတေရေ. . ။ ခင်ဗျားက. . တကယ်ဝင်ခေါ်မယ်ဆိုတာကို ကျုပ်ကဘယ်လိုလုပ်ပြီးယုံရမှာလဲဗျ. . ။ ခင်ဗျားစကားကဘာမှအာမခံချက်မရှိဘူး. . ”

စဏ္ဍာလတာတေသည် သူတောင်းစားစိန်မြား၏မျက်နှာအားပြုံးစေ့စေ့ဖြင့်ကြည့်လိုက်ပြီးလျှင်. .

“ယောက်ျားစစ်စစ်တစ်ယောက်ရဲ့. . နှုတ်ထွက်စကားတစ်လုံးဟာ အာမခံကုမ္ပဏီကစာချုပ်တစ်စောင်ထက် ပိုပြီးခိုင်မာတယ်လို့ ကျုပ်ဆရာသုဘရာဇာပေတိုးက သင်ပေးထားတယ်ဗျ. . ”

တာတေသည် ပြောပြောဆိုဆိုပင်ဇရပ်ပေါ်မှဆင်းသွားသဖြင့်. . ဇရပ်ပေါ်တွင် သူတောင်းစားစိန်မြားတစ်ယောက်တည်းသာကျန်ရစ်ခဲ့လေတော့၏။

♣ ♣ ♣

“ကဲ. . မိတ်ဆွေ။ ဟိုရှေ့က မြင်နေရတာ. . ကျုပ်တို့ရဲ့ပေကုန်းသုသာန်ပဲ. . ။ မိုးမချုပ်ခင်ရောက်အောင် ခပ်သွက်သွက်လျှောက်လိုက်ကြစို့. . ”



တဖြည်းဖြည်းနှင့် နီးကပ်လာနေပြီဖြစ်သော. . ပေကုန်းသုသာန်သို့ နှစ်ဦးသား ခပ်မြန်မြန်ပင်ဆက်လျှောက်သွားလိုက်ကြလေရာ မကြာမီပင်. . သချိုင်းအဝင်ရှိဇရပ်အနီးသို့ ရောက်ရှိလာခဲ့ကြလေသည်။

“တာတေရေ. . ။ မင်းရဲ့ညှော်သည်လေးကို. . ဇရပ်ပေါ်ကိုခေါ်လာခဲ့ပါကွယ်။ ဒီညှော်သည်လေးကို. . ကျုပ်တို့ ကြိုဆိုကြရတာပေါ့. . ”

အသံဩဇာနှင့်ပြည့်စုံလှသောအသံရှင်က ဇရပ်ပေါ်မှနေ၍ ခရီးဦးကြိုပြုလိုက်လေသည်။

“ဟုတ်ကဲ့ပါ. . ဆရာကြီး။ ကဲ. . ကိုစိန်မြားရေ။ ဇရပ်ပေါ်ကိုသွားကြမယ်. . ”

နှစ်ဦးသား ဇရပ်ပေါ်သို့တက်လိုက်ကြပြီး. . သုဘရာဇာပေတိုးက ကျောပေး၍ထိုင်နေသော. . ထင်းရှူးပုံကြီးနားတွင် နှစ်ဦးသားထိုင်လိုက်ကြလေသည်။

“ကဲ. . ငါ့တပည့်ကြီးမောင်တာတေတေက ဒီကမိတ်ဆွေလေးကို. . ဘယ်လိုကဘယ်လိုတွေ့ဆုံကြပြီး ခေါ်လာခဲ့တာလဲ။ ဒီကမိတ်ဆွေလေးကရော. . ဘယ်လို အခက်အခဲတွေ၊ ပြဿနာတွေဖြစ်လာရတာလဲ။ အကျိုးအကြောင်းလေးများ ရှင်းပြကြစမ်းပါကွယ်. . ”

တာတေက. . သူနှင့်သူတောင်းစားစိန်မြားတို့ ဇရပ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် တွေ့ကြုံခဲ့ကြရသည့်အဖြစ်ကိုပြောပြလိုက်ပြီး သူတောင်းစားစိန်မြားသည် ရန်ကုန်ဘူတာကြီးတွင်ပုလိပ်များနှင့်ရန်ဖြစ်ခဲ့သည်မှအစ ခွက်စောင်းခုတ်၍တိုက်ခိုက်ခဲ့ပြီးနောက်. . ပုလိပ်များက လိုက်လံဖမ်းဆီးနေသဖြင့် ရှောင်တိမ်းနေရသည့် အဖြစ်အပျက်အလုံးစုံကို ရှင်းပြလိုက်လေသည်။

"ဩော်. . ။ လက်စသတ်တော့. . အငြိမ့်ရုံမှာကြိုးဆွဲတာတတ်တဲ့လက်က အကကောင်းတဲ့မင်းသားလက်ဖြစ်လာပြီးမှ. . အခုတော့ ခွက်စောင်းခုတ်တတ်တဲ့ သူတောင်းစားလက်ဖြစ်သွားပြီး. . သူတောင်းစားခွက်ပျောက်ဖြစ်နေရပြီကိုး။ ဟား. . ဟား. . ဟား"

သုဘရာဇာပေတိုးက. . စကားအဆုံးတွင် ဟက်ဟက်ပက်ပက်ပင်ရယ်မောလိုက်ပြီး နောက်သို့လှည့်၍ သူတောင်းစားစိန်မြားနှင့်မျက်နှာချင်းဆိုင်လိုက်လေသည်။

သူတောင်းစားစိန်မြားသည် သုဘရာဇာပေတိုး၏စကားများကြောင့် အလွန်အံ့ဩထိတ်လန့်ခြင်းဖြစ်နေရာမှ သုဘရာဇာပေတိုး၏မျက်နှာကိုမြင်လိုက်ရသောအခါ ပို၍ပင်အံ့ဩသွားရလေတော့သည်။

"ဟင်. . ဆ. . ဆရာကြီးက ခရမ်းက. . သွန်းဘုရားကြီးမှာ ကျွန်တော်နဲ့ဆုံခဲ့တဲ့ ဆရာကြီး. . "

"အေး. . တိတိကျကျပြောရရင်တော့ ခရမ်းမြို့ကဘုရားပွဲမှာ နှစ်ခါတိတိဆုံခဲ့ရဖူးခဲ့တဲ့သူတွေပေါ့ကွာ. . ။ ဒါတွေဟာ. .



သင်္ချိုင်းရသဘောတရားတွေမို့ ပြောနေကြပြန်ရင်လည်းတွေကုန်ရုံပဲရှိမှာပေါ့ သူတောင်းစားစိန်မြားရာ. . ။ လောလောဆည်မှာတော့. . မင်းရဲ့ရှေ့ရေးအတွက်ကိုပဲ တိုင်ပင်ကြရအောင်ပါ။ မင်းအနေနဲ့. . နေစရာမရှိဖြစ်နေပြီဆိုတော့ ကျုပ်တို့ဆီမှာ နေခွင့်ပြုပါတယ်။ ဒီနေရာကလည်း. . အမှန်တကယ်တော့ ကျုပ်ပိုင်တဲ့နေရာမဟုတ်ပါဘူး။ သင်္ချိုင်းထဲမှာ. . ဘယ်သူမှမနေချင်ကြတဲ့နေရာမို့. . ကျုပ်တို့က အချောင်ရထားတဲ့နေရာလေးပါလေ. . ။ ပိုင်ဆိုင်ခြင်းဆိုတာကလည်း သင်္ချိုင်းရသဘောတရားပါပဲကွာ။ မင်းလည်း. . ခုချိန်လောက်ဆိုရင် ဒါတွေကို ကောင်းကောင်းနားလည်နေပါပြီ. . ။ ဟား. . ဟား. . "

သုဘရာဇာပေတိုးသည် အားပါးတရရယ်မောနေလိုက်ပြီးမှ သူ့အနီးတွင်ရှိနေသောရေခွက်ကို သူတောင်းစားစိန်မြားအား ကမ်းပေးလိုက်ကာ ဧည့်ဝတ်ပြုလိုက်လေသည်။

"ဒီမှာမောင်ရင်. . ။ ကျုပ်တို့သုသာန်မှာက ဘာမှမရှိဘူး။ ရေနဲ့လူသေပဲရှိတယ်။ လောလောဆည်မှာ. . စားစရာဆိုလို့ နေ့ယ်အသုဘလာပို့တုန်းကရလိုက်တဲ့ ငှက်ပျောသီးတစ်ဖီးရယ်၊ ဘာဒီရေနွေးရယ်ပဲရှိတယ်။ ရော့. . အဲဒါလေး စားလိုက်"

ငှက်ပျောသီးတစ်ဖီးနှင့် ညစ်ပေမည်းတူးနေသောရေနွေးကြီးတစ်လုံးကို. . သူတောင်းစားစိန်မြား၏ရှေ့သို့ ချထားပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုး . . ။ ကျွန် . . ကျွန်တော် မစားပါဘူး . . ”

“ဘာလဲကွ . . ။ သူတောင်းစားက သုဘရာဇာရဲ့ငှက်ပျော သီးကို ရွံနေလို့လား . . ”

“မဟုတ်ပါဘူးခင်ဗျာ . . ။ ရွံလို့မဟုတ်ပါဘူး။ ကျွန်တော် က တကယ်မဆာသေးလို့ပါ”

“ဒီမှာ . . မောင်ရင်လေး။ ကျုပ်ကို ဘာမှလိမ်မနေနဲ့ . . ။ မောင်ရင်လေးရဲ့ အနေအထားကိုကြည့်ရခြင်းအားဖြင့် . . အစာ မစားရတာ သုံးလေးရက်မကရှိနေပြီဆိုတာကို . . ကျုပ်ကသိနေပါ တယ်လေ။ မောင်ရင်လေးဟာ . . ဒီလောက် ဒုက္ခတောထဲ ရောက်နေတာတောင် လိမ်ချင်ညာချင်နေတုန်းပါလားကွ . . ”

သူတောင်းစားစိန်မြားမှာ သုဘရာဇာပေတိုး၏စကားကို မည်သို့မျှ မတုန့်ပြန်နိုင်တော့ဘဲ မှိုင်ငေးတွေဝေ၍သာနေလေတော့ သည်။

“မောင်ရင်လေးကို . . ကျုပ်နဲ့ ဆုံခဲ့ရတဲ့အချိန်တိုင်းမှာ သခါရတရားအကြောင်းတွေရှင်းပြပြီး လောကဓံကိုခံနိုင်ရည်ရှိဖို့ အမြဲတမ်း ဆုံးမပေးခဲ့တာပဲကွာ . . ။ ဖြစ်လာတဲ့အခြေအနေမှာ ရောင့်ရဲတင်းတိမ်နေတတ်ဖို့ဟာ . . လူတစ်ယောက်အတွက် အရေး အကြီးဆုံးပဲလူကလေးရေ . . ။ ရွံမနေနဲ့၊ ကြောက်မနေနဲ့တော့ . . ခုလိုအချိန်မျိုးမှာ . . မောင်ရင်လေးအနေနဲ့ လောကဓံကိုရဲရဲရင်ဆိုင် နိုင်ဖို့ လိုအပ်နေပြီကွ။ ဟား . . ဟား . . ”





မှန်ပေသည် . . ။ သူတောင်းစားစိန်မြားတစ်ယောက် အစားအစာမစားရဘဲ ပြေးလွှားနေခဲ့ရသည်မှာ လေးရက်ပင်ရှိခဲ့ပြီ ဖြစ်သည်။ မိမိ၏အဖြစ်ကို . . သုဘရာဇာပေတိုးက အတတ်ပြော နိုင်နေ၏။

သူတောင်းစားစိန်မြားသည်နောက်ဆုံး၌ . . ဆာဆာနှင့် ဟန်မဆောင်နိုင်တော့ဘဲ ငှက်ပျောသီးတစ်လုံးကိုအခွံနွှာ၍စား ကြည့်လိုက်ရာ . . ပါးစပ်ထဲသို့ရောက်သည်နှင့် ပို၍အန်၍ထွက်ကျ ကုန်လေသည်။

“မောင်ရင်လေးက . . တယ်ပြီးရွံတတ်တာကိုးကွ။ သူ တောင်းစားဖြစ်နေပြီး အဲဒီလိုသာရွံနေရင် . . မောင်ရင်လေးတော့ အစာငတ်သေတဲ့မသာ ဖြစ်သွားလိမ့်မယ်နော် . . ”

သုဘရာဇာပေတိုးသည် သူတောင်းစားစိန်မြားအား . . ကြင်နာသောအကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ကာ . .

“မောင်ရင်လေးရဲ့ဘဝမှာ . . ရှင်ပြုတုန်းက ရွှေထီးဆောင်း ခဲ့ရတာတွေကို မေ့ပစ်လိုက်ပေတော့။ အခုလို သူတောင်းစားဖြစ်နေ ချိန်မှာ . . သူတောင်းစားတစ်ယောက်လိုပဲနေနိုင်မှ ဖြစ်တော့မှာ ပေါ့ကွ . . ”

သူတောင်းစားစိန်မြားသည်စိတ်ကိုတင်း၍ ငှက်ပျောသီး ကို နောက်ထပ်တစ်ကိုက် ကိုက်ကြည့်လိုက်ပြန်သည်။

ဒီတစ်ကြိမ်တွင်တော့ . . ရွံနေသောစိတ်က အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားကာ မျိုချ၍ ရလာသည်။ နောက်ပိုင်း. . တဖြည်းဖြည်း ကျင့်သားရလာကာ ဆာဆာနှင့်စားလိုက်လေရာ. . ငှက်ပျောသီး တစ်ဖီးလုံး ကုန်သွားလေတော့၏။

သုဘရာဇာပေတိုးသည် ပြုံးစေ့စေ့မျက်နှာထားဖြင့်. .

"ဒီငှက်ပျောသီးရဲ့အရသာက. . ဘယ်လိုနေသလဲ. . ။ မောင်ရင်လေး. ."

"ကောင်းပါတယ်. . ဆရာကြီး။ ချိုလည်းချို မွှေးလည်းမွှေး စားလို့အရမ်းကောင်းပါတယ်. ."

သုဘရာဇာပေတိုးသည် သူတောင်းစားစိန်မြား၏စကား ကြောင့် သဘောကျစွာပြုံးလိုက်ပြန်လေသည်။

"ဒါပဲပေါ့. . မောင်ရင်လေးရာ။ ငှက်ပျောသီးဟာ. . ငှက်ပျောသီးပါပဲ။ အသုဘချတဲ့ပွဲကငှက်ပျောသီးလည်း. . ချိုတာ ပါပဲ။ ဘုရားကိုကပ်လှူပူဇော်တဲ့ငှက်ပျောသီးလည်း. . ချိုတာပါပဲ။ နတ်ကတော်တွေက နတ်ကိုပူဇော်တဲ့ပွဲကငှက်ပျောသီးကလည်း ချိုတာပါပဲ။ ငှက်ပျောသီးဆိုတဲ့သဘာဝကိုက. . ချိုနေတာကိုး။ ချိုရမှာပဲပေါ့. . ။ ဘာမှမပြောင်းလဲပါဘူးမောင်ရင်ရာ. . ။ ဘာမှ လည်း. . ရွံနေစရာမလိုပါဘူးလေ. ."

သုဘရာဇာပေတိုးသည် ညစ်ပေမည်းတူးနေသောရေနွေး အိုးထဲမှ ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့သောက်လိုက်ပြန်သည်။

"အင်း. . ။ လောကကြီးမှာ တစ်ကယ်ရွံစရာကောင်းတဲ့



အရာတွေကို မောင်ရင်လေးကကိုယ်တိုင်ကြုံတွေ့ခဲ့ရတာတောင် ခုချိန်ထိ သတိမပြုမိသေးပဲကိုး။ အင်း. . နောက်ဆို. . အဲဒီ လိုတစ်ကယ့်ရွံစရာအကြောင်းတွေကို. . ပြန်ပြန်တွေးနေမိလို့ မောင်ရင်လေးဟာ လူတွေကိုတောင်သတ်ချင်ဖြတ်ချင်တဲ့စိတ်တွေ ပေါ်လာလိမ့်ဦးမယ်မော့. . ။ ဟား. . ဟား. ."

တာတေသည်ကား သတင်းစာစက္ကူဖြင့်လိပ်၍သောက်ရ သောပွတ်ချွန်းဆေးလိပ်ကို. . ဟန်ကျပန်ကျဖိမ်နှင့်ဖွာ၍ သူတို့ စကားဝိုင်းကို အသာနားထောင်နေလေ၏။

"မောင်ရင်လေးလည်း ခရီးပန်းလာတယ်မဟုတ်လား။ အနားယူလိုက်ပေဦးတော့. . ။ ကျုပ်လည်း. . ကျုပ်အလုပ်တွေကို သွားလုပ်လိုက်ဦးမယ်. ."

ပြောပြောဆိုဆိုပင်. . သုဘရာဇာပေတိုးသည် ဇရပ်ပေါ် မှဆင်းရန် မတ်တပ်ထရပ်လိုက်သည်နှင့်. . .

"ကျွန်တော့်ကို ဒီနေရာမှာ နေထိုင်ခွင့်ပြုတဲ့အတွက်. . ဟောဒီက ဆရာကြီးသုဘရာဇာပေတိုးနဲ့ကိုတာတေတို့ကို အလွန် ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း တတ်နိုင်သလောက်တော့ အလုပ်လုပ်ပါရစေ. ."

"ဟား. . ဟား. . ကောင်းကွာ။ အခုမှ အလုပ်လျှောက်တဲ့ လူနဲ့ လာတွေ့နေရတယ်။ ကောင်းပြီ. . ဒီနေ့ကစပြီး မောင်ရင်လေး ကို အလုပ်ခန့်လိုက်ပြီ။ သူတောင်းစားရာထူးကနေ ပရိုမိုးရှင်းတက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စက္ကူလရာထူးနဲ့ အလုပ်ဝင်စေဗျား. ."

တာတေကလည်း ဟက်ဟက်ပက်ပက်ပင်ရယ်မောကာ ဇရပ်ပေါ်မှ ဆင်းသွားလေတော့သည်။ သူတောင်းစားစိန်မြား သည်. . စက္ကူလရာထူးဖြင့် ပေကုန်းသုသာန်တွင် ထိုနေ့မှစ၍ အလုပ်လုပ်ခဲ့ရလေတော့သည်။

❖ ❖ ❖



သေမင်းဆိုတဲ့အကောင်က…ကိုယ့်အနားမှာ အမြဲတမ်း ကပ်လိုက်နေတာ…။ အခါအခွင့်သင့်တာနဲ့… ချက်ခြင်းခေါ်သွားမှာနော်…။

လူသူတော်သျှောင်တစောင်း

www.burmeseclassic.com

www.burmeseclassic.com



## ဒေါင်းမြီးတပ်မြားနှစ်ချောင်း

ကျွန်ုပ်အငြိမ်းစားသူရိယသတင်းထောက်ဟောင်း ဦးသိန်းမောင်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့နှစ်ဦးသည်. . ကျွန်ုပ်၏ဧည့်ခန်းထဲတွင် စကားလက်ဆုံကျလျှက်ရှိနေသည်ကို. . ကျွန်ုပ်၏ဇနီးသည်ခင်ခင်ကြီးက ကိုယ်တိုင်လက်ဘက်သုပ်ပေးခြင်း၊ အကြမ်းအိုးချပေးခြင်းဖြင့် လစ်ဟင်းလိုအပ်မှုမရှိအောင်ပင် ဧည့်ဝတ်ပြုစုပေးနေလေသည်။

စုံထောက်ကြီးဦးဇင်ယော်သည် ကျွန်ုပ်၏ဇနီးခင်ခင်ကြီးအားကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့်စကားဆိုလိုက်၏။



“ဦးသိန်းမောင်တို့များ. . မိန်းမရတာ အလွန်ကံကောင်းလှသဗျာ။ လင့်ဝတ္တရားကို. . အင်မတန်သိတတ်ပေတာကိုး။ ဧည့်ဝတ်ကျေပွန်မှုကဖြင့် ဘာမှကိုပြောစရာမရှိပါဘူးဗျာ”

စုံထောက်ကြီးဦးဇင်ယော်၏ချီးမွမ်းစကားသည် ကျွန်ုပ်၏ဘဝင်ကို လေဟပ်သွားဘိသကဲ့သို့ရှိချေ၏။

“ဟုတ်တယ်. . ဦးဇင်ယော်ရဲ့။ ခင်ခင်ဟာငယ်ငယ်ကတည်းက. . အရမ်းလိမ္မာတဲ့မိန်းကလေးဗျ။ ‘ကျုပ်နဲ့ညားတော့လည်း ကျုပ်အပေါ် ဆို လိမ္မာသိတတ်ပါပေ့ဗျာ. . ။ ကံတရားက ကျုပ်အတွက်လက်ဆောင်တစ်ခုပေးလိုက်တာပေါ့. . ”

“ဟုတ်ပါ့. . ဦးသိန်းမောင်ရေ။ ဒေါ်ခင်ခင်ကြီးလိုမိန်းမမျိုးကတော့ ရှာမှရှားပါပဲ. . ”

စုံထောက်ကြီးဦးဇင်ယော်၏ ချီးကျူးစကားကိုနားထောင်နေရင်း. . ကျွန်ုပ်၏စိတ်ထဲတွင် အကြောင်းအရာတစ်ခုကို သတိရမိလိုက်သဖြင့်. .

“ဪ. . ဒါနဲ့ ဦးဇင်ယော်ဆီကို. . သူဌေးကတော်ဒေါ်တင်မေကြီးဆီက ဆွမ်းကျွေးဖိတ်စာရောက်လာသေးလား”

“ခြောက်ထပ်ကြီးက. . သူဌေးကတော် ဒေါ်တင်မေကြီးရဲ့ သူ့ယောကျ်ားဆုံးသွားတာနှစ်နှစ်ပြည့်လို့. . ဆွမ်းကျွေးတဲ့အလှူဖိတ်စာမဟုတ်လား ဦးသိန်းမောင်”

“ဟုတ်ပါ့. . ဦးဇင်ယော်ရယ်။ ခင်ဗျားက ကျုပ်မိန်းမခင်ခင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုချီးကျူးနေလို့ ကျုပ်စိတ်ထဲမှာသူဌေးကတော်ဒေါ်တင်မေကြီးကိုပါ သတိရလိုက်မိတာပါ။ အဲဒီဒေါ်တင်မေကြီးကလည်း . . ယောက်ျားအပေါ်မှာ သိပ်ချစ်၊ သိပ်ကြင်နာတဲ့မိန်းမပါပဲဗျ . . ။ သူ့ခမျာ . . သူ့ယောက်ျား သူဌေးဦးငြိမ်းဆုံးသွားပြီးကတည်းက တစ်လပြည့်၊ သုံးလပြည့်၊ ခြောက်လပြည့်၊ တစ်နှစ်ပြည့်၊ နှစ်နှစ်ပြည့်အချိန်တွေမှာ အလှူတွေဆက်တိုက်ပေးနေရှာတာပါပဲ။ သူလည်းယောက်ျားကို သိပ်ချစ်ခင်သံယောဇဉ်ရှိတဲ့မိန်းမကောင်း၊ မိန်းမမြတ်ပါပဲဗျာ။ ဘယ့်နှယ့် . . ခင်ဗျားလည်း ဖိတ်စာရတယ်မဟုတ်လား"

"ရပါတယ် ဦးသိန်းမောင်ရယ် . . ။ အဲဒီ သူဌေးကတော်ဒေါ်တင်မေကြီးနဲ့ပတ်သက်ပြီး ခင်ဗျားနဲ့ကျုပ်နဲ့ အယူအဆခြင်းကတော့ မတူပြန်ပေဘူးဗျ။ ကျုပ်သိထားသလောက်ကတော့ ဒေါ်တင်မေကြီးရဲ့စိတ်ဓါတ်အခြေအနေဟာ ခင်ဗျားရဲ့ဇနီးဒေါ်ခင်ခင်ကြီးနဲ့တော့ လုံးဝမတူပါဘူးဗျာ။ အဲဒါတွေကို ကျုပ်အနေနဲ့ပြောပြရင် မိန်းမလို၊ မိန်းမရပြောနေတယ်ဖြစ်မှာစိုးလို့ မပြောပြတော့ပါဘူးလေ။ ဒေါ်တင်မေကြီးဟာ သူ့ယောက်ျားဦးငြိမ်းသေသွားလို့ရလိုက်တဲ့အမွေတွေနဲ့ လူဂုဏ်တန်အသိုင်းအဝိုင်းကြားမှာဝင်ဆန့်နိုင်အောင်ကျိုးစားတာကတော့ အတော်အောင်မြင်တယ်လို့ပြောရမှာပါပဲ . . ။ ဘာပဲဖြစ်ဖြစ် . . အဲဒီအလှူနေ့ကျရင်တော့ ကျုပ်တို့အတူတူ သွားကြရအောင်ပါလေ . . "

"ဒေါ်တင်မေကြီးက . . ပုလိပ်အဖွဲ့ဝင်တွေနဲ့ စီအိုင်ဒီက



စုံထောက်အဖွဲ့ဝင်တွေကိုလည်း အတုန်ဖိတ်တယ်ဆိုပဲဗျ . . ။ ပြီးတော့ . . စုံထောက်မင်းကြီးမစ္စတာစတီးဝပ်ကလည်း အဲဒီအလှူကိုလာမယ်လို့ သတင်းကြားထားတယ် . . "

"ဟုတ်မှာပေါ့လေ . . ။ သူဌေးကတော်ဒေါ်တင်မေကြီးကအပေါင်းအသင်းမိတ်ဆွေ အလွန်များလှသကိုးဗျ"

ထိုအချိန်တွင် . . ကျွန်ုပ်တို့နှင့်မလှမ်းမကမ်း ညှို့ခန်းအလယ်၌ရှိသော ခြောက်လက်မပတ်လည်ကျွန်းတိုင်ကြီးဆီသို့လေ၏လျှင်မြန်ခြင်းမျိုးဖြင့် ဒေါင်းမြီးတပ်မြားတစ်ချောင်းသည်ပြေးဝင်လာတာ ဒေါက်ကနဲစိုက်ဝင်နေလေတော့သည်။

ကျွန်ုပ်၏အိမ်သို့အလည်ရောက်လာတိုင်း ဒေါင်းမြီးတပ်မြားဖြင့် ညှို့ခန်းအလည်ရှိကျွန်းတိုင်ကြီးကို ထိမှန်အောင်ပစ်ကာကြိုတင်အသိပေးတတ်သောပုဂ္ဂိုလ်ကြီးမှာ ဤလောကကြီးတွင်တစ်ယောက်တည်းသာရှိပေသဖြင့် ကျွန်ုပ်သည်စိတ်ထဲတွင် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်၍သွားကာ . .

"ဦးဇင်ယော်ရေ . . ။ အဆင်သင့်လိုက်လေဗျာ . . ။ ကျုပ်တို့ရဲ့မိတ်ဆွေကြီး . . ဆရာကြီးလူသူတော်သျှောင်တစောင်းတောင်ရောက်လာပြီဗျို့"

စုံထောက်ကြီးဦးဇင်ယော်သည်လည်း ကျွန်ုပ်၏စကားကိုကြားလိုက်ရသဖြင့်ဝမ်းသာသွားသည့်ပုံစံဖြင့် အိမ်ပေါက်ဝသို့လှမ်းကြည့်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီအချိန်တွင်. . အဖြူရောင်စတူရီဘေကာကား ကြီးသည် ကျွန်ုပ်၏အိမ်ရှေ့သို့ထိုးဆိုက်လာလေတော့သည်။ ထိုမှ မရှေးမနှောင်းမှာပင် ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်၏အိမ်ပေါ်သို့. . တည်ငြိမ်အေးဆေးစွာ လှမ်းတက်လာလေတော့သည်။

ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့မှာ ငြိမ်တူထလိုက်ကြပြီး ဆရာကြီးအားကြိုဆိုလိုက်ကြသည်။

"မင်္ဂလာပါ. . ဦးသိန်းမောင်နဲ့ဦးဇင်ယော်. . "

"ဟုတ်ကဲ့. . ဆရာကြီး။ ကျန်းမာပါရဲ့နော်. . "

လူသူတော်သျှောင်တစောင်းမှာ ပြုံးလျှက်ခေါင်းညိတ်ပြလိုက်ပြီးလျှင် ဆိုဖါခုံကြီးပေါ်သို့စတိုင်ပါပါထိုင်ချလိုက်လေတော့သည်။

ဆရာကြီးကား. . အလွန်တရာပင် ခန့်ညားလှပေသည်။ ဝတ်ထားသည်မှာ ပိုးသားအကျႌနံ့သာရောင်နှင့်ရှမ်းဘောင်းဘီနံ့သာရောင်တို့ကို ဝတ်ဆင်ထားလေသည်။ တည်ကြည်ခန့်ညားသည့်ရုပ်လက္ခဏာကား အပြစ်ပြောစရာလုံးဝမရှိချေ။ ရုပ်အဆင်းခန့်ညားသကဲ့သို့ စိတ်ဓါတ်ကလည်း လောကကြီးတွင်မဟုတ်မမှန်သည့်ကိစ္စမှန်သမျှကို လုံးဝလက်မခံဘဲ အမှန်တရားဘက်မှသာအမြဲရပ်တည်နေသူဖြစ်ပေသောကြောင့် အလွန်လေးစားလောက်သူဖြစ်ပေတော့သည်။ ဆရာကြီးသည်သာ ဓါတ်ရှင်မင်းသားဝင်လုပ်ခဲ့



မည်ဆိုပါက. . ကျိန်းသေပင်အောင်မြင်သောမင်းသားတစ်ယောက်ဖြစ်နေပေလိမ့်မည်။

"ဦးသိန်းမောင်ရေ။ ခင်ဗျားက ကျုပ်ကို. . စိတ်ထဲကကျိတ်ပြီးချီးမွမ်းခန်းဖွင့်နေတာ. . တော်လောက်ပါပြီဗျာ"

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ အသံကိုကြားမှပင်. . ကျွန်ုပ်သည် ပြန်လည်၍သတိဝင်လာလေတော့သည်။

"ဩော်. . ဆရာကြီးလူသူတော်သျှောင်တစောင်းကတော့ သူတစ်ပါးရဲ့ အတွင်းစိတ်တွေကိုတောင်. . အားလုံးသိအောင် လုပ်နိုင်နေပြီကိုး. . . "

စုံထောက်ကြီးဦးဇင်ယော်က ဝင်၍ချီးကျူးပြောဆိုလိုက်သည်ကို လူသူတော်သျှောင်တစောင်းသည် ပြုံးရယ်လျှက်ကပင်ပြန်ပြောလိုက်လေ၏။

"ဒါကတော့. . အလေ့အကျင့် များများလေ့ကျင့်လေ. . ပညာရပ်တစ်ခုရဲ့လျှို့ဝှက်ချက်ကို သိလေဆိုတာမျိုးပဲဗျို့။ အဲဒီလိုလျှို့ဝှက်ချက်ကိုသိတော့မှ. . ပညာရပ်တစ်ခုရဲ့အညာကို ကိုင်မိတော့တာပေါ့ဗျာ. . "

"မှန်တော့မှန်ပါတယ်. . ဆရာကြီးရယ်။ ဒါပေမယ့်. . ဒီလိုပညာရပ်မျိုးတွေဆိုတာက အပြောမှာသိပ်လွယ်လှပေမယ့်. . တကယ်တမ်းကျင့်ကြံနိုင်ဖို့၊ တကယ်တမ်းတတ်ကျွမ်းဖို့ဆိုတာကတော့. . တယ်ပြီး မလွယ်လှပေဘူးနော်. . "

www.burmeseclassic.com



ကျွန်ုပ်သည် ဆရာကြီးလူသူတော်သျှောင်တစောင်းအား ထပ်တွန့်၍ အမေးပြုလုပ်လိုက်မိသည်။

"ဒီလိုလေ. . ဦးသိန်းမောင်ရဲ့။ ဥပမာတစ်ခု ဆိုကြပါစို့။ ခင်ဗျားဟာ. . အငြိမ်းစားသတင်းထောက်တစ်ယောက်နော်"

"ဟုတ်ပါတယ်. . ဆရာကြီး"

"အဲဒီသတင်းထောက်တဲ့ပညာကို. . ခင်ဗျား ဘယ်လို တတ်လာသလဲဆိုတာကိုတော့ ခင်ဗျားသိမှာပေါ့. . "

ဆရာကြီးလူသူတော်သျှောင်တစောင်း၏. . မေးခွန်းမှာ လွယ်မယောင်နှင့်ပင် အလွန်ခက်၍နေပေ၏။ ကျွန်ုပ်အနေဖြင့် ဆိုရလျှင် ဘယ်ကစဖြေရမှန်းပင်မသိဘဲ ဖြစ်နေလေ၏။

"ကဲ. . ခင်ဗျားဖြေရမှာခက်နေမယ်။ ကျုပ်ရှင်းပြမယ်။ ပထမအချက်. . ခင်ဗျားဟာ ငယ်ငယ်ကတည်းကကျောင်းစာကို တတ်အောင်သင်ရတယ်။ ဒုတိယအချက်. . တဖြည်းဖြည်းနဲ့ သတင်း အကြောင်းတွေကို ခင်ဗျားလေ့လာတယ်။ ဖတ်တယ် မှတ်တယ်။ တတိယအချက်ကတော့. . အဲဒီလိုဖတ်၊ မှတ်၊ လေ့လာခြင်းဟာ ကြာလာတဲ့အခါကျတော့ ခင်ဗျားရဲ့ခေါင်းထဲမှာ သံမှိုစွဲသလိုရှိလာ တော့တာပေါ့။ စာရေးခြင်း၊ သတင်းလိုက်ခြင်း၊ သတင်းထူး သတင်းဦးကိုစိတ်ဝင်စားခြင်းတို့ဟာ အလေ့အကျင့်တစ်ခုအနေနဲ့ နေ့စဉ်ဆိုသလို လုပ်နေတော့တာကိုးဗျ။ အဲဒီလိုလုပ်နေရတော့ ခင် ဗျားကိုယ်တိုင်တောင်မသိလိုက်ဘဲ သတင်းထောက်ပညာက



ကျွမ်းကျင်သူတစ်ယောက် ဖြစ်လာတော့တာပေါ့ဗျာ. . "

လူသူတော်သျှောင်တစောင်းက အစီအစဉ်ကျနစွာရှင်းပြ နေသည်မှာ. . . ကျွန်ုပ်၏သတင်းထောက်ဘဝအစကို ပြန်၍ပြသ နေသလိုပင် ထင်မြင်မိလိုက်၏။

"နောက်တော့. . ခင်ဗျားရဲ့စိတ်ဟာ ဒီလိုသတင်းထောက် အလုပ်ကို လုပ်ချင်စိတ်တွေဖြစ်ပေါ်လာတယ်။ အဲဒီလိုဖြစ်ပေါ်လာ အောင်လည်း ငယ်ငယ်ကတည်းကအခြေခံကစပြီးတဖြည်းဖြည်း လေ့ကျင့်ခဲ့လို့ ခင်ဗျားဟာဒီကနေ့မှာ သတင်းထောက်တစ်ယောက် ဖြစ်လာခဲ့ပြီမဟုတ်လား။ အဲ. . နောက်ဆုံးနဲ့အရေးအကြီးဆုံး စတုတ္ထအချက်ကတော့ ခင်ဗျားရဲ့လုပ်ငန်းအတွေ့အကြုံကနေပြီး အမှားအမှန်ဝေဖန်ပိုင်းခြားခြင်းဆိုတဲ့အတတ်ကို အလိုအလျောက် သင်ကြားပေးလိုက်လေတော့. . မြန်မာနိုင်ငံရဲ့သတင်းထောက် လောကမှာ. . ဦးသိန်းမောင်ဆိုတာ အလွန်တော်တဲ့သတင်းထောက် တစ်ယောက်ရယ်လို့ နာမည်ကြီးလာခဲ့တာပေါ့ဗျာ. . ။ မဟုတ် ဘူးလား. . "

လူသူတော်သျှောင်တစောင်းသည်. . ကျွန်ုပ်ကိုယ်တိုင် အား ကျွန်ုပ်၏သတင်းထောက်ပညာရပ်ကိုပင် ဥပမာပေး၍. . ရှင်းပြလိုက်သောအခါမှ. . ပညာရပ်တစ်ခု၏ လျှို့ဝှက်ချက်သဘော တရားကို. . ကျွန်ုပ်အနေဖြင့် အတော်အတန်နားလည်လာမိပေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူသူတော်သျှောင်တစောင်းသည် သူ့ရှေ့စားပွဲပေါ်မှရေနွေးခရားကိုငှဲ၍ အဖန်ရည်တစ်ခွက်သောက်လိုက်ပြီးလျှင်. .

"အလွယ်ကူဆုံးပြောရရင်တော့... ရေမကူးတတ်တဲ့လူဟာ ရေကိုကြောက်တဲ့စိတ်ကတော့ရှိနေမှာပဲ။ အဲဒါကို. . ရေကူးတတ်အောင်သင်ပေးလိုက်မယ်ဆိုရင်. . ဒီလူဟာ ရေကိုမကြောက်တော့ဘူး။ အဲဒီလို ရေမကြောက်တတ်ဖို့ကိုလည်း ရေတိမ်တိမ်ကစပြီးသင်ပေးရမယ်. .။ ပြီးတော့မှ. . တဖြည်းဖြည်း ရေနက်ကိုကူးခိုင်းရမယ်။ လေ့ကျင့်မှုတွေများလာလေလေ ရေကူးတဲ့အတတ်ပညာကို ကျွမ်းကျင်လာလေလေပေါ့ဗျာ။ ကျွမ်းကျင်လာတော့. . ရေကိုကြောက်တဲ့စိတ်မရှိတော့ဘူး။ အဲဒါဟာ. . ရေရဲ့လျှို့ဝှက်ချက်ကိုသိသွားလို့ပဲဗျ. .။ အဓိကအချက်ကတော့. . ကျွမ်းကျင်မှုဆိုတာ လေ့ကျင့်မှုဆိုတာကို အခြေခံတာကိုးဗျ. .။ လေ့ကျင့်မှုများလာရင် ကျွမ်းကျင်မှုဆိုတာ သူ့အလိုလိုရှိလာမှာပါဗျာ. ."

လူသူတော်သျှောင်တစောင်းသည်. . . ကျွန်ုပ်တို့အားအားပါးတရရှင်းပြပြီးသည်နှင့် အတန်မောသွားသည်ဖြစ်ရကား အိတ်ထဲမှ ရွှေနှံ့သာဆေးပြင်းလိပ်ကိုထုတ်ကာ. . မီးညှိ၍ဖွာရှိုက်နေလေတော့၏။

ကျွန်ုပ်မှာ. . ဆရာကြီးပေးသောဥပမာများကို အတန်အသင့် သဘောပေါက်မိလေ၏။ ကျွန်ုပ်ကိုယ်တိုင်သည်ပင် ကျွန်ုပ်၏သတင်းထောက်အတတ်ပညာနှင့် ပတ်သက်သည့်အကြောင်းကို



ရာကြီးလူသူတော်သျှောင်တစောင်းပြောပြသည်အတိုင်း မစဉ်းစားဖူးသည်ကို အမှန်အတိုင်းဝန်ခံရပေတော့မည်။ ထို့ကြောင့်ည်း. . လူသူတော်သျှောင်တစောင်းဆိုသောပုဂ္ဂိုလ်ကြီးသည်လွန်တော်၊ အလွန်သိသော ပညာရှိကဝိတစ်ဆူဖြစ်နေခြင်းပင်ည်း။

"ဆရာကြီးလာရင်းကိစ္စက. . ဘာများ အကြောင်းထူးတွေလို့ပါလဲ ခင်ဗျာ. ."

ကျွန်ုပ်သည် အိမ်ရှင်ဖြစ်နေသည်ကို ယခုမှသတိဝင်လာ ဆရာကြီးလူသူတော်သျှောင်တစောင်းအား ဧည့်ထောက်ခံးဆိုလိုက်လေ၏။

"အကြောင်းထူးတာကတော့. . ခင်ဗျားတို့ကို ပြောပြရင် အလွန်မှအံ့ဩကုန်ကြလိမ့်မယ်။ ကျုပ်က အကြောင်းစုံပြောင်မှာ. . ဟောဒီဟာလေးကို ကြည့်လိုက်ကြပါဦး. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ပြောပြောဆို သူ၏အတွင်းအိတ်ထဲမှ ဒေါင်းမြီးတပ်မြားလေးတစ်ချောင်းတ်ပြလိုက်သည်။

"အဲဒီ ဒေါင်းမြီးတပ်မြားလေးက. . ဆရာကြီး အမြဲတမ်းဖြူနေတဲ့မြားပဲ မဟုတ်လား"

"ရုတ်တရက်ကြည့်လိုက်ရင်တော့ ခင်ဗျားတို့အထင်ဟာ ါလိမ့်မယ်။ ဒါပေမယ့်. . ဒီဒေါင်းမြီးတပ်မြားလေးကတော့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မြား မဟုတ်ဘူးဗျ. . ။ ကျုပ်အိမ်ရဲ့တံခါးမကြီးမှာ ဒီနေ့မနက် မှစိုက်ဝင်နေတာကိုတွေ့လိုက်ရတာ. . ”

“ဗျာ. . ”

“ဟင်. . ”

ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့နှစ်ဦးမှာ အံ့ဩ လွန်းသဖြင့် သံပြိုင်ပင် အသံများထွက်သွားကြလေသည်။

“ဟုတ်တယ်ဗျ. . ။ ခင်ဗျားတို့အံ့ဩမယ်ဆိုလည်း အံ့ဩ စရာပဲ. . ။ ဒီမြားပြုလုပ်ပုံ၊ မြားပစ်ပုံကအစ. . ကျုပ်နဲ့ ပညာတူတ လူတစ်ယောက်တော့ ရန်ကုန်ကိုရောက်လာပြီ. . ”

“ဗျာ. . ”

ကျွန်ုပ်တို့မှာ. . ဒုတိယမ္ပိ အံ့ဩသွားကြလေ၏။ ထို့နောက် ဆရာကြီးလူသူတော်သျှောင်တစောင်းသည် မြားတံကို ကျွန်ုပ်၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။ ကျွန်ုပ်မှာ. . ဘူမသိ၊ ဘမသိ ဖြင့်ပင် လှမ်းယူထားလိုက်ရလေ၏။

“အဲဒီမြားရဲ့အကြောင်းကို သိတဲ့သူကလည်း. . ဒီလောက မှာ နှစ်ယောက်တည်းပဲရှိတယ်. . ။ အဲဒီနှစ်ယောက်ထဲက တစ် ယောက်ဟာ. . ကျုပ်ပဲ။ ကျုပ်အပြင်. . ဒီမြားအကြောင်းကို ကောင်းကောင်းသိတဲ့၊ ဒီမြားကို ကျုပ်လိုပဲကျွမ်းကျွမ်းကျင်ကျင် ပစ်ခတ်နိုင်တဲ့လူတစ်ယောက်ရှိသေးတယ်။ ဘာကြောင့်လည်းဆို တော့. . သူနဲ့ကျုပ်ဟာ တစ်ချိန်တုန်းက တိဗက်မှာအတူပညာသင်



ခဲ့ဖူးကြတဲ့ ပညာသင်ဘက်တွေပေါ့ဗျာ။ အခုလို ကျုပ်အိမ်တံခါးမ ကြီးမှာ မြားနဲ့ပစ်ပြသွားတာကတော့. . ကျုပ်ကို သူတို့အလုပ်ထဲမှာ ဝင်မပါဖို့ သတိပေးလိုက်တာပဲဗျ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ ပြောစကားများ ကို. . ကျွန်ုပ်တို့မှာ လုံးဝနားလည်ခြင်းမရှိပေ။ ထိုပညာသင်ဘက်က ဘာတွေလုပ်နေပြီး. . ဆရာကြီးလူသူတော်သျှောင်တစောင်းက ဘယ်ကိစ္စတွေမှာများ. . ပါဝင်ပတ်သက်နေလို့ပါလိမ့်ဟုသာ တွေး နေမိကြလေ၏။

“ကဲ. . ခင်ဗျားတို့ ဘာမှတွေးပြီးခေါင်းရှုပ်ခံမနေကြနဲ့။ ဘာ့ကြောင့်လည်းဆိုတာ. . ကျုပ်ရှင်းပြပါ့မယ်လေ။ ဒီဇာတ်လမ်း ကိုရှင်းမပြခင် ကျုပ်တစ်ခုမေးထားရဦးမယ်။ ခင်ဗျားတို့. . ချောက်ထပ်ကြီးကသူဌေးကတော်ဒေါ်တင်မေကြီးဆိုတာကိုရော သိ ကြသလား”

“ဟာ. . သိတာပေါ့။ မင်းပေါက်စိုးပေါက်တဲ့သူကို မသိဘဲ နေပါ့မလား. . ။ ခုနတုန်းကတောင်မှ. . ဦးဇင်ယော်နဲ့ကျုပ်နဲ့ လာ ယ့်တပေါင်းလဆုတ်သုံးရက်နေ့မှာကျင်းပမယ့် သူ့ယောက်ျားဆုံး ဘာနှစ်နှစ်ပြည့်တဲ့ဆွမ်းကျွေးအလှူကို. . အတူတူသွားကြဖို့ ပြော နေကြတာ”

“အဲဒီဒေါ်တင်မေကြီးဟာ. . ကျုပ်ဆီကို လွှန်ခဲ့တဲ့တစ်လ လောက်က ရောက်လာခဲ့တယ်။ သူ့ရဲ့ဒရိုင်ဘာနဲ့အတူ ကျုပ်ဆီက

www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းချင်လို့ ကျုပ်အိမ်ကိုရောက်လာခဲ့တာဗျ. .

"သူက ဆရာကြီးဆီက. . ဘာများအကူအညီတောင်း

လို့လဲဗျ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းက ပြောပြသေ

အဖြစ်အပျက်များသည်ကား ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယေ

တို့အတွက် အလွန်စိတ်ဝင်စားဖွယ်ဖြစ်နေပေ၏။

"သူကကျုပ်ကို အကူအညီတစ်ခုတောင်းတယ်။ အဲဒီအ

အညီကတော့ သူ့အပေါ်ကျရောက်လာနေတဲ့ အသက်အန္တရာယ

ကျုပ်က. . ကာကွယ်ပေးဖို့ပါပဲ. . "

"သူ့ရဲ့ အသက်အန္တရာယ်ကရော. . တကယ်ပဲစိုးရိမ်

ရှိနေလို့လား. ဆရာကြီးရယ်. . "

"သူဘယ်ကိုသွားသွား သူ့ရဲ့အနောက်မှာ. . ဝတ်စုံ

ဝတ်ထားတဲ့လူနှစ်ယောက်က. . အမြဲတမ်း အလိုက်ခံနေရတယ

တော့ပြောတယ်ဗျ. . "

"အဲဒီ ဝတ်စုံမည်းဝတ်ထားတဲ့လူနှစ်ယောက်ဟာ. .

ကိုအသက်အန္တရာယ်ပေးမယ့်လူလို့. . ဘယ်လိုလုပ်ပြီး သိနိုင

လည်းဆရာကြီးရဲ့"

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်

အားလက်ကာ၍ပြလိုက်ပြီးလျှင်. . သူ၏အိတ်ကပ်ထဲမှ စာ

စောင်ကိုထုတ်၍ ကျွန်ုပ်တို့အားပြလေ၏။



ထိုစာကို. . ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့ ပြိုင်တူပင် ဖတ်လိုက်မိကြသည်။

**တင်မေကြီး**

အချစ်ဆုံးရဲ့အမုန်းဆုံးလူတစ်ယောက်ကိုတော့. .
သတိရမှာပေါ့။
ကြောက်စရာအပြုံးတွေကို. . ဘယ်နှစ်ယောက်ကို
ပေးခဲ့ပြီးပြီလဲ။
မင်းရဲ့အပြုံးအဆိပ်တွေကို. . ချိုမြိန်စွာသောက်သုံး
ခဲ့တဲ့ငါ. . . . ။
မကြာခင် ရောက်လာတော့မယ်. . .

**အတိတ်ကလူ**

ကျွန်ုပ်နှင့် စုံထောက်ကြီးဦးဇင်ယော်တို့နှစ်ဦးသည်. . ဝါကျင့်ကျင့်စာရွက်ပေါ်တွင် တရုတ်စုတ်တံဖြင့် မညီမညာရေးထားလေသောစာအား ဖတ်လိုက်ကြ၏။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်တို့နှစ်ဦးအား သေချာစွာစူးစိုက်ကြည့်နေလိုက်ပြီးလျှင်.

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အထင်ကိုပြောရရင်တော့. . ဦးသိန်းမောင်နဲ့ စုံထောက်ကြီးဦးဇင်ယော်တို့အတွက် သိပ်စိတ်ဝင်စားဖို့ကောင်းတဲ့ ထူးထူးဆန်းဆန်းအမှုတစ်ခုဟာ. . မကြာခင်မှာပဲ ပေါ်ပေါက်လာတော့မယ်နဲ့တူတယ်ဗျို့. ."

ဆရာကြီးလှည့်သူတော်သျှောင်တစောင်းက ထိုသို့ပြောလိုက်သောအခါ. . .

"ဒီလိုဆိုရင်တော့. . ကျုပ်တို့အနေနဲ့ ဒီအမှုဖြစ်ပေါ်မလာအောင် ကြိုတင်ကာကွယ်ပေးထားနိုင်ဖို့ စီစဉ်ကြရလိမ့်မယ်. . ဦးသိန်းမောင်ရေ"

စုံထောက်ကြီးဦးဇင်ယော်က စာကိုဖတ်ပြီးသည်နှင့်ပြောလိုက်၏။

"မှန်တာပေါ့ဗျာ. .။ ခင်ဗျားတို့အနေနဲ့ အမှုမဖြစ်အောင် ကြိုတင်ကာကွယ်ထားကြဖို့ တာဝန်ရှိတာပေါ့။ ဒါပေမယ့်. . အခုဖြစ်မှုကိုကျူးလွန်ဖို့ ကြံစည်နေကြတဲ့လူတွေဟာ. . သာမန်လူမျိုးတွေ မဟုတ်ဘူးဆိုတာကိုတော့. . ခင်ဗျားတို့အနေနဲ့အလေးအနက် သတိထားကြဖို့ ကျုပ်အကြံပေးချင်ပါတယ်. ."

ဆရာကြီးလှည့်သူတော်သျှောင်တစောင်းသည် ထိုစကားကို လေးလေးနက်နက် ပြောလိုက်လေ၏။

ထိုအချိန်မှာပင်. . ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့နှစ်ဦးကြားမှ ဝိုးကနဲအသံကြီးနှင့်အတူ. . ကျွန်ုပ်၏အိမ်ဧည့်ခန်း



အလယ်ရှိကျွန်းတိုင်ကြီးသို့ 'ဒေါက်' ကနဲ ,လာရောက်စိုက်ဝင်နေသည့်အရာတစ်ခုကို တွေ့လိုက်ကြရလေတော့သည်။

ထိုအရာမှာ. . ဆရာကြီးလှည့်သူတော်သျှောင်တစောင်း၏ ဒေါင်းမြီးတပ်မြားတံနှင့်ယှဉ်လျှက်စိုက်ဝင်နေသော ပုံစံတူဒေါင်းမြီးတပ်မြားတစ်ချောင်းပင် ဖြစ်နေလေ၏။

ကျွန်ုပ်အိမ်၏. . ဧည့်ခန်းအလယ်ရှိ ကျွန်းတိုင်ကြီးတွင် ယှဉ်လျှက်စိုက်ဝင်နေကြသော ဒေါင်းမြီးတပ်မြားနှစ်ချောင်းမှာ ယှဉ်ပြိုင်လိုခြင်း၊ စိန်ခေါ်ခြင်း၊ ထီမထင်ခြင်းဟူသောအဓိပ္ပါယ်များကိုဖေါ်ဆောင်နေကြသည်မှာ အမှန်ပင်ဖြစ်ပေ၏။

ကျွန်ုပ်သည် အိမ်ရှေ့သို့အမြန်ပြေးထွက်ကာ ဝရံတာပေါ်မှနေ၍ ပတ်ဝန်းကျင်အားလှေ့လာကြည့်ရှုလိုက်သော်လည်း. . လမ်းပေါ်တွင် မည်သည့်လူသူအရိပ်အယောင်ကိုမျှမြင်တွေ့ရခြင်း မရှိပါပေ။

"ကဲ. . ဦးသိန်းမောင်နဲ့စုံထောက်ကြီးဦးဇင်ယော်တို့ မြင်လိုက်ကြတဲ့အတိုင်းပါပဲ။ သေမင်းဆိုတဲ့အကောင်က ကိုယ့်အနားမှာ. . အမြဲတမ်းကပ်လိုက်နေတာ။ အခါအခွင့်သင့်တာနဲ့ ချက်ခြင်းခေါ်သွားမှာနော်. . . သတိထားကြပေါ့ဗျာ။ ကျုပ်တို့အတွက်တော့ မြားတံဟာ. . မရဏဆိုတဲ့အမှတ်အသားပဲ။ မရဏဆိုတဲ့အမှတ်အသားဟာ. . သေမင်းရဲ့မူပိုင်တံဆိပ်တုံးပဲပေါ့ဗျာ. . ဟား. . ဟား. . ဟား. ."

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးလူသူတော်သျှောင်တစောင်းကား သေမင်းနှ
ရင်ဆိုင်တွေ့ရမည်ကို . . ကြောက်ရွံ့ထိတ်လန့်ခြင်း အလျှင်းမရှိ
အင်္ဂလန်ထီဆုကြီးပေါက်သကဲ့သို့ပင် ပျော်ရွှင်ရယ်မောနေလေ

ကျွန်ုပ်တို့နှစ်ဦးမှာကား . . မည်သို့မည်ပုံ ဆက်လက်လု
ဆောင်ရမည်ကိုသာ တွေးနေမိကြပေတော့သည်။ ကျွန်ုပ်တို့
ဆရာကြီးလူသူတော်သျှောင်တစောင်းကိုပင် စိန်ခေါ်အံတုရဲသ
ပုဂ္ဂိုလ်မှာ . . နုယ်နုယ်ရရပုဂ္ဂိုလ်မဟုတ်မှန်းတော့ ကျွန်ုပ်တို့တွေး
မိလိုက်ကြပေသည်။

❖ ❖ ❖



မစ္စတာလူသူတော်သျှောင်တစောင်းဟာ...ဒီလို မတရားမှု
မျိုးတွေကို အင်မတန်ရွံမုန်းတဲ့လူဖြစ်ပြီး...ဥပဒေဘက်က
အမြဲရပ်တည်ပေးခဲ့တာမို့ ကျွန်ုပ်တို့ ဗြိတိသျှဘုရင်မကြီး
က "ဆာ"ဘွဲ့နဲ့ "နိုက်" ဘွဲ့တွေတောင်...ချီးမြှင့်ခံထားရတဲ့
ပုဂ္ဂိုလ်ကြီးဖြစ်တယ်။

*စူးလတာကမ်းကြီး မစ္စတာစတီးဝဲ*

www.burmeseclassic.com

www.burmeseclassic.com



## ခြောက်ထပ်ကြီးကုန်း လူသတ်မှု

အလွန်တရာမှပင် သစ်ပင်တောအုပ်ထူထပ်သောနေရာဖြစ်သဖြင့် . ခြောက်ထပ်ကြီးဘုရားကိုဖူးရန်ပင်လျှင် တစ်လတစ်ခေါက် ရောက်နိုင်ခဲ့သောနေရာဖြစ်ပေသည်။

ပိုက်ဆံချမ်းသာကြွယ်ဝသောသူဌေးများနှင့် အင်္ဂလိပ်စစ်တပ်တွင် စစ်မှုထမ်းနေကြသောအရာရှိကြီးများ၏တိုက်များခြံများသည်သာ ခြောက်ထပ်ကြီးကုန်းပေါ်တွင်ရှိနေကြလေ၏။

ထိုနေရာသည် ဆိပ်ငြိမ်ရပ်ကွက်တစ်ခုသာဖြစ်သည်။ ထိုနေရာမှ . အနောက်ဘက်မြေနီလမ်းလေးအတိုင်း တောအုပ်



ကြီးအတွင်းရှိသစ်ပင်ကြီးများအောက်မှ . လျှောက်သွားခဲ့လျှင် ဟာမစ်တစ်ရပ်ကွက်သို့ ရောက်လေ၏။ ထိုအချိန်က ဟာမစ်တစ်ရပ်ကွက်မှာ ချစ်တီးသူဌေးများနှင့်ပုလိပ်ဘက်မှအရာရှိကြီးများနေထိုင်ကြသောနေရာ ဖြစ်လေ၏။

ထိုသည်ကား . အနောက်ဘက်လမ်းဖြစ်ပေ၏။ မြောက်ဘက်လမ်းသို့သွားမည်ဆိုလျှင် ဂွတ္တာလစ်ရပ်ကွက်သို့ရောက်ရှိမည်ဖြစ်ပေ၏။ ထိုလမ်းသည်ကား . တောင်ကုန်းအတက်အဆင်းများစွာထူထပ်သော တောလမ်းပင်ဖြစ်ပေသည်။

ခြောက်ထပ်ကြီးဘုရားပွဲတော်ရက်ဆိုလျှင် ဤသို့သောလမ်းများမှ . ဘုရားဖူးများက လာရောက်ဖူးမျှော်ကြရလေသည်။ ခြောက်ထပ်ကြီးသို့ အရှေ့ဘက်လမ်းမှဝင်မည်ဆိုလျှင် တာမွေဘက်မှ ပင်သွားရလေ၏။

တာမွေအဝိုင်းကြီးထိပ် (ယခု-မရိုးဆန်းရပ်ရှင်ရုံ) အနီးရှိနေရာတွင် . ဒင်္ဂုကြည်မြလေးကဖီးဟုခေါ်သော လက်ဘက်ရည်ဆိုင်ကြီးတစ်ဆိုင်ရှိလေ၏။

ထိုနေရာသည်ကား . လမ်းဆုံနေရာဖြစ်သဖြင့် အလွန်ပင် စည်ကားလှပေသည်။ မြင်းလှည်းဂိတ်၊ ကားဂိတ်၊ လန်ချားဂိတ်၊ ဆိုက္ကားဂိတ်တို့အပြင် လူတန်းစားပေါင်းစုံ၊ စရိုက်ပေါင်းစုံတို့စုဝေးရာနေရာဖြစ်သောကြောင့် ရာဇဝတ်မှုခင်းများဖြစ်ပေါ်တတ်သောနေရာလည်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှ . . ကြက်တံဆိပ်ဘတ်(စ်)ကားကိုစီးသွားလျှင် မြင်းပြိုင်ကွင်းသို့ပင် ရောက်လေသည်။ တနင်္ဂနွေတစ်ပတ်မြင်းပွဲများသည်ကား . . ထိုခေတ်၊ ထိုအချိန်အခါက အလွန်ကြီးကျယ်စည်ကားသော၊ သူဌေးသူကြွယ်များအလောင်းအစားပြုလုပ်ကြသော ပွဲကြီးပင်ဖြစ်ပေ၏။

ထိုသို့ . . အလောင်းအစားပြုလုပ်ကြသော သူဌေးများနှင့် ပြိုင်မြင်းများကိုစီးနင်းကြရသော ဂျော်ကီဆိုသူများသည် . . ယင်းခေတ်အခါကဆိုလျှင် . . ငွေကြေးသုံးနိုင်၊ ဖြုန်းနိုင်သူများစာရင်းတွင် ထိပ်ဆုံးမှပါဝင်လေ၏။

ထိုကဲ့သို့ . . သုံးနိုင်ဖြုန်းနိုင်ကြသောလူများသည် မြင်းပြိုင်ပွဲအနားပေးသည့်နေ့လယ်အချိန်များတွင် တာမွေအဝိုင်းကြီးထိပ်ရှိ . . ဒဂုံကြည်မြလေးကဖီးတွင် နေ့စဉ်ပင်လာရောက်စားသောက်ကြလေ့ရှိပေ၏။

စုံထောက်ကြီးဦးဇင်ယော်နှင့် အိုင်ပီမောင်မောင်ကြီးတို့နှစ်ဦးမှာ . . နံနက်စာစားရန်အတွက် တာမွေဂါတ်တဲမှတာမွေအဝိုင်းကြီးထိပ်သို့ . . အေးအေးဆေးဆေးစကားပြောရင်းဖြင့် လမ်းလျှောက်လာခဲ့ကြလေသည်။

"မနက်ဖြန်ဆိုရင်ဖြင့် ခြောက်ထပ်ကြီးကသူဌေးကတော်ဒေါ်တင်မေကြီးရဲ့ဆွမ်းကျွေးပွဲကိုသွားစားရမှာမို့ တစ်မနက်တော့ငွေကုန်သက်သာလိမ့်မယ်ဗျ . . ဟီး . . ဟီး . . "



အိုင်ပီမောင်မောင်ကြီးသည် အလွန်တရာမှဝလွန်းသော ၏ဗိုက်ကြီးအားလက်နှင့်ပွတ်သပ်ပြရင်း စပ်ဖြဲဖြဲနှင့်ပြောလိုက် သ၏။

"ခင်ဗျားမှာလည်း နေ့ရှိသ၍ . . ဘယ်မှာများ အချောင် ရပါ့မလဲဆိုတာကိုပဲ တွေးနေတော့တာကိုးဗျ . . "

"ဒီမှာ . . ဦးဇင်ယော်ရဲ့။ အစားဆိုတာ လူတွေအတွက်ပဲ တ်လားဗျ။ ဟဲ . . ဟဲ . . "

"ဟုတ်တာတော့လည်း ဟုတ်ပါတယ်ဗျာ . . ။ ဒါပေမယ့် . . ဆေး၊ လွန်ဘေးဆိုတဲ့ ဆိုစကားကလည်းရှိနေသေးတယ် မဟုတ် ကိုမောင်မောင်ကြီးရဲ့ . . "

"ဒီကိစ္စအတွက်တော့ . . ပူမနေနဲ့ဗျို့။ အစားနဲ့ပတ်သက် ခင် မောင်မောင်ကြီးတို့အတွက်ကတော့ . . လွန်သွားလည်း လို့မှ ဘေးမဖြစ်နိုင်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဟော့ဒီ ယ်ရှယ်ဂိုဒေါင်ကြီးရှိနေတယ်လေ။ ဟား . . ဟား . . "

အိုင်ပီမောင်မောင်ကြီးမှာ အလွန်တရာကြီးမားလှသော ကြီးကို . . လက်နှင့်ပွတ်သပ်နေရင်းမှ ဂုဏ်ယူပြောဆိုနေ တို့ . . စုံထောက်ကြီးဦးဇင်ယော်ကပါ သဘောကျမိသဖြင့် ရယ်မောနေမိလေတော့သည်။

ထိုကဲ့သို့ နှစ်ဦးသားအေးအေးဆေးဆေးလမ်းလျှောက် စဉ် . . အနောက်ဘက်ခပ်လှမ်းလှမ်းဆီမှ အော်ဟစ်ခေါ်ဖ

www.burmeseclassic.com



သောအော်ခေါ်သံကို. . နှစ်ဦးသားကြားလိုက်ကြရသဖြင့် ရပ်၍ စောင့်နေလိုက်ကြသည်။

"ဗျို့. . ဆရာကြီးတို့. . ဆရာကြီးတို့. . "

နှစ်ဦးသား. . အသေအချာကြည့်လိုက်ကြသောအခါ. . တာမွေဂါတ်မှပုလိပ်ကလေးမောင်လူချောတစ်ယောက် နောက်မှ အပြေးအလွှားလိုက်လာနေသည်ကို တွေ့လိုက်ကြရလေသည်။

"ဟော. . ဟဲ. . ။ ဟော. . ဟဲ. . "

အနားရောက်လာသော ပုလိပ်ကလေးမောင်လူချောမှ ဆက်တိုက်ပြေးလာခဲ့ရပြီး. . အလွန်တရာပင်မောဟိုက်နေပုံရသ ဖြင့်. . စကားဆက်ပြောနိုင်ရန်ပင် အတော်ကြီးအမောဖြေနေရလေ သည်။

"ဟော့ကောင် မောင်လူချော. . ။ ဘာတွေများ ဒီလော တောင် အရေးတကြီးဖြစ်လာရတာလဲ. . ။ နင့်နှမ လင်နောက်လိုက် သွားလို့လားကွ။ ဟေ. . "

"ဟာ. . ဆရာတို့ကလည်း။ ကျွန်တော့်နှမ လင်နော လိုက်သွားလို့ကဖြင့် ဝမ်းတောင်သာနေသေးတယ်. . ။ အခုဟာ ခေါင်းမီးလောင်နေလို့ဗျို့. . "

"ဘယ်သူလဲ. . ။ မင့်ဂိုဏ်းတော်ကြီးခေါင်းကို ဘယ်သူကမီး လိုက်တာလဲ"

"ခက်တာပဲဗျာ. . ။ ဆရာတို့ကို စုံထောက်မင်းကြီးကခေ



ခိုင်းလိုက်လို့ပါ။ သိပ်အရေးကြီးလို့တဲ့. . "

စုံထောက်မင်းကြီးက ခေါ်ခိုင်းသည်ဟုဆိုလိုက်သည်နှင့် အိုင်ပီမောင်မောင်ကြီးမှာ. . ဘာဆက်လုပ်၍၊ ဘာဆက်ကိုင်ရမည် မှန်းပင်မသိဘဲ ဖြစ်သွားလေတော့သည်။

"ဟေ. . ။ စုံထောက်မင်းကြီးက ဘယ်လိုလုပ်ပြီး. . ငါတို့ တာမွေဂါတ်ကိုရောက်လာတာလဲ။ အခုရော. . စုံထောက်မင်းကြီး က ဘယ်မှာရှိနေသလဲကွ. . "

"ဟုတ်တယ်. . ဆရာတို့ရေ။ ဒီနေ့မနက်မှာ ခြောက်ထပ် ကြီးကုန်းက သူဌေးကတော်ဒေါ်တင်မေကြီးတစ်ယောက် အသတ်ခံ လိုက်ရလို့တဲ့. . ။ အဲဒါ စုံထောက်မင်းကြီးဆီကို. . ဗဟန်းဂါတ်က အကြောင်းကြားလိုက်လို့ စုံထောက်မင်းကြီးကိုယ်တိုင် အမှုဖြစ်တဲ့ ဆီကိုလိုက်လာတော့မှာမို့ ကျွန်တော်တို့တာမွေဂါတ်ကို စုံထောက် ကြီးဦးဇင်ယော်ကိုပါရအောင်ခေါ်လာပေးဖို့ဆိုပြီး. . စုံထောက် င်းကြီးကိုယ်တိုင်ဖုန်းဆက်လိုက်တာတဲ့ ခင်ဗျ. . "

အိုင်ပီမောင်မောင်ကြီးသည် စုံထောက်မင်းကြီးကဖုန်းသာ ဆက်သည်ဟုဆိုလိုက်သဖြင့် အနည်းငယ်စိတ်အေးသွားမိသော် သည်း စုံထောက်မင်းကြီးကဖုန်းဆက်သည့်အချိန်တွင်. . တာမွေ ဂါတ်၌ သူကိုယ်တိုင်ရှိမနေသည့်အဖြစ်ကြောင့်. . မျက်နှာအကြီး အကျယ်ပျက်၍နေပေတော့သည်။

"အဲဒီတော့. . ငါတို့က ဘယ်ကိုသွားကြရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့နှစ်ယောက်စလုံး. . ဒေါ်တင်မေကြီးတိုက်ကို
အမြန်ဆုံးလိုက်လာခဲ့ကြဖို့. . စုံထောက်မင်းကြီးက ဖုန်းထဲမှာပြော
သွားပါတယ်. ."

စုံထောက်ကြီးဦးဇင်ယော်နှင့် အိုင်ပီမောင်မောင်ကြီးတို့
သည် အနီးရှိမြင်းလှည်းဂိတ်မှ မြင်းလှည်းတစ်စီးကိုလှမ်းခေါ်လိုက်
ကြသည်။

"ဆရာတို့. . ဘယ်ကို သွားကြမှာလဲ"

"ခြောက်ထပ်ကြီးဘုရားရဲ့ တောင်ဘက်ကို. . အမြန်ဆုံး
ရောက်အောင်မောင်းကွာ. ."

"ဟုတ်ကဲ့ ခင်ဗျ. ."

မြင်းလှည်းကလေးမှာ တချွင်ချွင်အသံပေး၍ ခြောက်ထပ်
ကြီးကုန်းဘက်သို့. . ဦးတည်ကာ ပြေးလွှားသွားလေတော့သည်။
ခြောက်ထပ်ကြီးကုန်းပေါ်သို့ရောက်သည်နှင့်. . ဘုရားကြီး၏ ည
ဘက်သို့ချိုးကွေ့လိုက်ပြီးလျှင် ခြံဝင်းကျယ်ကြီး၏အလယ်တွင်
သော. . ကြီးမားသည့်တိုက်အနီကြီးဆီသို့ဦးတည်၍ ဆက်လက်
မောင်းနှင်သွားလေသည်။

ဒေါ်တင်မေကြီး၏တိုက်ကြီးသည်ကား. . ရှေးအခါက
မင်းစိုးရာဇာများနေခဲ့သော တိုက်ကြီးမျိုးပင်ဖြစ်ပေသည်။

စုံထောက်ကြီးဦးဇင်ယော်နှင့် အိုင်ပီမောင်မောင်ကြီးတို့
နှစ်ဦးသား. . မြင်းလှည်းပေါ်မှဆင်း၍ တိုက်ကြီးရှိရာသို့လျှော



ကြလေသည်။

တိုက်ကြီး၏ရှေ့နားတွင်. . ဗဟန်းဂိတ်မှ ကားနှစ်စီးရပ်
ထားသည်ကို တွေ့ရလေသည်။ တိုက်ကြီး၏ဆင်ဝင်အောက်ရှိ
အဝင်အထွက်တံခါးနားတွင် ဗဟန်းဂိတ်မှပုလိပ်သားနှစ်ယောက်
စောင့်ကျက်ရှိနေပေ၏။

စုံထောက်ကြီးဦးဇင်ယော်နှင့် အိုင်ပီမောင်မောင်ကြီးတို့
ကိုတွေ့သည်နှင့်. . ထိုပုလိပ်နှစ်ယောက်သည် အရိုအသေပေးလိုက်
ကြကာ. .

"စုံထောက်မင်းကြီးလည်း မကြာခင်ရောက်လာတော့မှာ
ခင်ဗျာ။ အထဲကို. . ကြွကြပါ. ."

တိုက်အိမ်ကြီးထဲသို့ဝင်လိုက်သည်နှင့် အလွန်ကြီးကျယ်
ခမ်းနားသောဧည့်ခန်းကို စတင်တွေ့မြင်လိုက်ရလေသည်။ ပန်းက
များဖြင့်. . အနုစိပ်ဖန်တီးပြုလုပ်ထားသောပရိဘောဂပစ္စည်း
များ ခန်းလုံးပြည့်မျှရှိနေသည်ကိုတွေ့ကြရ၏။ ရှေးခေတ်
တွင်းအသုံးအဆောင်ပစ္စည်းများကဲ့သို့ပင် လှပခန့်ညားကာ
ကြက်သရေရှိလှပေ၏။

ထိုမှဆက်၍. . အခင်းဖြစ်ပွားရာတိုက်အိမ်ကြီး၏ အပေါ်
ထပ်သို့ တက်ခဲ့ကြလေသည်။ တောက်ပြောင်ဝင်းလက်နေသော
လှေခါးကြီးအတိုင်း. . တစ်ထစ်ချင်းနင်း၍ တက်ခဲ့ကြရာမှ
ဆုံးနေသောဒေါ်တင်မေကြီး၏အလောင်းကို ပက်လက်အနေ

www.burmeseclassic.com



အထားအတိုင်း တွေ့လိုက်ရလေသည်။

ထိုအလောင်းအနီးတွင်. . ဘယ်အချိန်ကတည်းကရော
နေကြမှန်းမသိရသော စီအိုင်ဒီမှ. . အိုင်ပီစိန်မောင်၊ အိုင်ပီဇေ
မင်းနှင့်ဗဟန်းဂါတ်တဲမှပုလိပ်သုံးယောက်တို့ကိုလည်း တွေ့လို
ရလေသည်။

စုံထောက်ကြီးဦးဇင်ယော်သည် အိပ်ခန်းအဝင်ဝနား
တရှုံ့ရှုံ့ငိုယိုလျှက်ရှိနေကြသော အမျိုးသမီးကြီးတစ်ဦးနှင့် မိန်း
လေးတစ်ဦးတို့အနီးသို့ချဉ်းကပ်သွားလိုက်ကာ. .

"ကျွန်တော်က. . အင်းစိန်စီအိုင်ဒီကစုံထောက်ကြီး
ဇင်ယော်ပါ။ အခုသေဆုံးသွားရှာတဲ့ဒေါ်တင်မေကြီးဟာ အဒေ
ဘယ်လိုများမတ်သက်နေသလဲဆိုတာကို သိပါရစေ. ."

"အဒေါ့်တူမလေးပါပဲကွယ်။ သူ့ခမျာ ငယ်ငယ်လေး
တည်းက မိဘတွေဆုံးသွားကြလို့ အဒေါ့်ကိုပဲအားကိုးပြီးနေခဲ့
တာပါ။ အဒေါ်ကတော့. . သူ့ရဲ့အမေရင်းလိုဖြစ်နေတဲ့ ဒေါ်
မြပါပဲကွယ်။ သူငယ်ငယ်လေးကတည်းက. . ဆိုးတိုင်ပင်၊ ကေ
တိုင်ပင်နဲ့နှစ်ယောက်အတူတူနေလာကြပြီးမှ အခုလို. . အဒေ
မရှိတုန်းမှာ လူဆိုးကဝင်သတ်လို့ သူ့ခမျာသေရှာရပြီပေ
ဟီး. . ဟီး. ."

"ငိုမနေပါနဲ့အဒေါ်ရယ်. . ။ အဒေါ့်တူမကိုသတ်သွ
လူသတ်သမားကို အမြန်ဆုံးဖမ်းပေးနိုင်ဖို့ ကျွန်တော်တို့ကကြ



ကြတာပါ. . ။ ကျွန်တော်တို့မေးတဲ့မေးခွန်းလေးတွေကိုသာ
တိတိကျကျ ဖြေပေးပါဗျာ. ."

"မေးပါမောင်ရယ်. . ။ အဒေါ်သိသမျှ အားလုံးဖြေပေးပါ့
ယ်ကွယ်. ."

"ဒေါ်တင်မေကြီးအသတ်ခံရချိန်မှာ အဒေါ်တို့ကရှိမနေ
းဆိုတော့ ဘယ်ကိုရောက်နေကြလို့လဲခင်ဗျာ. ."

"ဟိုဘက်တစ်ခြံကျော်က သူဌေးကြီးဦးဘိုးမြတို့တိုက်အိမ်
ကြီးမှာ မနက်ကျရင်ဘုန်းကြီးဆွမ်းကပ်မှာမို့ အဒေါ်နဲ့ဟောဒီက
သင်းတို့နှစ်ယောက်စလုံးသွားပိုင်းကူနေကြတာပါ. . ။ ခြံစောင့်
ဦးဖြူသီးလည်းရှိနေတာမို့ စိတ်ချပြီးသွားလိုက်မိကြတာ အဒေါ်
ပြန်လာတော့ ဦးဖြူသီးကမေ့ဆေးမိပြီးသတိလစ်နေသလို တူမ
ခမျာလည်းသေနေရှာပါပေါ့ကွယ်. ."

"ဟုတ်ကဲ့. ။ အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်. . ။
နော်တို့အနေနဲ့နောက်ထပ်သိချင်တာက ဒေါ်တင်မေကြီးမှာ
ကိုသတ်ချင်လောက်အောင်ရန်ငြိုးကြီးကြီးမားမားရှိနေတဲ့လူများ
သလားခင်ဗျာ။ အဒေါ့်အနေနဲ့. . သူနဲ့တစ်သက်လုံးအတူတူ
လာခဲ့ကြတာဆိုတော့ သေသေချာချာစဉ်းစားကြည့်ပါဦး. ."

ဒေါ်ကြီးမြဆိုသောမိန်းမကြီးသည် အချိန်အတန်ကြာမျှ
းနေပြီးမှ. .

"အဒေါ့်တူမလေးဟာ. . အင်မတန်စိတ်ကောင်း နှလုံး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရှိတဲ့မိန်းကလေးပါကွယ်။ အလှူအတန်း၊ အပေးအကမ်း လည်း သိပ်ရက်ရောတာမို့ သူ့ကိုသတ်ချင်လောက်အောင်မုန်းတဲ့ လူမျိုးမရှိပါဘူး. . ”

“ဒါဆို. . ပစ္စည်းလိုချင်လို့သတ်တာဖြစ်နိုင်တာပေါ့။ သူ့ ပစ္စည်းတွေများ ပျောက်နေ၊ လျော့နေတာရှိပါသလားခင်ဗျာ. .

ထိုမေးခွန်းကိုဖြေဆိုရန်. . ဒေါ်ကြီးမြသည် အတန်ကြာမျှ တွေဝေငေးမော၍ စဉ်းစားနေလေသည်. . ။ ထို့နောက်တွင်မှ. .

“အဒေါ်လည်း အဲဒါကိုပဲစဉ်းစားလို့မရအောင်ဖြစ်နေတာ ပါပဲငါ့တူတို့ရယ်. . ။ ရှိသမျှရွှေငွေရတနာတွေကို. . အကုန်လုံးထုတ် စစ်ကြည့်ပြီးပါပြီ. . ။ အပ်တိုတစ်ချောင်းတောင် မပျောက်ပါဘူး။ ဒီလူဆိုးဟာ အဒေါ့်တူမကြီးဆီကရွှေငွေရတနာတွေကိုလိုချင်လို့ သတ်သွားတာတော့မဟုတ်ဘူးကွယ့်. . ”

စုံထောက်ကြီးဦးဇင်ယော်သည် သက်ပြင်းတစ်ချက်ကိုချ လိုက်ကာ. .

“အင်း. . ။ အမှုကတော့ အတော်စဉ်းစားရကျပ်တဲ့အမှု မျိုးပဲ။ ဒါပေမယ့်. . မကောင်းမှုဆိုတာဆိပ်ကွယ်ရာမရှိပါဘူးအဒေါ် ရယ်။ လူသတ်သမားကိုလည်း မကြာခင်မှာမိအောင်ဖမ်းပေးနိုင်မှာ ပါခင်ဗျာ. . ”

စုံထောက်ကြီးဦးဇင်ယော်သည် ဒေါ်ကြီးမြတို့အိမ်မှထွက် ခွာလာပြီးလျှင် စီအိုင်ဒီမှအလောင်းအားစစ်ဆေးနေကြသူများအနီး သို့ လျှောက်လှမ်းသွားလေတော့သည်။



စီအိုင်ဒီမှစုံထောက်များသည် သေဆုံးနေသောအလောင်း အားကြည့်၍. . တစ်ယောက်တစ်မျိုးဖြင့် ပြောဆိုငြင်းခုံနေကြ သည်မှာကား အလွန်မှပင်အရုပ်ဆိုးလှပေ၏။

“သေဆုံးသွားတဲ့ဒေါ်တင်မေကြီးဟာ. . အသက်မထွက် ခင်အချိန်မှာ. . အလွန်ထိတ်လန့်စရာကောင်းတဲ့ တစ်စုံတစ်ခုကို တွေ့လိုက်ရတယ်ဗျ. . ”

အိုင်ပီစိန်မောင်က. . အလောင်းဘေးနားတွင် ထိုင် နေလျက်က ဟန်ပန်အပြည့်ဖြင့်ပြောဆိုလိုက်လေ၏။

“ဘာဖြစ်လို့. . အဲဒီလို ကောက်ချက်ချရတာလဲဆိုတာကို ရှင်းပြပေးပါလား အိုင်ပီရယ်။ ဒါမှလည်း. . ကျွန်တော်တို့အနေနဲ့ အိုင်ပီ့ဆီက ပညာရမှာပေါ့ဗျာ. . ”

ဗဟန်းဂါတ်မှပုလိပ်ဆာဂျင်ဘသာက အိုင်ပီစိန်မောင် အား. . အထင်ကြီးလေးစားစွာမေးလိုက်သည်။

“အေးပေါ့လေဗျာ. . ။ ကျုပ်ရဲ့လုပ်သက်ကလည်း နည်းမှ မနည်းတော့တာကိုး။ ဒါတွေဟာ. . အတွေ့အကြုံတွေပေါ့ဗျာ။ ဒီလိုဗျ. . သေဆုံးသူဟာ မျက်လုံးကြီးပြူးထွက်နေတာကို တွေ့ကြ တယ်မဟုတ်လား။ အဲဒါဟာ. . မသေခင်မှာ ထိတ်လန့်စရာတစ်ခု ခုတို့တွေ့လိုက်လို့ဆိုတာ. . တွက်လို့ရတယ်လေ။ မဟုတ်ဘူးလား။ ဟဲ. . ဟဲ. . ဟဲ. . ”

www.burmeseclassic.com

www.burmeseclassic.com



အိုင်ပီစိန်မောင်က. . အိုက်တင်အပြည့်ဖြင့်ပြောဆိုနေသည်ကို. . ဗဟန်းဂါတ်မှဆာဂျင်ဘသာက နှာခေါင်းရှုံလိုက်သည်။ ဗဟန်းဂါတ်မှဆာဂျင်အုန်းဖေကလည်း အလောင်းကိုသေချာစွာကြည့်၍ အမေးပြုလိုက်ပြန်၏။

"သေဆုံးနေတဲ့အလောင်းဟာ မျက်လုံးကြီးပြူးနေတဲ့အပြင် ပါးစပ်ကြီးကလည်း ဟနေလိုက်တာ. . မြင်ရသူတွေအဖို့တောင် ကြောက်စရာကောင်းနေတယ်။ အဲဒါကရော. . ဘာ့ကြောင့်ပါလဲ အိုင်ပီကြီး. ."

အိုင်ပီစိန်မောင်က. . ဂိုးလ်ဖလိတ်စီးကရက်ကို ရွှေရောင်ဘူးထဲမှ တစ်လိပ်ထုတ်ယူလိုက်ကာ ပါးစပ်တွင်ဟန်ပါပါခဲလိုက်ပြီး မီးညှိဖွာရှိုက်လိုက်လေ၏။

"သေဆုံးသူဟာ. . မသေခင်မှာ အော်ဟစ်အကူအညီတောင်းနေရင်းသေသွားလို့. . အခုလို ပါးစပ်ဟနေတာပေါ့"

ထိုအချိန်တွင်. . စုံထောက်ကြီးဦးဇင်ယော်နှင့် အိုင်ပီမောင်မောင်ကြီးတို့သည် အလောင်း၏ဘေးနားတွင်ထိုင်လိုက်ကြပြီး လုပ်စရာကိစ္စများကိုလုပ်ဆောင်ရန် စာအုပ်နှင့်ဖောင်တိန်ကို ထုတ်လိုက်ကြလေ၏။

"ကဲ. . ။ ကိုမောင်မောင်ကြီးက. . ကျုပ် ပြောတာတွေကို အကုန်လိုက်မှတ်နော်. ."

"ကောင်းပြီ. . ဦးဇင်ယော်. ."



စုံထောက်ကြီးဦးဇင်ယော်သည် သေဆုံးသူ၏ဒဏ်ရာများကို အလောင်းအနှံ့လှည့်ပတ်ရှာဖွေရာတွင်. . မည်သည့်ဒဏ်ရာမျှတွေ့မြင်ရခြင်းမရှိသည်ကို. . သူ၏စိတ်ထဲတွင် အလွန့်ထူးဆန်းအံ့ဩနေမိလေသည်။

"ကိုမောင်မောင်ကြီးရေ. . ။ လူသတ်တရားခံကတော့. . ကျုပ်တို့ကို. . အလုပ်ပေးခဲ့ပြီဗျ. ."

"ဘာဖြစ်လို့များလည်း ဦးဇင်ယော်ရယ်. ."

"ခန္ဓာကိုယ်တစ်ခုလုံးမှာ. . ဘာဒဏ်ရာမှမရှိဘဲ သေနေတယ်ဆိုတဲ့အချက်ဟာ. . ကျုပ်တို့အတွက် အလုပ်ရှုပ်အောင်လုပ်သွားတဲ့အချက်ပဲပေါ့ဗျာ. ."

ဗဟန်းဂါတ်မှ ဆာဂျင်ဘသာသည်. . စုံထောက်ကြီးဦးဇင်ယော်တို့ကိုကြည့်ကာ အမေးပြုလိုက်လေ၏။

"စုံထောက်ကြီးတို့အနေနဲ့. . ဒီလူသတ်မှုနဲ့ပတ်သက်ပြီး ဘယ်လိုများ ကောက်ချက်ချကြမလဲ. ."

"အခုလောလောဆယ်မှာတော့. . ကျုပ်တို့လည်း ဘာမှပြောလို့မရသေးပါဘူးဗျာ။ တစ်ခုတော့. . သံလွန်စရတယ်။ အဲဒါကတော့. . သေသူရဲ့ပါးစပ်ထဲမှာ အဖြူရောင်အရည်တွေကိုတွေ့နေရတယ်။ အဲဒါဟာ. . ဘာအရည်လဲဆိုတာတော့ စီအိုင်ဒီရောက်မှ သိရမှာပဲ. ."

ထိုအချိန်တွင်. . ဗဟန်းဂါတ်မှ ပုလိပ်ဆာဂျင်လေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သည် အလောင်းမှ ခြောက်ကိုက်ခန့်အကွာတွင်ရှိနေသော ကျွန်းတိုင်ကြီးတွင်စိုက်ဝင်နေသည့်. . ဒေါင်းမြီးတပ်မြားတစ်ချောင်းကိုလှမ်းတွေ့လိုက်ရသည်နှင့်. . ဝမ်းသာအားရပင် ထ၍အော်ဟစ်လိုက်လေတော့သည်။

"တွေ့ပြီဗျို့. . ။ သိပ်အရေးကြီးတဲ့. . သဲလွန်စတစ်ခုက ဟိုတိုင်မှာ စိုက်နေတယ်ဗျ. ."

စုံထောက်ကြီးဦးဇင်ယော်နှင့် အခန်းထဲရှိလူအားလုံး. . ဒေါင်းမြီးတပ်မြားစိုက်ဝင်နေသောကျွန်းတိုင်ကြီးဆီသို့. . စုပြုံရောက်ရှိကြသွားလေသည်။

"အိုင်ပီမောင်မောင်ကြီးရေ. . ။ အဲဒီမြားကိုမနုတ်ဘဲ ဒီအတိုင်းထားလိုက်. . ။ အားလုံး. . ဘယ်သူမှ မကိုင်ကြပါနဲ့"

စုံထောက်ကြီးဦးဇင်ယော်က ပြောဆိုနေချိန်မှာပင်. . စီအိုင်ဒီမှပုလိပ်အဖွဲ့ဝင်များနှင့်အတူ စုံထောက်မင်းကြီးမစ္စတာစတီးဝပ်လည်းရောက်ရှိလာသဖြင့်. . အိုင်ပီမောင်မောင်ကြီးနှင့် အိုင်ပီစိန်မောင်ပါမကျန်ပုလိပ်အဖွဲ့ဝင်အားလုံးက အရိုအသေပေးလိုက်ကြသည်။

ထို့နောက်. . စီအိုင်ဒီမှစုံထောက်များသည် စုံထောက်ကြီးဦးဇင်ယော်နှင့်အတူ ဒေါ်တင်မေကြီး၏အလောင်းကို သေချာစွာစစ်ဆေးကြပြီးနောက်. . စုံထောက်ကြီးဦးဇင်ယော်က ခွင့်ပြုလိုက်သဖြင့်. . ဒေါင်းမြီးတပ်မြားကို စီအိုင်ဒီအဖွဲ့မှအိုင်ပီအောင်နိုင်



ကနုတ်ယူလိုက်ပြီး စုံထောက်မင်းကြီး မစ္စတာစတီးဝပ်အား ပြသလိုက်လေသည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် မျက်နှာသိပ်မကောင်းလှဘဲ စိတ်ညစ်နေသောအမူအရာဖြင့်. .

"ဒီမြားနဲ့ပါတ်သက်ပြီး. . ကျွန်ုပ် သိထားရသလောက်ကတော့. . ဒီလို ဒေါင်းမြီးတပ်မြားမျိုးကို မစ္စတာလူသူတော်သျှောင်တစောင်းကလွဲပြီး ဘယ်သူမှမကိုင်ကြဘူးဆိုတာကိုသိထားရပါတယ်။ မောင်မင်းတို့ကရော. . ဘာသိသလဲ ပြောကြပါ"

အိုင်ပီစိန်မောင်သည် အမြဲတမ်းဆရာလုပ်တတ်သောသူ့ဗီဇအတိုင်း. .

"ဒီလိုဆိုရင်တော့. . လူသတ်တရားခံဟာ စုံထောက်မင်းကြီးပြောတဲ့ လူသူတော်သျှောင်တစောင်းပဲ ဖြစ်ရမှာပေါ့ဗျာ. ."

"ဒီလိုလည်း ပြောလို့မရသေးဘူးလေ လူကလေးတို့. . ။ မစ္စတာလူသူတော်သျှောင်တစောင်းဟာ ဒီလိုမတရားမှုမျိုးတွေကို အင်မတန်ရွံမုန်းတဲ့လူဖြစ်ပြီး ဥပဒေဘက်ကအမြဲရပ်တည်ပေးခဲ့တာမို့ ကျွန်ုပ်တို့ရဲ့ဗြိတိသျှဘုရင်မကြီးက 'ဆာ'ဘွဲ့နဲ့'နိုက်'ဘွဲ့တွေတောင် ချီးမြှင့်ခံထားရတဲ့ပုဂ္ဂိုလ်ကြီးဖြစ်တယ်။ ဒီလိုပုဂ္ဂိုလ်မျိုးကို. . ဒေါင်းမြီးတပ်မြားတံတစ်ခုကြောင့်တော့ အထင်လွဲလို့မဖြစ်နိုင်သေးဘူး။ ဒီတော့. . ဟောဒီဒေါင်းမြီးတပ်မြားဟာ ဒီနေရာကို ဘာကြောင့် ရောက်နေရသလဲဆိုတာ. . ကျွန်ုပ်တို့အနေနဲ့ သေသေ

www.burmeseclassic.com

www.burmeseclassic.com



ချာချာစုံစမ်းကြရမယ်"

စုံထောက်ကြီးဦးဇင်ယော်သည် မြားတံကိုအသေအချာကြည့်လိုက်ပြီး စုံထောက်မင်းကြီးအားပြောလိုက်သည်။

"ဒီမြားမျိုးက. . တစ်ခြားလူတွေလည်း အသုံးပြုနိုင်တာမို့ ဒီမြားနဲ့ပတ်သက်ပြီး. . ကျွန်တော်စုံစမ်းချင်ပါတယ်။ ကျွန်တော့်ကို စုံစမ်းခွင့်ပြုပါ. . "

"ကောင်းပြီလူကလေး။ ဒီမြားတံမျိုး နောက်တစ်ချောင်း ထပ်ပေါ်မလာအောင်. . အမြန်ဆုံးစုံစမ်းပေးပါ"

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် ဒေါ်တင်မေကြီး၏အလောင်းရှိနေရာသို့ လျှောက်သွားပြီးလျှင်. .

"ဒီအလောင်းမှာရော. . ဘယ်လို ထူးထူးခြားခြားအချက်တွေများ တွေ့ကြသေးလဲဗျ. . "

"ကျွန်တော်တို့လည်း. . အခုမှ စတင်စစ်ဆေးနေတာပါ စုံထောက်မင်းကြီး။ အကြမ်းဖျင်းကြည့်လိုက်ချိန်မှာ ဒဏ်ရာကြီးကြီးကျယ်ကျယ် တစ်ခုမှမတွေ့ရပေမယ့် အသေးစိပ်စစ်ဆေးလိုက်ရင်တော့ ဒဏ်ရာတစ်ခုခုတွေ့ရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော့်ကို. . ဆယ်မိနစ်လောက်တော့အချိန်ပေးပါ. . "

"ကောင်းတယ် လူကလေး။ လူကလေးစိတ်တိုင်းကျသာစစ်ဆေးပါ။ ကျွန်ုပ် စောင့်နေပါ့မယ်လေ. . "

စုံထောက်ကြီးဦးဇင်ယော်သည်. . ဒေါ်တင်မေကြီး၏



အလောင်းအားနောက်ထပ်တစ်ကြိမ်ပြန်၍ အသေးစိပ်စစ်ဆေးနေလေတော့သည်. . ။

မကြာမီပင်. . ဒေါ်တင်မေကြီး၏လည်ပင်း၌ အလွန်မာကျောသည့်သံမဏိကြိုးသေးသေးလေးတစ်ချောင်းဖြင့် ညှစ်ခံထားရသည့်ဒဏ်ရာလေးကို တွေ့လိုက်ရလေတော့သည်။

အလောင်းမှဒဏ်ရာအား တွေ့လိုက်ရပြီးသည်နှင့် ထိုအလောင်းရောက်ရှိနေသောကြမ်းပြင်နေရာနှင့် ထိုင်ခုံ၏အကွာအဝေး၊ ထိုင်ခုံရှေ့ရှိစားပွဲပေါ်တွင်တင်ထားလျှက်ရှိသော ဖတ်လက်စစာအုပ်၊ စားပွဲပေါ်ရှိနို့ရည်အနည်းငယ်သာကျန်ရှိတော့သည့်ဖန်ခွက်နှင့် မှန်များကွဲနေသောပြတင်းပေါက်တံခါးအစရှိသည့်တို့အား စုံထောက်ကြီးဦးဇင်ယော်က ဆက်စပ်တွေးကြည့်လိုက်ပြီးလျှင် နို့ရည်များကျန်နေသေးသည့်ဖန်ခွက်အား ဦးခေါင်းကိုငုံ့၍ အနံ့ကိုရှူရှိုက်ကြည့်လိုက်လေတော့သည်။

စုံထောက်ကြီးဦးဇင်ယော်သည် မှန်ကွဲနေသောပြတင်းပေါက်အနီးသို့တိုးကပ်သွားကာ. . အောက်သို့ငုံ့ကြည့်လိုက်ပြန်လေသည်။ ပြတင်းပေါက်၏အောက်တည့်တည့်နေရာ၌ မော်တော်ကားဂိုဒေါင်၏ခေါင်မိုးရှိနေသည်ကို တွေ့ရပြန်လေသည်။

ထို့နောက်. . စုံထောက်ကြီးဦးဇင်ယော်သည် စုံထောက်မင်းကြီးမစ္စတာစတီးဝပ်၏ရှေ့သို့လျှောက်သွားလိုက်ကာ သူ၏စုံစမ်းတွေ့ရှိချက်များကို အစီရင်ခံလိုက်လေတော့သည်. .

www.burmeseclassic.com

www.burmeseclassic.com



"လူသတ်တရားခံဟာ. . နှစ်ယောက်ဖြစ်ပါတယ် မစ္စတာစတီးဝပ်။ သူတို့နှစ်ယောက်သာ ဒီတိုက်အပေါ်ထပ်ကိုရောက်နိုင်ဖို့အတွက် ကားဂိုဒေါင်ရဲ့အမိုးပေါ်ကိုတက်ပြီးမှ ဂိုဒေါင်အမိုးပေါ်မှာတစ်ယောက်ပခုံးပေါ်ကိုတစ်ယောက်ကတက်ရပ်ပြီး. . ပြတင်းပေါက်မှန်ကိုလက်သီးနဲ့ထိုးခွဲပြီးမှ ပြတင်းတံခါးချက်ကိုဖွင့်ပြီးတက်လာကြတာပါ. . ။ လူသတ်တရားခံနှစ်ယောက်စလုံးဟာ သိုင်းပညာကိုထူးချွန်တတ်မြောက်ကြသူတွေဖြစ်ပါတယ်. ."

"အို. . ။ လူသတ်တရားခံတွေက ဒီလောက်တောင်အတင့်ရဲရဲနဲ့ မှန်တွေကိုတောင်ခွဲပြီးဝင်ရဲကြတယ်ဆိုတော့. . အိမ်ပေါ်မှာ ဘယ်သူမှ ရှိမနေကြဘူးလား. ."

"အိမ်သားတွေအားလုံးဟာ. . တစ်ခြံကျော်ကအလှူမှာသွားဝိုင်းလုပ်နေကြတာမို့ ခြံစောင့်အဘိုးကြီးတစ်ယောက်တည်းရှိနေတဲ့အချိန်မှာ. . လူသတ်သမားတွေဟာ ခြံစောင့်အဘိုးကြီးကိုမေ့ဆေးပေးပြီး သူတို့စိတ်တိုင်းကျ ရာဇဝတ်မှုကိုကျူးလွန်သွားကြတာပါပဲ. ."

"သူတို့နှစ်ယောက်ဟာ. . ဒေါ်တင်မေကြီးရဲ့ လည်ပင်းကိုသံမဏိကြိုးသေးသေးလေးနဲ့ အတင်းချည်နှောင်လိုက်ကြပါတယ်။ ပြီးတော့မှ အဆိပ်ထည့်ထားတဲ့နွားနို့ခွက်ကိုအတင်းအကျပ်သောက်ခိုင်းနေတုန်းမှာ. . ဒေါ်တင်မေကြီးကကြောက်ကြောက်နဲ့ အတင်းရုန်းပြီးထွက်ပြေးလိုက်တော့ လည်ပင်းမှာချည်ထားတဲ့သံမဏိကြိုး



လေးကြောင့် သတိလစ်သလိုဖြစ်သွားတဲ့အချိန်မှာ ဒေါ်တင်မေကြီးရဲ့ပါးစပ်ကို အတင်းဆွဲဟပြီး အဆိပ်ပါတဲ့နွားနို့တွေတိုက်လိုက်လို့ ဒေါ်တင်မေကြီးသေဆုံးသွားရတာပါ. ."

စီအိုင်ဒီမှုစုံထောက်ကျော်များနှင့် ဗဟန်းဂါတ်မှပုလိပ်များသည် အမှုဖြစ်ပွားပုံအသေးစိပ်ကို. . ခရေစေ့တွင်းကျ အစီရင်ခံနေသော စုံထောက်ကြီးဦးဇင်ယော်အား ငေးမောကြည့်နေကြရင်း တအံ့တသြဖြစ်နေကြလေသည်။

"အင်း. . ။ လူသတ်သမားတွေဟာ အင်မတန်ရက်စက်ကြတာပဲ။ သူတို့ဟာ. . ဒီလူသတ်မှုကြီးမှာ မစ္စတာလူသူတော်သျှောင်တစောင်းနဲ့ပါဆက်နွယ်နေအောင်. . ပိပိရိရိ အကွက်ဆင်သွားကြသေးတယ်ဆိုတော့ ထက်မြက်တဲ့လူသတ်သမားတွေပါပဲ။ ဒီလောက်ရက်စက်ပြီးကောက်ကျစ်တဲ့ ဓါးပြလူသတ်ကောင်တွေကို. . အမြန်ဆုံးမိအောင်ဖမ်းကြစမ်းပါ. ."

"သူတို့ဟာ. . လူသတ်ကောင်တွေဖြစ်ကြပေမယ့် ဓါးပြတွေတော့မဟုတ်ပေဘူးခင်ဗျ. . ။ ဒေါ်တင်မေကြီးကိုသတ်ပြီးတဲ့နောက်မှာ ဘာပစ္စည်းကိုမှယူမသွားဘူးလို့သိရပါတယ်. ."

"အင်း. . . ဒီလိုဆိုတော့ အမှုကပိုပြီးရှုပ်ထွေးသွားတာပေါ့လေ။ ဘယ်လိုပဲဖြစ်ဖြစ်. . အဲဒီတရားခံတွေကို အမြန်ဆုံးဖမ်းပေးတာကိုပဲ ကျုပ်လိုချင်ပါတယ်. ."

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် ဒေါ်သခင်ကြီးပင်

www.burmeseclassic.com

www.burmeseclassic.com



အမိန့်များထုတ်ကာ. . ခေါင်ကြီးအောင့်ကြီးနှင့်ကားပေါ်တက်၍ ထိုအိမ်မှ ပြန်လည်ထွက်ခွာသွားလေတော့သည်. . ။

စုံထောက်ကြီးဦးဇင်ယော်နှင့်တကွ စီအိုင်ဒီမှစုံထောက် အဖွဲ့ဝင်များသည်. . ဒေါ်တင်မေကြီး၏အလောင်းကို ဆေးရုံမှလာ ရောက်ယူဆောင်ပြီးသည်အထိစောင့်နေကြရင်း ခြံစောင့်ကြီးဦးဖြ သီးအားဆက်လက်စစ်ဆေးမေးမြန်းကြပြီးမှ ခြောက်ထပ်ကြီးကုန်း အိမ်ကြီးထဲမှ ထွက်ခွာသွားကြလေတော့သည်။

❖ ❖ ❖



အဲဒီ ဒေါင်းမြီးတပ်များကိုကြည့်ပြီး. . .လူအားလုံးက. . လူသတ်တရားခံဟာ. . .လူသူတော်သျှောင်တစောင်းလို့ ထင်နေကြတယ်။

စုံထောက်ကြီး ဦးဇင်ယော်

www.burmeseclassic.com

www.burmeseclassic.com



## ငွေဆွဲမြားသက်သေ

ကျွန်ုပ်ဦးသိန်းမောင်၏အိမ်တွင် စုံထောက်ကြီးဦးဇင်ယော[illegible] ကိုယ်တိုင်ရောက်ရှိနေပြီး ခြောက်ထပ်ကြီးကုန်းလူသတ်မှုအကြောင်[illegible] အား ကျွန်ုပ်ကိုပြန်လည်၍ပြောပြနေလေရာ. . ကျွန်ုပ်မှာ စိတ်ဝ[illegible] စားစွာဖြင့် နားထောင်လျှက်ရှိနေမိလေသည်။

"အဲ. . နောက်ဆုံးတော့ ဦးသိန်းမောင်ရေ. . ။ ဒေါင်[illegible] တပ်မြားက ဒေါ်တင်မေကြီးရဲ့အလောင်းနဲ့ ခပ်လှမ်းလှမ်းတကျွ[illegible] တိုင်ကြီးမှာစိုက်ဝင်နေတာကို. . ပုလိပ်အဖွဲ့နဲ့ စုံထောက်မင်း[illegible] ကိုယ်တိုင်တွေ့သွားကြတယ်။ အဲဒီ ဒေါင်းမြီးတပ်မြားကိုကြည့်[illegible]



ဒီအိုင်ဒီကလူတွေအားလုံးက လူသတ်တရားခံဟာ. . လူသူတော် သျှောင်တစောင်းလို့တောင်ထင်နေကြတယ်။ အဲဒါကို ကျုပ်က. . ဒီလိုမြားမျိုးဟာ တစ်ခြားလူတစ်ယောက်ယောက်ကလည်း အသုံးပြု နိုင်ကြောင်းနဲ့. . ဒီအမှုကိုလည်း ကျုပ်ကိုယ်တိုင် အမြန်ဆုံးအဖြေ ပေါ်အောင်စုံစမ်းပေးပါ့မယ်လို့. . ကတိပေးခဲ့ရတယ်ဗျ. . "

ထိုအချိန်တွင်. . ကျွန်ုပ်နှင့် ဦးဇင်ယော်တို့နှစ်ဦးကြားမှ [illegible]း ကနဲလေကိုခွင်း၍ ကျွန်ုပ်၏ဧည့်ခန်းကျွန်းတိုင်ကြီးသို့ ဒေါင်းမြီး [illegible]ပ်မြားတစ်ချောင်းက စိုက်ဝင်လာပြန်လေ၏။

"ဘယ့်နှယ် ဦးသိန်းမောင်. . ။ ဒီမြားဟာ ဆရာကြီးလူသူ [illegible]တော်သျှောင်တစောင်းရဲ့မြားရော ဟုတ်ပါ့မလား. . "

"အေးဗျာ. . ။ မြားသံကတော့. . နည်းနည်းလွဲနေတယ်။ [illegible]ပေမယ့်. . ကျုပ်တို့နှစ်ယောက်ကိုထိအောင် ပစ်တာလည်းမဟုတ် [illegible]သတော့ ရန်သူလည်းမဖြစ်နိုင်ပြန်ဘူးလေဗျာ. ။ အခုမှပဲ. . [illegible]တော်လေးကို ဦးနှောက်ခြောက်နေရတယ်. . "

စုံထောက်ကြီးဦးဇင်ယော်သည် စိတ်ပူပင်နေသောမျက်နှာ [illegible]းဖြင့် ကျွန်ုပ်အား. .

"ကဲပါဗျာ. . ။ အပြင်ထွက်ပြီး. . သေသေချာချာ ကြည့် [illegible]က်စမ်းပါဦးဗျ"

"အပြင်လည်းထွက်ပြီး. . ကြည့်နေစရာမလိုပါဘူးဗျာ။ [illegible]ဒီမြားက. . ကျုပ်မြားပါပဲ။ ဒါပေမယ့်. . ကျုပ်က လက်ဆလေး

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပိုပေးလိုက်တာမို့ မြားရဲ့ပြေးနှုန်းကနည်းနည်းမြန်ပြီး အသံပိုထွက်သွားတယ်လေ. . ”

ထိုအချိန်တွင်ပင် အောင်မြင်ခန့်ညားသောအသံကြီးနှင့် အတူ. . ကျွန်ုပ်အိမ်၏ဧည့်ခန်းအတွင်းသို့ နံ့သာရောင်ထက်အောက် ဝတ်စုံကိုသားနားစွာဝတ်ဆင်ထားသော. . ဆရာကြီးလူသူတော် သျှောင်တစောင်းက ဝင်ရောက်လာလေတော့သည်။

“ဟုတ်ပါရဲ့. . ဆရာကြီးရယ်။ ဆရာကြီးရဲ့မြားဆိုရင် အသံငြိမ်ပြီး လမ်းကြောင်းဖြောင့်တယ်။ ခုနတုန်းက. . လာစိုက်တဲ့ မြားက အသံမြည်ပြီး၊ စိုက်ဝင်သွားတာကလည်း ငြင်သာမှုမရှိလေ တော့. . ကျွန်တော်တောင်စိတ်ထဲကသံသယဖြစ်ပြီး လန့်သွား တာပေါ့ ဆရာကြီးရဲ့. . ”

“ဟဲ. . ဟဲ. . ။ ခင်ဗျားတောင် မြားနှစ်ချောင်းရဲ့ပစ် ပစ်နည်းတွေကို အတော်လေးခွဲခြားတတ်နေပြီပဲ။ ဟုတ်တယ်. . ဦးသိန်းမောင်ရေ. . ။ ကျုပ်က. . ကျုပ်ပစ်နေကြအရှိန်အတိုင် မဟုတ်ဘဲ. . . ကိုးသချိုင်းရာဇာဆိုတဲ့လူရဲ့ ပစ်ပုံပစ်နည်းအတိုင် တမင်ပစ်ကြည့်လိုက်တာလေ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ခုံတွင်ဝင် ထိုင်လိုက်ပြီးလျှင်. . သူ၏စပါယ်ရှယ်လိပ်ထားသော ရွှေနံ့သ ဆေးပြင်းလိပ်ကိုထုတ်၍ မီးညှိဖွာရှိုက်နေလိုက်လေ၏။

“ဒေါ်တင်မေကြီးကိုသတ်သွားတဲ့ လူသတ်သမားဟာ.



ကျုပ်ကိုတရားခံအဖြစ် လမ်းကြောင်းပြောင်းပေးလိုက်တာကတော့ အလွန်ကို တော်ပါပေတယ်ဗျာ. . ”

“ဟုတ်တယ်. . ဆရာကြီး။ စီအိုင်ဒီစုံထောက်တစ်ဖွဲ့လုံးက တောင်. . ဆရာကြီးကို လူသတ်တရားခံလို့ထင်ချင်နေကြတာ. . ။ ဖမ်းဝရမ်းတောင် ထုတ်ချင်နေကြတာဗျ. . ။ စုံထောက်မင်းကြီး ဓစ္စတာစတီးဝပ်က ဆရာကြီးဘက်ကခိုင်ခိုင်မာမာရပ်တည်ပေးနေ လို့သာ ပြဿနာမဖြစ်သေးတာနော်. . ”

စုံထောက်ကြီးဦးဇင်ယော်က. . စီအိုင်ဒီမှသူသိခဲ့သမျှကို အမှန်အတိုင်းပင် ပြောပြလိုက်၏။

“အင်းလေ. . ။ အမှုတစ်ခုဖြစ်လာပြီဆိုရင်. . ဒီလောက် တော့ရှိမှာပေါ့. . ။ ဒီလိုပဲ. . စေ့စေ့စပ်စပ်၊ သေသေချာချာ လေ့လာ စုံစမ်းကြတယ်။ မသင်္ကာတဲ့သူတွေကို. . ဖမ်းဆီးစစ်ဆေးမယ်။ အပြစ်မရှိရင်. . ပြန်လွှတ်မယ်။ အပြစ်ရှိရင်. . တရားစွဲမယ်။ ဒါဟာ. . လုပ်တုံးလုပ်နည်းတွေပါ။ ကျုပ်ကိုလည်း. . သံသယဖြစ် နေတာ သူတို့ကိုအပြစ်လို့မဆိုနိုင်ပါဘူး။ ဖမ်းဝရမ်းထုတ်ပြီးဖမ်းလာ ခဲ့ရင်လည်း. . လောလောဆယ်အခြေအနေမှာတော့ အဖမ်းခံလိုက် ရမှာပေါ့ဗျာ. . ”

ကျွန်ုပ်မှာ ဆရာကြီးလူသူတော်သျှောင်တစောင်းအတွက် အလွန်ပင် စိတ်ပူနေမိလေ၏. . ။ ဆရာကြီးလူသူတော်သျှောင်တစ စောင်းကမူ စိတ်အေးလက်အေးအမူအရာဖြင့်ပင်. .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူသတ်မှုကိုတော့ . . ကျုပ်ကိုယ်တိုင်ဝင်ပြီး ဖြေရှင်းမှုဖြစ်တော့မယ်။ လူသတ်တရားခံတွေဟာ . . ဘယ်သူဘယ်ဝါဆိုတာကို ခုချိန်မှာအတိအကျမပြောနိုင်သေးပေမယ့် . . သူတို့ရဲ့ဆရာဟာ အလွန်တော်တဲ့လူတစ်ယောက်၊ ကျုပ်နဲ့ပညာသင်ဘက်တစ်ယောက်ဆိုတာကိုတော့ ခင်ဗျားတို့လည်းသိထားကြတယ်နော် . . ။ အင်းလေ . . ။ ခုချိန်ကြမှာတော့ . . ခင်ဗျားတို့လည်း အခြေအနေမှန်ကိုသိအောင် ပြောပြလိုက်ပါ့မယ်။ ကျုပ်ရဲ့ပြိုင်ဘက်ဖြစ်လာတဲ့ ပညာသင်ဘက်ဖြစ်ခဲ့ဖူးတဲ့လူကတော့ ကိုးသချိုင်းရာဇာဆိုတဲ့လူထူးလူဆန်းတစ်ယောက်ပဲဗျ . . "

ကျွန်ုပ်သည် ကျွန်ုပ်အနေဖြင့်တစ်ကြိမ်တစ်ခါမျှမကြားဖူးသေးသည့် ကိုးသချိုင်းရာဇာဆိုသည့်အမည်ထူးထူးဆန်းဆန်းကိုကြားလိုက်ရသဖြင့် အလွန်အံ့ဩသွားရလေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ဆေးပြင်းလိပ်ကိုအားပါးတရဖွာရှိုက်လိုက်ပြီး မီးခိုးများကို ဖြည်းဖြည်းခြင်းမှုတ်ထုတ်နေလေ၏။

"အဲဒီကိုးသချိုင်းရာဇာဟာ . . နာမည်ကြီးသချိုင်းကိုးခုမှာ သုဘရာဇာအဖြစ်နဲ့နှစ်အတော်ကြာအောင် လှည့်လည်နေထိုင်ခဲ့ပြီး . . သူ့စိတ်ထဲမှာသဘောကျတဲ့လူငယ်လူရွယ်တွေကို တပည့်အဖြစ်ရွေးချယ်ပြီး သူ့ပညာတွေကိုထိုက်သင့်သလိုသင်ပေးနေတယ်လို့တော့ ကျုပ်ကြားနေရတာပဲ။ သူဟာ . . ပညာရပ်မျိုးစုံမှာ ကျွမ်း



ကျင်နှံ့စပ်တဲ့လူဖြစ်ပေမယ့် သူ့တပည့်တွေကိုတော့ အဲဒီတပည့်ရဲ့စိတ်အခြေအနေကိုကြည့်ပြီး လိုအပ်သလောက်ပဲပညာတွေသင်ပေးတတ်တယ်။ သူဟာ အမှန်တရားကိုယုံကြည်သူဖြစ်ပေမယ့် သူ့စိတ်ဓါတ်တွေက တစ်ဘက်စွန်းရောက်နေတဲ့လူပါပဲ . . "

"ကျုပ်ကိုလည်း . . ကိုးသချိုင်းရာဇာက တစ်ကွက်ကျော်သွားနိုင်ခဲ့တယ်ဗျ။ အဲဒါကတော့ . . ကျုပ်ကို တိဗက်ဆရာကြီးကွမ်ဘာ အရေးတကြီးခေါ်ခိုင်းတယ်ဆိုပြီး စာလာပေးသွားတယ် . . ။ ကျုပ်အပေါ်မှာကျေးဇူးတွေအများရှိခဲ့ဖူးတဲ့ ဆရာကြီးကွမ်ဘာခေါ်တယ်ဆိုတော့ . . ကျုပ်လည်းချက်ခြင်းပဲ မုံရွာနားကဖိုးဝင်းတောင်ခြေနားမှာရှိတဲ့ . . ဆရာကြီးကွမ်ဘာချိန်းလိုက်တဲ့ ကျောက်ဂူကြီးကိုထွက်သွားရတာပေါ့။ အဲဒီလို . . ကျုပ်အရေးတကြီး ခရီးထွက်သွားနေတဲ့အချိန်မှာပဲ . . သူ့တပည့်တွေက ဒေါ်တင်မေကြီးကို သတ်လိုက်ကြတယ်လေ။ ဒီကောင်တွေ . . လက်ဦးသွားတာကတော့ စိတ်မကောင်းစရာပဲဗျို့ . . "

လူသတ်တရားခံများသည် ဆရာကြီးလူသူတော်သျှောင်တစောင်းကဲ့သို့ ဉာဏ်ပညာထက်မြက်သောပုဂ္ဂိုလ်ကြီးမျိုးကိုပင်လျှင် . . လှည့်ပတ်နိုင်စွမ်းရှိကြသောလူများဖြစ်ကြောင်း သိရှိလိုက်ရသဖြင့် ကျွန်ုပ်သည်ထိုလူသတ်မှုအတွက် စိတ်ထဲတွင်ကျိတ်၍ပူပန်နေမိလေတော့သည် . . ။

"ကျုပ်ကို အကြောင်းကြားလိုက်တဲ့စာကလည်း . . ကျုပ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



တိဗက်ဆရာကြီးကွမ်ရဲ့. . လက်ရေးနဲ့လက်မှတ်အစစ်ဗျ။ ဆရာကြီး
ကွမ်ဟာ ရှေးဟောင်းဂမ္ဘီရပညာရပ်အမျိုးမျိုးကိုလေ့လာလိုက်စား
နေတဲ့ပညာရှင်တစ်ယောက်မို့. . တစ်နှစ်မှာတစ်ခါလောက် တပည့်
တွေကို ပညာအဆင့်တက်ပေးတတ်တယ်။ သူက. . ပညာအဆင့်
တက်ပေးတော့မယ်ဆိုရင်. . ဒီလိုပဲ တပည့်တွေကို ဆင့်ခေါ် လိုက်ပြီး
သူတတ်လာတဲ့ပညာအသစ်အဆန်းတွေကို သင်ပေးတတ်တယ်။
ပညာအဆင့်တက်တာကလည်း. . တစ်ရက်နှစ်ရက်တည်းနဲ့ပြီးစီး
နိုင်တာမို့. . အလျင်ရောက်လာတဲ့သူက အလျင်တက်ပြီး ပြန်ကြ
တာကိုး။ ကျုပ်ထက်အလျင်စောပြီး ပညာအဆင့်တက်သွားကြတဲ့
သူတွေထဲမှာ. . ကိုးသချိုင်းရာဇာလည်းပါတယ်လေ။ သူနဲ့ ကျု
က. . ကပ်လွဲသွားကြတယ်။ အဲဒါကို အခွင့်ကောင်းယူပြီး. . အ
အခွင့်သင့်တာနဲ့ သူ့တပည့်တွေက. . ဒေါ်တင်မေကြီးကိုသတ်လိုက်
ကြပြီး. . ကျုပ်ကိုင်ဆောင်နေကျဒေါင်းမြီးတပ်မြားကိုပါသက်သေခံ
ပစ္စည်းအဖြစ် ထားသွားလိုက်တာပေါ့ဗျာ. . ”

ကျွန်ုပ်တို့အနေဖြင့်. . အလွန်တရာမှပင် စိတ်ဝင်စားဖွယ်
ကောင်းလှသော လူသတ်မှုကြီးတစ်မှုကို. . ရင်ဆိုင်နေကြရခြင်း
ဖြစ်ကြောင်းကို ဆရာကြီးလူသူတော်သျှောင်တစောင်း၏စကားအ
သဘောပေါက်မိပေတော့သည်။

“ဦးဇင်ယော်. . ။ ခင်ဗျားက ဒီအမှုကိုကိုင်တွယ်နေရ
လူဆိုတော့. . . အမှုနဲ့ပတ်သက်ပြီး ခင်ဗျားစုံစမ်းထားသလော



ပြောပြပါဦးဗျာ. . ”

စုံထောက်ကြီးဦးဇင်ယော်သည်လည်း စောစောကကျွန်ုပ်
အားပြောပြခဲ့သည့် အတိုင်း. . အမှုဖြစ်ပွားပုံ အသေးစိပ်နှင့်
ထိုလူသတ်မှုနှင့်ပတ်သက်သည့်သူ၏အယူအဆများကို တစ်ခေါက်
ပြန်၍ ပြောပြလိုက်လေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်ဦးဇင်ယော်
ပြောပြသမျှကို မျက်စေ့စုံမှိတ်၍၊ ခေါင်းတဆတ်ဆတ်ညိတ်ရင်းနား
ထောင်နေရာမှ ဦးဇင်ယော်၏စကားဆုံးသောအခါ မှေးမှိတ်ထား
သောသူ၏မျက်လုံးအစုံကိုပြန်ဖွင့်လိုက်ပြီးလျှင်. .

“အင်း. . ဦးဇင်ယော်စစ်ဆေးစုံစမ်းခဲ့တာတွေဟာ အားလုံး
ပြည့်စုံကောင်းမွန်လှပါတယ်. . ။ သို့သော်လည်း တရားခံတွေက
ပိပိရိရိလုပ်ကိုင်သွားကြတာမို့ တရားခံတွေနဲ့ပတ်သက်တဲ့သဲလွန်စ
တစ်ခုကလေးမှ မရနိုင်ခဲ့တာတော့. . ဆိုးလှသဗျို့။ ကျုပ်အထင်
ကိုပြောရရင်တော့. . ဦးဇင်ယော်တို့အနေနဲ့ အသေအချာမစုံစမ်း၊
မစစ်ဆေးခဲ့ရသေးတဲ့ ခြံကျယ်ကြီးထဲမှာ. . သဲလွန်စတစ်ခုခုတော့
ရှိနိုင်ကောင်းပါရဲ့. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် စကားအဆုံး
တွင်ထိုင်နေရာမှ ရုတ်တရက်ထရပ်လိုက်ပြီး. .

“ကဲ. . ဦးသိန်းမောင်နဲ့ဦးဇင်ယော်ရေ။ ကျုပ်တို့. .
လူသတ်မှုဖြစ်ခဲ့တဲ့ခြံကြီးထဲကို. . တစ်ခေါက်လောက်ပြန်ပြီး သွား

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြရအောင်. ."

"ဟုတ်ကဲ့. . ဆရာကြီးသွားချင်တယ်ဆိုရင်လည်း သွားကြတာပေါ့. ."

ကျွန်ုပ်တို့သုံးဦးသား. . ဆရာကြီး၏ အနက်ရောင်စတူဒီဘေကာကားကြီးဖြင့် ခြောက်ထပ်ကြီးဘုရားဘက်သို့ထွက်လာခဲ့ကြလေသည်။ ဆရာကြီးမှာ အေးအေးဆေးဆေးလူသူတော်စိတ်ဓါတ်မျိုးဖြင့်သွားလာနေထိုင်သည့်အခါ အဖြူရောင်စတူဒီဘေကာကားကြီးကိုစီးနင်းတတ်ပြီး လှုပ်ရှားရုန်းကန်တိုက်ခိုက်ရသည့်သျှောင်တစောင်းစိတ်ဓါတ်မျိုးဖြင့်သွားလာရပြီဆိုလျှင်. . အနက်ရောင်စတူဒီဘေကာကားကြီးကို စီးနင်းသုံးစွဲတတ်သည့်အလေ့အထရှိသည်ကိုသိရှိထားသောကျွန်ုပ်အနေဖြင့်. . မကြာမီပင် ဆရာကြီးကိုယ်တိုင်ကြမ်းကြမ်းတမ်းတမ်းဆင်နွှဲတိုက်ခိုက်သော တိုက်ပွဲမျိုးနှင့်ကြုံရပေတော့မည်ဟု သဘောပေါက်နေမိလေတော့သည်။

လမ်းခရီးတစ်လျှောက်တွင်. . ဆရာကြီးသည် မည်သည့်စကားကိုမျှ ထူးထူးခြားခြား ပြောဆိုခြင်းမရှိတော့ဘဲ. . ငြိမ်သက်စွာပင် စဉ်းစားရင်းလိုက်ပါလာခဲ့လေရာ. . ကျွန်ုပ်တို့နှစ်ဦးသည်လည်း. . မည်သည့်စကားကိုမျှမပြောဖြစ်ကြတော့ဘဲ ငြိမ်သက်စွာပင် လိုက်ပါလာခဲ့ကြလေသည်။

မကြာမီပင် ကျွန်ုပ်တို့သည်ခြောက်ထပ်ကြီးဘုရားကြီးကို. . အဝေးမှလှမ်း၍ ဖူးတွေ့လိုက်ရလေ၏။ အဝေးမှကြည့်မည်



ဆိုလျှင်. . ကျောင်းတော်မှုဘုရားဆင်းတုတော်ကြီးမှာ တောအုပ်ကိုလွန်၍ ဦးခေါင်းတော်ထွက်ပေါ်နေသဖြင့် အဝေးမှလှမ်း၍ပင်ဖူးတွေ့နိုင်ခြင်းဖြစ်ပေသည်။

စတူဒီဘေကာကားနက်ကြီးသည် တောလမ်းလေးအတိုင်းကွေ့ဝိုက်၍မောင်းနှင်သွားနေရာမှ. . ခြံကျယ်ကြီးအတွင်းရှိကြီးမားသည့်တိုက်အနီကြီးအနီးသို့ ရောက်ရှိလာကြလေတော့သည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် စတူဒီဘေကာကားနက်ကြီးကို. . တိုက်အိမ်ကြီးရှေ့တွင် ထိုးရပ်လိုက်သဖြင့်ကျွန်ုပ်တို့သုံးဦးသား ကားပေါ်မှဆင်းခဲ့ကြလေတော့သည်။

တိတ်ဆိပ်ငြိမ်သက်လျှက်ရှိသောအိမ်ကြီးမှာ ချောက်ခြားရာကောင်းလှပေ၏။ ခြံထောင့်ရှိသစ်ပင်အောက်တွင် ခြံစောင့်အဖိုးကြီးတစ်ယောက် ငေးငိုင်၍ထိုင်နေလေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ထိုအဖိုးကြီးအားမျက်လုံးတစ်ချက်ဝေ့၍ ကြည့်လိုက်ပြီးလျှင်. .

"ဟိုမှာထိုင်နေတဲ့အဖိုးကြီးဟာ ဒီခြံကိုစောင့်နေတဲ့. . ခြံစောင့်ကြီး မဟုတ်လား. ."

"ဟုတ်ပါတယ်. . ဆရာကြီး။ အဖိုးကြီးကိုကြည့်ရတာ. . အတော့်ကို စိတ်ထိခိုက်နေပုံပဲနော်. ."

"ကျုပ်တို့သိချင်တာနည်းနည်းလောက်တော့. . အဖိုးကြီး

www.burmeseclassic.com



ကို မေးကြည့်ရမှာပဲဗျ. . ”

ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့နှစ်ဦးသည် ခြံစောင့်အဖိုးကြီးအားလှမ်းခေါ် လိုက်ကြသဖြင့်. . ခြံစောင့်အဖိုးကြီးသည် ကျွန်ုပ်တို့အနီးသို့ လျှောက်လာလေသည်။

“အဖိုးလည်း သိပ်ပင်ပန်းနေပြီပေါ့နော်။ အဖိုးရဲ့နာမည်လေးသိပါရစေခင်ဗျာ. . ”

“အင်း. . ။ ကျုပ်နာမည်က. . ဖြူသီးပါ. . ”

“ဦးဖြူသီးကို သိချင်တာလေးတွေမေးချင်လို့. . ဦးဖြူသီး သိသလောက် ပြောပြပါလား”

ခြံစောင့်ကြီးမှာ မေးခွန်းမေးလာသူဆရာကြီးလူသူတော် သျှောင်တစောင်းကို သေချာစွာကြည့်လိုက်၏။

“ခင်ဗျားတို့တွေမှာ. . မေးခွန်းတွေလျှောက်မေးကြရတဲ့ အလုပ်ပဲ ရှိကြသလားဗျာ။ ကျုပ်ကိုမေးကြတာ. . ခင်ဗျားတို့နဲ့ပါ ဆို ခြောက်ဦးတောင်ရှိသွားပြီဗျ. . ။ ကျုပ်လည်း. . ပြန်ပြောပြရတာ အာညောင်းလှပြီ”

ဆရာကြီးလူသူတော်သျှောင်တစောင်းက ပြုံးလိုက်ပြီးလျှင် ခြံစောင့်ကြီးကို ချော့မော့လိုက်၏။

“ဟုတ်ပါတယ်ခင်ဗျာ. . ။ ဦးဖြူသီးပြောသလိုပဲ. . အမှု တစ်ခုဖြစ်လာပြီဆိုရင် မေးကြ၊ မြန်းကြရတာ ဓမ္မတာပါပဲ။ အဲဒ ကြောင့်ဆိုရင်တော့. . ကျွန်တော်တို့ကို ခွင့်လွှတ်ပါ။ အမှုမှန်ပေါ်



ပေါက်ဖို့အတွက်. . ဦးဖြူသီးသိသလောက်ပြောပြမှ ကျွန်တော်တို့က လည်း တရားခံကိုစုံစမ်းနိုင်ကြမှာပေါ့။ ဒီအချိန်ကာလမှာတော့ ဦးဖြူသီးအနေနဲ့ စိတ်ကိုရှည်ရှည်ထားစေချင်ပါတယ်”

ဦးဖြူသီးသည် ခေါင်းကိုခါယမ်းလိုက်၏။

“ခင်ဗျားတို့ဟာကဗျာ. . ကျုပ်လို စိတ်ရှည်တဲ့လူတောင်မှ စိတ်မရှည်ချင်တော့ဘူးဗျ. . ”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ဦးဖြူသီး၏ အပြောကြောင့် သဘောကျစွာရယ်မောလိုက်လေ၏။

“ကဲပါခင်ဗျာ. . ။ ဒီတစ်ခါမေးမှာက. . နောက်ဆုံးပါ။ နောက်ထပ်လည်း ခင်ဗျားကိုဘယ်သူမှမမေးတော့ပါဘူး”

“အင်းလေ. . ။ မေးမယ်ဆိုရင်လည်း မြန်မြန်သာမေးကြ ပေတော့ဗျာ. . ”

“ဟုတ်ပြီ. . ။ ဒီလိုဆိုရင်. . ကျုပ်သိချင်တာလေးတွေကို အလျင်မေးလိုက်မယ်. . ။ ဦးဇင်ယော်က. . လိုက်ပြီး မှတ်သားထား လိုက်ပေါ့. . ”

“ဟုတ်ကဲ့. . ဆရာကြီး”

စုံထောက်ကြီးဦးဇင်ယော်က. . အသင့်ပါလာသည့် မှတ်စု စာအုပ်ကိုထုတ်၍ မှတ်ရန်အသင့်ပြင်လိုက်သည်။

“အခင်းဖြစ်တဲ့ညမှာ. . ဦးဖြူသီးရှိနေတယ်နော်”

“ရှိတယ်”

www.burmeseclassic.com

www.burmeseclassic.com



လူသူတော်သျှောင်တစောင်း၏အမေးကို. . ဦးဖြူသီးက တိုတိုတုတ်တုတ်ပင် ဖြေလိုက်လေ၏။

"ဒေါ်တင်မေကြီးမသေခင်အချိန်မှာရော. . ဒီအိမ်ကို လူတွေ အဝင်အထွက်ရှိသလား. ."

"ရှိပါတယ်။ ဒါပေမယ့်. . လူစိမ်းတွေတော့ အဝင်အထွက် မရှိကြပါဘူး. ."

"အခင်းဖြစ်တဲ့ညက. . ရောက်လာကြတဲ့လူတွေကို ဦးဖြူသီး အရင်တုန်းကမြင်ဖူးသလား"

"သူတို့က. . ခေါင်းစွပ်တွေစွပ်လာကြတာဆိုတော့ သူတို့ မျက်နှာတွေကို မြင်ခွင့်တောင်မရလိုက်ပါဘူးဗျာ. . ။ မြင်လိုက်ရ လို့ကတော့ ကျုပ်ဆိုတဲ့ဖြူသီးကလည်း သတ္တိအရာမှာခေတဲ့ကောင် မဟုတ်ပါဘူး။ ဒီကောင်တွေကို. . မြန်မာပြည်အနှံ့လိုက်ရှာပြီး ဖမ်း တောင်ဖမ်းပြလိုက်ချင်သေးတယ်. . ။ ဟင်း. ."

သူပြောသလိုပင်. . အမှန်တကယ် သတ္တိကောင်းပုံရသော ဦးဖြူသီး၏စကားကြောင့် ကျွန်ုပ်တို့သုံးဦးသားမှာပြုံးလိုက်မိကြရ ပေသေးသည်။

"ကဲ. . ဒါဖြင့် အဲဒီညတုန်းက ဦးဖြူသီးတွေ့ကြုံခဲ့ရတဲ့. . အတွေ့အကြုံတွေကို မှတ်မိသလောက်ပြန်ပြောပြပါလား. ."

"ကျုပ်မှတ်မိသလောက်ကို ဖြေရမှာဖြင့်. . ည ၁၁နာရီ လောက် ခြံဝမှာလူတစ်ယောက်လာရပ်နေလို့ ကျုပ်ထွက်တွေ့လိုက် တော့ ခေါင်းစွပ်နဲ့လူတစ်ယောက်ကိုတွေ့ရလို့ အကျိုးအကြောင်း မေးကြည့်လိုက်တယ်. . ။ အဲဒီလူက သူ့ကိုယ်သူဒေါ်တင်မေကြီးရဲ့ ဧည့်သည်ပါလို့ပြောတယ်။ သူ့နာမည်ကိုမေးလိုက်တော့ 'မိုးပေါ်က သိန်းတန်' လို့ပြန်ဖြေတာနဲ့. . ကျုပ်ကိုလာနောက်နေတယ်ထင်ပြီး ကျုပ်နောက်ကြောမှာသိုင်းလွယ်ထားတဲ့ ငှက်ကြီးတောင်ဓါးကိုထုတ် လိုက်ချိန်မှာ. . ဘယ်အချိန်က ကျုပ့်နောက်ကိုရောက်နေမှန်းမသိ ရတဲ့လူတစ်ယောက်က ကျုပ်ကိုနောက်ကြောကနေ အပိုင်ဖမ်းချုပ် လိုက်ပြီး ခြံတံခါးသော့ကိုအတင်းဖွင့်ပေးခိုင်းလို့ ကျုပ်လည်း သော့ဖွင့်ပေးလိုက်ရတယ်. ."

"ကျုပ်ကို နောက်ကြောဘက်ကအပိုင်ချုပ်ကိုင်ထားပြီး ခြံထဲကိုဖြတ်လျှောက်သွားနေကြရင်းက. . ဟောဟို မြက်ခင်းအစပ် းကိုရောက်တော့. . ကျုပ်လည်းမထူးဘူးဆိုပြီး သူတို့ချုပ်ထားတဲ့ ကြားက အတင်းရုန်းထွက်လိုက်တာမှာ ရုန်းရင်းဆန်ခတ်ဖြစ်ကုန်ကြ လို့. . ကျုပ်ကအလွတ်ရုန်းပြီး ထွက်ပြေးဖို့ပြင်နေတုန်းမှာ ကျုပ် ခေါင်းကို မေ့ဆေးဆွတ်ထားတဲ့ပုဝါနဲ့ အအုပ်ခံလိုက်ရလို့. . သတိလစ်သွားတာပါပဲ. . ။ မိုးလင်းလို့. . ကျုပ်သတိရလာတော့ ကျုပ်လက်တွေကိုကြိုးနဲ့တုပ်ထားပြီး သစ်ပင်တစ်ပင်မှာချည် ထားခဲ့တာကိုသိလိုက်ရပါတယ်. . ။ အဖြစ်ကတော့ ဒါပါပဲ. ."

လူသူတော်သျှောင်တစောင်းမှာ တစ်ချက်မျှစဉ်းစားလိုက် သည်နှင့် ကျွန်ုပ်တို့ဘက်သို့လှည့်ကာပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသိန်းမောင်နဲ့ဦးဇင်ယော်တို့ရေ. . ။ သူတို့တွေ ရှုန်းရင်းဆန်ခတ်ဖြစ်ကြပြီး. . ဦးဖြူသီးကို မေ့ဆေးနဲ့မေ့အောင်လုပ်ခဲ့ကြတဲ့ အဲဒီမြက်ခင်းစပ်ကနေရာလေးကို. . ကျုပ်တို့သွားကြည့်လိုက်ကြရအောင်ဗျို့. . "

"ဟုတ်ကဲ့ဆရာကြီး. . ။ ကဲ. . ဦးဖြူသီးက လူသတ်ကောင်တွေနဲ့. . ရှုန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြတဲ့နေရာနေလေးကို လိုက်ပြပေးပါလား. . "

"ရတယ်လေ. . ။ လိုက်ပြပါ့မယ်. . "

ကျွန်ုပ်တို့သုံးဦးသား ဦးဖြူသီးခေါ်ဆောင်ရာနောက်မှ လိုက်လာခဲ့ကြလေ၏။ ဦးဖြူသီးသည် အလွန်ကြီးမားသောသရက်ပင်ကြီးတစ်ပင်အောက်သို့ရောက်သောအခါ. .

"ကျုပ်ကို. . ဟိုးရှေ့ကသစ်ပင်အောက်ကို အတင်းချုပ်နှောင်ပြီး ဆွဲခေါ်သွားကြတာဗျ။ ကျုပ်ကလည်း. . ရှမ်းကြီးသိုင်းကိုကျွမ်းကျွမ်းကျင်ကျင် ဇာတ်ထားလေတော့. . သူတို့နှစ်ယောက်ကို အလစ်အငိုက်မှာ ရှုန်းကန်တိုက်ခိုက်ဖို့ပြင်လိုက်ပေမယ့်. . သူတို့နှစ်ယောက်စလုံးက. . အသတ်အပုတ်မှာ အတော်ကျွမ်းကျင်ကြတော့ ဘယ်လိုမှရုန်းလို့မရပါဘူး။ နောက်ဆုံး. . မေ့ဆေးကြောင့်ကျုပ်သတိမေ့သွားတယ်။ ဘာမှ. . မသိတော့ဘူး"

ကျွန်ုပ်တို့၏ ရှေ့မှသွားနေသော. . ဆရာကြီးလူသူတော်သျှောင်တစောင်းသည် မြက်ခင်းပြင်ပေါ်မှပြောင်ပြောင်လက်လက်



အရာဝတ္ထုလေးတစ်ခုအား ရုတ်တရက်ကောက်ယူလိုက်သည်ကိုတွေ့လိုက်ရပေသည်။

"ကဲ. . ကျုပ်တို့အတွက် သဲလွန်စတစ်ခုတော့တွေ့ပြီ. . ဦးသိန်းမောင်ရေ. . "

ကျွန်ုပ်တို့နှစ်ဦးသည်. . ဆရာကြီးလူသူတော်သျှောင်တစောင်း၏လက်ထဲမှ ထိုပြောင်လက်တောက်ပနေသောအရာဝတ္ထုကလေးကိုယူ၍ကြည့်လိုက်ကြရာ. . လေးထောင့်ငွေပြားလေးကို အပေါက်ဖေါက်၍ကြိုးကလေးတပ်ထားသော ဆွဲကြိုးပြတ်ကလေးကိုတွေ့လိုက်ကြရလေသည်။

"ဦးဖြူသီးကို. . သူတို့က ဒီနေရာမှာမေ့ဆေးပုဝါနဲ့အုပ်ခဲ့ကြတာပေါ့။ ဟုတ်လား. . "

"ဟုတ်တယ်. . ။ ကျုပ်လည်း ရုန်းကန်တိုက်ခိုက်နေရင်း ဒီနေရာမှာ. . သတိမေ့သွားတာပဲ"

ထိုနေရာ၏အနီးတဝိုက်တွင် ထပ်မံ၍ သဲလွန်စရှာဖွေကြပြန်ရာ ဆေးလိပ်တိုလေးတစ်ခုကိုလည်း တွေ့ကြရပြန်လေသည်။ ဆရာကြီးလူသူတော်သျှောင်တစောင်းသည် သူ၏အိတ်ထဲ၌အသင့်ပါလာသောဘူးလေးထဲသို့. . ၎င်းဆေးလိပ်တိုလေးကို ထည့်သိမ်းထားလိုက်လေသည်။

"ဩော်. . စကားမစပ်ဗျာ. . ။ ဦးဖြူသီးက. . ဆေးလိပ်သောက်တတ်သလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြံကြံဖန်ဖန်ဗျာ. .။ ဆေးလိပ်၊ ကွမ်း၊ အရက်ဆို ကျုပ်က လုံးဝရှောင်တယ်။ ကျုပ်က ရှမ်းသိုင်းဆရာကြီးစိုင်းလုံကျောက်ရဲ့ တပည့်ရင်းဗျ. ။မကောင်းတာဆို ဘာမှမလုပ်ဘူး. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းမှာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီးလျှင် ကျေနပ်စွာပြုံးလိုက်လေသည်။

"လူသတ်သမားတွေရဲ့ခြေရာကိုတော့ ကောက်မိနိုင်ပါပြီ။ ဦးသိန်းမောင်နဲ့ ဦးဇင်ယော်တို့ရေ. ."

"တကယ်လား. . ဆရာကြီး"

"စိတ်ချလိုက်ပေတော့. . ဦးဇင်ယော်ရေ။ ခင်ဗျားတို့ရဲ့ စုံထောက်မင်းကြီးကိုပြောလိုက်ပါ။ နောက်သုံးရက်အတွင်းမှာ. . ဒေါ်တင်မေကြီးကိုသတ်သွားတဲ့ လူသတ်တရားခံနှစ်ဦးကို. . ကျုပ်ကိုယ်တိုင်လက်ရဖမ်းပို့ပေးပါ့မယ်လို့ ရဲရဲကြီးသာအာမခံလိုက်စမ်းပါဗျာ. ."

ကျွန်ုပ်ထက်ပို၍ဝမ်းသာရသူမှာ စုံထောက်ကြီးဦးဇင်ယော်ပင်ဖြစ်ပေသည်။

"ကောင်းတယ်ဗျာ. .။ အဲဒီတရားခံတွေကို. . ဆရာကြီးကိုယ်တိုင်မြန်မြန်ဖမ်းပေးလိုက်မှပဲ ဒေါင်းမြို့တပ်မြားပြဿနာက အေးသွားမှာဗျ. ."

"ကဲ. . ဦးဖြူသီးရေ။ ကျုပ်တို့. . အိမ်ပေါ်ကိုတော့ မတက်တော့ပါဘူး။ အခုလို. . အသေးစိပ်ရှင်းပြတဲ့အတွက် ဦးဖြူသီးကို



လည်း. . အလွန်ပဲကျေးဇူးတင်ပါတယ်။ ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦး ခင်ဗျာ. ."

"မြန်မြန်သာ ကြွကြစမ်းပါ. . မောင်မင်းကြီးသားတို့ရယ်။ ကျုပ်က ပြန်ပြီးတော့တောင်. . ကျေးဇူးတင်လိုက်ပါရဲ့. ."

ကျွန်ုပ်တို့သည်. . ခြောက်ထပ်ကြီးခြံထဲမှ စတူဒီဘေကာ ကားနက်ကြီးကိုစီးကာ ပြန်ထွက်ခဲ့ကြလေတော့သည်။ ဆရာကြီးလူသူတော်သျှောင်တစောင်းနှင့်ကျွန်ုပ်တို့၏ ပြန်လာရာလမ်းခရီးတွင်. . ကျွန်ုပ်မှ စိတ်ထဲ၌နားမလည်နိုင်သည်များကို မေးမြန်းလိုက်လေ၏။


"ဆရာကြီးက. . ဘယ်လိုသဲလွန်စကိုရလို့ ဘယ်သူ့ကိုဖမ်းမယ်ဆိုတာ. . နည်းနည်းရှင်းပြပါလား။ ကျွန်တော်တို့တွေ့လိုက်တာကတော့ ငွေဆွဲပြားလေးတစ်ခုနဲ့ဆေးလိပ်တိုတစ်ခုကို ဆရာကြီးကောက်လိုက်တာပါပဲ. ."

"ဆေးလိပ်တိုကိစ္စကတော့ အထောက်အထားခိုင်ခိုင်လုံလုံမရှိသေးပါဘူး။ ငွေဆွဲပြားလေးကတော့ သေချာတဲ့သဲလွန်စပါပဲ။ ဒါက. . အဖွဲ့အစည်းတစ်ခုရဲ့အမှတ်အသားဗျ။ အဲဒီ. . အမှတ်အသားလေးကို. . ခင်ဗျားတို့ သေချာကြည့်လိုက်ကြစမ်းပါ. ."

ကျွန်ုပ်နှင့်ဦးဇင်ယော်တို့သည် ငွေဆွဲပြားလေးအားအသေအချာကြည့်လိုက်ကြသည်။ အောက်တွင်မြင်ရသော ငွေပြားကလေး. . အရွယ်အားဖြင့် နှစ်လက်မပတ်လည်ခန့်သာရှိလေသည်။

www.burmeseclassic.com





ငွေဆွဲပြားလေး၏ပုံတူ

ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့သည် အသေအခ
ပင်ကြည့်လိုက်ကြသော်လည်း. . ငွေပြားပေါ်တွင်ရေးခြစ်ထားသေ
ပုံနှင့်အမှတ်အသားသင်္ကေတများ၏အဓိပ္ပါယ်ကို ဖော်ဆောင်၍မ
နိုင်ဘဲ ရှိနေကြလေသည်။

"ဆရာကြီးခင်ဗျာ. ။ ဒီငွေပြားပေါ်မှာ ရေးထားတဲ့
တွေနဲ့အမှတ်အသားသင်္ကေတတွေဟာ. . ဘာတွေကိုဖေါ်ညွှန်းထ



ဘာလဲ. ."

စုံထောက်ကြီးဦးဇင်ယော်က. . မေးမြန်းလိုက်သည်ကို ဆရာကြီးလူသူတော်သျှောင်တစောင်းက လက်ကာပြလိုက်ပြီး ပြန်ပြောလိုက်သည်မှာ. .

"ဒီငွေပြားလေးပေါ်မှာ. . ရေးခြစ်ထားတဲ့ပုံတွေနဲ့ ကိန်းဂဏန်းတွေ၊ သင်္ကေတတွေကို သေချာကြည့်လိုက်ရင်တော့. . ဘာအဓိပ္ပါယ်ဆိုတာ ခင်ဗျားတို့တွေးလို့ရလောက်ပါရဲ့ဗျာ"

"ဆိုစမ်းပါဦး. . ဆရာကြီးရယ်။ ကျုပ်တို့တတော့ ဘာမှ နားမလည်နိုင်လို့ပါ. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကျွန်ုပ်တို့ ဇင်ယော်အားပြုံး၍ကြည့်လိုက်ပြီးလျှင် ငွေပြားကလေးပေါ်ရှိ အမှတ်အသား၊ သင်္ကေတများကို တစ်ခုခြင်းပင်စိတ်ရှည်လက်ရှည် ရှင်းပြနေလေတော့သည်။

"ဒီလိုဗျ. . ။ ဟောဒီနေရာက. . နေနဲ့လပုံတွေက သူတို့ရဲ့ ကင်းနားမည်ပဲဗျ။ ရှင်းအောင်ပြောရရင်တော့. . နေလကိုဏ်းပေါ့ ဗျာ. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်. . ငွေပြားလေး၏အလယ်မှ အမှတ်အသားသင်္ကေတများအကြောင်း ဆက်၍ရှင်းပြပြန်လေသည်။

"ငွေပြားရဲ့ အလယ်မှာရှိနေတဲ့. . ထောင့်ရှစ်ထောင့်ဟာ

www.burmeseclassic.com

www.burmeseclassic.com



အရပ်ရှစ်မျက်နှာကို ပြဆိုတာပါပဲ။ ထောင့်ရှစ်ထောင့်ရဲ့အလယ် က အင်္ဂလိပ်အက္ခရာရှစ်ဂဏန်းကတော့. . အဖွဲ့ဝင်ရဲ့နံပါတ်ပေ ဗျာ။ နောက်ထပ်တွေ့ရတဲ့. . ကိုးနဝင်းသုံးခုရဲ့အဓိပ္ပါယ်ကတော ဘုရား၊ တရား၊ သံဃာလို့ ညွှန်းဆိုချက်ပဲဗျ. . ”

ကျွန်ုပ်တို့နှစ်ဦးမှာ ဆရာကြီးလူသူတော်သျှောင်တစော ကရှင်းပြလိုက်သဖြင့်. . ငွေပြားပေါ်မှအမှတ်အသားနှင့် ဂိုဏ်း အမည်နာမကို သိလိုက်ကြရပေသည်။

“ဒီလိုဆိုရင်. . အခုဖြစ်သွားတဲ့လူသတ်မှုဟာ ဒီနေလ တဲ့ဂိုဏ်းနဲ့ ပတ်သက်နေတာပေါ့”

“ဒီလိုလည်း မဟုတ်ပြန်ဘူး. . ဦးသိန်းမောင်ရဲ့။ ဒီဂိုဏ် နဲ့ပတ်သက်တယ်လို့တော့ တတ်အပ်ပြောလို့မရနိုင်ဘူး။ ဒီနံပါ ရှစ်ဆိုတဲ့ဂိုဏ်းသားနဲ့တော့. . တစ်နည်းမဟုတ်တစ်နည်း ဆက်နွ နေလိမ့်မယ်ဗျ. . ”

ကျွန်ုပ်နှင့် စုံထောက်ကြီးဦးဇင်ယော်တို့နှစ်ဦးသည်က အဖြေမှန်ကို. . မည်သို့မျှ ဆက်စပ်တွေးဆ၍မရနိုင်ကြသေးသ မှာ အမှန်ပင်ဖြစ်ပေ၏။

ဆရာကြီးလူသူတော်သျှောင်တစောင်းက. .

“ဒီနေလဂိုဏ်းရဲ့ အဓိပ္ပါယ်ရည်ရွယ်ချက်က. . ကျုပ် မြန်မာလူငယ်တွေ. . ဗုဒ္ဓဘာသာတရားအပေါ် သက်ဝင်ယုံကြ နိုင်ရေး၊ အခြားဘာသာဝင်တွေက အမျိုးမျိုးဆွယ်တရားဟော



အခွင့်အရေးတွေဗန်းပြပြီး၊ သူတို့ဘာသာဝင်တွေဖြစ်လာအောင် စည်းရုံးနေကြတာကို. . လူငယ်တွေ စိတ်ဝင်စားခြင်းရှိမလာအောင်၊ ဗြိတိသျှအစိုးရရဲ့လက်အောက်မှာပဲ. . လျှို့ဝှက်စည်းရုံးနေကြတဲ့ ဂိုဏ်းပဲ. . ။ ဒီအဖွဲ့မှာပါဝင်တဲ့လူတွေကလည်း ကောလိပ်ကျောင်း သားတွေချည်းပဲဗျ။ တနင်္လာနေ့နံနက်တိုင်း. . ရွှေတိဂုံဘုရားရဲ့ ရာဟုထောင့်မှာ သူတို့အဖွဲ့ဝင်တွေအမြဲတမ်းစုပေါင်းပြီး ဘုရားရှိခိုး ကြတယ်။ သူတို့ရဲ့လုပ်ဆောင်ချက်တွေကို ပြောဆိုဆွေးနွေးကြ တယ်. . ။အဲဒီလိုဆွေးနွေးကြပြီးမှ. . ရှေ့ဆက်လုပ်ဆောင်ကြ ရမယ့်အစီအစဉ်တွေကို. . ဆရာလုပ်တဲ့သူတွေက ဟောပြောပို့ချ ကြတယ်လေ. . ”

ကျွန်ုပ်၏စိတ်ထဲတွင်. . အရာရာ၌ သိမြင်နှံ့စပ်လွန်းသော ဆရာကြီးလူသူတော်သျှောင်တစောင်းကို ကျိတ်၍ပင်ချီးမွမ်းခန်း ဖွင့်နေမိလေ၏။

“ဒီနေလဂိုဏ်းရဲ့ ခေါင်းဆောင်လုပ်တဲ့သူကတော့. . ကော လိပ်က ဆရာကြီးဦးမြသာဆိုတာပဲ။ ဗုဒ္ဓဘာသာဝင်သူတော်စင်ကြီး တစ်ယောက်ပေါ့ဗျာ. . ။ နယ်ချဲ့တွေရဲ့ လက်အောက်ရောက်နေတဲ့ ကျုပ်တို့မြန်မာနိုင်ငံကြီးမှာ. . မြန်မာလူမျိုးတွေကို ပညာပေးဟော ပြောပြီး မိမိဘာသာကိုတန်ဖိုးထားယုံကြည်လာအောင်. . ပြန်ပြီး စည်းရုံးနိုင်ဖို့ ဒီဂိုဏ်းကိုဖွဲ့စည်းထားတာပေါ့. . ”

ကျွန်ုပ်တို့နှစ်ဦးမှာ ဆရာကြီးလူသူတော်သျှောင်တစောင်း

www.burmeseclassic.com



ကရှင်းပြလိုက်မှပင် သဘောပေါက်သွားကြပေတော့သည်။

"ကဲဗျာ. . ။ ခင်ဗျားတို့ကိုရှင်းပြရတာနဲ့ ဗိုက်တောင်ဆာလာပြီ။ တာမွေအဝိုင်းထိပ်က ဒဂုံကြည်မြလေးကဖီးမှာ လက်ဘက်ရည်နဲ့မုန့်သွားစားကြရအောင်. . "

တာမွေအဝိုင်းကြီးထိပ်ရောက်သည်နှင့် လက်ဘက်ရည်ဆိုင်ရှေ့သို့ စတူရီဘေကာကားနက်ကြီးကိုထိုးရပ်လိုက်လေတော့သည်။

❖ ❖ ❖



အမှန်တရားဆိုတာ. . .ဘယ်တော့မှ
မပြောင်းလဲနိုင်တဲ့အရာပါလေ. . .။
အမှန်တရားအတိုင်းပဲဖြစ်ရမှာပေါ့. . .။

လူသူတော်သျှောင်တစောင်း

www.burmeseclassic.com

www.burmeseclassic.com



## သူတော်စင်ဦးမြသာနှင့်တွေ့ဆုံခြင်း

ကျွန်ုပ်နှင့် စုံထောက်ကြီးဦးဇင်ယော်တို့နှစ်ဦးသည်. . နံနက်စောစောအိပ်ယာမှထ၍ ဆရာကြီးလူသူတော်သျှောင်တစောင်းနှင့်ချိန်းဆိုထားရာနေရာသို့ ထွက်လာခဲ့ကြလေသည်။ ကျွန်ုပ်တို့နှင့်ဆရာကြီးလူသူတော်သျှောင်တစောင်း ချိန်းဆိုထားသောနေရာသည်ကား. . ရွှေတိဂုံဘုရားကြီး၏ ရာဟုထောင့်ဘက်ဆီတွင်ပင်ဖြစ်လေသည်။

ကျွန်ုပ်တို့နှစ်ဦးသည် ဗဟန်းမုခ်အတိုင်းတက်လာခဲ့ကြပြီးနောက်. . ရွှေတိဂုံဘုရားကြီး၏ ရင်ပြင်တော်ပေါ်သို့ရောက်သည်



နှင့် ဆရာကြီးလူသူတော်သျှောင်တစောင်းအား လိုက်လံ၍ရှာဖွေနေမိကြလေ၏။

ရာဟုထောင့်ဆီသို့ရောက်သောအခါ ဝတ်ဖြူစင်ကြယ်ဝတ်အမျိုးသားကြီးတစ်ဦးသည် ငြိမ်သက်စွာထိုင်လျှက် တရားရှုမှတ်နေသည့်အနေအထားကိုတွေ့လိုက်ကြရလေသည်။

ကျွန်ုပ်နှင့်ဦးဇင်ယော်တို့သည် ထိုနေရာအနီးတွင်ထိုင်၍ စိတ်အေးလက်အေးပင် ဘုရားကိုဝတ်ပြုနေလိုက်ကြပြီး ဆရာကြီးလူသူတော်သျှောင်တစောင်းရောက်အလာကိုသာလျှင် စောင့်မျှော်နေမိကြလေသည်။

ထိုအချိန်တွင်ပင်. . ကျွန်ုပ်တို့၏အနောက်ဘက်ရှိဇရပ်ပေါ်မှနေ၍ ကျွန်ုပ်တို့၏အမည်များကိုအော်ခေါ်သံအား ကြားလိုက်ရလေသည်။

"ဦးသိန်းမောင်နဲ့ဦးဇင်ယော်တို့ရေ. . ။ ဒီဇရပ်ပေါ်မှာလာထိုင်ကြလေ. . "

ကျွန်ုပ်တို့မှာ. . လှည့်၍ပင်ကြည့်စရာမလိုဘဲ ဆရာကြီးလူသူတော်သျှောင်တစောင်း၏အသံမှန်းသိရှိလိုက်ကြသဖြင့် ထိုင်နေရာမှထကာ ထိုဇရပ်ပေါ်သို့တက်သွားကြလေတော့သည်။

"ကဲ. . ။ အေးအေးဆေးဆေး ထိုင်နားကြဦးလေဗျာ. . ။ ကျုပ်ရောက်နေတာတောင်. . အတော်ကြာသွားပြီဗျ။ သူတော်စင်ကြီးဦးမြသာက တရားထိုင်နေတာမပြီးသေးလို့. . ခုချိန်ထိမတွေ့ရ

www.burmeseclassic.com



သေးဘူး. . "

ကျွန်ုပ်သည် ဝတ်ဖြူစင်ကြယ်နှင့်တရားရှုမှတ်နေသော အမျိုးသားကြီးအား မေးငေါ့၍ပြလိုက်ပြီးလျှင်. .

"ဟိုဟာ. . ဝတ်ဖြူစင်ကြယ်နဲ့တရားထိုင်နေတဲ့ပုဂ္ဂိုလ်ကြီးဟာ. . ဆရာကြီးပြောတဲ့ နေလဂိုဏ်းခေါင်းဆောင် သူတော်စင်ဦးမြသာဆိုတာလား. . "

"သိပ်ဟုတ်တာပေါ့ဗျာ. . ။ ဘာသာရေးကို. . အလွန်ပဲလေးစားကြည်ညိုလိုက်နာကျင့်ကြံတဲ့လူဗျ။ ကျုပ်တို့. . ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်တွေထဲမှာတော့ အတော့်ကိုဘာသာတရားကိုင်းရှိုင်းတဲ့ပုဂ္ဂိုလ်ကြီးပေါ့ဗျာ. . "

ကျွန်ုပ်တို့သုံးဦးသည် ဘာသာတရားအကြောင်းကိုဆွေးနွေးရင်း စကားစမြည်ပြောဆိုနေမိကြသည်မှာ အချိန်မည်မျှကြာသွားသည်မသိ. . ။ သူတော်စင်ဦးမြသာတစ်ယောက် ဇရပ်ပေါ်သို့ တက်လာတော့မှပင် စကားပြောရပ်သွားကြလေသည်။

"အလို. . ဆရာကြီးလူသူတော်သျှောင်တစောင်းနဲ့ မိတ်ဆွေကြီးတို့ပါလား။ ဘာတွေများ. . အရေးကိစ္စရှိကြလို့လဲ။ ကျွန်ုပ်အနေနဲ့ကူညီနိုင်တဲ့ကိစ္စမျိုးဆိုရင် ပြောကြပါလေ. . "

"ဆရာဦးမြတ်သာကို. . ကျုပ်တို့ရဲ့လာရင်းကိစ္စကို မပြောခင်မှာ အလျှင်ဦးဆုံးမိတ်ဆက်ပေးပါရစေ။ ဟောဒီဘက်ကပုဂ္ဂိုလ်က. . အငြိမ်းစားသူရိယသတင်းထောက်ဦးသိန်းမောင်တဲ့။ ဟိုဘက်



ကတော့. . အင်းစိန်စီအိုင်ဒီက အကြံပေးပုဂ္ဂိုလ်စုံထောက်ကြီးဦးခင်ယော်ပါပဲ. . ။"

"ခင်ဗျားတို့လည်း. . မှတ်ထားကြပေါ့ဗျာ။ နေလဂိုဏ်းရဲ့ပထမဆရာကြီး သူတော်စင်ဦးမြသာဆိုတာ. . ဟောဒီကပုဂ္ဂိုလ်ကြီးပဲပေါ့. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းက အပြန်အလှန်မိတ်ဆက်ပေးနေသဖြင့်. . ကျွန်ုပ်တို့သည်လည်း ဦးခေါင်းကိုညွတ်၍ အရိုအသေပေးလိုက်ကြလေ၏။ သူတော်စင်ဦးမြသာသည် ပြန်လည်၍ဦးညွတ်လိုက်ပြီး. .

"ဟုတ်ကဲ့. . ။ ကျွန်ုပ်ကလည်း အားလုံးကိုဂါရဝတရားရှေ့ထားလို့ မိတ်ဆွေအဖြစ်အသိအမှတ်ပြုပါတယ်. . "

သူတော်စင်ဦးမြသာသည် နှုတ်ဆက်စကားဆိုပြီးသည်နှင့် ဆရာကြီးလူသူတော်သျှောင်တစောင်း၏မျက်နှာအား စူးစိုက်ကြည့်လိုက်ကာ. .

"စီအိုင်ဒီကအကြံပေးပုဂ္ဂိုလ်ကြီးနဲ့ သတင်းထောက်ဟောင်းကြီးတို့ပါလာကြတယ်ဆိုတော့ ရာဇဝတ်မှုတစ်ခုခုနဲ့ပတ်သက်နေပြီဆိုတာ ကျိန်းသေနေပါတယ်လေ။ ကဲ. . မေးစရာရှိတာကို မေးကြ. . ကျွန်ုပ်ကို ဘာမှအားနာမနေကြပါနဲ့လေ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် သူ၏အိတ်ကပ်ထဲမှငွေပြားလေးကိုထုတ်ယူ၍ သူတော်စင်ဦးမြသာအားပြသ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"ဟောဒီငွေဆွဲပြားလေးကို. . ခြောက်ထပ်ကြီးကုန်းက သူဌေးကတော်ဒေါ်တင်မေကြီးအသတ်ခံရတဲ့နေရာမှာ. . သက်သေခံပစ္စည်းအဖြစ်ရခဲ့တာပါ သူတော်စင်ဦးမြသာ"

သူတော်စင်ဦးမြသာသည် ဆရာကြီးလူသူတော်သျှောင်တစောင်း၏လက်ထဲမှငွေပြားကလေးအား. . ခေတ္တတောင်းယူ၍ အသေအချာကြည့်ရှုလိုက်ပြီးမှ. .

"အလို. . ။ ကျုပ်တပည့်လေးမောင်ချစ်ဖေရဲ့ငွေဆွဲပြားလေးပါလား. ."

သူတော်စင်ဦးမြသာ၏စကားကို ကြားလိုက်ရသောအခါ ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့နှစ်ဦးသည် သဲလွန်စတိတိကျကျစော့ရပြီဟုတွေးမိကာ. . စိတ်ထဲ၌ အလွန်ကျေနပ်သွားမိကြလေသည်။

"အဲဒီမောင်ချစ်ဖေဟာ ဘယ်မှာနေသလဲဆိုတာကို. . သိခွင့်ရရင်သိချင်ပါတယ်သူတော်စင်ကြီး. ."

ဆရာကြီးလူသူတော်သျှောင်တစောင်း၏မေးခွန်းကို ကြားလိုက်သည်တွင် သူတော်စင်ဦးမြသာ၏မျက်နှာမှာ တွေဝေသွားလေတော့သည်။

"မောင်ချစ်ဖေနေတာကတော့. . တောင်ငူမြို့နားကပေကုန်းဆိုတဲ့ရွာလေးမှာနေခဲ့တာပါလေ. . ။ မောင်ချစ်ဖေဟာ လွန်ခဲ့



တဲ့သုံးနှစ်ကျော်ကျော်လောက်က ဆုံးသွားရှာပါပြီလေ. ."

"ဟင်. ."

"အို. ."

ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့၏နှုတ်မှ အာမေဍိတ်သံများပင် ပြိုင်တူထွက်ပေါ် သွားကြလေတော့သည်။

စုံထောက်ကြီးဦးဇင်ယော်သည် အံ့ဩတကြီးဟန်ဖြင့်. .

"ဒါဆိုရင်. . မောင်ချစ်ဖေဆိုတာ လောကကြီးမှာမရှိတော့ တာ သုံးနှစ်ကျော်ပြီပေါ့. ."

"ဟုတ်ပါတယ် စုံထောက်ကြီးဦးဇင်ယော်. . ။ မောင်ချစ် လေးဟာ. . ကောလိပ်ကျောင်းမှာပညာအလွန်တော်တဲ့လူငယ် းတစ်ယောက်ပါပဲ. . ။ ကျွန်ုပ်တို့အဖွဲ့က. . အနောက်တိုင်းယဉ် းမှုဆိုတာ ဘာလဲ၊ ဘာသာတရားဆိုတာဘာလဲ ဆိုတာတွေကို ရောက်လေ့လာဖို့တာဝန်ပေးထားခဲ့တဲ့လူငယ်လေးပါ။ ကျွန်ုပ် ပေးတဲ့တာဝန်တွေကိုလည်း. . ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ပါ ယ်။ တလွဲအယူရှိနေကြတဲ့ မြန်မာကောလိပ်ကျောင်းသူကျောင်း တွေကိုလည်း. . ဗုဒ္ဓဘာသာတရားတော်ကို ယုံကြည်သက်ဝင် အောင်စွမ်းဆောင်နိုင်ခဲ့တဲ့လူတော်လေးတစ်ယောက်ပါ. ."

မောင်ချစ်ဖေအကြောင်းကို ပြန်လည်၍ပြောပြနေရင်း စိတ်မကောင်းဖြစ်နေသည့်အသွင်က သူတော်စင်ဦးမြသာ ၏ နှာတွင် ထင်ဟပ်ပေါ်လွင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမောင်ချစ်ဖေလေးဟာ. . တစ်နေ့မှာ ရောဂါဆန်
တစ်ခုစွဲကပ်ခြင်းခံလိုက်ရတယ်။ အဲဒီရောဂါကတော့. . ကုရာနတ္တ
ဆေးမရှိတဲ့ နူနာရောဂါတစ်မျိုးပါပဲ. . ။ အဲဒီရောဂါကြောင့်. . 
တောထဲမတိုးနိုင်တော့တဲ့မောင်ချစ်ဖေလေးဟာ သူ့ရွာမှာပြန်ဖြ
ရင်း သေဆုံးသွားခဲ့တယ်လို့သိရတာပါပဲ. . "

ကျွန်ုပ်နှင့်တကွကြားရသူအားလုံးတို့မှာ မောင်ချစ်ဖေ
လေး၏အဖြစ်ကို သနားနေမိကြလေသည်။ ကျွန်ုပ်က. . စကာ
ဆက်လိုက်ပြန်သည်။

"မောင်ချစ်ဖေလေးက လူ့လောကကြီးထဲမှာမရှိတော့ဘ
ဆိုပေမယ့်. . ဟောဒီသူဆွဲခဲ့ဖူးတဲ့ငွေပြားလေးဟာ. . ဘာကြော
သက်သေခံပစ္စည်းဖြစ်နေရတာလဲဆိုတာကိုတော့ ဆက်ပြီးစုံစမ်းကြ
ရမှာပေါ့နော်. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည်. . မော
ချစ်ဖေ၏ငွေဆွဲပြားလေးအား သေသေချာချာပင်လက်ဖြင့်ဆုပ်ကို
ထားလိုက်ပြီးလျှင်. . 

"ကျုပ်ကတော့. . ခရီးတစ်ခုကိုထွက်ရပေဦးမယ်လို့ ထ
တယ်ဗျို့. . "

ဟု ပြောကြားလိုက်လေတော့သည်. . ။

ထို့နောက်. . ကျွန်ုပ်တို့သည် သူတော်စင်ဦးမြသာအ
နှုတ်ဆက်ပြီး ရွှေတိဂုံဘုရားကြီးအားလက်ယာရစ်တစ်ပတ်ပတ်



ဖော်ကြကာ ဘုရားပေါ်မှပြန်ဆင်းလာခဲ့ကြလေသည်။

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ စတူရိဘေကာ
ကားဖြူကြီးမှာ ဗဟန်းရေတာရှည်လမ်းထောင့်တွင်ရပ်ထားသဖြင့်
ကျွန်ုပ်တို့သုံးယောက်သား စကားတပြောပြောဖြင့်. . ကားရှိရာသို့
လျှောက်လာခဲ့ကြလေရာ ကျွန်ုပ်တို့ကားအနီးသို့ရောက်သောအခါ
ကား၏တံခါးပေါက်အနီး၌. . အဖြူရောင်ထက်အောက်ဝတ်စုံဝတ်
ဆင်ထားသောလူရွယ်တစ်ဦး ရပ်စောင့်နေသည်ကိုတွေ့လိုက်ကြရလေ
တော့သည်။

ကျွန်ုပ်တို့အုပ်စု. . ကားအနီးသို့ရောက်သောအခါ အဖြူ
ရောင်ဝတ်စုံနှင့်လူရွယ်သည် ရှေ့သို့တစ်လှမ်းတိုးလိုက်ပြီး. . 

"ဆရာကြီးလူသူတော်သျှောင်တစောင်း၊ စုံထောက်ကြီးဦး
ဇင်ယော်နဲ့ အငြိမ်းစားသဏ္ဍာန်ထောက်ကြီးဦးသိန်းမောင်တို့ပါလား
ခင်ဗျာ. . "

ဟု ယဉ်ကျေးသိမ်မွေ့စွာ မေးလိုက်လေသည်။

စုံထောက်ကြီးဦးဇင်ယော်သည် ထိုလူရွယ်အားတစ်ချက်
အကဲခတ်သလိုကြည့်ရှုလိုက်ပြီး. . 

"မိတ်ဆွေလေးမေးလိုက်တဲ့လူတွေ အားလုံးမှန်ပါတယ်။
မိတ်ဆွေလေးကရော ဘယ်သူလဲဆိုတာကို. . သိခွင့်ရရင်သိချင်ပါ
တယ်. . "

အဖြူရောင်ဝတ်စုံနှင့်လူရွယ်သည် သူ၏လက်ထဲမှပစ္စည်း

www.burmeseclassic.com


www.burmeseclassic.com



တစ်ခုကို. . ဆရာကြီးလူသူတော်သျှောင်တစောင်းထံသို့ ရိုသေစွ
လက်ကမ်း၍ပေးလိုက်လေသည်။

"ကျွန်တော်ဘယ်သူလဲဆိုတဲ့မေးခွန်းကို ဒီငွေပြားလေးက
အဖြေပေးနိုင်ပါတယ်ခင်ဗျာ. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် သူ၏လက်
ဖြင်ကိုဖြန့်၍ကြည့်နေသဖြင့် ကျွန်ုပ်တို့တွေ့မြင်လိုက်ရသောငွေပြ
ကလေးမှာ အောက်ပါပုံစံအတိုင်းဖြစ်ပေတော့သည်။






"ဒီငွေပြားလေးက. . ကျွန်တော့်ရဲ့ကိုယ်ပိုင်ငွေပြားလေး
ပါ။ ကျွန်တော်ဟာ. . မောင်ချစ်ဖေရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်
ယောက်ဖြစ်ခဲ့တယ်ဆိုတဲ့ အမှတ်အသားသင်္ကေတလည်းဖြစ်ပါတယ်
ခင်ဗျာ"

ထိုငွေဆွဲပြားလေးမှာ မောင်ချစ်ဖေဆိုသူ၏ဆွဲပြားလေးနှင့်
တစ်ပုံစံတည်း၊ တစ်ရွယ်တည်းပင်ဖြစ်ကာ ကွဲပြားခြားနားမှုအနေ
ဖြင့်. . တစ်ခုတည်းကိုသာ တွေ့ရလေ၏။ ထိုကွဲပြားခြားနားမှုမှာ
သခုဆွဲပြား၏အလယ်တွင်. . အင်္ဂလိပ်ဂဏန်း 'ခုနစ်' ဖြစ်နေပြီး
မောင်ချစ်ဖေ၏ဆွဲပြားတွင်မူ. . အင်္ဂလိပ်ဂဏန်း 'ရှစ်' ဖြစ်နေခြင်း
ပေတည်း. . ။

အဖြူရောင်ဝတ်စုံနှင့်လူငယ်က. . သူသည် မောင်ချစ်ဖေ
နှင့်ကျောင်းနေဘက် အချစ်ဆုံးသူငယ်ချင်းဖြစ်ကြောင်းပြောပြကာ
မောင်ချစ်ဖေနေမကောင်းဖြစ်၍ ရွာသို့ပြန်သွားချိန်က. . သူကိုယ်
တိုင် ရွာသို့လိုက်ပို့ခဲ့ဖူးကြောင်းနှင့်. . နောက်ဆုံး မောင်ချစ်ဖေ
တစ်ယောက် ရောဂါကြောင့်သေဆုံးသွားကြောင်း သတင်းကြားရ
သည်နှင့်. . သူကိုယ်တိုင်ပေကုန်းရွာသို့လိုက်သွားပြီး မောင်ချစ်ဖေ
၏အသုဘကိုလိုက်ပို့ပေးခဲ့ကာ ပေကုန်းသုသာန်၌မောင်ချစ်ဖေ
၏လည်ပင်းမှဆွဲပြားလေးကို မိမိကိုယ်တိုင်ဖြုတ်ယူ၍. . မောင်
ချစ်ဖေ၏အလောင်းပေါ်သို့ တင်ပေးလိုက်ကြောင်းများကို. .
အသေအချာ ရှင်းပြနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီးဦးဇင်ယော်သည် အလွန်ရိုးသားတည်ကြည် ပုံရသည့် အဖြူရောင်ဝတ်စုံနှင့်လူရွယ်၏မျက်နှာအား စူးစူးစိုက်စိုက် ကြည့်လိုက်ကာ. .

"အင်း. . ။ ဒီအတိုင်းဆိုရင်တော့ . . မောင်ချစ်ဖေလေးရဲ့ အလောင်းပေါ် ကို မိတ်ဆွေလေးကိုယ်တိုင်တင်ပေးလိုက်တဲ့ငွေပြား လေးဟာ. . အသတ်ခံလိုက်ရတဲ့ဒေါ် တင်မေကြီးရဲ့ခြံထဲမှာရောက် နေတာကတော့ အတော့်ကိုထူးဆန်းနေတယ်နော်. . "

အဖြူရောင်ဝတ်စုံနှင့်လူရွယ်သည်လည်း ဦးနှောက်ခြောက် နေဟန်ဖြင့်. .

"ကျွန်တော်ကိုယ်တိုင်လည်း. . အဲဒါကိုပဲ အံ့ဩနေမိတာ ပါခင်ဗျာ. . ။ ကျွန်တော့်ရဲ့ရှေ့မှာတင် သေဆုံးသွားပြီးတဲ့လူတစ် ယောက်က လူသတ်မှုထဲမှာဝင်ပါနေတယ်ဆိုတာကတော့ လုံးဝမဖြစ် နိုင်ပါဘူးလေ. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် အဖြူရောင် ဝတ်စုံနှင့်လူရွယ်အား ပုခုံးကိုဖက်၍. .

"အမှန်တရားဆိုတာ ဘယ်တော့မှမပြောင်းလဲနိုင်တဲ့အရာ ပါလေ. . ။ အမှန်တရားအတိုင်းပဲဖြစ်ရမှာပေါ့ညီလေးရာ. . "

ဟု နှစ်သိမ့်လိုက်လေတော့သည်။

"ဟုတ်ကဲ့ပါခင်ဗျာ. . ။ ကျွန်တော့်ရဲ့တာဝန်ကတော့. . လူကြီးမင်းတို့ကိုလည်း အမှန်တရားအတိုင်းသိရအောင်လို့ ကျွန်



တော်ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခဲ့ဖူးတဲ့ကိစ္စတွေကို. . ကျွန်တော် တို့ရဲ့ဆရာကြီးဖြစ်တဲ့ သူတော်စင်ဦးမြသာရဲ့ခိုင်းစေချက်ကြောင့် အသေးစိပ် လာရောက်ရှင်းပြပေးတာပါပဲ။ ကဲ. . ကျွန်တော့်ကို ခွင့်ပြုကြပါဦး. . "

အဖြူရောင်ဝတ်စုံနှင့်လူရွယ်သည်. . ထိုစကားကိုဆိုပြီး နောက် ကျွန်ုပ်တို့သုံးဦးအားနှုတ်ဆက်၍ ကျောခိုင်းထွက်ခွာသွား လေတော့သည်. . ။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် အဖြူရောင် ဝတ်စုံနှင့်လူရွယ်အားကျေနပ်နှစ်သက်စွာကြည့်နေလိုက်ပြီး. .

"အင်း. . ဒီလူငယ်လို ဘာသာတရားကိုင်းရှိုင်းပြီး အများ အကျိုးအတွက်. . စွန့်လွှတ်ပြီး၊ အနစ်နာခံစိတ်မွေးတတ်တဲ့လူငယ် မျိုးတွေ. . တို့တိုင်းပြည်မှာ အများကြီးရှိနေကြရင်. . ကျုပ်တို့ ဗုဒ္ဓဘာသာဝင်တွေအတွက် အလွန်အကျိုးထူးပေမှာပဲ. . "

"ဟုတ်တယ်ဗျာ. . ။ ဒီလူငယ်လေးကိုကြည့်ရတာ ကျုပ် စိတ်ထဲမှာ အေးချမ်းလိုက်တာနော်. . "

ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့သည်လည်း ထိုလူ ငယ်အားငေးမော၍ကြည့်ရင်း စိတ်ထဲတွင်ကျေနပ်နှစ်သိမ့်နေမိကြ လေတော့သည်။

ကျွန်ုပ်တို့၏စတူဒီဘေကာကားကြီး စတင်ထွက်ခွာလာသည် နှင့်ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကားကိုမောင်းနှင်

www.burmeseclassic.com

www.burmeseclassic.com



နေရင်းမှပင်. .

"အင်း. . အဖြစ်အပျက်တွေကတော့ ကျုပ်စိတ်ထဲမှာထင် ထားတဲ့အတိုင်းပဲဖြစ်လာတာပဲဗျို့. . ။ ကျုပ်အနေနဲ့ စုံထောက်မင် ကြီးကိုပေးထားခဲ့တဲ့ကတိမပျက်အောင်. . ဒီနေ့ပဲ အမြန်ခရီးထွက် တော့မယ်ဗျို့. . "

ကျွန်ုပ်သည် ဆရာကြီးလူသူတော်သျှောင်တစောင်း ကတိတစ်လုံးကို အသက်ထက်ပို၍မြတ်နိုးတတ်သည့်စိတ်ဓါတ် ကောင်းစွာသိထားပေသဖြင့်. . ဆရာကြီး၏စကားနှင့်ပတ်သက် မည်သို့မျှ မဝေဖန်ဘဲနေသော်လည်း. . စုံထောက်ကြီးဦးဇင်ယေ ကမူ. . .

"ကျွန်တော်တွေးမိထားသလောက်ပြောရရင် ဆရာကြ က. . တောင်ငူမြို့နားကပေကုန်းရွာကို သွားမှာမဟုတ်လား. . ကျွန်တော်လည်း လိုက်ခဲ့မယ်လေ. . "

စုံထောက်ကြီးဦးဇင်ယော်က. . သူပါလိုက်ခဲ့မည်ဟု ဆို ပြန်သဖြင့် ကျွန်ုပ်သည်လည်း သူတို့နှစ်ဦး၏စွန့်စားခန်းများအ မမြင်တွေ့လိုက်ရမည်ကိုစိုးရိမ်စိတ်ကြောင့်. . မနေနိုင်၊ မထိုင်နိ ဖြစ်လာမိကာ. .

"ခင်ဗျားတို့က. . အဲဒီလိုတော့ တစ်ကိုယ်ကောင်းမဆ ကြနဲ့လေဗျာ. . ။ သွားရင်လည်း. . သုံးယောက်စလုံး အတူတူသွ ကြမှပေါ့. . ။ ကျုပ်လည်း. . လိုက်ခဲ့မယ်ဗျာ. . "



ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကားမောင်း နေရင်းမှပင်. . ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်တို့အားပြုံး၍ ကြည့်လိုက်ပြီးလျှင်. .

"အင်း. . ။ ခင်ဗျားတို့နှစ်ယောက်က သိပ်လိုက်ချင်နေကြ ပေမယ့် ကျုပ်အနေနဲ့ခေါ်သွားလို့မဖြစ်တဲ့အကြောင်းတွေကရှိနေ ပါတယ်ဗျာ. . "

စုံထောက်ကြီးဦးဇင်ယော်သည်. . ဆရာကြီးလူသူတော် သျှောင်တစောင်းအားမကျေမနပ်ဖြစ်သည့်အမူအရာဖြင့်ကြည့်လိုက် ပြီးလျှင်. .

"ကျုပ်တို့နှစ်ယောက်ကို ခေါ်သွားလို့မဖြစ်နိုင်ဘူးဆိုတာ က ဘာသဘောများလဲဆရာကြီးလူသူတော်သျှောင်တစောင်းရဲ့. . ။ ကျုပ်တို့က. . ဆရာကြီးလောက်မစွမ်းပေမယ့် လူညံ့တွေတော့လည်း မဟုတ်ပါဘူးနော်. . "

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကလေးငယ် တစ်ယောက်သဖွယ် စိတ်ကောက်စွာပြောဆိုနေသည့် စုံထောက်ကြီး ဦးဇင်ယော်အား ပြုံး၍ကြည့်လိုက်ပြီးလျှင်. .

"ဘာသဘောကြောင့်လဲဆိုတော့. . ကိုးသချိုင်းရာဇာနဲ့ တွေ့ဆုံရရင်. . ကျုပ်အနေနဲ့ ခက်ခက်ခဲခဲရင်ဆိုင်တိုက်ခိုက်ရမှာ ဖြစ်သလို သူ့တပည့်လူသတ်သမားနှစ်ယောက်ကလည်း အခော် လေးအစွမ်းထက်ကြတာမို့. . ခင်ဗျားတို့ပါလာရင် ကျုပ်အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



နောက်ကြောင်းအေးမှာမဟုတ်ပေဘူးဗျ. . ။ နောက်ပြီးတော့ ခင်ဗျားတို့အနေနဲ့ ရန်ကုန်ကနေပြီးအကူအညီပေးရမယ့်ကိစ္စတွေကလည်း ရှိနေသေးတယ်လေ. . ”

ဆရာကြီးလူသူတော်သျှောင်တာစောင်းက. . စုံထောက်ကြီးဦးဇင်ယော်အနေနှင့် ရန်ကုန်မှအကူအညီပေးရမည့်အချက်များကိုအသေးစိပ်ကိုပြောပြပြီး အစီအစဉ်များကိုပါရှင်းပြနေသဖြင့် ကျွန်ုပ်တို့သည်လည်း သဘောတူလိုက်ကြရလေတော့သည်။

❖ ❖ ❖



အခုတော့...သေရမှာကို ငါကြောက်နေတယ်ဟေ့။ အဲဒီကလည်း ငါ့တပည့်နှစ်ယောက်အတွက်၊ ဒီသုဖြစ်ရပ်အတွက်မင်းကို ကလဲ့စားမချေလိုက်ရဘဲ ငါမသေချင်လို့ပေါ့ကွာ။

ကိုးသင်္ချိုင်းရာဇာ

www.burmeseclassic.com

www.burmeseclassic.com



## ကျားနဲ့ဆင်

ညသည် ဝိန်းဝိတ်နေအောင်ပင်အမှောင်ရိပ်များလွှမ်းမိုး
မင်းမူ၍နေကာ ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်းတိတ်ဆိပ်ငြိမ်
သက်၍နေပေသဖြင့် အလွန်ထိတ်လန့်တုန်လှုပ်စရာကောင်းသော
အခြေအနေမျိုးဖြစ်၍နေပေသည်။

ထိုအချိန်တွင်. . အမှောင်ထဲမှနေ၍ ဆွဲဆွဲငင်ငင်အူလိုက်
သောခွေးအူသံများသည် ညအမှောင်ကိုထွင်းဖောက်၍စူးစူးဝါးဝါး
ထွက်ပေါ်လာပြန်သဖြင့် တော်ရုံတန်ရုံကြောက်တတ်သောသူမျိုး
လျှင် နေရာတွင်ပင်သွေးလန့်၍လဲသေသွားနိုင်ပေတော့သည်။



ထိုအချိန်တွင်. . ပေကုန်းသုသာန်သို့သွားသော လမ်းကျဉ်း
လေးအတိုင်း လူတစ်ယောက်သည် စိတ်အေးလက်အေးအမူအယာ
ဖြင့် လျှောက်လာနေပေသည်။ ခွေးအူသံများကိုကြားလိုက်ရသော်
လည်း ထိုလူသည်လုံးဝနောက်တွန့်၍သွားခြင်းမရှိဘဲ ခြေလှမ်းမှန်
မှန်ဖြင့်သာ ဆက်လျှောက်သွားနေလေသည်။

သို့ဖြင့် ပေကုန်းသုသာန်အနီးရှိဇရပ်နားသို့ရောက်လာ
လေတော့သည်။ ဇရပ်ပေါ်တွင် မှိန်ပျပျမီးအိမ်ကလေးတစ်လုံးကို
ထွန်းညှိထားပြီး လူရွယ်နှစ်ယောက်သည်စိတ်အေးလက်အေးထိုင်၍
ကျားကွက်ရွှေ့နေကြလေသည်။

“မင်းက. . ငါ့ကျားကိုစားချင်လို့ ဒီအကွက်ကိုရွှေ့လိုက်
တာပေါ့လေ. . ဟုတ်လား”

“ဟုတ်တယ်. . ။ ငါအစားခံလိုက်ရတာ နှစ်ခါရှိပြီကွ။ ဒီ
တစ်ခါတော့. . မင်းအလှည့်ပဲ. . ။ ဟဲ. . ဟဲ. . ”

လူရွယ်နှစ်ယောက်သည် ပတ်ဝန်းကျင်ကိုဂရုမစိုက်ဘဲ
ကျားကွက်ကိုစိတ်ပါလက်ပါရွှေ့နေကြရင်း အငြင်းအခုံလုပ်နေကြ
လေသည်။

“အဲဒီလို. . အတုန့်အလှည့်လက်စားခြေချင်တဲ့ မင်းရဲ့
စိတ်ဓါတ်ကြောင့် လူသတ်မှုနဲ့မင်းကိုဖမ်းဆီးပြီး အရေးယူရပါတော့
မယ်. . သူတောင်းစားစိန်မြားလို့ခေါ်တဲ့ ဇာတ်မင်းသားလေးမိုး
ပေါ်ကသိန်းတန်. . ”

www.burmeseclassic.com



ထိုစကားကိုဆိုလိုက်ရင်း . . ဇရပ်ပေါ် သို့ တစ်လှမ်းချင်း တက်လာနေသော လူစိမ်းတစ်ယောက်ကိုမြင်လိုက်ရသည်နှင့် . . သူတောင်းစားစိန်မြားနှင့်စဏ္ဍာလတာတေတို့နှစ်ဦးသည် ကျားထိုးခြင်းကိုရပ်တန့်လိုက်ကြပြီးလျှင် နောက်သို့ပြိုင်တူလှည့်ကြည့်လိုက်ကြကာ . . ထိုင်နေရာမှထ၍ အသင့်အနေအထားဖြင့်ရပ်နေလိုက်ကြလေတော့သည် . .။

"ခင်ဗျား . . ဘယ်သူလဲ။ ညအချိန်မတော်ကြီးမှာ ဒီဇရပ်ကိုဘာလာလုပ်တာလဲ . ."

"ကိစ္စရှိလို့လာတာပေါ့ . . ငါ့လူတို့ရာ . ."

"ဒီလို သချိုင်းသုသာန်တစ်ခုမှာ . . ဘာကိစ္စမှ မရှိနိုင်ပါဘူးလေ။ ဒီကိုရောက်လာကြတဲ့လူတွေအားလုံးဟာ . . လူ့လောကမှာကိစ္စတွေအားလုံးပြီးသွားလို့ ရောက်လာကြတာပဲဗျ . ."

"ဒီလိုအလွယ်မထင်ကြနဲ့လေ . . ငါ့လူတို့ရဲ့။ တစ်ချို့လူတွေကြတော့လည်း သေပြီးသွားတာတောင် . . ပြဿနာတွေက ထပ်ပေါ်နေတတ်လို့ သေပြီးတဲ့အလောင်းတစ်လောင်းကို ကျုပ်ကလာပြီးတူးဖော်တာပဲ . ."

ထိုလူ၏စကားကြောင့် . . စဏ္ဍာလတာတေက သူတောင်းစားစိန်မြားဘက်သို့ခေါင်းငဲ့၍ကြည့်လိုက်လေသည်။

"ဆိုစမ်းပါဦး . .။ ခင်ဗျားက ဘယ်သူ့အလောင်းကိုဖော်ချင်တာလဲ . ."



"လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကသေသွားတဲ့ . . မောင်ချစ်ဖေရဲ့အလောင်းပါ . ."

သူတောင်းစားစိန်မြားနှင့် စဏ္ဍာလတာတေသည် . . ထိုလူစိမ်း၏စကားကြောင့် မျက်နှာအကြီးအကျယ်ပျက်သွားကြလေသည်။ စဏ္ဍာလတာတေက . .

"ခင်ဗျားကိစ္စကို ကူညီချင်ပေမယ့် . . ဒီသချိုင်းရဲ့တာဝန်ခံဖြစ်တဲ့ ကျုပ်တို့ရဲ့ဆရာကြီးသုဘရာဇာပေတိုးက ခရီးလွန်နေပါတယ်။ ခင်ဗျားအနေနဲ့ . . မောင်ချစ်ဖေရဲ့အလောင်းကိုပြန်တူးဖော်ချင်တယ်ဆိုရင်တောင် ဆရာကြီး ပြန်ရောက်လာမှပဲခွင့်ပြုနိုင်ပါမယ် . ."

သူတို့၏စကားကြောင့် နောက်မှရောက်လာသောလူစိမ်းသည် အားပါးတရပင်ရယ်မောလိုက်လေတော့သည်။

BURMESE CLASSIC .com

"မင်းတို့ရဲ့ဆရာကြီးပြန်လာမှသာတူးရမယ်ဆိုရင် . . ငါတူးချင်နေတဲ့အလောင်းကို ဘယ်တော့မှတူးခွင့်ရတော့မှာမဟုတ်ဘူး . .။ မင်းတို့ရဲ့ဆရာကြီး . . သုဘရာဇာပေတိုးဆိုတဲ့ ကိုးသချိုင်းရာဇာဟာ ခုလောက်ဆိုရင် . . ငါ့ကိုကြောက်လို့ရှောင်တိမ်းသွားပြီပေါ့ကွာ . . ဟား . . ဟား . ."

ထိုလူစိမ်း၏စကားကြောင့် သူတောင်းစားစိန်မြားနှင့်စဏ္ဍာလတာတေတို့သည် . . လူစိမ်း၏မျက်နှာအား စူးစူးဝါးဝါးကြည့်လိုက်ကြပြီးလျှင် . .

www.burmeseclassic.com

www.burmeseclassic.com



"ဪ . . ခင်ဗျားပြောတဲ့ စကားအသွားအလာကိုကြည့်ရတာ . . ခင်ဗျားဟာ ဆရာကြီးပြောပြောနေတဲ့ သူ့ရဲ့ရန်သူတော်ကြီးလူသူတော်သျှောင်တစောင်းဆိုတာပဲဖြစ်ရမယ် . . ။ ကျုပ်တို့ပြောတာ . . မှန်သလား . ."

"မှန်ပါတယ် . . ငါ့လူတို့ရာ"

"အင်း . . ကျုပ်တို့ကျေးဇူးရှင်ဆရာကြီးရဲ့ရန်သူဟာ ကျုပ်တို့ရဲ့ရန်သူပဲဖြစ်တာမို့ . . မလွှဲမရှောင်သာတဲ့ အခြေအနေမှာ . . ခင်ဗျားရဲ့အသက်ကို နှုတ်ယူရပါတော့မယ် . . လူသူတော်သျှောင်တစောင်း . ."

စက္ကူလတာတေက . . သူ၏နံဘေးတွင် ထောင်ထားသော ဝါးစိမ်းတုတ်ကိုလှမ်းယူလိုက်သလို သူတောင်းစားစိန်မြားကလည်း ဇရပ်၏ကြမ်းပြင်ပေါ် မှငှက်ကြီးတောင်ဓါးအား ကောက်ကိုင်လိုက်လေတော့သည်။

"ကျုပ်တို့ဆရာကြီးကတော့ လူသူတော်သျှောင်တစောင်းနဲ့တွေ့ဆုံခဲ့ရင် . . ထိပ်တိုက်ရင်မဆိုင်ကြဘဲ အလွတ်ရှောင်တိမ်းသွားဖို့ အမှာစကားရှိထားခဲ့ပါတယ်။ ဒါပေမယ့် . . ခုလိုရင်ဆိုင်တွေ့နေမှတော့ ကျုပ်တို့အနေနဲ့ ယောက်ျားပီပီရင်ဆိုင်တိုက်ခိုက်ကြရမှာပေါ့လေ . ."

"မင်းတို့ရဲ့ . . ဆရာ့ကျေးဇူးကို သိတတ်ကြတဲ့စိတ်ဓါတ်ကိုတော့လေးစားပါတယ် ငါ့လူတို့ရာ။ ဒါပေမယ့် . . ငါ့လူတို့ဟာ



ကျုပ်ရဲ့ယှဉ်ပြိုင်ဘက်မဟုတ်ကြလေတော့ ငါ့လူတို့နဲ့ကျုပ်မတိုက်ခိုက်လိုပါဘူး . . ။ အေးအေးဆေးဆေးသာ လက်နက်တွေအောက်ချပြီး အဖမ်းခံလိုက်ကြပါ . ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ရန်သူနှစ်ဦးနှင့်ရင်ဆိုင်ရန် . . ရှေ့သို့တစ်လှမ်းခြင်းလျှောက်သွားနေရင်းမှ လက်နက်ချကြရန်နားချနေသော်လည်း နှစ်ဦးစလုံးမှာလက်နက်ချမည့်ဟန်မရှိသဖြင့် . . သုံးပေခန့်အကွာသို့ရောက်သောအခါ လက်အစုံကိုပိုက်၍ ရပ်တန့်လိုက်ပြီးလျှင် . .

"မင်းတို့ရဲ့ဆရာကြီးကိုးသချိုင်းရာဇာ . . အခု ဘယ်မှာရှိနေသလဲဆိုတာ ပြောကြစမ်းပါဦး . . ။ ဒီတိုက်ပွဲမှာ . . သူကိုယ်တိုင်ဝင်ပါလာမှ . . ပွဲက မျှမျှတတဖြစ်လာမှာပေါ့ကွာ . ."

ဆရာကြီးလူသူတော်သျှောင်တစောင်းက ထိုသို့ပြောဆိုနေသည့်အချိန်တွင်ပင် အမှောင်ရိပ်ထဲမှ 'ဗွီး' ကနဲမြည်သံနှစ်ချက်က ဆက်တိုက်ထွက်ပေါ်၍လာလေတော့သည်။

လူသူတော်သျှောင်တစောင်းသည် ခေါင်းကိုအသာငုံ့၍ ကိုယ်ကိုနောက်သို့လျှင်မြန်စွာယိမ်းလိုက်ကာ လက်အစုံကိုဘယ်ညာလျှပ်တပြက်ဆန့်တန်းလိုက်လေတော့ရာ သူ၏လက်ထဲတွင် . . ခေါင်းမြီးတပ်မြားနှစ်စင်းကို ဆုပ်ကိုင်ထားမိလျက်သား တွေ့လိုက်ကြရလေတော့သည်။

"ဟား . . ဟား . . ။ ကိုးသချိုင်းရာဇာကို ကျုပ်ကတွေ့ချင်

www.burmeseclassic.com

www.burmeseclassic.com



နေတာအတော်ကြာခဲ့ပါပြီလေ. .။ အခုမှပဲ တွေ့ခွင့်ကြုံရပေတော့တယ်။ ဒါပေမယ့် ကိုးသချိုင်းရာဇာဟာ. . အမှောင်ထဲကပုန်းလျှိုးကွယ်လျှိုးတိုက်ခိုက်ရတဲ့ပညာရှင်မျိုးဖြစ်နေတာကတော့ ဝမ်းနည်းစရာပါပဲ. . ”

ထိုအချိန်တွင်. . အမှောင်ရိပ်ထဲ၌ ဇရပ်အနီးရှိသချိုင်းအုတ်ဂူတစ်ခုပေါ်တွင် မတ်တပ်ရပ်လိုက်သောသဏ္ဌာန်တစ်ခုကို တွေ့မြင်လိုက်ကြရပေတော့သည်။

“တပည့်ကြီးတာတေနဲ့မောင်စိန်မြား. .။ မင်းတို့နဲ့အခုရင်ဆိုင်နေရတဲ့လူသူတော်သျှောင်တစောင်းဆိုတာ. . နုယ်နုယ်ရရလူတစ်ယောက်တော့မဟုတ်ပေဘူးနော်. .။ သူဟာ. . ငါတို့ရဲ့တိဗက်ဆရာကြီးကွမ်ဆီကပညာတွေကို ရထားတဲ့လူတစ်ယောက်ဖြစ်သလို. . သူ့ရဲ့ဆရာရင်းဖြစ်တဲ့ ရိုးမပြန်ရှင်ရသေ့ရဲ့ပညာတွေကိုလည်း အကုန်လုံးရရှိထားတဲ့ တစ်ဦးတည်းသောတပည့်ကြီးဖြစ်တယ်။ နောက်ပြီး သူဟာ. . မြန်မာသူရဲကောင်းကြီးနာဂသမန်းရဲ့မျိုးနွယ်ဆက်က. . တစ်ဦးတည်းသောမျိုးဆက်သွေးဖြစ်တယ်လို့လည်းကြားဖူးထားတယ်. .။ သူ့ပညာဟာ အလွန်ကောင်းပေတာမို့. . တပည့်တို့အနေနဲ့ ပညာကုန်ထုတ်သုံးတိုက်ခိုက်ကြပြီးလွတ်လမ်းကို ရအောင်ရှာကြပေတော့. .။ လွတ်အောင်ရှောင်တိမ်းဖို့အခွင့်အရေးရတာနဲ့ အလွတ်ရုန်းပြေးကြပါကွယ်. .။ ဆရာတတ်နိုင်သမျှ သူ့ကိုထိန်းပေးထားပါ့မယ်. . ”



သချိုင်းအုတ်ဂူပေါ်မှလူသည်. . စကားဆုံးသည်နှင့် သူ၏လက်ထဲမှ နူတ်ခမ်းသားများကိုထက်မြက်နေအောင်သွေးထားသော ငွေဒင်္ဂါးပြားများဖြင့် လူသူတော်သျှောင်တစောင်းထံသို့အဆက်မပြတ်ပင် လွှဲပစ်ထည့်လိုက်လေတော့သည်။

တာတေနှင့်မောင်စိန်တိုးတို့နှစ်ဦးသည်လည်း. . အခွင့်အရေးရသည်နှင့် လူသူတော်သျှောင်တစောင်းထံသို့ပြိုင်တူခုန်ဝင်လိုက်ကြကာ လက်ထဲမှလက်နက်များဖြင့်ပြိုင်တူတိုက်ခိုက်လိုက်ကြလေတော့သည်. .။

“ဟိတ်. . ”

လူသူတော်သျှောင်တစောင်းထံမှ မာန်သွင်းအော်ဟစ်သံတစ်ချက်ကို ကြားလိုက်ကြရပြီးလျှင်. . သူ၏ခန္ဓာကိုယ်သည် လေထဲသို့မြောက်ခုန်တက်သွားကာ. . သူ၏လက်ထဲသို့ ခဲသီးတပ်ထားသောပိုးကြိုးလေးတစ်ခုသည် လှစ်ကနဲရောက်လာပြီးလျှင် ထိုပိုးကြိုးလေးဖြင့် တာတေ၏လက်ထဲမှဝါးစိမ်းတုတ်ကို ရစ်ပတ်ဆွဲယူလိုက်ပြီး ညာခြေဖြင့်စိန်မြားအားလွဲကန်လိုက်လေတော့ရာ ဓါးဖြင့်ထိုးရန်ပြေးဝင်လာသော စိန်မြားမှာ. . အချိန်မီခုန်ရှောင်လိုက်နိုင်၍သာ ခြေကန်ချက်မှလွတ်သွားရလေသည်။

ပထမဆုံးတစ်ကွက်တည်းဖြင့် လက်နက်မဲ့ဖြစ်သွားရှာသောတာတေမှာ. . သူ၏နေရာတွင် တွေတွေကြီးငေးငိုင်ရပ်နေမိသလို စိန်မြားမှာလည်းရန်သူ၏ ပညာသဘောကိုရိပ်စားမိလိုက်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မည်ကဲ့သို့ဆက်လက်တိုက်ခိုက်ရမည်ကိုပင် မတွေးတ တော့သည့်ဟန်ဖြင့် လူသူတော်သျှောင်တစောင်းအားတွေဝေ ငေးကြည့်နေလေတော့သည်။

ထိုအချိန်တွင် သချိုင်းအုတ်ဂူပေါ်မှကိုးသချိုင်းရာဇာ အော်ဟစ်သတိပေးသံက ထွက်ပေါ်လာပြန်လေတော့သည်။

"တပည့်ကြီးတာတေနဲ့စိန်မြားတို့ရေ..။ အချိန်က သိ မရှိတော့ဘူး..။ သူ့ပညာကို..ငါတို့တွေမယှဉ်နိုင်တာအမှန် အချိန်ရှိတုန်းမှာ မင်းတို့နှစ်ယောက်လွတ်အောင်ပြေးကြပါ.. မင်းတို့လွတ်သွားခဲ့ပြီးရင်..မင်းတို့ကို ဆရာကိုယ်တိုင်ပြန်ဆ သွယ်ပါ့မယ်ကွာ.."

တာတေနှင့်မောင်စိန်မြားတို့သည်..ပညာမာနအလွ ကြီးလှသည့် သူတို့၏ဆရာကြီးကိုးသချိုင်းရာဇာ၏စိတ်ဓါတ် ကောင်းစွာ သိရှိထားကြသူများဖြစ်ပေရာ..အခြေအနေ အလွ ဆိုးနေ၍သာ ဆရာကြီးအနေဖြင့် ယခုကဲ့သို့ပြောဆိုနေခြင်းဖြ ကြောင်း ကောင်းစွာသဘောပေါက်မိကြပေသဖြင့် အလွတ်ရုန်းပြေ နိုင်ရန် အကွက်ဆင်ကြရလေတော့သည်..။

ထိုအချိန်တွင် ကိုးသချိုင်းရာဇာသည်..ဒေါင်းမြီးတ မြားသုံးစင်းကို တစ်ပြိုင်နက်ပစ်လွှတ်ပေးလိုက်ရာ..မြားတံမ သည် လူသူတော်သျှောင်တစောင်းထံသို့ အဆက်မပြတ်ပြေး လာသဖြင့်..လူသူတော်သျှောင်တစောင်းသည် ခန္ဓာကိုယ်ကိုယ်



နွဲ့ကာ ရှောင်တိမ်းလိုက်ရလေတော့သည်။

ထိုအချက်ကိုအခွင့်ကောင်းယူကာ..စိန်မြားက သူ၏ ငှက်ကြီးတောင်ဓါးဖြင့်..လူသူတော်သျှောင်တစောင်း၏ ခန္ဓာ ကိုယ်ရှိ သေကွင်းသေကွက်သုံးနေရာကို..လှပသေသပ်စွာ ဝှေ့ ယမ်း၍တိုက်ခိုက်လိုက်သလို တာတေကလည်း လူသူတော်သျှောင် တစောင်း၏နောက်ကြောဘက်မှနေ၍ ကြောရိုးဆစ်နေရာသို့ ညာ ခြေဖြင့် အပိုင်ကန်ထည့်လိုက်လေတော့သည်..။

"ဝှီး..ဝှီး..ဝှီး.."

"ကဲ..သေစမ်းဟ.."

ကိုးသချိုင်းရာဇာတို့ဆရာတပည့်သုံးယောက်၏ တပြိုင် နက်တိုက်ခိုက်လိုက်ကြသောတိုက်ကွက်မှာ..အလွန်ပင်ရက်စက် ပြင်းထန်လှပေရာ သာမန်သိုင်းပညာရှင်တစ်ဦးအနေဖြင့် မည်သို့ မှလွတ်ကွက်မရှိနိုင်ဘဲ ဒဏ်ရာပြင်းထန်စွာရရှိသွားစေနိုင်သည့် တိုက်ခိုက်မှုမျိုးဖြစ်သော်လည်း လူသူတော်သျှောင်တစောင်းသည် ရန်သူသုံးယောက်အနေဖြင့် လုံးဝထင်မှတ်မထားသည့် တန်ပြန် တိုက်ခိုက်ခြင်းဖြင့်..လျှင်မြန်စွာ တုန့်ပြန်တိုက်ခိုက်လိုက်လေတော့ သည်။

လူသူတော်သျှောင်တစောင်းသည်..ဓါးစကြာပမာငှက် ကြီးတောင်ဓါးကို လေထဲတွင်အဆက်မပြတ်ဝှေ့ယမ်း၍ တိုက်ခိုက်နေ သည့်စိန်မြားထံသို့..ရုတ်တရက် ခုန်ဝဲရောက်ရှိသွားကာ စိန်မြား

www.burmeseclassic.com



၏မါးကိုင်လက်ကို သူ၏ညာလက်ဖြင့် လျှင်မြန်စွာဖမ်းယူချုပ်နှော
လိုက်ပြီးလျှင်. . သူ၏ဘယ်ဘက်လက်ညှိုးဖြင့် စိန်တိုး၏ညာဘ
ရင်အုံနေရာသို့ ဆတ်ကနဲထိုးထည့်လိုက်ရာ. . စိန်တိုးမှာထိုနေ
တွင်ပင် ပုံလျှက်သားလဲကျသွားရလေတော့သည်. . ။

"အင့်. ."

"အား. ."

လူသူတော်သျှောင်တစောင်း၏တိုက်ခိုက်ခြင်းမှာ ထိုနေ
တွင်ရပ်တန့်သွားခြင်းမရှိဘဲ နောက်ကြောမှညာခြေဖြင့်လွှဲကန်
ကန်ချက်လွှဲချော်သွားသဖြင့် ဟန်ချက်ပျက်နေသောတာတေ့ထံ
ခုန်ပျံဝင်ရောက်သွားပြန်ကာ တာတေ၏ညာဘက်ရင်အုံနေရာသ
ဘယ်ဖက်လက်ညှိုးဖြင့်ထိထိမိမိထိုးနှက်လိုက်ပြီး ညာဖက်လက်
ပါ ရုတ်တရက်ဝှေ့ယမ်းဆန့်တန်းလိုက်ပြန်ရာ. . သူ၏လက်ထဲ
ဒေါင်းမြီးတပ်မြားလေးစင်းသည် သချိုင်းအုတ်ဂူပေါ်မှ မတ်မတ်ရ
၍တိုက်ခိုက်နေသောကိုးသချိုင်းရာဇာထံသို့ အဟုန်ပြင်းစွာပြေ
ဝင်သွားလေတော့သည်. . ။

"ဗွိး. . ဝှစ်. ."

"အင့်. . အား. ."

တာတေသည်လည်း. . စိန်များကဲ့သို့ပင် ရင်အုံနေရာ
သွေးကြောကွက်ကို ပြင်းပြင်းထန်ထန်ထိုးနှက်ခြင်းခံလိုက်ရသဖြ
ထိုနေရာ၌ပင် ပုံလျှက်သားလဲကျသွားလေသည်. . ။



ထိုအဖြစ်အပျက်များမှာ. . မျက်စိတစ်မှိတ်၊ လျှပ်တပြက်
အတွင်း၌ ဖြစ်ပျက်သွားခြင်းကြောင့်. . စာဖြင့်ရေးဖွဲ့ပြ၍မမီနိုင်
အောင်ပင် မြန်ဆန်လွန်းလှပေတော့သည်. ။

လူသူတော်သျှောင်တစောင်းက ကိုးသချိုင်းရာဇာထံသို့
ရုတ်တရက်ပစ်လွှတ်တိုက်ခိုက်လိုက်သော ဒေါင်းမြီးတပ်မြားလေး
စင်းအား. . ကိုးသချိုင်းရာဇာသည် ညာဘက်သို့ အမြန်ခုန်၍
လွတ်အောင်ရှောင်တိမ်းထွက်လိုက်သော်လည်း. . ချစ်တပည့်နှစ်ဦး
အပေါ်တွင် အာရုံရောက်နေချိန်ဖြစ်သောကြောင့် မြားသုံးစင်းကို
လွတ်အောင်ရှောင်လိုက်နိုင်ချိန်တွင် နောက်ဆုံးဝင်ရောက်လာ
သောမြားတစ်စင်းသည် ကိုးသချိုင်းရာဇာ၏ညာဘက်လက်မောင်း
နေရာသို့ စူးနစ်စိုက်ဝင်သွားလေတော့သည်။

"အစ်. ."

ပြင်းထန်လှသောဒေါင်းမြီးတပ်မြား၏အရှိန်ကြောင့် ကိုး
သချိုင်းရာဇာသည် အနောက်သို့ လန်ထွက်သွားသော်လည်း. .
ဟန်ချက်ကိုအချိန်မီထိန်းလိုက်ကာ သချိုင်းအုတ်ဂူပေါ်တွင်ပြန်ရပ်
လိုက်ပြီး. . ဘယ်ဘက်လက်ကိုဝှေ့ယမ်း၍ လူသူတော်သျှောင်တ
စောင်းထံသို့ငွေဒင်္ဂါးပြားများကိုပစ်လွှတ်တိုက်ခိုက်လိုက်ပြန်ရာ. .
လူသူတော်သျှောင်တစောင်းသည် ရှောင်ရန်အချိန်မမီတော့သဖြင့်
ရပ်ကြမ်းပြင်ပေါ်သို့ အမြန်လှဲချ၍ လူးလိမ့်ရှောင်တိမ်းလိုက်ရပေ
တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးသချိုင်းရာဇာပစ်လွှတ်တိုက်ခိုက်လိုက်သော ငွေဒင်္ဂါးပြားများမှာအရှိန်အဟုန်ပြင်းထန်လှသဖြောင့်. . လူသူတော်သျှောင်တစောင်းသည် ဇရပ်၏ထောင့်အကွယ်နေရာအထိလိမ့်သွားကာ မတ်တပ်ပြန်ရပ်လိုက်လေသည်. . ။

လူသူတော်သျှောင်တစောင်း မတ်တပ်ပြန်ရပ်နိုင်ချိန်တွင် ဇရပ်အပေါ်၌ တာတေနှင့်စိန်မြားတို့နှစ်ဦးမှာ သတိလစ်မေ့မြောနေကြပြီဖြစ်၍ လူသူတော်သျှောင်တစောင်းအနေဖြင့် ကိုးသချိုင်းရာဇာတစ်ဦးတည်းကိုသာ ရင်ဆိုင်ရန်ရှိပေတော့သည်။

ထို့ကြောင့် လူသူတော်သျှောင်တစောင်းသည် ဇရပ်၏ထောင့်အကွယ်ရှိတိုင်နေရာမှ. . ကိုးသချိုင်းရာဇာရှိရာသို့ လှမ်းကြည့်လိုက်လေတော့သည်။

BURMESE CLASSIC .com

ထိုနေရာမှလှမ်းကြည့်လိုက်သောအခါ သချိုင်းအုတ်ဂူပေါ်တွင် ကိုးသချိုင်းရာဇာအားလုံးဝမတွေ့ရတော့ဘဲ အမှောင်ထုထဲသို့. . ဒယီးဒယိုင်ဖြင့် တိုးဝင်သွားနေသည်ကိုသာ မြင်တွေ့လိုက်ရပေတော့သည်။

လူသူတော်သျှောင်တစောင်းသည် ဒေါင်းမြီးတပ်မြားဒဏ်ရာရရှိသွားသောကိုးသချိုင်းရာဇာအား အမိအရဖမ်းဆီးလိုသော်လည်း အဓိကလူသတ်တရားခံနှစ်ဦးဖြစ်သောစိန်မြားနှင့်တာတေတို့ လွတ်မြောက်ထွက်ပြေးသွားနိုင်သည့်အဖြစ်ကိုတွေးမိလိုက်ကာ နေရာတွင်ပင်ရပ်နေလိုက်ပြီး မိမိ၏လက်ညှိုးဒဏ်ကြောင့်သတိလစ်



နေကြသူနှစ်ဦးအားငေးစိုက်ကြည့်နေမိလေသည်. . ။

ထိုအချိန်တွင် အလွန်ဝေးကွာလှသောအမှောင်ရိပ်ထဲမှ အကျည်းစွာအော်ဟစ်ပြောဆိုလိုက်သည့် ကိုးသချိုင်းရာဇာ၏အသံဩစူးညံညံကြီးကို ကြားလိုက်ရပေတော့သည်။

"ဒီတစ်ကြိမ်မှာ. . မင်းပညာသာသွားလို့ ငါအရှုံးပေးလိုက်ရပါပြီ လူသူတော်သျှောင်တစောင်း. . ။ နောက်တစ်ကြိမ်ပြန်ဆုံကြရင်တော့. . မင်းကိုအနိုင်ယူနိုင်မယ့် ကိုးသချိုင်းရာဇာအဖြစ်တွေ့ကြရမှာပေါ့ကွာ. . "

"ရပါတယ်. . ကိုးသချိုင်းရာဇာ။ မင်းအနေနဲ့ကြိုးစားနိုင်ခွင့်ရှိပါတယ်. . ။ ဒါပေမယ့်. . ကျုပ်ရဲ့ ဒေါင်းမြီးတပ်မြားဒဏ်ရာကိုတော့. . အနည်းဆုံးသုံးလလောက် ကုရလိမ့်မယ်နော်. . "

"လူဆိုတာ. . သေတစ်နေ့ မွေးတစ်နေ့ပါပဲ လူသူတော်သျှောင်တစောင်းရာ. . ။ သေခြင်းတရားကိုမကြောက်လို့ သချိုင်းတွေမှာပဲ ငါနေထိုင်ခဲ့တာပေါ့။ အခုတော့. . သေရမှာကို ငါကြောက်နေတယ်ဟေ့. . ။ အဲဒါကလည်း. . ငါ့တပည့်နှစ်ယောက်အတွက်၊ ညဖြစ်ရပ်အတွက်. . မင်းကိုကလဲ့စားမချေလိုက်ရဘဲ ငါမသေချင်သေးလို့ပေါ့. . ။ ငါတို့ ပြန်ဆုံကြသေးတာပေါ့ကွာ. . "

အမှောင်ထဲမှအသံသည်. . တဖြည်းဖြည်း လုံးဝပျောက်ကွယ်၍သွားကာ. . ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း တိတ်ဆိတ်ငြိမ်သက်၍သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူသူတော်သျှောင်တစောင်းသည် . . နာရီကိုလှမ်းကြည့်လိုက်ရာ ၁၂နာရီထိုးရန်မှာ ၁၅မိနစ်ခန့်သာလိုတော့သည်ကိုတွေ့ရသဖြင့် . . သက်ပြင်းကိုဖူးကနဲမှုတ်ထုတ်လိုက်ကာ သချိုင်းဇရပ်ပေါ်တွင်ပင် . . စိတ်အေးလက်အေးထိုင်၍ အနားယူနေလိုက်လေတော့သည်။

မကြာမီပင် . . ၁၂နာရီထိုးသွားသဖြင့် သံချောင်းခေါက်သံ ၁၂ချက်ကိုကြားလိုက်ရပြီးလျှင် သချိုင်းအဝင်ဝဆီမှကားရပ်သံနှင့် လက်နှိပ်ဓါတ်မီးများအလင်းရောင်ဖွေးဖွေးများကိုမြင်တွေ့လိုက်ရပေတော့သည်။

လက်နှိပ်ဓါတ်မီးအလင်းရောင်များသည် သချိုင်းဇရပ်ဆီသို့ဦးတည်၍လာနေကြပြီးလျှင် . . မကြာမီပင် ပုလိပ်အရာရှိတစ်ဦးကဦးဆောင်၍ ပုလိပ်သားခြောက်ယောက်တို့ ဇရပ်ပေါ်သို့တက်လာကြလေသည်။

ခေါင်းဆောင်ဖြစ်သောပုလိပ်အရာရှိက . .

"ကျွန်တော်က . . တောင်ငူဂါတ်က ဌာနာအုပ်မြင့်သိန်းပါ။ အင်းစိန်စီအိုင်ဒီကစုံထောက်ကြီးဦးဇင်ယော်က . . ဒီည ၁၂နာရီတိတိမှာ ပေကုန်းသုသာန်ကိုသွားပြီး လူသတ်တရားခံတွေကိုဖမ်းမိထားတာသွားခေါ်ပြီး စီအိုင်ဒီကိုအရောက်ပို့ပေးရမယ်လို့ . . ရန်ကုန်ကနေ ဖုန်းနဲ့ဆက်ပြီးညွှန်ကြားလိုက်လို့ ဖုန်းသတင်းကြားတာနဲ့ ထွက်လာရတာပါ။ ကျွန်တော်တို့အနေနဲ့ . . ဘာတွေများ



အကူအညီပေးရဦးမလဲဆိုတာ . . အမိန့်ရှိပါဦးခင်ဗျာ . ."

"အင်း . . အကူအညီကတော့ သိပ်မလိုအပ်တော့ပါဘူး။ ဟောဒီလူနှစ်ယောက်ဟာ . . ရန်ကုန်ခြောက်ထပ်ကြီးကုန်းက သူဌေးကတော်ဒေါ်တင်မေကြီးကိုသတ်ခဲ့တဲ့ . . လူသတ်တရားခံတွေပါပဲ။ သူတို့ကို မနက်ဖြန်မနက်ကျရင် . . ရန်ကုန်က စီအိုင်ဒီရုံးကိုရောက်သွားအောင်ပို့ပေးနိုင်ဖို့ကိုသာ အမြန်ဆုံးစီစဉ်ပေးလိုက်ပါ . ."

တောင်ငူဂါတ်၏ ဌာနာအုပ်ဦးမြင့်သိန်းသည် ဆရာကြီးလူသူတော်သျှောင်တစောင်းအား စပ်စုဟန်ဖြင့်တစ်ချက်မျှလှမ်း၍ကြည့်လိုက်ကာ . .

"ဆရာကြီးဟာ . . ရန်ကုန်မှာ အင်မတန်နာမည်ကြီးနေတဲ့ ဆရာကြီးလူသူတော်သျှောင်တစောင်းဆိုတာပါလားခင်ဗျာ . ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ဌာနာအုပ်ဦးမြင့်သိန်း၏မေးခွန်းကို ပြန်လည်ဖြေကြားခြင်းမရှိဘဲ . .

"ကဲ . . အချိန်ရှိတုန်း တရားခံတွေကိုရန်ကုန်အရောက်ပို့ပေးနိုင်ဖို့ ဌာနာအုပ်ကြီးတို့ကစီစဉ်ပါတော့။ ကျုပ်လည်းသွားရောက်စရာတွေရှိနေသေးလို့ ခွင့်ပြုပေဦးတော့ဗျို့ . ."

သတိလစ်နေသောတာတေနှင့်စိန်မြားတို့အား ပုလိပ်များက လက်ထိပ်ခတ်ပြီးချိန်တွင် ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ၎င်းတို့နှစ်ဦး၏ဦးခေါင်းများကို . . တစ်ချက်စီအသာအယာ

www.burmeseclassic.com

www.burmeseclassic.com



ပုတ်ပေးလိုက်ပြီးလျှင်. .

"နောက်ထပ်နာရီဝက်လောက်ကြာပြီးရင်. . သူတို့နှစ်ယောက်လုံးသတိရလာပါလိမ့်မယ်။ ကဲ. . ကျုပ်သွားပြီဗျို့. . ."

စကားသံအဆုံးတွင် ဆရာကြီးလှသူတော်သျှောင်တစောင်းသည်. . ပေကုန်းသချိုင်း၏အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

❖ ❖ ❖



မစ္ဆတာလှသူတော်သျှောင်တစောင်းဟာ...လှသတ်သမားတွေကို သုံးရက်အတွင်းမိအောင်ဖမ်းပေးပါ့မယ်ဆိုတဲ့...သူ့ရဲ့ကတိအတိုင်း...မနေ့ညက လှသတ်သမားစိန်မြားနဲ့တာတေတို့ကို သူကိုယ်တိုင်ဖမ်းပေးလိုက်တယ်ဗျ...။

စုံထောက်မင်းကြီး မစ္ဆတာ စတီးဝပ်

www.burmeseclassic.com

www.burmeseclassic.com



## သုံးရက်တိတိ၊ ကတိတည်တည်

နံနက်စောစော. . ကျွန်ုပ်၏အိမ်ရှေ့၌ မော်တော်ကားတစ်စီး၏စက်ရပ်သံကိုကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်လေရာ စုံထောက်ကြီးဦးဇင်ယော်၏စကိုဒါကားလေးဖြစ်နေလေသည်။

"စောစောစီးစီးရောက်လာပုံထောက်တော့ တစ်ခုခုထူးနေပြီထင်တယ်။ ကဲ. . ဆိုစမ်းပါဦးဗျာ။ ညက တောင်ငူကိုဖုန်းဆက်လိုက်တာ. . အခြေအနေကောင်းရဲ့လား။ ဆရာကြီးလှသူတော်သျှောင်တစောင်းဆီကရော ဘာတွေသတင်းထူးသေးလဲ. . "

"ဘာတွေ့ထူးခြားနေမှန်းတော့. . တိတိကျကျမသိရသေး



ပါဘူးဗျာ။ ဆရာကြီးလှသူတော်သျှောင်တစောင်းဆီကလည်း လုံးဝဆက်သွယ်ပါဘူး. . "

"ဆရာကြီးက. . ကိစ္စပြီးပြီးခြင်းဆက်သွယ်မယ်ဆိုပြီး ဘာလို့များ မဆက်သွယ်ပါလိမ့်နော်. . "

ကျွန်ုပ်မှာ ဆရာကြီးလှသူတော်သျှောင်တစောင်းအတွက် စိတ်ထဲတွင် ပူပင်နေမိလေတော့သည်။

"မနက်စောစောမှာ. . စုံထောက်မင်းကြီး မစ္စတာစတီးဝပ်ဆီက အင်းစိန်စီအိုင်ဒီရုံးကိုအမြန်ဆုံးလာခဲ့ဖို့ ဖုန်းဝင်လာတာနဲ့ ခင်ဗျားကိုလာဝင်ခေါ်တာပါ. . ။ ကဲ. . သွားကြစို့ဗျာ. . "

စီအိုင်ဒီ၏အစည်းအဝေးခန်းထဲသို့ ကျွန်ုပ်တို့ရောက်ရှိသွားသောအချိန်တွင် စုံထောက်မင်းကြီးမစ္စတာစတီးဝပ်နှင့်အတူ စီအိုင်ဒီမှစုံထောက်ကျော်များစွာကိုလည်း တွေ့ရှိရလေသည်။

ထိုအခန်းထဲတွင် ကျွန်ုပ်တို့တစ်ကြိမ်တစ်ခါမျှမမြင်ဖူးသေးသော ပုလိပ်ရုပ်ပေါက်နေသူနှစ်ဦးကိုလည်းတွေ့ရှိရပေသည်။

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် ကျွန်ုပ်တို့နှစ်ဦးအားမြင်လိုက်ရသည်နှင့် စုံထောက်ကြီးဦးဇင်ယော်အားမျက်လုံးပြူးကြီးဖြင့်စိုက်ကြည့်လိုက်ကာ ရယ်ကျဲကျဲမျက်နှာဖြင့်. .

"ကဲ. . တစ်ခါတည်းသာ ဝင်ထိုင်လိုက်ကြပါ. . ။ အစည်းအဝေးက. . အခုမှစမှာဆိုတော့ အဆင်ပြေသွားတာပေါ့ဗျာ. . ။ စုံထောက်ကြီးဦးဇင်ယော်လည်း မနေ့ညကတောင်ငူဂါတ်စခန်းကို

www.burmeseclassic.com



ကြိုတင်အချိန်ကိုက်ပြီး ဖုန်းဆက်ထားတဲ့လူဆိုတော့. . နောက်မိုင်
အဖြစ်အပျက်တွေကို သိပ်သိချင်နေမှာပေါ့. . ။ ဟုတ်လား. . ”

ဟုငေါ့တော့တော့လေသံဖြင့် ပြောဆိုနှုတ်ဆက်လိုက်သည်

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်အားကြည့်ရသည်မှာ
စုံထောက်ကြီးဦးဇင်ယော်က ဆရာကြီးလူသူတော်သျှောင်တစောင်
၏အစီအစဉ်အတိုင်းလုပ်ဆောင်ပေးခဲ့ရာတွင် အဖြစ်အပျက်၊ အခြေ
အနေတို့ကို သူ့အားကြိုတင်အသိမပေးခဲ့ခြင်းအတွက်. . စိတ်ဆို
လိုဟန်ရှိပေသော်လည်း. . အဓိကအချက်ဖြစ်သည့် လူသတ်တရား
များကို အချိန်မီဖမ်းဆီးရမိလိုက်ပြီဖြစ်၍. . မည်သို့မျှအပြစ်မတင်
နိုင်တော့သည့်အခြေအနေမျိုးပင်ဖြစ်ပေသည်။

“ခင်ဗျားတို့ကို. . ဝမ်းသာစရာသတင်းကောင်းတစ်
ပြောပြရဦးမယ်. . ။ မစ္စတာလူသူတော်သျှောင်တစောင်းဟာ လူ
သတ်သမားတွေကို သုံးရက်အတွင်းမိအောင်ဖမ်းပေးပါ့မယ်ဆိုတဲ့
သူ့ရဲ့ကတိအတိုင်း မနေ့ညကလူသတ်သမားစိန်မြားနဲ့တာထေတို့
ကို သူကိုယ်တိုင်ဖမ်းပေးလိုက်နိုင်တယ်ဗျ. . ”

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် ပုလိပ်ရုပ်ပေါက်
နေသောလူစိမ်းနှစ်ဦးဘက်သို့ လက်ငေ့ါယမ်းပြလိုက်ကာ. .

“သူတို့နှစ်ယောက်ကတော့. . မစ္စတာဇင်ယော်ဖုန်းဆက်
အကြောင်းကြားထားတဲ့. . တောင်ငူဂါတ်က အိုင်ပီချစ်ခင်နဲ့ လူဆို
ထိန်းမြမောင်တို့ပါပဲ. . ။ မစ္စတာဇင်ယော့်အမိန့်အတိုင်း တောင်ငူ



ဂါတ်ဌာနာအုပ်က လူသတ်တရားခံနှစ်ယောက်ကို. . စီအိုင်ဒီ
အရောက်လာပို့ဖို့တာဝန်ပေးလိုက်လို့ ရောက်လာကြတာပါပဲ. . ”

ကျွန်ုပ်သည် ထိုလူနှစ်ယောက်ဘက်သို့လှည့်၍. . ကျွန်ုပ်
အလွန်သိချင်နေသောအချက်ကို မေးမြန်းလိုက်လေသည်။

“ဆရာကြီးလူသူတော်သျှောင်တစောင်းက. . ဘယ်ကို
ရောက်သွားတာလဲဗျ. . ”

“အဲဒါတော့. . ကျွန်တော်တို့လည်းမသိပါဘူး။ တောင်ငူ
ကပေကုန်းသုသာန်မှာ လူသတ်တရားခံနှစ်ယောက်ကို ကျွန်တော်
တို့လက်ထဲအပ်လိုက်ပြီး. . ညမှောင်မှောင်မည်းမည်း ဆယ့်နှစ်နာရီ
အချိန်ကြီးမှာ. . သင်္ချိုင်းအပြင်ကို ပြန်ထွက်သွားပါတယ်. . ”

စုံထောက်မင်းကြီးမစ္စတာစတီးဝပ်သည် ထိုလူနှစ်ယောက်
အား မျက်ရိပ်ပြလိုက်ကာ. .

“ကဲဗျာ. . ။ ကျုပ်တို့လူတွေ အားလုံးဆုံနေကြပြီဆိုတော့
ညက ရထားပေါ်မှာကြုံခဲ့တဲ့အဖြစ်အပျက်တွေကိုပါ. . အသေးစိပ်
ပြောပြလိုက်ပါတော့. . ”

“ဟုတ်ကဲ့. . ကျွန်တော်တို့လည်း စီအိုင်ဒီကစုံထောက်ကြီး
ဦးဇင်ယော်က ဖုန်းထဲမှာညွှန်ကြားထားတဲ့အတိုင်း. . ဒီတရားခံနှစ်
ယောက်ကို အင်းစိန်စီအိုင်ဒီရုံးကိုအရောက်ပို့ဖို့ အမြန်ဆုံးစီစဉ်ကြ
ရပါတယ်. . ။ ကျွန်တော်နဲ့ လူဆိုးထိန်းမြမောင်တို့နှစ်ယောက်ကို
ဌာနာအုပ်ကြီးဦးမြင့်သိန်းကတာဝန်ပေးတာနဲ့ တရားခံနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို ညတွင်းချင်းပဲရန်ကုန်ကိုပို့နိုင်ဖို့. . မန္တလေးကလာတဲ့ လေ်ာ ကာယ်ရထားမှာ. . အိပ်ခန်းတစ်ခန်းရအောင် အမြန်စီစဉ်လိုက်ကြ ရပါတယ်. . ”

အိုင်ပီချစ်ခင်ကပင်ဦးဆောင်၍ ရှင်းပြနေလေသည်။

“ညနှစ်နာရီမှာ. . ရထားဆိုက်လာတော့ ကျွန်တော်တို့ နှစ်ယောက်နဲ့တရားခံနှစ်ယောက် အိပ်စင်တွဲမှာအိပ်ခန်းတစ်ခန်း ယူပြီး ရထားပေါ် တက်လိုက်လာခဲ့ကြပါတယ်။ အိပ်ခန်းကိုသော့ခတ် လိုက်ပြီး. . တရားခံနှစ်ယောက်ကိုလည်း လက်ထိပ်တွေကိုသံတိုင် တစ်ခုမှာ တွဲခတ်လိုက်ပြီးပြီမို့. . ကျွန်တော်တို့နှစ်ယောက်လည်း စိတ်အေးလက်အေးရထားပြတင်းပေါက်ကိုဖွင့်ပြီး လိုက်လာခဲ့မိကြ တာပေါ့ခင်ဗျာ. . ။ ရထားက အရှိန်နဲ့ခုတ်မောင်းနေတာဆိုတော့ ပြတင်းပေါက်ဖွင့်စီးလည်း. . ဘယ်လိုရန်သူမျိုးကိုမှ စိုးရိမ်နေစရာ မလိုတာမို့ ခါတိုင်းရန်ကုန်ကိုတရားခံတွေပို့ရရင်လည်း တရားခံ တွေကို အပေါ် ဘက်အိပ်စင်မှာလက်ထိပ်နဲ့တွဲခတ်ထားပြီး သွားနေ ကြမို့ အကျင့်တစ်ခုလိုတောင်ဖြစ်နေပါပြီခင်ဗျာ. . ”

အိုင်ပီချစ်ခင်သည် မောသွားဟန်ဖြင့်ရေတစ်ခွက်ကိုငှဲ့ သောက်လိုက်လေသည်။

“အဲဒီလိုနဲ့. . ရထားကပဲခူးဘူတာကိုကျော်လာတော့ ကျွန် တော်တို့နှစ်ယောက်လည်း. . အိပ်ချင်လာကြတာနဲ့ မှေးကနဲအိပ် ပျော်သွားကြပါတယ် . . ”



“ဒီအချိန်မှာ. . ကျွန်တော့်နားထဲက အသံတစ်သံကိုကြား လိုက်ရတာမို့ ဖြတ်ကနဲလန့်နိုးလာပြီးကြည့်လိုက်တော့ ရထားခေါင် မိုးပေါ် ကနေကြိုးနဲ့တွယ်ဆင်းလာနေတဲ့ လူကြီးတစ်ယောက်ကိုတွေ့ လိုက်ရပါတယ်. . ”

လူဆိုးထိန်းမြမောင်သည်. . ဆရာဖြစ်သူအိုင်ပီချစ်ခင် တစ်ယောက် မောပန်းနေသည့်အဖြစ်ကိုရိပ်မိလိုက်သဖြင့်. .

“ဟုတ်ကဲ့. . ။ ကျန်တဲ့အဖြစ်အပျက်တွေကို ကျွန်တော်ပဲ ဆက်ရှင်းပြပါ့မယ်ခင်ဗျာ. . ။ အဲဒီလို. . ရထားခေါင်မိုးပေါ် ကနေ ကြိုးနဲ့တွယ်ဆင်းလာတဲ့လူဟာ ရုတ်တရက်ကျွန်တော်တို့ရဲ့အိပ်ခန်း ထဲအထိခုန်ဝင်လာပြီး ကျွန်တော်တို့နှစ်ယောက်ကိုတိုက်ခိုက်လိုက် ပါတယ်. . ။ ကျွန်တော်တို့နှစ်ယောက်လုံးဟာ အငိုက်မိသွားတာမို့ သူ့ရဲ့လက်သီးချက်တစ်ချက်စီမိသွားတာနဲ့ အိပ်စင်ပေါ် မှာပဲသတိ လစ်သလိုဖြစ်သွားကြရပါတယ်. . ။ သူက ဘယ်လိုပညာရပ်တွေ သုံးပြီးတိုက်ခိုက်တာလဲတော့ မသိပါဘူးဆရာတို့ရယ်. . ။ သူ့ရဲ့ ဘယ်ဖက်လက်သီးကရင်အုံနားကိုလာထိတာနဲ့ ကျွန်တော်တို့နှစ် ယောက်စလုံး မလှုပ်နိုင်၊ မရှားနိုင်အောင်ဖြစ်သွားကြပြီး သူလုပ်နေ သမျှကို အော်ဟစ်အကူအညီတောင်းဖို့တောင် အသံမထွက်နိုင်ကြ တော့ပါဘူး. . ”

“အဲဒါဟာ. . သွေးကြောကို လက်သီးနဲ့ဆတ်ထိုးပြီးသွေး ကြောပိတ်လိုက်တဲ့ရှေးဟောင်းပညာရပ်တစ်မျိုးပဲဗျ. . ”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကျွန်ုပ်အနေနှင့်ကြားဖူးထားသည့်ဇာဟုသုတ ကိုပြောပြရင်း ဆရာဝင်လုပ်လိုက်လေသည်. . ။

"ဟုတ်ကဲ့. . ။ အဲဒီလို မလှုပ်မရှားနိုင်ဖြစ်နေပြီး သူလု သမျှငြိမ်ခံနေရတဲ့အချိန်မှာ သူ့ကိုသေချာကြည့်လိုက်တော့. . သူ ကိုယ်တိုင်လည်း ညာဘက်လက်မောင်းရင်းကရင်အုံနေရာမှာ ဒဏ် ရာရနေတာကိုတွေ့လိုက်ရပါတယ်. . ။ သူ့ရဲ့ဘယ်ဖက်လက်နဲ့ အ ဒီဒဏ်ရာကိုဖိအုပ်ထားပေမယ့် ဒဏ်ရာကသွေးတွေစိမ့်ထွက်နေတာ ကိုလည်း သတိထားမိပါတယ်. . ။ သူဟာ ဒယီးဒယိုင်နဲ့ရှေ့နားကို တိုးကပ်လာပြီး ကျွန်တော့်အင်္ကျီနဲ့ဘောင်းဘီအိတ်တွေထဲမှာလက် ထိုးဖြုတ်ပေးဖို့သော့ကိုလိုက်ရှာနေပါတယ်. . ။ သော့ကဆရာအိုင် ပီချစ်ခင်ရဲ့ဘောင်းဘီအိတ်ထဲမှာရှိနေတာဆိုတော့ ကျွန်တော့်ကိုယ် မှာရှာလို့မတွေ့နိုင်ဘဲဖြစ်နေချိန်မှာ အိပ်စင်ပေါ်ကတာတေဆိုတဲ့ တရားခံက 'သော့တွဲက. . ဒီဘက်လူရဲ့ဘောင်းဘီအိတ်ထဲမှာရှိတယ် ဆရာကြီး' လို့ လှမ်းပြောလိုက်တာကို ကြားလိုက်ရပါတယ်. . "

"အဲဒီဒဏ်ရာနဲ့လူဟာ. . ကျွန်တော့်ကိုယ်ပေါ်က ကျော်ပြီး အိုင်ပီချစ်ခင်ရဲ့ဘောင်းဘီအိတ်ကို နှိုက်ယူမလို့ပြင်နေတုန်းမှာပဲ အိပ်ခန်းတံခါးကို တဒေါက်ဒေါက်နဲ့ခေါက်နေသံကထွက်ပေါ်လာ ပါတယ်. . ။ ဒဏ်ရာနဲ့လူဟာ သော့တွဲကိုမနှိုက်ဖြစ်တော့ဘဲ. . မတ်မတ်ပြန်ရပ်လိုက်ပြီး 'ဘာကိစ္စရှိလို့လဲဗျာ' လို့ အသံမာမာနဲ့ လှမ်းမေးလိုက်ချိန်မှာ 'လက်မှတ်စစ်ဆေးချင်လို့ပါ ခင်ဗျာ' ဆိုတဲ့



အသံအေးအေးလေးကိုကြားလိုက်ရတော့ သူ့တစ်ကိုယ်လုံးဟာ ဆတ်ကနဲတုန်ခါသွားပါတယ်. . "

လူဆိုးထိန်းမြမောင်သည်လည်း စကားဆက်တိုက်ပြော လိုက်ရသဖြင့်မောပန်းသွားဟန်ဖြင့် ရေတစ်ခွက်ကိုငှဲ့သောက်နေ လေသည်. . ။

"ဒဏ်ရာနဲ့လူက. . အသံမာမာနဲ့ 'ဒီအခန်းထဲမှာ လူမမာ တစ်ယောက်အိပ်နေလို့ နောက်မှလာစစ်ကွာ. . ' လို့ ပြောလိုက် ပေမယ့် အခန်းအပြင်ဘက်ကလူဟာလေသံအေးအေးနဲ့ပဲ 'လူမမာ တစ်ယောက်ဆိုတာ ညာဘက်ရင်အုံနားမှာမြားမှန်ထားတဲ့လူမမာ လားကွယ့်. . ။ ဒါဆိုရင်. . ကျုပ်က သိပ်သူ့ကိုတွေ့ချင်နေတာပါ' လို့ ပြန်ပြောလိုက်သံကိုကြားလိုက်ရပြီး အိပ်ခန်းတံခါးသော့အိမ် ထဲကို တစ်စုံတစ်ခုနဲ့ထည့်ဖွင့်နေတဲ့အသံတဂျစ်ဂျစ်ကိုကြားလိုက်ရ တာနဲ့ ဒဏ်ရာနဲ့လူဟာဒယီးဒယိုင်ဖြစ်နေတဲ့သူ့ကိုယ်ကို ပြန်ထိန်း လိုက်ပြီးအိပ်စင်ပေါ်ကတရားခံနှစ်ယောက်ကို 'တပည့်တို့ရေ။ ဆ ရာ့အနေနဲ့. . အချိန်မီကယ်ဖို့ကြိုးစားတာ အောင်မြင်ကာနီးကျမှ ရန်သူတော်ကြီးလူသူတော်သျှောင်တစောင်းက ရောက်လာပြန်ပြီ ကွယ့်. . ။ မင်းတို့ရဲ့ကံပဲပေါ့ကွယ်. . ' လို့ လှမ်းပြောလိုက်ပြီးဖွင့် ထားတဲ့ရထားပြတင်းပေါက်ကကြိုးကိုခုန်ဆွဲပြီး ရထားတွဲခေါင်မိုး ပေါ်ကိုပြန်တက်သွားတယ်. . ။ မရှေးမနှောင်းမှာပဲ ရထားအိပ်ခန်း တံခါးပွင့်သွားပြီး. . တောင်ငူသင်္ချိုင်းမှာတွေ့ခဲ့ရတဲ့ဆရာကြီးလူသူ

www.burmeseclassic.com

www.burmeseclassic.com



တော်သျှောင်တစောင်းဟာ အခန်းထဲကိုပြေးဝင်လာပြီး တစ်ခန်းလုံး အခြေအနေကိုဝေ့ကြည့်လိုက်ပြီးမှ မလှုပ်နိုင်၊ မရှားနိုင်ဖြစ်နေကြတဲ့ ကျွန်တော်နဲ့ဆရာအိုင်ပီချစ်ခင်တို့ကိုမြင်တော့မှ ပြတင်းပေါက်မှာတွဲလောင်းကျနေတဲ့ကြိုးကို လက်နဲ့ဆွဲကြည့်လိုက်ပြီး 'အင်း. . ဒီတစ်ခါလည်း လွတ်သွားပြန်ပြီ. . ။ သူ့ကံပေါ့လေ' လို့ ညည်းလိုက်ပြီး ကျွန်တော်တို့ဆရာတပည့်နှစ်ယောက်ရဲ့ဇက်ပိုးတွေကို ခပ်ဆတ်ဆတ်ရိုက်ချပေးလိုက်တယ်။ သူ့ပညာက. . အတော်ဆန်းပါတယ်ဗျာ။ သူရိုက်ချပေးလိုက်တာနဲ့ ကျွန်တော့်တစ်ကိုယ်လုံးဟာနွေးကန်ဖြစ်သွားပြီး မလှုပ်နိုင်မရှားနိုင်ဖြစ်နေတဲ့ဝေဒနာဟာလည်း. . လုံးဝပျောက်သွားပါတော့တယ်. . ။ သူကရထားပြတင်းတံခါးပေါက်ကို ပြန်ဆွဲပိတ်လိုက်ပြီး 'ကိုယ့်လူတို့. . ဒီတစ်ခါတော့ အိပ်ငိုက်မနေကြနဲ့တော့. . ။ တံခါးလာခေါက်ရင်လည်း သေနတ်တွေထုတ်ထားပြီးမှသာဖွင့်ပေးပါ. . ။ ရန်သူကို. . အထင်မသေးကြပါနဲ့' လို့ ပြောပြီး အခန်းတံခါးကိုပြန်ပိတ်ပေးပြီး ထွက်သွားတော့တာပါပဲဗျာ.”

လူဆိုးထိန်းမြမောင်၏စကားကိုကြားသောအခါ ကျွန်ုပ်သည်ဝမ်းသာအားရပင်. .

“ဒါဆို. . ဆရာကြီးဟာ ရန်ကုန်မှာပဲရှိနေမှာသေချာတာပေါ့ဗျ. . ။ ရထားပေါ်မှာ ဆရာကြီးပါလာတာပဲ. .”

“ဟုတ်ပ ကိုသိန်းမောင်ရေ။ ကျုပ်က ရန်ကုန်မှာပါပဲ. .”

ထိုကဲ့သို့ပြောဆိုရင်းအခန်းထဲသို့ဝင်လာသူမှာ ကျွန်ုပ်အ



လွန်တွေ့ချင်နေသောဆရာကြီးလူသူတော်သျှောင်တစောင်းကိုယ်တိုင်ပင်ဖြစ်ပေတော့သည်။

ဆရာကြီးသည် စုံထောက်မင်းကြီးမစ္စတာစတီးဝပ်ဘက်သို့လှည့်၍. .

“ဆောရီးပဲ မစ္စတာစတီးဝပ်. . ။ တရားခံတွေကိုအားပေးကူညီခဲ့တဲ့လူတစ်ယောက်နောက်ကိုဆက်လိုက်နေလို့ ကျွန်ုပ်နောက်ကျသွားတာပါ. .”

“အိုး. . ရပါတယ်မစ္စတာသျှောင်တစောင်း။ ကျွန်ုပ်လည်းအကြောင်းစုံကို ခုနကမှသိရတာပါ. . ။ တရားခံတွေကို အချိန်မှီဖမ်းပေးတာကိုလည်း ကျေးဇူးတင်ပါတယ်. .”

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် ကုလားထိုင်တစ်လုံးတွင်ဝင်ထိုင်လိုက်ပြီးသည်နှင့် ကျွန်ုပ်စိတ်ထဲတွင်အလွန်သိချင်နေသောကိစ္စကိုမေးမြန်းစပ်စုလိုက်မိလေတော့သည်။

“ဆရာကြီးက ဒီလူသတ်တရားခံနှစ်ယောက်ကို ဘယ်လိုသဲလွန်စတွေရပြီးဖမ်းမိခဲ့တယ်ဆိုတာ ရှင်းပြပေးပါဦးဆရာကြီး. .”

“အင်း. . ကျုပ်ကလည်းရှင်းပြဖို့လာခဲ့တာပဲဗျ။ ကျုပ်နဲ့ခင်ဗျားတို့နှစ်ယောက် ခြောက်ထပ်ကြီးကုန်းကအိမ်ကြီးကိုသွားခဲ့ကြတာက စပြောရမှာပေါ့ဗျာ. .”

“ဟုတ်ကဲ့. . ပြောပါဆရာကြီး. .”

“အဲဒီခြံကြီးထဲက. . ခြံစောင့်ကြီးဦးဖြူသီးကို မေးဆေးပေး

www.burmeseclassic.com

www.burmeseclassic.com



ပြီးထားခဲ့တဲ့မြက်ခင်းအစပ်မှာ နေလဂိုဏ်းကငွေဆွဲပြားနဲ့ပွတ်ချွန်းဆေးလိပ်တိုကိုတွေ့ခဲ့တာ မှတ်မိကြမှာပေါ့. . ”

“ဟုတ်ကဲ့. . မှတ်မိပါတယ်ဆရာကြီး. . ”

“အဲဒီမှာ. . ငွေဆွဲပြားလေးနဲ့ပတ်သက်ပြီး သူတော်စင်ဦးမြသာဆီရောက်သွားကြတော့ ငွေဆွဲပြားပိုင်ရှင်ဟာမောင်ချစ်ဖေဆိုတဲ့ကောလိပ်ကျောင်းသားဆိုတာ သိခဲ့ရပြန်တယ်နော်. . ”

“ဟုတ်ပါတယ်. . ဆရာကြီး”

“အဲဒီတော့. . တရားခံစာရင်းထဲမှာ မောင်ချစ်ဖေဆိုတဲ့ကောလိပ်ကျောင်းသားဟာ အလိုလိုစာရင်းဝင်သွားတာပေါ့။ ဒါပေမယ့် နေလဂိုဏ်းရဲ့အဖွဲ့ဝင်အမှတ်ခုနစ်ကပြောပြလို့ မောင်ချစ်ဖေဟာလွန်ခဲ့တဲ့သုံးနှစ်ကသေဆုံးသွားပြီးတဲ့အကြောင်းနဲ့ သချိုင်းမှာမြေမြှုပ်တုန်းကငွေဆွဲပြားလေးကိုပါအသေအချာထည့်ပေးလိုက်တာကိုသိလိုက်ရတော့ သဲလွန်စငွေဆွဲပြားလေးရဲ့နောက်ဆုံးနေရာဟာ ပေကုန်းသုသာန်ဖြစ်နေတော့တာပေါ့. . ”

“မှန်လိုက်လေ. . ဆရာကြီးရယ်. . ”

ကျွန်ုပ်နှင့်တကွ အစည်းအဝေးခန်းထဲမှလူအားလုံးတို့သည် ဆရာကြီးလူသူတော်သျှောင်တစောင်းရှင်းပြနေသည်ကို စိတ်ဝင်စားစွာနားထောင်နေကြပေသည်။

“ကျုပ်လည်း. . ခင်ဗျားတို့နဲ့ အချိန်းအချက်လုပ်ခဲ့ပြီးတောင်ငူပေကုန်းသုသာန်ကိုအမြန်သွားရတာပေါ့. . ။ ပေကုန်းရွာ



ကိုရောက်သွားတော့. . အသုဘတစ်ခုနဲ့ကြုံနေတာမို့ ကျုပ်လည်း ခုံဖျက်ပြီးအသုဘလိုက်ပို့လိုက်တယ်. . ။ အဲဒီမှာတင် ကိုးသချိုင်းရာဇာကို သုဘရာဇာပေတိုးအဖြစ်နဲ့တွေ့လိုက်ရတော့တယ်။ ကျုပ်လည်းပို့ပြီးသေချာအောင် သချိုင်းဇရပ်အနီးအနားမှာကြည့်လိုက်တော့ ပွတ်ချွန်းဆေးလိပ်တိုတွေကိုတွေ့တာနဲ့တစ်ခုကိုကောက်ယူပြီး ကျုပ်သိမ်းထားတဲ့ပွတ်ချွန်းဆေးလိပ်တိုနဲ့နှိုင်းယှဉ်ကြည့်လိုက်တော့ အတူတူပဲဖြစ်နေတာကိုတွေ့ရတော့တယ်. . ။ ပွတ်ချွန်းဆေးလိပ်ဆိုတာက. . ဆေးရွက်ကြီးအမှုန့်တွေကို သတင်းစာစက္ကူနဲ့ကိုယ်တိုင်လိပ်သောက်ကြတဲ့ဆေးလိပ်မျိုးဆိုတော့ တစ်ယောက်နဲ့တစ်ယောက်လိပ်ပုံချင်းမတူကြဘူးလေ. . ။ ကျုပ်တွေ့နေရတဲ့ဆေးလိပ်တိုတွေက ဘယ်သန်တစ်ယောက်တည်းကလိပ်ထားတဲ့ပွတ်ချွန်းဆေးလိပ်မျိုးတွေပဲဗျ. . ”

“ဆရာကြီးကတော့. . စေ့စပ်သေချာပါပေတယ်ဗျာ”

“သိပ်လည်းအထင်မကြီးနဲ့ ကိုသိန်းမောင်ရေ. . ။ ကျုပ်သက်ပို့လျှင်တဲ့ကိုးသချိုင်းရာဇာက. . ကျုပ်ရုပ်ဖျက်ပြီးရောက်လာတာကိုရိပ်မိလိုက်တာမို့ ညဘက်မှာ. . ကျုပ်ကပေကုန်းသုသာန်ဇရပ်မှာသွားဖမ်းတော့ အမှောင်ထဲကပဲစောင့်ရင်ဆိုင်တယ်။ အဲဒီမှာကျုပ်ရဲ့ဒေါင်းမြီးတပ်မြားဒဏ်ရာတစ်ချက်ပဲရလိုက်ပြီး အလွတ်ရုန်းထွက်သွားနိုင်ခဲ့တယ်လေ။ ဒါတောင်မှ ကျုပ်ကကြိုးစားပြီးဖမ်းထားတဲ့သူ့တပည့်တရားခံနှစ်ယောက်ကို ရထားပေါ်မှာလိုက်ကယ်တာ. .

www.burmeseclassic.com

ပြန်လွတ်သွားတော့မလို့ဟာ သီသီလေးပဲလိုသွားတယ်မဟုတ်လား
ကျုပ်လည်း ရထားတစ်တွဲလုံးအနှံ့လိုက်ရှာတာမတွေ့လို့ ရထား
ပြီးနှစ်နာရီကျော်လောက်အထိ ရထားတွဲတွေနားမှာစောင့်ကြည့်
လိုက်တာ အခုမှပဲလက်လျှော့ပြီးပြန်လာခဲ့တာပဲ. . ။ ရထားအရှိ
နည်းနည်းလျှော့တဲ့အချိန်မှာ စွန့်စားပြီးခုန်ဆင်းသွားတယ်နဲ့တူ
ရဲ့ဗျာ. . ”

ဆရာကြီးသည် ထိုင်ရာမှထလိုက်ပြီးလျှင်. .

“ကိုင်း. . ကျုပ်တာဝန်ကတော့ပြီးပြီ. . ။ ဒီလူသတ်သမား
တွေက. . ဒေါ်တင်မေကြီးကိုဘာကြောင့်သတ်သွားသလဲဆိုတာ
အဖြစ်မှန်သိအောင်စုံစမ်းဖို့. . ခင်ဗျားတာဝန်ပဲကျန်တော့တယ်
ဦးဇင်ယော်ရေ။ ကျုပ်ကတော့. . ကိုးသချိုင်းရာဇာကိုအုပ်မိအော
လိုက်ရဦးမယ်ဗျို့”

ပြောပြောဆိုဆိုပင် ဆရာကြီးလူသူတော်သျှောင်တစော
သည်အစည်းအဝေးခန်းထဲမှလူများအားနှုတ်ဆက်၍ ထွက်ခွာသွ
လေတော့သတည်း. . ။

(ဆက်လက်ဖေါ်ပြမည့်. . လူသတ်တရားခံစိန်မြားနှင့်တ
တေတို့၏ထွက်ဆိုချက်များကို အမှုတွဲအတိုင်းရေးသားဖေါ်ပြလျှ
စာဖတ်သူများအနေဖြင့်. . ပျင်းရိငြီးငွေ့ဖွယ်ဖြစ်နိုင်ကြောင့် ဝတ္ထု
ကဲ့သို့ရေးသားတင်ဆက်လိုက်ပါသည်) စာရေးသူ

❖ ❖ ❖





အဲဒီမှာတင်. . .သပွတ်အူကစာကလေးသိုက်ကို ပြောလိုက်
တာကတော့. . .“ဟော့ကောင်. . .ဘေးကိုကပ်ပေးလိုက်။ ငါတို့
နှစ်ဦးစလုံးထက်ပိုရှုပ်တဲ့. .အငြိမ့်လှေကြီးလာနေပြီဟေ့။
ကျော်တက်ပလေ့စေ” လို့ ပြောပြီး. . .ဘေးကိုကပ်ပေးလိုက်
ကြရတာပေါ့ကွာ”

*ဝမင်း ချက်ကြီး ဦးကြက်နီ*

www.burmeseclassic.com



## စိန်များ၏ထွက်ချက်

ရန်ကုန်မြို့၏ ရေကျော်ရပ်ကွက်ဟုခေါ်သော ရပ်ကွက်တွင် အငြိမ့်အဖွဲ့တစ်ဖွဲ့ရှိလေသည်။ ထိုအငြိမ့်အဖွဲ့၏အမည်ကား ရွှေပိတုန်းတင်မေအငြိမ့်အဖွဲ့ဖြစ်ပြီးလျှင် ခေါင်းဆောင်မင်းသမီးမှာ ရုပ်ရည်ချောမောသလောက်၊ အကကောင်းလှသော နာမည်ကြီးမင်းသမီး ရွှေပိတုန်းတင်မေပင်ဖြစ်ပေသည်။

ထိုအငြိမ့်အဖွဲ့ကြီး၏အငြိမ့်ထောင်ဆရာကား တေးပြု စာဆို၊ ဒါရိုက်တာဦးပါနောက်ဖြစ်ပြီး. . လူ့ရှင်တော်များမှာလည်း ထိုခေတ်အခါကအလွန်နာမည်ကြီးလှသော ရွှေများနှင့်ငွေများဆိုသည့်



လူ့ရှင်တော်ကြီးများဖြစ်ကြပေရာ. . ရွှေပိတုန်းတင်မေအငြိမ့်အဖွဲ့သည် ပွဲချိစိပ်စိပ်ကနေရသည့်အောင်မြင်နေသောအငြိမ့်အဖွဲ့ကြီးပင်ဖြစ်ပေသည်။

တစ်နေ့တွင်. . အငြိမ့်အဖွဲ့သားများအကတိုက်နေကြစဉ်က် မြင်းလှည်းတစ်စီးအငြိမ့်ထောင်ဆရာအိမ်ရှေ့သို့ ဆိုက်ရောက်လာကာ နောက်ပိုင်းမင်းသားကြီးစိန်အောင်လွင်သည်အထုပ်အပိုးများကို. . လူရွယ်တစ်ယောက်နှင့်အတူ အောက်သို့သယ်ချနေလေတော့သည်။

"ဟာ. . မင်းသားကြီး အညာကပြန်ရောက်လာပြီဟေ့. ။ အညာပုန်းရည်ကြီးတွေမှာလိုက်တာ ပါလာရဲ့လားမသိဘူး. ."

"ညည်းတို့ကလည်း အစားအသောက်ပဲမေးနေကြတယ်။ အထုပ်အပိုးတွေလည်း ဝိုင်းမကြပါဦး. ."

"ပုန်းရည်ကြီးပါမပါတော့. . မသိဘူး။ ကောင်လေးတစ်ယောက်တော့ပါလာတယ်. . ။ ရုပ်ရည်လေးက သနားကမားလေးပဲ ~~ တော့. ."

တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသည့်အသံများကျက်ပွက်ညံ၍သွားပေသည်။ ယိမ်းသမလေးများကလည်း. . တစ်ယောက်နှင့်တစ်ယောက် မျက်စချီ၍တွတ်ထိုးနေကြလေသည်။

"မင်းသားကြီး အညာကပြန်လာတာ. . နင်တို့အမေပြန်လာတယ်များမှတ်နေကြသလား. . ။ ကဲ. . တိတ်ကြစမ်းဟေ့. ."

www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်ထောင်ဆရာဦးပါနောက်က အော်ဟစ်ငေါက်ငေ လိုက်တော့မှပင်. . အားလုံးငြိမ်သွားကြလေတော့သည်။

"ယိမ်းထဲက. . ဟာမတွေ။ ကိုယ့်အလုပ်ကိုယ်လုပ်ကြစမ် မစပ်စုကြနဲ့. . ။ နင်တို့ယိမ်းညီနေမှ ငါထမင်းစားရမှာဟ. .

အငြိမ့်ထောင်ဆရာဦးပါနောက်၏စကားကြောင့် ယိမ်းသ မလေးများသည် ယိမ်းအကကိုဆက်၍တိုက်နေကြလေတော့သည် အပြောင်အပျက်ပြောတတ်သော လူရွှင်တော်ရွှေမြားက. .

"ဦးပါနောက်က ယိမ်းညီမှထမင်းစားရမယ်ဆိုတော့. . ကျုပ်တို့လူရွှင်တော်တွေက ကြိုးစားဖို့မလိုတော့ဘူးပေါ့လေ. . ဟုတ်လား. ."

"ဟကောင်ကြီးရ. . ။ နင်တို့လူရွှင်တော်တွေရယ်ရတေ ငါက. . ထမင်းပိုစားရတာပေါ့. ."

ထိုအချိန်တွင် နောက်ပိုင်းမင်းသမီးကြီးဉသြတင်ကလည ဝင်ပြောလိုက်ပြန်သည်။

"ဒီမယ်. . အငြိမ့်ထောင်ကြီး။ ကျွန်မမှာဖြင့် ဆိုလိုက ငိုလိုက်ရတာ. . တစ်ညတစ်ည နားရတယ်ကိုမရှိပါဘူး။ ကျွန်မက မဆို၊ မငိုရင်လည်း ဖြစ်တယ်မဟုတ်လားရှင့်. ."

"ဒီမယ် ဉသြတင်. . ။ လူရွှင်တော်တွေရယ်ရရင် ထမင် ပိုစားရမယ်. . ။ နင်က. . အငိုကောင်းတော့ ထမင်းတွေပိုလာပြ ဝက်စာ၊ ခွေးစာတောင်ကြွေးလို့ရတာပေါ့ဟာ. ."



"ဟား. . ဟား. . ဟား. . ."

အငြိမ့်အဖွဲ့သားများမှာ အငြိမ့်ထောင်ဆရာဦးပါနောက် ၏ဟာသစကားကြောင့် အားလုံးဝိုင်း၍ရယ်မောလိုက်ကြလေတော့ သည်။

"ကဲ. . မင်းသားကြီးရေ. . ။ ဆိုစမ်းပါဦး။ ဒီကောင်လေး က ဘယ်သူတုန်းဗျ. ."

"အဲဒီကိစ္စကို. . ကျုပ်လည်းပြောပြတော့မလို့ပါပဲ အငြိမ့် ထောင်ဆရာကြီးရယ်. ."

"ဆိုစမ်းပါဦး. ."

"ဒီသူငယ်နာမည်က. . မောင်သိန်းတန်လို့ ခေါ်ပါတယ်။ ကျုပ်နဲ့ကတော့. . ဆွေရိပ်မကင်း၊ မျိုးရိပ်မကင်းထဲကပေါ့ဗျာ. . ။ အတန်းပညာလည်း ရှစ်တန်းအထိသင်ခဲ့ဖူးပါတယ်။ သူ့မိဘနှစ် ပါးလုံး ဆုံးပါးသွားကြပြီဆိုတော့. . ရွာကဘုန်းကြီးကျောင်းမှာပဲ ခိုနေရရှာတာပါ။ ဒီသူငယ်က. . ဇာတ်အငြိမ့်ပညာတွေကိုလည်း ဝါသနာပါတာမို့ ကျုပ်တို့အငြိမ့်အဖွဲ့မှာလိုအပ်တာခိုင်းနိုင် ခေါ်လာခဲ့တာပဲ. ."

အငြိမ့်ထောင်ဆရာဦးပါနောက်သည် မောင်သိန်းတန်ဆို သောသူငယ်အား တစ်ချက်မျှအကဲခတ်ကြည့်ရှုလိုက်ပြီး. .

"ဟုတ်ပြီ. . ကျုပ်အဖွဲ့မှာ အင်အားတစ်ယောက်တိုးတာ ပေါ့ဗျာ. . ။ ခင်ဗျားနဲ့ဆွေမျိုးတော်နေတယ်ဆိုတော့ ကျုပ်အနေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့လက်ခံရမှာပေါ့. . ”

“ကျေးဇူးတင်ပါတယ် အငြိမ့်ထောင်ကြီးရယ်. . ။ ကဲ. လူလေးမောင်သိန်းတန်။ ကျေးဇူးတင်စကားပြောလိုက်လေ. .”

“ဟုတ်ကဲ့. . ။ ကျွန်တော့်ကို လိုလိုလားလားလက်ခံ ကျေးဇူးအများကြီးတင်ပါတယ်. . ။ ဘဘကြီး ခိုင်းချင်တာခိုင်း ပါတယ်ခင်ဗျာ. . ”

“အေးကွာ. . ။ လောလောဆယ်တော့ ဟောဒီကထ ချက်အဘဦးကြွက်နီနဲ့တွဲနေပြီး အဘခိုင်းသမျှဝိုင်းလုပ်ပေးပေါ့. .

အငြိမ့်ထောင်ဆရာဦးပါနောက်က. . အသက်ကြီး စိတ်ကောင်းရှိပုံရသည့် အဘိုးကြီးတစ်ဦးအားလက်ညှိုးညွှန်ပြ တာဝန်ပေးလိုက်လေသည်. . ။

လူရွှင်တော်ငွေမြားသည် မောင်သိန်းတန်အားခြေ ခေါင်းဆုံးကြည့်ရှုအကဲခတ်လိုက်ကာ. .

“မင်းက. . အကတွေ၊ အဆိုတွေမှာ အတော်ဝါသနာ တယ်ပေါ့. ။ ဟုတ်လား. . ”

“ဟုတ်ကဲ့. . ခင်ဗျ. . ”

“ဒါဖြင့်. . မင်းက အဆို၊ အကတတ်သလား. . ”

“ကျွန်တော် နည်းနည်းပါးပါးတော့ ဆိုတတ်၊ ကတတ် တယ်ခင်ဗျာ. . ”

“အင်း. . မင်းကရုပ်ရည်လေးလည်းရှိတော့ တစ်ချိန်



မှာမင်းသားဖြစ်လောက်ပါရဲ့. . ”

“ကျွန်တော်က. . ရွာမှာတော့ မင်းသားပဲဗျ. . ။ ရွာက ဒိုးပတ်ဝိုင်းမှာ ကျွန်တော်ပဲ ဆိုတယ်၊ ကတယ်လေ. . ”

“ဒါဖြင့် မင်းရတဲ့သီချင်းတစ်ပုဒ်လောက်နဲ့ ဆိုပြ၊ ကပြပါ သားကွ. . ”

“ရပါတယ်. . ။ ကျွန်တော် ဆိုပြပါ့မယ်. ။ ဗုံထောက်သီ ချင်းလေ. . ။ ရွာကဒိုးဝိုင်းမှာ ကျွန်တော်ဆိုနေကြသီချင်းပေါ့. . ”

လူရွှင်တော်ငွေမြားက ဗုံထောက်တီးလုံးကိုပါးစပ်ဆိုင်းဖြင့် တီးပေးလိုက်လေရာ အဆိုဝင်ရမည့်နေရာရောက်သည်နှင့်. .

“အရှေ့ဆိုတောင်ပေါ်ရိုးဆီက လိပ်ခွတ်လို့သမင်သေ. . ပက်လက်နေ. .

ဒူးကိုမှန်လို့. . မျက်စေ့ကျိုးတယ်၊ ဒူးကိုမှန်လို့. . မျက်စေ့ ကျိုးတယ်. . ၊ အလိုဗျာ. . သွား ဟောက်တောက်ကန်း. . ကန်း. . ”

ပါးစပ်ဆိုင်းဖြင့်ပင် ကွေးနေအောင်ကနေသည့်မောင်သိန်း တန်ကိုကြည့်ကာ အငြိမ့်အဖွဲ့သားများက သဘောကျစွာရယ်မော ကြလေတော့သည်။

♣ ♣ ♣

နံနက်မိုးသောက်အလင်းရောက်သည်နှင့် အငြိမ့်ထောင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှိရာသို့. . အဖွဲ့သူအဖွဲ့သားများသည် တစ်ယောက်ပြီးတစ်
ယောက် တီးလုံးတိုက်ရန်ရောက်ရှိလာကြလေတော့သည်။

မောင်သိန်းတန်သည်. . ရေထမ်းပုံးနှစ်ပုံးဖြင့် ရေတွင်းမှ
ရေများကို အငြိမ့်ထောင်ဆရာအိမ်ရှိစည်ပိုင်းများသို့ ပြည့်အောင်
လိုက်ထည့်နေရလေသည်။ အငြိမ့်တစ်ဖွဲ့လုံးသုံးကြသဖြင့် စည်ပိုင်
များမှာ ငါးလုံးရှိလေသည်. . ။ စည်ပိုင်းငါးလုံးပြည့်အောင်ရေဖြည့်
ပြီးသောအခါ ထမင်းချက်သည့်နေရာသို့သွားကာ အငြိမ့်အဖွဲ့သူ
အဖွဲ့သားများစားရန်ချက်ပြုတ်နေသော ထမင်းချက်ကြီးဦးကြွက်
ကို ဝိုင်းကူလုပ်ပေးရပြန်လေ၏။

"မောင်သိန်းတန်ရေ. ။ ထင်းမရှိတော့လို့ ထင်းနည်းနည်
လောက်သွားခွဲလိုက်စမ်းပါဦးကွာ. ."

"ဟုတ်ကဲ့. . အဘ"

မောင်သိန်းတန်မှာ. . ထင်းရုံရှိရာသို့သွားကာ ထင်းခွဲပေ
ရပြန်လေတော့သည်။ ထို့နောက်. . ထမင်းဟင်းများကျက်ပြီး
မကြာမီမှာပင် နံနက်ပိုင်းအတွက်အငြိမ့်ယိမ်းအကတိုက်ခြင်း
လည်းပြီးဆုံးသွားလေသည်။

"ကဲ. . ထမင်းဆွဲကြမယ်ဟေ့."

အငြိမ့်ထောင်ဆရာကအော်ပြောလိုက်ရင်း အနီးရှိခြေ
မောင်းကြီးအား သုံးချက်တီးလိုက်လေသည်. . ။

"ဒူ. . ဒူ. . ဒူ. ."



အငြိမ့်အဖွဲ့မှ အဖွဲ့သူ၊ အဖွဲ့သားများသည် ပန်းကန်ပြား
များကိုယ်စီကိုင်ကာ. . ထမင်းချက်ရုံသို့လာ၍ ထမင်းနှင့်ဟင်းများ
ကိုတန်းစီယူကြလေသည်။ မောင်သိန်းတန်က ထမင်းခူးထည့်ပေး
၍ ထမင်းချက်ဦးကြွက်နီက ဟင်းထည့်ပေးရလေသည်။

လူကြမ်းကျားကြီး၏ထမင်းပန်းကန်ထဲသို့ ထမင်းထည့်
ပေးလိုက်ပြီး ဦးကြွက်နီကဟင်းခပ်ထည့်ပေးမည်ပြုစဉ်. .

"ဟေ့ကောင်. . ကြွက်နီ။ အသားတုံးကို. . အငြိမ့်ထောင်
ပြောထားတဲ့အတိုင်းထည့်ပေးနော်. . ။ အသားတုံးကိုတော့ လျှော့
ထည့်ဖို့မကြိုးစားနဲ့. . ။ ငါ့နာမည် ကျားကြီးကွ. ."

"ဟုတ်ပါတယ်. . ကိုကျားကြီးရယ်။ ကိုကျားကြီးက. .
အမြဲသည်းအတွက်ပါ အသားလိုနေမှန်းသိလို့ အငြိမ့်ထောင်မှာထား
ဘာထက်တောင် အသားကိုပိုထည့်ပေးဖို့စီစဉ်ထားပါတယ်. . ။

"အောင်မယ်. . ။ ဒီလိုဆိုတော့လည်း ကြွက်နီကဘယ်ဆိုး
သို့တုန်းကွ. . ။ ကဲ. . ပိုထည့်မယ်ဆိုရင်လည်း ထည့်လေကွာ. ."

"ဟုတ်ကဲ့။ ဟောဒီမှာ. . ကိုကျားကြီးအတွက် ကြက်ခြေ
ထောက်တစ်ချောင်းပါ. ."

ပြောပြောဆိုဆိုပင်. . ဦးကြွက်နီက-လူကြမ်းကျားကြီး၏
ထမင်းပန်းကန်ထဲသို့ ကြက်ခြေထောက်တစ်ချောင်းခပ်ထည့်ပေး
လိုက်လေသည်။ ဤအဖြစ်ကို မြင်ကြသူများကဝိုင်းရယ်ကြလေ၍
ကျားကြီးကရှက်ရှက်ဖြင့်. .

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်. . ကြွက်နီ။ ကျားကြီးက အသားပဲစားတာ ကွ. . ။ ခြေထောက်မစားဘူး. . ။ ရော. . ခြေထောက်ကိုမင်းပဲ ကိုက်တော့. . "

ကျားကြီးသည် ပန်းကန်ထဲထည့်ပေးလိုက်သောကြွက်ခြေ ထောက်ဖြင့် ဦးကြွက်နီအားပစ်ပေါက်လိုက်လေတော့သည်။

ကြွက်ခြေထောက်သည် ဦးကြွက်နီ၏အင်္ကျီအားထိမှန်ကာ အင်္ကျီတစ်ထည်လုံး ဟင်းများဖြင့်ပေကျံ၍သွားလေသည်။ မောင် သိန်းတန်သည် အဘိုးအိုတစ်ဦးအား အနိုင်ကျင့်သည့်ဖြစ်ရပ်ကို မကျေမနပ်ဖြစ်မိ၍. . ဘေးမှဝင်ပြောရန်ကြံလိုက်သော်လည်း လူ ရွှင်တော်ငွေမြားက. . လက်မောင်းကိုညှစ်၍သတိပေးလိုက်သဖြင့် အသာငြိမ်နေလိုက်ရလေသည်။

မောင်သိန်းတန်တစ်ယောက်. . . အငြိမ့်အဖွဲ့သားများ အတွက်ထမင်းများခူးပေးပြီးသည့်နောက် အသင့်တွေ့ရသောပန်း ကန်ထဲသို့ ထမင်းများပုံထည့်လိုက်ကာ. . ဦးကြွက်နီ၏အနီးသို့ တိုးကပ်သွားလေ၏။

"အဘ. . ။ ကျွန်တော့်အတွက် ဟင်းထည့်ပေး. . "

"ဩော်. . ဟုတ်သားပဲ။ ကဲ. . ရော့. . ရော့. . "

သူ၏ထမင်းပန်းကန်ထဲသို့ ရောက်လာသောဟင်းကို မောင်သိန်းတန်ကြည့်လိုက်မိသည်။ ဟင်းမှာ ကြွက်ခြေထောက်နှင့် ကြွက်ခေါင်းများသာဖြစ်ပေသည်။



"အင်း. . ။ ငါတို့လိုအလုပ်သမားတွေအတွက် ကြွက်သား င်းဆိုတာက. . ကြွက်ခြေထောက်နဲ့ကြွက်ခေါင်းတွေကိုပဲ ရည် န်းတာနဲ့တူပါတယ်"

မောင်သိန်းတန်မှာ မည်သို့မျှပြောမနေတော့ဘဲ. . ထမင်း းရန်ပြင်လိုက်စဉ်. . .

"မောင်သိန်းတန်ရေ. . ထမင်းမစားပါနဲ့ဦးကွာ။ ဟောဒီ ခေါင်းဆောင်မင်းသမီးစားဖို့အတွက် ထမင်းနဲ့တင်းသွားပို့ပေး က်စမ်းပါဦး"

ဦးကြွက်နီက ထမင်းနှင့်ဟင်းပန်းကန်များထည့်ထားသော ကို လက်ညှိုးညွှန်ရင်းစေခိုင်းလိုက်ပြန်သဖြင့် မောင်သိန်းတန် စားရန်ပြင်ထားသည့်ထမင်းပန်းကန်ကို အမြန်ချလိုက်ရပြန် တော့သည်။

"ဟုတ်ကဲ့. . အဘ"

မောင်သိန်းတန်တစ်ယောက် သူစားမည့်ထမင်းပန်းကန် ထားခဲ့ပြီး. . အသင့်ပြင်ဆင်ထားသော ထမင်းဗန်းကိုမ၍ င်းဆောင်မင်းသမီးရှေ့ပိတုန်းတင်မေရှိရာအခန်းသို့ ယူဆောင် ခဲ့လေတော့သည်။

"အောင်မယ်. . ။ ခေါင်းဆောင်မင်းသမီးရဲ့ ဟင်းပန်းကန် တော့ ကြွက်အသည်းအမြစ်နဲ့ ကြွက်သားတုံးတွေချည်းပါပဲ တော်တော်လည်း ဘုန်းကြီးတဲ့မင်းသမီးပဲ. . "

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်မင်းသမီးရွှေပိတုန်းတင်မေ၏ အခန်းဝသ
ရောက်သည်နှင့် မောင်သိန်းတန်ကအပြင်မှနေ၍ အသံပြုလိုက
လေသည်။

"ထမင်းလာပို့တယ်. . ခင်ဗျ. ."

"တံခါးကို အသာတွန်းပြီးဝင်ခဲ့ပါ. ."

မောင်သိန်းတန်သည် တံခါးကိုအသာတွန်းကာ အခန်
တွင်းသို့ဝင်ရောက်ခဲ့လေသည်။

"ရှင့်. . ရှေ့ကခုံပေါ်မှာပဲ တင်ထားခဲ့လို့ရပါတယ်"

"ဟုတ်ကဲ့. ."

မောင်သိန်းတန်မှာ ထမင်းနှင့်ဟင်းများထည့်ထားသ
လင်ပန်းကိုအသာချ၍ ခေါင်းဆောင်မင်းသမီးဆိုသူကို အ
အချာကြည့်လိုက်သည်။

ရွှေပိတုန်းတင်မေဆိုသောမင်းသမီးလေးမှာ ရုပ်ရည်
ကာအားဖြင့် အပြစ်ဆိုစရာမရှိလောက်အောင်ပင်ချောမောလ
သူဖြစ်ပြီး ကိုယ်လုံးကိုယ်ပေါက်မှာလည်း. . မိန်းမချောအယော
တစ်ရာတွင်ပင်. . တစ်ယောက်မရှိနိုင်သောကိုယ်လုံးအလှမျိုး
ပိုင်ဆိုင်ထားကာ. . ဖွေးဥနေသည့်အသားအရည်ပေါ်တွင် ယ
သန်း၍နေသော သွေးကြောလေးများကိုပင် မြင်နေရပေသည
ခေါင်းဆောင်မင်းသမီး ရွှေပိတုန်းတင်မေ၏အလှ
အနီးကပ်၍မြင်လိုက်ရသည့်အချိန်တွင်. . မောင်သိန်းတန



ယောတ်မှာ အသက်ရှူများပင်မှားသွားရ၍ ခေတ္တမျှငြိမ်သက်သွား
လေသည်။

"လူကို ကြည့်လှချည်လား. . . ဆရာကြီးရဲ့"

ရွှေပိတုန်းတင်မေ၏ ချိုလွင်သာယာလှသောအသံလေး
ကြောင့်. . မောင်သိန်းတန်တစ်ယောက်မှာ သတိပြန်ဝင်လာပေ
တော့၏။ ထို့ကြောင့်. . သူခိုးလူမိသွားသလို ရှက်ကိုးရှက်ကန်းဟန်
လေးဖြင့်. .

"ဟို. . ဟို. . ။ အစ်မလေးက. . ဘာများခိုင်းဦးမလဲလို့
စောင့်နေတာပါဗျာ. ."

"တော်ပါပြီရှင်. . ။ ဘာမှ. . မခိုင်းတော့ပါဘူး။ နောက်
မှပဲ. . ခေါ်လိုက်ပါ့မယ်။ ဒါနဲ့ ရှင်က. . ခုမှရောက်တဲ့ အဖွဲ့သား
အသစ်လား"

"ဟုတ်ပါတယ်. . အစ်မလေး။ လွန်ခဲ့တဲ့တစ်ပတ်လောက်
. . မင်းသားကြီးစိန်အောင်လွင်က ခေါ်လာတာပါ။ ကျွန်တော်
ကိုယ်တိုင်ကလည်း ဇာတ်ကိုဝါသနာကြီးလွန်းတော့. . အတင်း မရ
တောင်းပန်ပြီး လိုက်လာတာပါ. ."

"ဪ. . ကျွန်မအိမ်ကို ခဏပြန်နေတဲ့အချိန်ပေါ့"

"ဟုတ်ပါတယ်. . အစ်မလေး။ ကျွန်တော့်နာမည် သိန်း
န်ပါ. ."

"ဟုတ်ပြီလေ. . အဖွဲ့နဲ့ပတ်သက်လို့နားမလည်တာ၊ မသိ

www.burmeseclassic.com

www.burmeseclassic.com



တာတွေရှိယင် ကျွန်မကိုမေးနိုင်ပါတယ်။ ကျွန်မနာမည်ကတော
ရွှေပိတုန်းတင်မေတဲ့. . ."

မောင်သိန်းတန်တို့ရွာကို တစ်ခါလာကတုန်းက. . ကြ
ဖူးလိုက်ပြီး တစ်သက်လုံးစွဲလမ်းတမ်းတနေခဲ့ရသည့်မင်းသမီးပေ
အား အနီးကပ်တွေ့မြင်နေရသဖြင့်. . မောင်သိန်းတန်၏ရင်
တွင် အလွန်ပင်ဝမ်းသာသွားလေသည်။

မောင်သိန်းတန်သည်. . အခွင့်အရေးရခိုက် မင်းသ
အားပို၍ရင်းရင်းနှီးနှီးစကားပြောလိုသဖြင့်. . စကားမရှိစက
ရှာကာ. .

"ဩော်. . ။ အစ်မလေးက. . နာမည်ကြီးမင်းသမီးရွှေ
တုန်းတင်မေကိုး. . ။ အငြိမ့်စင်ပေါ်မှာထက်တောင် အပြင်မှာ
ပိုလှနေသေးတယ်ဗျ. ."

"ဟင်း. . ဟင်း. . ကိုသိန်းတန်က ကျွန်မကိုလာမြှော
ပေးနေပြန်ပါပြီ. ."

"ကျွန်တော် တကယ်ပြောတာပါဗျာ။ အစ်မလေးက. .
အရမ်းချော၊ အရမ်းလှတာပဲ. ."

"ကဲပါရှင်. . ။ ကျွန်မကို ချီးမွမ်းခန်းဖွင့်နေရတာနဲ့ပဲ. .
ကိုသိန်းတန် ထမင်းငတ်နေပါဦးမယ်။ ကိုသိန်းတန်လည်း ထမ
မစားခဲ့ရသေးဘူးနဲ့တူတယ်. ။ ကဲလာ. . ကျွန်မနဲ့အတူတူဝင်
စားသွားလိုက်တော့. ."



"မစားပါရစေနဲ့ခင်ဗျာ. . ။ တော်ကြာ. . အငြိမ့်ထောင်
ဆရာသိသွားလို့. . ကျွန်တော့်ကို ဆူနေပါဦးမယ်"

ခေါင်းဆောင်မင်းသမီးရွှေပိတုန်းတင်မေက မောင်သိန်း
တန်အား ပြုံး၍ကြည့်လိုက်ပြီး. . .

"အငြိမ့်ထောင် ဆူမှာကိုဖြင့်. . ကြောက်နေစရာမလိုပါ
ဘူး. . ။ ကျွန်မတာဝန်သာ ထားစမ်းပါရှင်. . ။ ကဲပါလေ. . ထမင်း
အတူ စားကြတာပေါ့. ."

ဤသည်ကား. . အဖွဲ့သားအသစ်လေးမောင်သိန်းတန်
နှင့် ရွှေပိတုန်းတင်မေဆိုသည့်ခေါင်းဆောင်မင်းသမီးတို့၏ ခင်မင်မှု
အစပင်ဖြစ်ပေသည်။

ရွှေပိတုန်းတင်မေနှင့် ရင်းနှီးစွာထမင်းအတူစားကြပြီး၍
ထမင်းဗန်းများကိုသိမ်းယူကာ မောင်သိန်းတန်ပြန်ရောက်လာသည်
နှင့် ထမင်းချက်ဦးကြွက်နီကဆူလေတော့၏။

"မင်းနှယ်ကွာ. . ။ ခေါင်းဆောင်မင်းသမီးအခန်းကို
ထမင်းသွားပို့တာ. . ဒီလောက်တောင်ပဲ ကြာရသလားကွ။ ငါက
တော့. . မင်းသမီးနဲ့ ညားနေပြီမှတ်လို့"

မောင်သိန်းတန်က သဘောကျစွာဖြင့်လက်မထောင်၍
ရယ်မောလိုက်ပြီးလျှင်. .

"မဟုတ်ပါဘူး. . ဦးကြွက်နီရာ။ မင်းသမီးက သူနဲ့ထမင်း
အတူတူဝင်စားဖို့ အတင်းကျွေးနေတာမို့. . မင်းသမီးနဲ့ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



အတူတူစားနေရလို့ပါ. . ”

ဦးကြွက်နီသည်. . ခေါင်းကို အသာအယာခါယမ်းလိုက်ပြ လျှင် မောင်သိန်းတန်ကို စိုက်ကြည့်လိုက်၏။

“ဘာဖြစ်လို့ခေါင်းယမ်းနေတာလဲ. . ဦးကြွက်နီရဲ့။ ကျွ တော်က. . ဘာများလုစ်မိလို့ပါလိမ့်”

“အင်း. . အခုတော့ ဘာမှမပြောချင်သေးပါဘူး။ နောက် တော့မှ. . မောင်ရင့်ကို အများကြီးပြောပြရဦးမယ်. . ”

“ကျွန်တော့်ကို ဘာတွေများ. . အများကြီးပြောပြချင်နေ ရတာလဲဗျ။ ဧကန္တတော့. . ခေါင်းဆောင်မင်းသမီးရွှေပိတုန်းတ မေနဲ့ ပတ်သက်နေတဲ့အကြောင်းတွေလား. . ”

“အေး. . မင်းမဆိုးဘူး။ ငါပြောမှာကို. . မင်းက ကြို နေတယ် ။ အကြောင်းစုံ. . မင်းကိုပြောမပြခင်မှာ ရွှေပိတုန်းတ မေနဲ့ပတ်သက်လာရင်. . မင်းအနေနဲ့ အစစ၊ အရာရာမှာသ ထားဖို့တော့ ပြောပြထားလိုက်မယ်ကွာ. . ”

ထမင်းချက်ကြီးဦးကြွက်နီသည်. . မောင်သိန်းတန်အ သတိပေးစကားဆိုနေလေ၏။

“ကဲပါလေ. . မင်းတို့ ငါတို့ဟာ အကြာကြီးအတူနေ ရဦးမှာပါ။ အငြိမ့်အကြောင်း၊ ဇာတ်အကြောင်းကို. . မင်းအနေ တဖြည်းဖြည်းတော့ သိလာမှာပေါ့ကွာ. . ။ မနက်ဖြန်ဆိုရင်ပဲ ငါ အငြိမ့်ဟာ. . နယ်ထွက်ရတော့မယ်။ အဲဒီမှာ မင်းတွေ့ကြုံရမ



အတွေ့အကြုံတွေ၊ အခက်အခဲတွေကို. . မင်းအနေနဲ့ ရင်ဆိုင်ဖြေ ရှင်းနိုင်ဖို့လိုတယ်။ မင်းစိတ်ပျက်သွားရင်တော့. . မင်းအတွက် ဒီနေရာကနေ နောက်ဆုတ်ပြန်ဖို့ပဲရှိတယ်”

“ကျွန်တော်က. . ဆုံးဖြတ်ပြီးသားပါဗျာ. . ။ ဘယ်လိုပဲ အခက်အခဲတွေနဲ့တွေ့တွေ့. . ရင်ဆိုင်ရမှာပေါ့. . ”

“အေး. . ။ အဲဒီလိုစိတ်ဓါတ်မျိုးကိုတော့ ငါသဘောကျလှ သကွာ”

“တကယ်ပြောတာပါဗျာ. . ။ ကျွန်တော်က ဥတစ်လုံး၊ တစ်ကောင်ကြွက်ပါ. . ။ ကျွန်တော်ရွာက ထွက်လာပြီးတဲ့နောက် မှာ အောင်မြင်တဲ့အနုပညာသမားတစ်ယောက်ဖြစ်မှပဲ ရွာကိုပြန် တော့မယ်လို့. . ဆုံးဖြတ်ချက် ချထားပြီးသားပါ. . ”

ထမင်းချက်ဦးကြွက်နီသည် မောင်သိန်းတန်၏ဘဝရှေ့ ရေးကိုတွေးတောနေရင်းမှ. . သူတို့အငြိမ့်အဖွဲ့ကြီး၏ အတွင်းရေး အကြောင်းအရာအချို့ကို ပြောပြနေလေ၏။

“ဒီမှာ. . မောင်သိန်းတန်။ ကြွက်နီဆိုတဲ့ ထမင်းချက်ကြီး အဘဟာ. . ဒီအငြိမ့်အဖွဲ့ရဲ့ နှစ်အကြာဆုံးအလုပ်သမားကြီးပေါ့ ကွာ။ ဒါကြောင့်. . ဒီအဖွဲ့ရဲ့ အကျိုးအကြောင်း၊ အဆိုးအကောင်း မှန်သမျှကို အကုန်လုံးသိနေပါတယ်။ တကယ့်ကို. . စိတ်မောစရာ တွေချည်းပါပဲကွာ. . ”

မောင်သိန်းတန်မှာ ထမင်းချက်ကြီးဦးကြွက်နီ၏စကား

www.burmeseclassic.com

www.burmeseclassic.com



ကို ဘဝင်မကျနိုင်ဘဲဖြစ်နေကာ. . .

"ဒါဖြင့်. . ဦးလေးကြွက်နီက ဒီလောကုတ်စိတ်မောစရာ

ကောင်းတဲ့အဖွဲ့ကြီးထဲက ဘာကြောင့်ထွက်မသွားတာလဲ"

"ဘဝပေးကံအကြောင်းကြောင့်လို့ပဲ ပြောရတော့မှာပေ

လူကလေးရာ။ အဘမှာ. . အပြင်ထွက်ပြီး အလုပ်လုပ်ဖို့ဆိုပြ

တော့လည်း. . အပြင်အလုပ်တွေကို ဘာမှကျွမ်းကျွမ်းကျင်ကျ

မလုပ်တတ်ဘူးလေ။ ပြီးတော့. . အငြိမ့်ထောင်ဆရာဆီက ယူထာ

တဲ့စပေါ်ငွေတွေကလည်း အဘအပေါ်မှာစုနေပြန်တော့. . ကြွက်

နီဆိုတဲ့အဘဟာ ဒီအငြိမ့်သံသရာကြီးထဲမှာပဲ. . တဝဲဝဲလည်နေ

တော့တာပေါ့ကွာ. . ။ ဟား. . ဟား. . "

မောင်သိန်းတန်မှာ. . ဦးကြွက်နီ၏စကားကြောင့် ရေ

ဆက်လှမ်းရမည့် မိမိ၏ဘဝအတွက် အလွန်ပင်စိတ်ပျက်အားငယ်

နေမိလေသည်။

"လူကလေးမောင်သိန်းတန်. . ။ မင်းကိုအဘက အငြိ

အဖွဲ့တွေနဲ့ပတ်သက်တဲ့. . ပုံပြင်တစ်ပုဒ်ပြောပြမယ်။ နားထော

ချင်လား. . "

"ဟုတ်ကဲ့. . ။ ပြောပြပါ. . ဦးလေးကြွက်နီ။ ကျွန်တော်

နားထောင်ချင်ပါတယ်. . "

"အဲဒီပုံပြင်လေးကတော့. . ငါတို့ အငြိမ့်အဖွဲ့တွေအတွက်

မှတ်သားစရာ သခ်န်းစာတစ်ခုပဲပေါ့ကွာ. . ။ မောင်သိန်းတန်အနေ



နဲ့လည်း သေချာနားထောင်ပြီးမှတ်သားထားသင့်တယ်. . "

"ဟုတ်ကဲ့ပါ. . ဦးလေးကြွက်နီ။ ကျွန်တော် နားထောင်

နေပါတယ်"

"ငါ့ပုံပြင်က. . ဟိုးရှေးရှေးတုန်းကလည်း မဟုတ်ဘူးကွ။

ဘယ်အချိန်က ပေါ်လာတယ်ဆိုတာလည်း. . မသိဘူးကွ။ ဒါပေ

မယ့်. . ပုံပြင်ကအဓိပ္ပာယ်တော့ရှိပါတယ်. . "

ထမင်းချက်ကြီးဦးကြွက်နီသည်. . စကားပြောရလွန်း၍

အာခြောက်သွားသည့်ဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့၍

သောက်လိုက်ပြီးလျှင်. .

"ဒီလိုကွ. ။ မြစ်တစ်ခုထဲမှာ. . ရေစုန်အတိုင်း သပ္ပတ်အူ

တစ်ခုနဲ့စာကလေးသိုက်တစ်ခုတို့ အတူမျောလာကြတယ်။ အဲဒီလို

မျောလာကြရင်း စာကလေးသိုက်ကပြောတယ်။ 'လောကမှာ. .

သူ့သာအရှုပ်ဆုံး၊ အစကို ရှာမရလောက်အောင်. . သူ့အသိုက်ဟာ

ရှုပ်တယ်လို့' ကြွားသတဲ့။ ဒီမှာတင် သပ္ပတ်အူက. . မခံမရပ်နိုင်ဖြစ်

ပြီး 'ဟေ့ကောင်. . စာကလေးသိုက်။ မင်းက စာကလေးတွေ. .

အသိုက်လုပ်မှသာ ရှုပ်ရတာ။ ငါကတော့. . စပြီးသီးလာကတည်း

ကိုက ရှုပ်ထွေးပြီးမှအသီးဖြစ်လာတာ. . ။ ငါက. . ပိုရှုပ်တယ်' လို့

ပြန်ပြောလိုက်တယ်။ စာကလေးသိုက်နဲ့သပ္ပတ်အူတို့ဟာ ငြင်းကြ

ခုန်ကြရင်း မျောလာလိုက်တာ. . သူတို့နောက်က ငြင်းခုန်သူညံသံ

တွေကိုကြားလိုက်ကြမှ ရပ်သွားကြတယ်ကွယ့်. . ။ နောက်ကိုလှည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့. . သပွတ်အူနဲ့စာကလေးသိုက်တို့ တွေ့လိုက်ရတာက အငြိမ့်အဖွဲ့တစ်ဖွဲ့ကိုတင်လာတဲ့ လှေကြီးတစ်စင်းပေါ့. .။ အဲဒီမှာတင်. . သပွတ်အူက စာကလေးသိုက်ကိုပြောလိုက်တာကတော့. . 'ဟော့ကောင်. . ဘေးကို ကပ်ပေးလိုက်။ ငါတို့နှစ်ဦးစလုံးထက်ပိုရှုပ်တဲ့ အငြိမ့်လှေကြီးလာနေပြီဟေ့. .။ ကျော်တက်ပလေ့စေ' လို့ပြောပြီး. . ဘေးကို ကပ်ပေးလိုက်ကြရတာပေါ့ကွာ. . "

မောင်သိန်းတန်မှာ ထမင်းချက်ဦးကြွက်နီပြောသောပုံပြင်အား အလွန်သဘောကျလှသဖြင့်. . အူတက်မတတ်ပင် ရယ်မောလိုက်လေတော့သည်။

"ဟား. . ဟား. . ဟား. . "

❖ ❖ ❖



လောကကြီးက ငါ့ကို...ဒုက္ခရောက်တဲ့လူတွေကို
ကယ်တင်ဖို့...တာဝန်ပေးထားတယ်ကွ...။
ဟဲ..ဟဲ..ဟဲ..။

*ထမင်းချက်ဦးကြွက်နီ*

www.burmeseclassic.com

www.burmeseclassic.com



## ပထမဦးဆုံးသင်ခန်းစာ

အငြိမ့်အဖွဲ့ကိုလာကြိုသည့်လှေကြီးသည် ပုဇွန်တောင်ချောင်းလက်တက်အတွင်းသို့ဝင်ရောက်လာကာ. . ကမ်းသို့ဆိုက်ကပ်လိုက်ပြီးသည်နှင့် ရွှေပိတုန်းတင်မေအငြိမ့်အဖွဲ့မှပစ္စည်းများကို လှေကြီးပေါ်သို့ အမြန်တင်ကြရလေသည်။

ဆိုင်းသေတ္တာများ၊ အငြိမ့်အပြင်အဆင်ပစ္စည်းများ၊ ကန့်လန့်ကာထည့်သည့်သေတ္တာကြီးများ၊ ဇာတ်မင်းသားနှင့်မင်းသမီးတို့၏သေတ္တာများအပါအဝင် အလွန်များပြားလှသည့်ကုန်ပစ္စည်းသေတ္တာကြီးများကို. . မောင်သိန်းတန်နှင့် အလုပ်သမားလူငယ်



းဦးတို့ကဒိုင်ခံသယ်ယူကြ၍ လှေကြီးပေါ်တွင် ဦးနှင့်ပဲ့နေရာများ နေရာမှျအောင်ထမ်း၍တင်ကြ၊ ချကြရလေ၏။

ကုန်းဘောင်ဟုခေါ်သော သစ်သားပြားကြီးများပေါ်တွင် သေတ္တာကြီးများကို ရှေ့နောက်ဝါးလုံးဖြင့်လျှို၍ ထမ်းလျှောက်ကြရသည်မှာ အလေ့အကျင့်မရှိသေးသောသူများအတွက်. . အလွန်က်ခဲပင်ပန်းလှပေ၏။ မောင်သိန်းတန်မှာ အလေ့အကျင့်မရှိသူဖြစ်၍ တစ်ကိုယ်လုံးချွေးများဖြင့်ရွှဲနစ်နေကာ ဦးခေါင်းထဲတွင်လည်းနောက်ရီဝေ၍နေပေတော့သည်။

"ဟေ့ကောင်. . နက်ကျော်ရေ။ ရှေ့ကနေ. . ဖြေးဖြေးသွားစမ်းပါကွာ။ မင်းက. . ရှေ့ကနေပြီး အမြန်ထမ်းပြေးနေတော့နောက်မှာ. . ဒုက္ခဖြစ်နေပြီဟေ့. . "

မောင်သိန်းတန်က ကုန်းဘောင်ပေါ်တွင်သတိထား၍လျှောက်နေရင်းမှ လှမ်းပြောလိုက်၏။ အလွန်တရာလေးလံလှသည့်သေတ္တာကြီးဖြစ်သဖြင့်. . လှေပေါ်သို့ဂရုစိုက်၍တင်နေကြရ၏။ ငင်းသေတ္တာကြီးကို. . လှေပေါ်သို့ ဝိုင်းဆွဲ၍တင်ပြီးကြသည်နှင့်နောက်ဘက်မှ. . အားကုန်ထမ်း၍ပင့်တင်ပေးထားရသော မောင်သိန်းတန်မှာ. . ဟန်ချက်ပျက်ပြီး ရေထဲသို့ချော်၍ကျသွားရှာလေတော့သည်။

"ဝုန်း. . "

"အား. . ကယ်ကြပါဦးဗျ. . "

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မောင်သိန်းတန်တစ်ယောက် ရေထဲကိုကျသွားပြီဟေ့. . ။ ကယ်ကြပါဦး. . "

ရွှေပိတုန်းတင်မေအငြိမ့်မှ အဖွဲ့သားအားလုံးတို့သည် မောင်သိန်းတန်ကျသွားရာသို့ လှေကြီးပေါ်မှငိုင်းကြည့်နေကြလေ၏။ သို့သော်လည်း. . မည်သူကမျှ ရေထဲသို့ဆင်း၍ကယ်တင်မည့်အရိပ်အယောင်ကိုမပြကြပေ။

မောင်သိန်းတန်မှာ ရေထဲတွင်လက်နှစ်ဖက်ကိုမြှောက်၍ အကူအညီတောင်းရင်း ပုဇွန်တောင်ချောင်း၏ရေစီးအတိုင်း မျောပါလျှက်ရှိနေသည်ကို တွေ့ကြရပေသည်။

ထိုအချိန်တွင်. . ရေထဲသို့ အဖိုးကြီးတစ်ယောက်ခုန်ဆင်းသွားသည်ကိုတွေ့ကြရလေသည်။ ထိုကဲ့သို့ ရေထဲသို့ခုန်ဆင်းသွားသူကား. . မည်သူကမျှထင်မှတ်မထားကြသော ထမင်းချက်အဖိုးကြီးဦးကြွက်နီပင်ဖြစ်ပေတော့၏။

ဦးကြွက်နီကိုယ်တိုင်သည်လည်း ရေကူးကျွမ်းကျင်လှဟန်မရှိဘဲ. . ယက်ကန်ယက်ကန်ဖြင့် ရေထဲတွင်ကူးခတ်နေပြီးလျှင် မောင်သိန်းတန်၏နောက်သို့ ကြိုးစား၍အမီကူးလိုက်သွားကာ. . ရေထဲသို့နစ်မြုပ်သွားတော့မည့်မောင်သိန်းတန်အား အချိန်မီ လေးပင်ဆွဲယူကယ်တင်၍. . အနီးရှိ ချောင်းစပ်တစ်နေရာသို့ ရေစီးအတိုင်းမျော၍ ကူးခတ်သွားလေတော့သည်။

ချောင်းကမ်းစပ်သို့ရောက်သောအခါ ရေများဝမ်းဗိုက်



ထဲသို့ဝင်နေ၍ သတိလစ်မေ့မျောနေသောမောင်သိန်းတန်အား ဦးကြွက်နီက. . မှောက်ရက်အနေအထားဖြင့်ထားရှိကာ အပေါ်မှ ဆက်တိုက်ဖိနှိပ်ပေးကာ သတိပြန်ရလာအောင်ပြုစုပေးလိုက်လေသည်။

မောင်သိန်းတန်တစ်ယောက် သတိပြန်ရလာသောအခါ မိမိအသက်အား ဦးကြွက်နီကကယ်တင်မေးသည့်အဖြစ်ကို ရိပ်စားမိလိုက်သဖြင့်. .

"ကျေးဇူးတင်ပါတယ်. . အဘရယ်"

"မလိုပါဘူးကွာ. . ။ ဒီလောက်ရှုပ်လှတဲ့အငြိမ့်ထဲက. . ဆိုတဲ့ကောင်. . ဘာ့ကြောင့်မထွက်တာလဲဆိုတဲ့အဖြေကို အခုမင်းသိပြီလား. . "

ထမင်းချက်ဦးကြွက်နီ၏ စကားအဓိပ္ပါယ်ကို. . မောင်သိန်းတန်တစ်ယောက် နားမလည်နိုင်ပေ။

"မင်းဟာ. . . အလုပ်လုပ်ရင်း ရေထဲကျတယ်။ ရေနစ်ပြီးသတော့မလိုဖြစ် တယ်။ အဲဒါကို. . ကယ်မယ့်လူက တစ်ယောက်မှမရှိကြဘူး။ ရေနစ်တဲ့လူကိုကယ်ရတာ အဲသက်အန္တရာယ်ရှိမှန်းသိကြလို့. . ဘယ်သူကမှ ကိုယ်ကျိုးစွန့်ပြီးမကယ်ချင်ကြဘူးလေ။ အဲဒီအချိန်မှာ. . ငါကမင်းကို ကယ်လိုက်တယ်။ မင်းနေရာမှာဘယ်သူပဲဖြစ်နေဖြစ်နေ. . လူ့အသက်တစ်ချောင်းမို့ ငါကတော့ကယ်ပေးမှာပဲ။ လောကကြီးက ငါ့ကို. . ဒုက္ခရောက်နေသူတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်ပေးဖို့ တာဝန်ပေးထားတယ်ကွ. . ။ ဟဲ. . ဟဲ. . ”

ဦးကြွက်နီနှင့်မောင်သိန်းတန်တို့နှစ်ယောက်သား ချောင်းစပ်တွင်သတိရအောင်ကုသပြီး၍ အပြန်အလှန်စကားပြောနေကြသော်လည်း. . လှေပေါ်တွင်ကျန်ရှိနေကြသော အငြိမ့်အဖွဲ့သားများမှာ သူတို့နှင့်ဘာမျှမဆိုင်သလိုပင်. . အလုပ်ကြမ်းသမားနှစ်ယောက်၏အဖြစ်အပျက်အား လုံးဝဂရုမစိုက်ဘဲရှိနေကြလေသည်။

ထိုသို့လုံးဝဂရုမစိုက်သည့်အပြင် လူကြမ်းကျားကြီးသည် လှေကုန်းဘောင်ပေါ်မှမတ်တပ်ရပ်၍. .

“ဟော့ကောင်တွေ. . ။ အချိန်က သိပ်ရှိတာမဟုတ်ဘူးကွ။ မသေဖူးဆိုရင်လည်း လှေပေါ်မြန်မြန်ပြန်တက်လာကြလေကွာ. . ။ ဒီမှာ စောင့်နေရတဲ့လူတွေကိုလည်း. . နည်းနည်းပါးပါးအားနာကြဦးမှပေါ့. . ”

ဟုလှမ်းအော်နေသဖြင့် ဦးကြွက်နီသည်မောင်သိန်းတန်အားတွဲထူပေး၍ လှေကြီးပေါ်သို့ပြန်တက်လာကြလေတော့သည်။

လှေကြီးပေါ်တွင်ကား အငြိမ့်အဖွဲ့သားများကသူ့နေရာနှင့်သူ စိတ်ကြိုက်နေရာယူထားကြလေ၏။ လှေကြီး၏အလယ်တွင် လူကြမ်းကျားကြီး၊ လူရှင်တော်ရွှေများ၊ ငွေများနှင့် နောက်ပိုင်းမင်းသမီးကြီးဥသြတင်တို့အဖွဲ့မှာ ဖျာတစ်ချပ်ခင်း၍ အေးအေးဆေးဆေးပိုကာဒေါင်းနေကြလေ၏။

အငြိမ့်မင်းသမီးရွှေပိတုန်းတင်မေနှင့် ကျန်သောအငြိမ့်



များမှာ လှေကြီး၏ပေါင်းမိုးအောက်တွင်ထိုင်၍ လက်ဘက်သုတ်၊ ရေနွေးကြမ်းဖြင့်စကားဝိုင်းဖွဲ့နေကြလေသည်။ ရွှေပိတုန်းတင်မေသည်. . မောင်သိန်းတန်အား ဂရုဏာသက်သောမျက်လုံးဖြင့် တစ်ချက်မျှလှမ်းကြည့်လိုက်သော်လည်း မည်သည့်စကားမျှပြောဘဲ မျက်လွှာကိုအသာအယာချလိုက်လေသည်။

အငြိမ့်အဖွဲ့သားအားလုံးကိုကြည့်ရသည်မှာ စောစောကတို့အဖွဲ့မှလူတစ်ယောက်. . အသက်ပင်သေဆုံးမတတ်ဖြစ်ခဲ့ရသည်ကို လုံးဝစိတ်ဝင်စားပုံမရကြသဖြင့် မောင်သိန်းတန်၏စိတ်တွင်အလွန်အံ့သြနေမိသလို ထမင်းချက်ကြီးဦးကြွက်နီပြောခဲ့သည့်စကား၏အဓိပ္ပါယ်ကိုလည်း ရေးရေးမျှသဘောပေါက်လာမိတော့သည်။

မောင်သိန်းတန်မှာ အားပြတ်ကာအလွန်မောပန်းနေသ. . နားနေစရာအဖြစ် အရိပ်ရှိသည့်နေရာကိုလိုက်ရှာရာ အရိပ်ရှိသည့်နေရာကောင်းများတွင် နေရာဦးထားကြသူများအနက်. . သည်သူကမျှ အရေးလုပ်၍နေရာဖယ်ပေးခြင်းမရှိကြသည့်အတွက်ဆုံးတွင် ဟန်မဆောင်နိုင်တော့ဘဲ. . နေပူပူအောက်၌ပင်လက်လှန်၍ လှဲအိပ်ချလိုက်ရလေတော့သည်။

ဤသို့ဖြင့် ရွှေပိတုန်းတင်မေအငြိမ့်အဖွဲ့ကြီးအားတင်ဆောင်လာသောလှေကြီးသည်. . နေမွန်းတိမ်းချိန်၌ ခရမ်းမြို့သို့ဆိုက်ရှိလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကြီးဆိုက်ကပ်ပြီးသည်နှင့် မောင်သိန်းတန်မှာထုံး
အတိုင်းပင် လှေပေါ်တွင်ပါလာသမျှပစ္စည်းအားလုံးကို အငြိမ့်
ကျင်းပမည့်နေရာသို့ရောက်အောင်. . အခေါက်ခေါက်၊ အခါ
သယ်ယူပေးရပြန်လေသည်။ ပွဲမှာ. . ယနေ့ညပင် စ၍ကမည်ဖြ
သောကြောင့် လှေကြီးပေါ်မှပါသမျှပစ္စည်းများကို ကုန်အော
အမြန်ချပေးကြရသည်မှာ အသက်ထွက်လုမတတ်ပင် မောပ
လှပေတော့သည်။

ညအမှောင်ရိပ်သန်းလာသည်နှင့်. . လူများမှာအုံးအုံ
ကြွက်ကြွက်ဖြစ်လာကြလေသည်. .။ လှည်းများဖြင့်ဝိုင်းရံထာ
သည့်. . အငြိမ့်ပွဲခင်းကြီးကား အထူးပင်စည်ကားလှ၏။ မှောင်လာ
ပြီဖြစ်၍. . အင်ဂျင်မီးဖြင့်ပွဲခင်းကြီးတစ်ခုလုံးအား လင်းထိန်
အောင်ထွန်းပေးထားလေ၏။ ပွဲခင်းထဲမှ မြင်မြင်သမျှအရာဝတ္ထု
များမှာ. . မောင်သိန်းတန်အဖို့ အထူးအဆန်းများပင်ဖြစ်၍နေ
တော့သည်။

သို့သော်လည်း. . မောင်သိန်းတန်၏ဘဝအခြေအနေ မှ
ထိုပွဲခင်းထဲသို့ပင်သွားရောက်လည်ပတ်နိုင်ခြင်းမရှိဘဲ လူ
များအဆင်ပြေစွာကြည့်ရှုနိုင်ရန် အငြိမ့်စင်ကြီးတစ်ခုလုံးကို အငြိ
ပွဲမစမီ အပြီးအစီးပြင်ဆင်ပေးရမည့်တာဝန်ရှိနေသဖြင့် ပွဲအလွ
ဝါသနာပါသောမောင်သိန်းတန်အဖို့ စိတ်ထဲတွင်မချင့်မရဲကြီးဖြ
နေရလေတော့သည်။



ဦးကြွက်နီမှာလည်း. . အငြိမ့်စင်ပေါ်တွင် ကန့်လန့်ကာ
ဆင်ခြင်း၊ မီးဆင်ခြင်း၊ တိုင်ဖုံးဆင်ခြင်းများကို. . မောင်သိန်းတန်
အပါအဝင် အလုပ်ကြမ်းသမားလူငယ်သုံးဦးတို့အားကြီးကြပ်၍
ပြင်ဆင်နေရာချပေးနေရလေသည်။

"မောင်သိန်းတန်ရေ. .။ ဟိုဘက်တိုင်ကကြိုးကို တင်းနေ
အောင်ချည်ထားစမ်းဟေ့. ."

"ဟုတ်ကဲ့. . အဘ"

"နက်ကျော်ရေ၊ အနောက်ဘက်က. . တော်ကားနဲ့တိုက်
ဘားတွေကို အတင်အချလုပ်ကြည့်စမ်း. ."

"အဆင်ပြေတယ်. . အဘကြွက်နီ"

ဦးကြွက်နီခိုင်းသမျှ. . မနားတမ်း လိုက်လုပ်နေကြရ၏။
ပွဲ. . မကရသေး။ မောင်သိန်းတန်မှာ ချွေးများတလုံးလုံးဖြင့်
နေလေ၏။

ထိုအဖြစ်ကိုကြည့်၍ ဦးကြွက်နီက. . .

"ဘယ့်နှယ့်လဲ. . မောင်သိန်းတန်။ အတော်လေး စိတ်ပျက်
နေပြီလား. ."

"ရပါတယ်. . အဘရယ်။ ဒီလောက်ကတော့. . အေးအေး
ဆေးဆေးလုပ်နိုင်ပါသေးတယ်. ."

"အေးလေ. .။ ဒီနေ့ဟာ. . မင်းဘဝအတွက်သင်ခန်းစာ
တစ်ခုပဲရှိပါသေးတယ်။ နောက်ဆိုရင်. . အခက်အခဲတွေ ဒီ့ထက်

www.burmeseclassic.com

www.burmeseclassic.com



အများကြီးတွေ့ရဦးမှာကွ. . ။ အဲဒီအခက်အခဲတွေကို ရင်ဆိုင် ဖို့ဆိုတာက အတော်ခက်ခဲမယ်နော်. . ”

“ဟုတ်ကဲ့. . အဘ။ ကျွန်တော် ရင်ဆိုင်နိုင်အောင်ကြ စားမှာပါခင်ဗျာ. . ”

မကြာမီပင် အငြိမ့်စင်အောက်ရှိဆိုင်းဝိုင်းမှ ကရေ ရိုက်ခြင်းနှင့်ခုနှစ်သံချီမှုစ၍ လူခေါ်ဆိုင်းကိုတီးလိုက်လေတော့ မောင်သိန်းတန်တစ်ယောက်မှာ. . ဆိုင်းသံကြားသည်နှင့်ပင် စောက ပင်ပန်းနွမ်းနယ်နေသမျှတို့သည် ပြေပျောက်၍သွား စိတ်ထဲမှမရိုးမရွဖြစ်လာပြီးလျှင် ကချင်ခုန်ချင်စိတ်ပင်ပေါ်ပေါ် လာလေ၏။

ရွှေပိတုန်းတင်မေအငြိမ့်အဖွဲ့ကို လာရောက်ကြည့်ရှု သူပရိသတ်များကား ခရမ်းမြို့ကြီးအနီးရှိ အနယ်နယ်အရပ် မှလာရောက်ကြည့်ရှုကြသဖြင့် ပွဲခင်းထဲတွင်တိုးမပေါက်အောင် များပြားလှပေ၏။

ပွဲစတင်ကပြသည်နှင့်. . ဦးကြွက်နီနှင့် မောင်သိန်း အပါအဝင် ကားဆွဲ၊ မီးထိုး၊ အလုပ်သမားလေးများမှာ အလုပ် လျှက်ရှိကြလေ၏။ ရွှေပိတုန်းတင်မေ၏ ပဏာမကကွက်ဆန်း စတင်၍ကပြနိုင်ရန် စီစဉ်နေကြရလေ၏။

မကြာမီပင် လော်စပီကာအသံချဲ့စက်ကြီးမှနေ၍ အစီ စဉ်ကြေငြာသံကိုကြားလိုက်ကြရလေတော့သည်. . ။



“ရွှေပွဲလာ ဧည့်ပရိသတ်များခင်ဗျာ. . ။ ယခုစတင်ပြီး တင်ဆက်ဖျော်ဖြေပေးမယ့်အစီအစဉ်ကတော့. . ပရိသတ်အများ မျှော်လင့်စောင့်စားနေကြတဲ့ နာမည်ကြီးမင်းသမီးလေးရွှေပိတုန်း တင်မေရဲ့. . ရွှေပိတုန်းနက်တောင်ပံဖြန့်ဟန် ကကွက်ဆန်းပဲဖြစ် ပါတယ်. . ”

ပရိသတ်ကြီး၏ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံများကို တဖြောင်းဖြောင်း၊တရှိုးရှိုးဖြင့် နားကွဲလုမတတ်ပင် မောင်သိန်းတန် ကြားလိုက်ရပေသည်။

“ရွှေပိတုန်းနက်တောင်ပံဖြန့်ဟန် ဆိုတဲ့ကကွက်ဆန်းကို ကြည့်ရှုအားပေးကြပါဦးလား. . ခင်ဗျာ. . ”

ရွှေပိတုန်းနက်အဝတ်အစားကို ဝတ်ဆင်၍ထားသော မင်းသမီးလေးရွှေပိတုန်းတင်မေကား လွန်စွာမှလှပနေသည်ကို မောင်သိန်းတန်တစ်ယောက် အနီးကပ်မြင်နေရသဖြင့် ရင်တွေခုန် ကာ စွဲလန်းမြတ်နိုးစိတ်များသည် စိတ်ထဲ၌တဖိတ်ဖိတ်ယိုဖိတ်၍ လာလေတော့သည်. . ။

“အင်း. . ။ ဒီမိန်းကလေးဟာ အလွန်လှတဲ့. . မင်းသမီး လေးပါကလား. . ”

မောင်သိန်းတန်မှာ ရွှေပိတုန်းတင်မေ၏အလှကိုစွဲလန်း မြတ်နိုးနေသူဖြစ်သဖြင့် ပိတုန်းနက်ဝတ်စုံဖြင့်လှပနေသည်ကိုကြည့် ကာ စိတ်ထဲမှ. . ယင်းကဲ့သို့ပင် ပြောလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘဦးကြွက်နီက. . မင်းသမီးလေး ရွှေပိတုန်းတင်မေ
ဝတ်စုံနောက်ကျောဘက်တွင် စက်သီးကြိုးကိုခိုင်မာစွာချည်နှော
ပေးလိုက်ပြီးလျှင် မင်းသမီးလေးရွှေပိတုန်းတင်မေအား ငေးမေ
ကြည့်နေသည့်မောင်သိန်းတန်၏ပခုံးကို အသာအယာပုတ်၍သ
ပေးလိုက်ပြီးလျှင်. .

"မောင်သိန်းတန်. . မင်းကဟိုဘက်ကိုသွားပြီး နက်ကျေ
ကိုင်နေတဲ့ကြိုးကို ဝိုင်းကိုင်ပေးလိုက်ပါ။ သူဆွဲရင်. . လိုက်ဆွဲ။ သူ
လျှော့ရင်. . အသာလိုက်ပြီး လျှော့ပေးလိုက်. . ။ ငါပြောတာ. .
သဘောပေါက်ရဲ့လား. . "

"ဟုတ်ကဲ့. . ရပါတယ်အဘ. . "

မောင်သိန်းတန်မှာ. . နက်ကျော်နှင့်အတူ ကြိုးကိုအသ
ကိုင်ထားလိုက်လေတော့သည်။ ပြည်ဖုံးကားကြီးကို စတင်ဖွင့်လှ
လိုက်သည်နှင့်. . ပန်းပွင့်လေးများပေါ်တွင် စက်သီးကြိုးဖြင့်ပိတုန်
လေးတစ်ကောင်ပမာ ဝဲပျံ၍ကခုန်နေသောရွှေပိတုန်းတင်မေ
သည်. . တီးဝိုင်းမှဆိုင်းချက်နှင့်အညီ လှပစွာဝဲပျံကခုန်နေသည
ကား မောင်သိန်းတန်၏မျက်လုံးထဲတွင် ကြည့်၍မဝနိုင်အော
ရှိလှပေ၏။

"ဟေ့ကောင် သိန်းတန်. . ဆွဲတော့လေကွာ"

"အေး. . အေး. . ဆွဲ. ဆွဲပြီ. . "

နက်ကျော်ကစက်သီးကြိုးကိုဆွဲတင်နေယင်းမှ မောင်သိ



တန်အား သတိပေးလိုက်တော့မှပင် ရွှေပိတုန်းတင်မေ၏အလှ၌
ယစ်မူးနေမိသော မောင်သိန်းတန်သည်သတိဝင်လာပြီး. . လက်
ထဲမှကြိုးကို အတင်းအားကုန်ဆွဲတင်လိုက်လေတော့ရာ ဇာတ်စင်
အလယ်မှရွှေပိတုန်းတင်မေမှာ အပေါ်သို့ကိုးရိုးကားယားဖြင့်ပါ
သွားလေတော့သည်။

"ဟေး. . ဘယ်လိုဖြစ်တာလဲကွ. . "

"ပိတုန်းနက်က. . လေထဲမှာ ဘယ်လိုဖြစ်နေတာလဲဟေ့။
အတောင်ပံကျိုးသွားလို့လား. . ။ ဟား. . ဟား. . "

ပရိသတ်ထဲမှ. . အော်ဟစ်ဝေဖန်သံမျိုးစုံ ထွက်ပေါ်လာ
လေသည်။

"ဟာ. . ဒီကောင်သိန်းတန်။ ဘာဖြစ်လို့. . ကြိုးကိုအရမ်း
ဆွဲလိုက်ရတာလဲကွ. . ။ ဟိုမှာ. . မင်းသမီးတော့ ဒုက္ခဖြစ်ကုန်ပြီ။
ပြဿနာပါပဲကွာ. . "

"မသိဘူးလေကွာ. . ။ မင်းကဆွဲပါဆိုလို့. . ငါကအားကုန်
ဆွဲပေးလိုက်တာပေါ့. . "

"ဒုက္ခပါပဲကွာ. . ။ အငြိမ့်ထောင်ဆရာကတော့ ပြဿနာ
ရှာတော့မှာပဲ. . ။ ဒီညအတွက်ညကြေးအဖြတ်ခံရရင် ငါ့ညကြေး
တော့ကုန်ပါပြီ. . "

ထိုအချိန်တွင်. . ဦးကြွက်နီသည် ပြည်ဖုံးကားကိုအမြန်
ပြန်ချလိုက်ပြီးဖြစ်ပေ၏။ အကခန်းမှာလည်း ပြီးလုပြီးခင်အချိန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသောကြောင့်သာ တော်ပေတော့သည်။

မောင်သိန်းတန်မှာ . . မိမိ၏ချွတ်ယွင်းချက်ကြောင့် မိုး အလွန်မြတ်နိုးသောမင်းသမီးလေးရွှေပိတုန်းတင်မေ အရှက်ရသွား သည့်အဖြစ်ကိုတွေးမိကာ ဝမ်းနည်းပက်လက်ဖြစ်ပြီး နေရာတွင်ပင် ခေါင်းငုံ့နေမိလေတော့သည်။

"ဖြောင်း . . "

မောင်သိန်းတန်၏ မျက်လုံးထဲတွင် . . မီးပွင့်များလင် လက်သွားပြီးလျှင် ပါးတစ်ဖက်မှာလည်း ကျိန်းစပ်သွားခြင်းကိုခံစား လိုက်ရပေသည်။

"မင်းသမီးကို အရှက်ခွဲတဲ့အတွက် . . သင်ခန်းစာပေးလိုက် တာပဲ . . ။ မှတ်ပြီလား . . "

ပါးကိုပွတ်ရင်းမှ မောင်သိန်းတန်ကြည့်လိုက်သောအခါ ရွှေပိတုန်းတင်မေ၏အဒေါ်ဖြစ်သူ . . ဒေါ်ကြီးမြဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"အဒေါ် မလုပ်နဲ့ . . မလုပ်ပါနဲ့ . . "

ရွှေပိတုန်းတင်မေကအပြေးဝင်ရောက်လာပြီး မောင်သိန်း တန်ကိုအားနာသည့်အကြည့်ဖြင့်ကြည့်ကာ . . အဒေါ်ဖြစ်သူကိုဆွဲ ခေါ်သွားလေသည်။

မောင်သိန်းတန်မှာအရိုက်ခံလိုက်ရသဖြင့် ရှက်လည်းရှက် ဝမ်းလည်းနည်းမိလေ၏။



"ဒီမှာ . . မောင်သိန်းတန်။ မင်းအငြိမ့်လောကကို စိတ် ကုန်သွားပြီလား"

"စိတ်တော့ မကုန်ပါဘူးအဘရာ . . ။ ကျွန်တော်ဟာ အသုံးမကျတဲ့လူတစ်ယောက်ဖြစ်နေတာကို ရှက်တာပါ . . "

"ဒီမှာ . . လူကလေး။ တစ်ချက်အရိုက်ခံလိုက်ရပြီဆိုတာနဲ့ သင်ခန်းစာတစ်ခုကျေပြီလို့သာ . . မှတ်လိုက်ပေတော့"

ထိုနေ့ညအတွက် . . မောင်သိန်းတန်မှာ ဦးကြွက်နီခိုင်းသ မျှကို ဂရုစိုက်၍ဝိုင်းလုပ်ပေးနေရင်း မိုးစင်စင်လင်းခဲ့ရလေသည်။ မိုးလင်းသောအခါမှ . . မောင်သိန်းတန်သည် ဇာတ်ခုံအောက်သို့ ဝင်ကာ အိပ်မည်ဟုပြင်ဆင်လိုက်၏။

"ဒီမှာ . . လူကလေး။ တစ်ချက်အရိုက်လိုက်ခံရပြီဆိုတာနဲ့ သင်ခန်းစာတစ်ခုကျေပြီလို့သာ . . မှတ်လိုက်ပေတော့"

မောင်သိန်းတန်သည် ချက်ခြင်းအိပ်၍မပျော်နိုင်သေးဘဲ ဦးကြွက်နီ၏စကားသံများကို နားထဲတွင်ပြန်လည်ကြားယောင် နေမိလေသည်။

"အင်း . . ။ ငါ့အတွက်တော့ . . သင်ခန်းစာတစ်ခုကို ကောင်းကောင်းကျေညက်သွားပြီပေါ့လေ . . "

မောင်သိန်းတန်သည် စိတ်ထဲမှကျိတ်၍မှတ်ချက်ချလိုက် ရင်း မျက်လုံးကိုစုံမှိတ်ကာအိပ်ရန်ပြင်လိုက်ချိန်တွင် မိန်းကလေး တစ်ယောက်၏ ခိုးခိုးခစ်ခစ်ရယ်သံများကို . . ကြားလိုက်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရယ်သံများမှာ. . သူကျိတ်၍မြတ်နိုးနေမိသည့် ခေါင်း ဆောင်မင်းသမီးလေးရွှေပိတုန်းတင်မေ၏အခန်းမှဖြစ်နေသည်ကို သိလိုက်ရသည်။

"ဘာတွေများ. . သဘောကျပြီးရယ်နေတာပါလိမ့်"

ထိုသို့တွေးနေမိစဉ်. . ရွှေပိတုန်းတင်မေ၏အခန်းထဲမှ ကုပ်ချောင်းချောင်းဖြင့်ထွက်လာသူတစ်ဦးကို လှမ်းတွေ့လိုက်ရလေ တော့သည်. . ။

ထိုသူကား. . သူတို့အငြိမ့်အဖွဲ့ကြီး၏ရွာစားကျော် ဆိုင်း ဆရာစိန်ကျောက်ခဲပင်ဖြစ်နေလေတော့သတည်း။

❖ ❖ ❖



တွတ်..မွေ့..ခါ မဖြစ်စေနဲ့။ အစိပ်ပွါယ်ကတော့ စားပြီးအိပ်၊ အိပ်ပြီးစား၊ ပြီးတော့..မစင်စွန့်။ ဒီအလုပ်ပဲလုပ်တဲ့သူ၊ အဖွဲ့ကိုအကျိုးမပြုတဲ့သူလို့...ပြောတာကွ။

ထမင်း ချက်ဦး ကြက်နီ

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်စကား ဆိုင်းစကား

မောင်သိန်းတန်တစ်ယောက်. . မေးကနဲ နာရီဝက်မျှအိပ်ပျော်သွားပြီးချိန်တွင် အဘဦးကြွက်နီကလာနှိုးပြန်လေသည်။

"ဟေ့ကောင်လေး. . ထတော့။ တို့က . . အိပ်လို့မရသေးဘူးကွ။ ညကျရင်ကမယ့်ပြဇာတ်အတွက် ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ကြရဦးမယ်လေ။ ပြီးရင်. . အဖွဲ့သားတွေစားဖို့အတွက် ထမင်းချက်ကြရမယ်။ ပြီးတော့. . .

"ဟုတ်ပါပြီ. . အဘဦးကြွက်နီရယ်။ ကျွန်တော်မအိပ်တော့ပါဘူး။ အားလုံး. . ဝိုင်းလုပ်ပေးပါ့မယ်"



"အင်း. . ။ မင်းက. . ဒုံးမဝေးတော့ဘူးကွ။ ဇာတ်ငနဲဖြစ်တော့မယ်. . "

"အဘဦးကြွက်နီပြောတဲ့ ဇာတ်ငနဲဆိုတာက. . ဘာကိုပြောတာလဲဗျ"

"အငြိမ့်တို့၊ ဇာတ်တို့မှာ. . လုပ်ကိုင်စားသောက်နေကြတဲ့ အနုပညာသမားတွေကိုခေါ်တဲ့. . ဗန်းစကားပဲကွယ့်. . "

"ဒါဆို ကျွန်တော်ကအဲဒီဇာတ်ငနဲဖြစ်ဖို့. . ဘယ်လောက်လိုသေးလဲအဘ. . "

"အင်း. . အများကြီးတော့လိုသေးတယ်ကွ။ တဖြည်းဖြည်းတော့ ဖြစ်လာရမှာပေါ့လေ"

မောင်သိန်းတန်သည်. . အဘဦးကြွက်နီနှင့်အတူ ညကျောင်းကပြကြမည့်ပြဇာတ်အတွက်. . အခမ်းအနားနှင့် အသုံးအဆောင်ပစ္စည်းများကို ဇာတ်ခုံပေါ်တွင်ဝိုင်းဝန်းပြင်ဆင်ပေးနေရသည်။

"မင်းအနေနဲ့. . ဇာတ်စကား၊ ဆိုင်းစကားတွေကိုတော့ သိထားဖို့လိုတယ်ကွ. . "

"ဟုတ်ကဲ့. . ။ အဲဒီစကားတွေကို အဘဦးကြွက်နီသင်ပေးပါဦးနော်"

"ဟုတ်ပြီလေ. . သင်ပေးရတာပေါ့။ မင်းအနေနဲ့ သေချာ မှတ်ထားဖို့တော့ လိုမယ်နော်. . "

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ. . အဘ"

"ဇာတ်သမား၊ ဆိုင်းသမားတွေကို 'ဇာတ်ငနဲ'လို့ခေါ်တယ် ဆိုတာကိုတော့ မင်းမှတ်မိပြီနော်"

"ဟုတ်ကဲ့. .။ ဇာတ်ငနဲဆိုတာကိုတော့. . မှတ်မိနေပါပြီ အဘ. ."

"နောက်တစ်ခုက. . ထမင်းကို 'ပုံး'လို့ခေါ်တယ်။ ထမင်း စားတော့မယ်ဆိုရင်. . ပုံးတွတ်မယ်လို့ပြောကြသကွယ့်. ."

"ပုံးတွတ်မယ်. ."

မောင်သိန်းတန်က. . သေသေချာချာ မှတ်သားထား လိုက်လေသည်။

"နောက်ပြီး. . မင်းလိုမျိုး အငြိမ့်ထဲမှာဘာမှမသိဘဲ. . ဟိုလိုလို၊ ဒီလိုလိုလုပ်နေရတဲ့လူမျိုးကို 'လုံးစိမ်း'လို့ခေါ်သကွ. ."

"ဒါဆိုရင် ကျွန်တော်က. . လုံးစိမ်းပေါ့။ ဟုတ်လား အဘ ဟီး. . ဟီး. ."

မောင်သိန်းတန်က မိမိဘာသာခေါ်ကြည့်ရင်းမှ. . သဘောကျနေမိလေသည်။

"မိန်းကလေးကိုတော့. . 'ဂွဲ' လို့ခေါ်တယ်။ ယောကျ်ား ဆိုရင် 'ငနဲ' လို့ခေါ်တယ်။ ဥပမာဆိုကြပါစို့. . ရွှေပိတုန်းတင်ေ ဟာ ငါတို့အခေါ်အဝေါ်နဲ့ခေါ်ရရင် 'ဗလပ်ဂွဲ' ပေါ့ကွာ။ မင်းသာ ကိုတော့ 'ဗလပ်ငနဲ' လို့ခေါ်ကြတယ်. ."



"ဗလပ်ဂွဲနဲ့. . ဗလပ်ငနဲ. ."

သူ့အနေနှင့်. . တစ်ခါမှ မကြားဖူးသေးသော ဝေါဟာရ အသစ်အဆန်းများကို မောင်သိန်းတန်တစ်ယောက် ခေါင်းထဲသို့ ရောက်အောင်မှတ်နေရလေသည်။

"အင်း. .။ ဒါဆိုရင်. . ကျွန်တော်လည်း တစ်နေ့နေ့မှာ ဗလပ်ငနဲဖြစ်ရမှာပေါ့အဘရာ. ."

"ဟား. . ဟား. . မင်းက ဒုံးမဝေးတော့ဘူး။ ရုပ်ရည်လေး ကလည်းရှိတော့. . တစ်နေ့နေ့မှာဗလပ်ငနဲ ဖြစ်လာနိုင်ပါတယ် ကွာ. .။ အကယ်၍. . ဗလပ်ငနဲဖြစ်မလာဘဲ ဟားငနဲလောက်ဖြစ် ရင်လည်း. . မဆိုးလှပါဘူးကွ. ."

"ဟာ. . အဘကလည်း လာပြန်ပြီ. . ဟားငနဲတဲ့။ ဟား ငနဲဆိုတာက ဘာလဲအဘရဲ့"

"ဟားငနဲဆိုတာက. . အငြိမ့်ထဲက လူပြက်ကိုပြောတာ ပေါ့ကွ။ ငတုံးလေးရဲ့. ."

"ဟုတ်တယ်နော်. .။ ဟားငနဲဖြစ်ရင်လည်း ဝင်ငွေအ တော်ကောင်းတာပဲ. . အဘရဲ့"

"ဒါပေါ့ကွာ. .။ အငြိမ့်အဖွဲ့တစ်ဖွဲ့မှာ ဟားငနဲကလည်း အရေးကြီးတာပဲလေ။ ဗလပ်ငနဲမဖြစ်နိုင်ရင်တောင် ဟားငနဲဖြစ်ဖို့ ကိုတော့. . မင်းအံနေနဲ့ကြိုးစားရမယ်ကွ။ အဲ. . တွတ်၊ ရွှေ ခါ တော့မဖြစ်စေနဲ့ဟေ့. ."

www.burmeseclassic.com



“အဘကလည်း နောက်တစ်မျိုးလုပ်လာပြန်ပြီ။ တွတ်၊ မွှေးခါ တဲ့. . ။ အဲဒီအဓိပ္ပါယ်တွေကိုလည်း ရှင်းပြပေးပါဦး. . အဘကြွက်နီရဲ့”

“ဒီလိုလေကွာ. . ။ တွတ်ဆိုတာက. . စားတာ၊ မွှေ့ဆိုတာက အိပ်တာ၊ ခါဆိုတာက မစင်စွန့်တာပေါ့။ အဓိပ္ပါယ်ကတော့ အငြိမ့်အတွက် ဘာမှသုံးလို့မရဘဲ. . စားပြီးအိပ်၊ အိပ်ပြီးစား၊ စားပြီးတော့ မစင်စွန့်၊ ဒီအလုပ်ပဲလုပ်နေလို့ကတော့. . ဘာမှဖြစ်လာမှာမဟုတ်ဘူးဆိုတာကို ပြောတာပါပဲ. . ကောင်လေးရဲ့”

“သြော်. . ဒီလိုကိုး”

“နောက်တစ်ခုက. . အငြိမ့်သမားတွေ တစ်ယောက်နဲ့တစ်ယောက်စကားပြောကြတာကိုတော့. . ကောထစ်တယ်လို့ပြောကြတယ်”

“ဒါဖြင့်. . အဘဦးကြွက်နီက ကျွန်တော့်ကိုကောထစ်နေတာပေါ့. . ။ ဟုတ်လား. . ”

“ဟား. . ဟား. . ။ မင်းလည်း. . မင်းဒုံးမဝေးတော့ပါဘူးကောင်လေးရာ. . ”

မောင်သိန်းတန်မှာ အငြိမ့်နှင့်ပတ်သက်သည့်စကားလုံးအသစ်အဆန်းများသိရှိလာရသဖြင့် အလွန်ပျော်ရွှင်နေမိလေ၏။ ထိုစကားများကို. . လေ့ကျင့်ပြောဆိုနေမှသာ အငြိမ့်အဖွဲ့သားတစ်ယောက်ပီပီသသဖြစ်လာမည်ဟုလည်း သိနားလည်လိုက်လေ၏။



“တဲ့. . အဘရေ။ ကောထစ်တာတွေ ရပ်တော့။ အဖွဲ့သားတွေအချိန်မီပုံးတွတ်နိုင်ဖို့. . အဘနဲ့ကျွန်တော်တို့ ချက်ကြပြုတ်ကြဦးမယ်လေ။ တော်ကြာ. . ပုံးတွတ်ဖို့နောက်ကျနေလို့ အဖွဲ့သားတွေကဝိုင်းပြီးကောထစ်နေကြဦးမယ်. . ဟီး. . ဟီး. . ”

ထမင်းချက်ဦးကြွက်နီမှာ. . မောင်သိန်းတန်၏စကားများကြောင့် သဘောကျစွာရယ်မောနေလေတော့သည်။

အငြိမ့်အဖွဲ့အတွက် ထမင်းဟင်းများချက်ပြုတ်ပြီးသည်နှင့် မောင်သိန်းတန်သည် သံတုံးတွင်အပေါက်ကလေးများဖေါက်ထားသော ပေတုံးခေါ် အပေါက်ကလေးများထဲသို့ နတ်သမီးယမ်းမီးခြစ်ဘူးမှ မီးခြစ်ဆံထိပ်ရှိယမ်းများကိုခြစ်၍ အပြည့်အသိပ်ထည့်နေလေ၏။

“ဟေ့ကောင်လေး. . ။ ယမ်းတုံးထဲယမ်းထည့်တာ. . ပြီးသွားပြီလားကွ. . ”

မောင်သိန်းတန်အနီးသို့ လူရွှင်တော်ငွေမြားရောက်လာပြီး စကားဆိုလိုက်သည်။

“ဟုတ်ကဲ့. . ဆရာငွေမြား။ ယမ်းတွေက အားလုံးထည့်လို့ပြီးပါပြီ. . ။ ဆရာ. . ဘာများခိုင်းချင်လို့လဲ”

“ဒါဆိုလည်း ငါ့ကို. . ဇက်ကြောနည်းနည်းလောက်ဆွဲပေးစမ်းပါဦးကွ”

“ဟုတ်ကဲ့ပါ. . ဆရာငွေမြား”

www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းတန်သည်လူရှင်တော်ငွေများအား ဇက်ကြေ
ဆွဲပြီးနှိပ်ပေးရပြန်လေသည်။

"မင်း. . ညက အရိုက်ခံလိုက်ရတာယ်ဆို"

"ဟုတ်ကဲ့. . မင်းသမီးအဒေါ်က ရိုက်လိုက်တာပါဗျ
ကျွန်တော့်အပြစ်ကြောင့်လည်းပါပါတယ်။ ကျွန်တော်. . စိတ်မဆိ
ပါဘူး. . "

"အင်း. . ။ မင်းက မဆိုးဘူးကွ. . ။ အဲဒီလို တည်ကြည
ဖြောင့်မတ်တဲ့စိတ်မျိုးသာ အမြဲတမ်းထားနိုင်မယ်ဆိုရင်တော့. .
တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ. . မင်းဟာ ထူးချွန်အောင်မြင်တဲ့အ
ပညာသမားတစ်ယောက်ဖြစ်လာပါလိမ့်မယ်ကွာ. . "

"ကျွန်တော်အရမ်းဝါသနာပါတဲ့အနုပညာကို ကျွန်တော
တတ်အောင်ကြိုးစားပြီး လေ့လာသင်ယူပါ့မယ်။ ဆရာငွေမြ
ပြောသလိုပဲ ထာစ်နေ့မှာနာမည်ကြီးတဲ့သူ ဖြစ်ကိုဖြစ်ရမယ်"

"အေး. . ကောင်းတယ်။ မင်းရဲ့ ရည်ရွယ်ချက်ကိုတော
ဘယ်နည်းနဲ့မှ မပျက်ပါစေနဲ့. . ။ ငါတို့ အနုပညာသမားတွေဟ
အောင်မြင်မှုရလာရင် အဲဒီအောင်မြင်မှုရဲ့နောက်မှာမိန်းမကိစ္စတွေ
ကပါလာတတ်တယ်. . ။ မိန်းမကိစ္စကိုတော့ သတိထားပေါ့ကွာ. .
မင်းကိုကြည့်ရတာ. . ရွှေပိတုန်းတင်မေကို အတော်စွဲလန်းသဘော
ကျနေပုံရတယ် ။ ရုပ်ကလေးလှသလောက် ကြောက်စရာကောင
တဲ့ကောင်မလေးနော်. . ။ ကျပ်ကျပ်သတိထား. . ကြားလား. .



"သူက. . လှလည်းလှ၊ အပြောလည်းကောင်း၊ အသံလေး
လည်းသာယာတော့ တွေ့တဲ့ယောကျ်ားတိုင်းသဘောကျမှာပေါ့
ရာငွေမြားရယ်. . ။ နောက်ပြီး. . သူက ကျွန်တော့်အပေါ် တော့
ာင်းရှာပါတယ်ဗျာ. . "

"မင်းကတော့. . ပြောလေကဲလေ၊ မန်းလေပြလေပါလား
ာင်သိန်းတန်ရယ်. . ။ သူကမင်းအပေါ် မှာကောင်းသလို အငြိမ့်
ာင်ဆရာတို့၊ ဆိုင်းဆရာစိန်ကျောက်ခဲတို့၊ ပြဇာတ်မင်းသား
ာင်ခင်မောင်တို့ အပေါ် မှာလည်း. . ကောင်းခဲ့တာပဲကွ။ အင်း
. . မင်းကိုအခုချိန်မှာရှင်းပြရရင် ငါကယောကျ်ားကြီးတန်မဲ့နဲ့
ာင်းပြောသလိုဖြစ်နေမှာပဲ. . ။ ကိုယ်တွေ့ကြုံရမှယုံမှာမို့ မင်း
ယ်တွေ့ကြုံမှပဲ သိရမှာပေါ့ကွာ။ ငါ့အနေနဲ့ကတော့. . မင်းကို
တိပေးဖို့ပဲတတ်နိုင်တယ်။ အစစအရာရာမှာ. . သတိတော့ထား
ငါ့လူရာ. . "

မောင်သိန်းတန်သည် သူအလွန်ချစ်ခင်မြတ်နိုးစွဲလန်းနေ
ည့် ရွှေပိတုန်းတင်မေ၏မကောင်းသတင်းများကို ကြားသိလိုက်
ဖြင့် စိတ်ထဲတွင်နာကျင်သွားမိသော်လည်း သူကိုယ်တိုင်ကြုံ
ခဲ့ဖူးသည့် ရွာစားကျော်ဆိုင်းဆရာစိန်ကျောက်ခဲနှင့်အဖြစ်ကို
သတိရလိုက်မိသဖြင့်. . မည်သို့မျှစောဒကမတက်နိုင်တော့ဘဲ
နေလိုက်ရလေတော့သည်။

"ဟုတ်ကဲ့. . ဆရာ့စေတနာကို ကျွန်တော်နားလည်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ခင်ဗျာ. . ။ ကျွန်တော်သတိထားနေထိုင်ပါ့မယ်။ စိတ်ချပါ. . ဆရာငွေမြား"

"ကဲ. . လူရှှင်တော်ဆိုတဲ့အတတ်ပညာအကြောင်း. . မင်းကို နည်းနည်းတော့ရှင်းပြလိုက်ဦးမယ်"

"ပြောပါ. . . ဆရာငွေမြား"

"ဒီလိုကွ. . ။ လူရှှင်တော်ကောင်းတစ်ယောက်ဖြစ်ဖို့ . . လေမှန်၊ သန္ဓေမှန်ရမယ်"

"လေမှန်၊ သန္ဓေမှန်တယ်ဆိုတာက ဘယ်လိုဟာမျိုးလဲ. . ဆရာငွေမြားရဲ့"

"စကား ပြောတာ၊ဆိုတာမှာ. . ဌာန်ကရိုဏ်းကျရမယ် ဟန်ပန်အမူအရာ ရှိရမယ်။ အိုးတိုးအန်းတန်း၊ ရှိုးတိုးရှန်းတန်းနဲ့ ရှက်နေသလို၊ ကြောက်နေသလိုမျိုး. . မဖြစ်စေရဘူး။ အဲဒါ လေမှန်၊ သန္ဓေမှန်တယ်လို့ ခေါ်သကွ"

"မှတ်မိပါပြီ. . ဆရာငွေမြား"

"အဲ. . လူရှှင်တော်အစခွန်းတောက်က. . လို့ ဆိုရိုးစကား ရှိတယ်ကွ။ မင်း ခွန်းတောက်ရသလား. ."

"ဟာ. . ဆရာငွေမြားကလည်း။ ရဖို့ မပြောနဲ့. . ။ ခွန်းတောက်ဆိုတာတောင် ဘာမှန်းမသိပါဘူး"

"ဒါဖြင့်. . ငါ ဆိုပြမယ်။ နားထောင်ကြည့်. ."

လူရှှင်တော်ငွေမြားက. . အသံနေအသံထားဖြင့် ခွန်းတောက်တစ်ပုဒ်ကို ဆိုပြလိုက်လေ၏။



"တောင်တောရယ်သာ. . . ။ မာလာကစုံဖူး. . တစ်ပင်ကိုတစ်ပင်ရှက်တယ်. . ။ ကွယ်. . ကျေးငှက်ကမြူး. . မြူး. ."

ဆက်လက်၍. . လူရှှင်တော်ငွေမြားက မောင်သိန်းတန်အား လူရှှင်တော်တစ်ယောက်၏အရည်အချင်းနှင့်လူရှှင်တော်ပညာအကြောင်းများ၊ အငြိမ့်လောကတွင်သိရှိထားသင့်သော ဗဟုသုတများကို အသေးစိပ်ရှင်းပြနေလေတော့၏။

"အင်း. . အနှစ်ချုပ်အနေနဲ့ပြောရရင် လူရှှင်တော်ဆိုတာကိုအဓိပ္ပါယ်ဖွင့်လိုက်ရင်တော့. . လူရှှင်တော်ဆိုတာဟာ လူတွေကို ရှှင်လန်းသွားအောင် ပျော်တော်ဆက်ရတဲ့လူပေါ့ကွာ"

ထိုနေ့ည. . အငြိမ့်စတင်ကပြသည့်အချိန်မှစ၍ အလုပ်လုပ်ရသည်မှာ. . မောင်သိန်းတန်အတွက် စစအရာရာပင် အဆင်ပြေနေပေသည်။ အငြိမ့်ခန်းပြီးသွားသောအခါ ထိုညအတွက်ကပြမည့် ပြဇာတ်အစီအစဉ်ရောက်လာခဲ့လေသည်။

"ရွှေပွဲလာ ဧည့်ပရိသတ်များခင်ဗျား. . ။ ယနေ့ည ကပြမည့်ပြဇာတ်မှာဖြင့်. . ပြဇာတ်မင်းသားချောမောင်ခင်မောင်နဲ့ ခေါင်းဆောင်မင်းသမီးချောရွှေပိတုန်းတင်မေတို့ ဦးဆောင်ကပြကြမယ့်. . ချစ်လှူမိုက်ဆိုတဲ့ ပြဇာတ်ကြီးပဲဖြစ်ပါတယ် ခင်ဗျာ. ။ ရှုစားအားပေးတော်မူကြပါ. ."

ပြဇာတ်စသည်နှင့်. . ဦးကြွက်နီနှင့်တကွ မောင်သိန်းတန်

www.burmeseclassic.com

www.burmeseclassic.com



အပါအဝင် ကားဆွဲသမား၊ မီးထိုးသမားမကျန် အားလုံးသောအဖွဲ့သားများသည် သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင်အလုပ်လုပ်နေကြရလေ၏။ ပြဇာတ်၏. . နောက်ဆုံးဇာတ်သိမ်းခန်းဖြစ်သော ပြဇာတ်မင်းသားမောင်ခင်မောင်က လူဆိုးအားသေနတ်ဖြင့်ပစ်၍ဖမ်းဆီးသောအခန်းသို့ရောက်သောအခါ. . အချက်ပေးလိုက်သည်နှင့် မောင်သိန်းတန်က ယမ်းတုံးပေါ်သို့သံချောင်းကိုတေ့ကာ တူဖြင့်ထုချလိုက်လေသည်။

"ဒေါင်. . "

ယမ်းဆုံမှ ဒိုင်းခနဲယမ်းပေါက်ကွဲသံထွက်လာရမည့်အစား သံချောင်းထုသည့်အသံသာ ထွက်လာလေ၏။ ယမ်းမပေါက်မှန်းသိလိုက်သည်နှင့်. . မောင်သိန်းတန်သည်နောက်တစ်ပေါက်ကို အလျှင်အမြန်ပင် သံချောင်းဖြင့်တေ့၍ထုလိုက်ပြန်သည်။ သို့သော်လည်း. . ယမ်းပေါက်ကွဲသံက ထွက်မလာပေ။

ပရိသတ်အချို့ထံမှ ရယ်မောသံများထွက်လာသဖြင့်. . မင်းသားမောင်ခင်မောင်သည် ဒေါသတကြီးပင် စင်ထောင့်သို့ပြေးဝင်လာပြီး. . .

"ငါ့အရှက်ကိုခွဲတဲ့ကောင်. . ကဲကွာ. . "

"ခွပ်. . "

မောင်သိန်းတန်အား ပါးချိတ်သို့လက်သီးဖြင့် အားကုန်ထိုးချလိုက်လေတော့သည်။ မောင်သိန်းတန်မှာ ခွေကနဲလဲကျသွား



လေ၏။ ထိုအဖြစ်ကိုမြင်လိုက်ရသဖြင့် ရွှေပိတုန်းတင်မေနှင့်ဦးကြွက်နီတို့ကပြေးလာကြပြီး ပြဇာတ်မင်းသားမောင်ခင်မောင်ကို အမြန်ဆွဲထားရလေ၏။

"တော်လောက်ပါပြီ. . မင်းသားရယ်။ ကျွန်မ တောင်းပန်ပါတယ်။ ယမ်းတွေက. . အစိုပြန်နေလို့ မပေါက်တာပါ။ သူက မင်လုပ်တာမှ မဟုတ်ဘဲရှင်. . "

ရွှေပိတုန်းတင်မေက. . မင်းသားမောင်ခင်မောင်အား က်မောင်းကိုအတင်းဆွဲထားရင်းတောင်းပန်နေရာမှ မောင်သိန်းန်အားကရုဏာသက်စွာစိုက်ကြည့်လိုက်ပြီး နေရာမှထွက်ခွာသွားလတော့သည်။

ဦးကြွက်နီသည် လဲနေသောမောင်သိန်းတန်ကို ပွေ့ထူပေးက်လေသည်။ မောင်သိန်းတန်မှာ အတော်အတန်နာသွားသဖြင့် ချိတ်ကို လက်နှင့်ပွတ်နေရလေ၏။

"လူကလေးအတွက်. . သင်ခန်းစာတစ်ခုတော့ ရသွားပြီပေါ့. . "

မောင်သိန်းတန်မှာ နာကျင်နေသည့်ကြားမှပင်ပြန်၍ပြုံးလိုက်ပြီး. . .

"အဘ. . "

"ဟေ. . ဘာလဲကွ. . "

"ဗလပ်ငနဲကတော့. . လက်သံပြောင်လှသဗျာ။ ဗလပ်ဂွဲ

www.burmeseclassic.com

www.burmeseclassic.com



လေးက စိတ်ကောင်းရှိပေလို့သာပေါ့နော်. ."

ဦးကြွက်နီမှာ မောင်သိန်းတန်၏စကားကြောင့်ပြုံးလို
မိသော်လည်း ရင်ထဲတွင်နာကျင်နေမိလေတော့သည်။

ပြဇာတ်ပြီးသွားသောအခါ. . ထိုညအတွက် မောင်သိ
တန်၏အလုပ်တာဝန်များပြီးသွားပြီဖြစ်၍ ခေတ္တအနားရသည်
သူအလွန်သွားချင်နေသောပွဲဈေးတန်းဘက်သို့ တစ်ယောက်တည
ထွက်လာခဲ့လေသည်။ အထိုးခံထားရသည့်နေရာမှာ ယခုအခို
ထိနာကျင်ပြီး ယောင်ကိုင်းနေလေ၏။ ပွဲဈေးတန်း၏တစ်နေရာတွ
ဆေးမင်ကြောင်ထိုးသောဆိုင်တစ်ဆိုင်ကိုတွေ့လိုက်ရသဖြင့် အန
သို့တိုးကပ်ကာ ကြည့်လိုက်၏။

"ကောင်လေး. . ဘာအရုပ် ထိုးချင်လို့လဲ။ နဂါး၊ ဂဠု
ဂုမ္ဘာန်၊ ယက္ခ. . အစုံထိုးလို့ရတယ်နော်"

ဆေးမင်ကြောင်ထိုးသူက မောင်သိန်းတန်အားဆေးမ
ကြောင်ထိုးရန် ဆွယ်လိုက်လေသည်။ မောင်သိန်းတန်သည် ဆေ
မင်ကြောင်ထိုးသူအားစိုက်ကြည့်နေရင်း စိတ်ထဲတွင်ထူးဆန်းသေ
စိတ်ကူးတစ်ခုပေါ်လာသဖြင့်. .

"ဟိုဗျာ. . စာလုံး လေးငါးလုံးလောက်. . ထိုးချင်တယ်
ဘယ်လောက်ပေးရမှာလဲ. ."

"သုံးပြားပဲပေးပါ. . သူငယ်ရယ်။ သူငယ်က. . ဘာစာလ
ထိုးချင်တာလဲ. ."



မောင်သိန်းတန်သည်. . စိတ်ကူးထဲတွင်ပေါ်လာသည့်
အတိုင်းပင် ပြောချလိုက်လေတော့သည်။

"မိုးပေါ်ကသိန်းတန်. . ဆိုတဲ့စာလုံးဗျာ. ."

ထိုးမည့်စာသားကို ပြောပြလိုက်ပြီးသည်နှင့်သုံးပြားပေး
၍ ဆေးမင်ကြောင်ကို လက်မောင်းတွင်ထိုးလိုက်သည်။ အသည်း
ခိုက်အောင်နာကျင်လှသော်လည်း မောင်သိန်းတန်ကပြုံး၍ နာကျင်
သည့်ဝေဒနာကို အောင့်ခံနေလိုက်သည်။

မောင်သိန်းတန်သည် ဆေးမင်ကြောင်ထိုးပြီးသည်နှင့်
ပွဲဈေးတန်းအနီးရှိ သွန်းဘုရားကြီးဝင်းထဲသို့ ဝင်လာခဲ့လေသည်။
ဘုရားကြီး၏ညာဘက်တွင် လွန်စွာမှအိုမင်းရင့်ရော်လှသောပုဂ္ဂိုလ်ကြီး
တစ်ဦးသည် ငြိမ်သက်စွာထိုင်နေလေ၏။ လွန်စွာထူထဲလှသော
မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့်နှုတ်ခမ်းမွေးများက ထိုပုဂ္ဂိုလ်ကြီး
၏မျက်နှာသွင်ပြင်ကိုမြင်ရခြင်းမရှိအောင်ပင် ဖုံးအုပ်ထားပေ၏။
ထိုပုဂ္ဂိုလ်ကြီးသည် ယောဂီအဝတ်အစားများကိုဝတ်ဆင်ထားပြီး
ဦးခေါင်း၌ ယောဂီခေါင်းပေါင်းကိုလည်းပေါင်းထားလေသည်။

မောင်သိန်းတန်သည် ဘုရားရှေ့တွင်ခြေပစ်၊ လက်ပစ်
ထိုင်ချလိုက်ပြီးလျှင် တိုင်တစ်တိုင်ကိုမှီကာ ခေတ္တအနားယူခြင်းအမူ
တို့ပြုလိုက်လေ၏။ ခဏအကြာတွင်. . ပင်ပန်းထားသောအရှိန်
ကြောင့် မောင်သိန်းတန်၏မျက်လုံးများမှာ အိပ်ငိုက်၍မှေးစင်း
လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်လေး. . ။ ဘုရားရှေ့ကိုရောက်နေပြီး ဘုရားဝတ်ပြုဖို့ကို မမေ့နဲ့လေ. . "

ထိုအသံကြောင့်. . မောင်သိန်းတန်မှာ လန့်သွားမိသည်။ မိမိကိုပြောလိုက်သည့်အသံရှင်ကား အနားမှပုဂ္ဂိုလ်ကြီး၏အသံပင်ဖြစ်ပေ၏။ မောင်သိန်းတန်မှာ မေ့းကနဲအိပ်ပျော်တော့မလိုဖြစ်နေရာမှ အလျှင်အမြန်ပင်ထ၍ဘုရားဝတ်ပြုလိုက်၏။ ထိုသို့. . . ဘုရားဝတ်ပြုအပြီးတွင်. . .

"ကောင်လေး. . ။ မင်းဘဝဟာ အခုလောလောဆည်မှာ စိတ်ညစ်စရာတွေနဲ့ ပြည့်နေသလား. . "

မောင်သိန်းတန်အား ယောဂီဝတ်နှင့်ပုဂ္ဂိုလ်ကြီးက လက်ညှိုးထိုး၍ မေးခွန်းထုတ်လိုက်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ. . ။ အခုတောင်မှ. . ကျွန်တော်သိပ်စိတ်ညစ်လွန်းလို့ ဒီကိုထွက်လာတာပါ. . "

"ကောင်လေးရာ. . ။ လူ့ဘဝဆိုတာ. . ဒီလိုပါပဲကွာ။ မင်းဟာတစ်နေ့မှာ အမြင့်ဆုံးကိုရောက်ရဦးမှာပါ။ ပြီးတော့. . မင်းသိပ်ချစ်နေတဲ့မိန်းကလေးနဲ့ ချစ်ခွင့်ကြုံရဦးမယ်။ အဲဒီလို ချစ်ကြိုက်ပြီးရင်တော့. . မင်းဘဝဟာ အောက်ဆုံးကိုရောက်သွားလိမ့်မယ်။ အဲဒီလိုရောက်ပြီးတာနဲ့ မင်းဟာ. . ငါ့ဆီကို မလွဲမသွေရောက်လာပါလိမ့်မယ်. . "

ယောဂီဝတ်နှင့်ပုဂ္ဂိုလ်ကြီးက မောင်သိန်းတန်အားစေ့စေ့



ကြည့်ရင်း တစ်လုံးချင်းပြောလိုက်လေတော့သည်။

"ကျွန်တော့်ရဲ့ရှေ့ကံကြမ္မာတွေကိုတောင် ကြိုတင်ဟောပြောနေတော့. . ဦးလေးက ဘာလဲခင်ဗျာ။ ဦးလေးက. . ဗေဒင်ဆရာလား. . "

"အေးပေါ့ကွာ. . ။ မင်းကငါ့ကို ဗေဒင်ဆရာလို့ထင်နေတယ်ဆိုရင်လည်း. . ငါက ဗေဒင်ဆရာပေါ့ကွာ။ မင်းဟာ. . တစ်နေ့နေ့မှာတော့ မလွဲမသွေအောင်မြင်မှုတွေရလာမှာပါ။ မင်းရဲ့လက်မောင်းမှာထိုးလာတဲ့စာကြောင်းကိုလည်း ငါဖတ်ပြီးပါပြီ။ ဘာတဲ့. . မိုးပေါ်ကသိန်းတန်တဲ့လား. . ဟဲ. . ဟဲ. . ။ မင်းဟာသိပ်အောင်မြင်ချင်နေတဲ့လူ၊ အောင်မြင်မှုမိုးကောင်းကင်ပေါ်ကိုရောက်အောင် ကြိုးစားနေတဲ့လူဆိုတော့. . မကြာခင်မှာပဲ မင်းသိပ်ရောက်ချင်နေတဲ့မိုးပေါ်ကို ရောက်ရမယ်ဆိုတာကို ရင်ထဲမှာမှတ်ထားလိုက်ပေါ့ကွာ. . "

မောင်သိန်းတန်မှာ. . သူ့ဘဝအတွက် အားတက်ဖွယ်စကားသံများကို ပထမဆုံးအကြိမ်ကြားလိုက်ရခြင်းဖြစ်သဖြင့် အလွန်တရာကျဆင်းနေသောစိတ်ဓါတ်များမှာ ပြန်လည်တက်ကြွလာလေတော့သည်။

သူ့ဘဝတွင်. . အမြဲတမ်းအနှိမ်ခံခဲ့ရခြင်း၊ လူအများကအနိုင်ကျင့်နှိပ်စက်သည်ကိုခံခဲ့ရခြင်းများအတွက် မကျေနပ်မှုများ၊ ခံချင်စိတ်များက 'ရုတ်တရက်ဦးနှောက်ထဲတွင်ဖြစ်ပေါ်ဒေါသကာ

www.burmeseclassic.com

www.burmeseclassic.com



သူ၏သတ္တိသွေးများသည် ဆူပွက်၍လာလေတော့သည်။

"ဟား. . ဟား. . ။ ကျွန်တော်ဟာ တစ်နေ့နေ့မှာ မိုးပေါ်ကသိန်းတန်ဖြစ်ရမယ်။ မိုးပေါ်ကသိန်းတန် ဖြစ်ကိုဖြစ်စေရမယ်။ ဟား. . ဟား. . "

"ဒီမှာကောင်လေး. . မင်းကြွေးကြော်တာ သိပ်မှန်တယ်။ ရယ်စရာရှိရင် အားရပါးရရယ်ရမယ်။ လူတစ်ယောက်အတွက် . . ရယ်မောခြင်းဆိုတာဟာ ဝမ်းသာခြင်းတစ်ခုတည်းအတွက်မဟုတ်ဘူးဆိုတာ. . မင်းသိသွားပြီပေါ့ကွာ။ ဟဲ. . ဟဲ. . "

ထိုပုဂ္ဂိုလ်ကြီးသည်. . မောင်သိန်းတန်အားပြောဆိုပြီးလျှင် ဘုရားအားဝတ်ပြုရှိခိုးပြီးထိုင်နေရာမှထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

"ကဲ. . ငါသွားပြီဟေ့။ တစ်ချိန်ချိန်မှာ. . မင်း ငါ့ဆီကိုရောက်လာမှ ပညာတွေအများကြီးသင်ပေးရဦးမယ်။ ငါ့နာမည်ကိုလည်းမှတ်ထားပေါ့။ ကိုးသချိုင်းရာဇာတဲ့. . . "

သူ့ရှေ့မှ တရွေ့ရွေ့ထွက်ခွာသွားနေသော ကိုးသချိုင်းရာဇာဆိုသည့်ပုဂ္ဂိုလ်ကြီးအား မောင်သိန်းတန်ကငေးမော၍ကြည့်နေမိလေတော့သည်။

ထိုနေ့ညအဖို့ . မောင်သိန်းတန်မှာ အငြိမ့်ရုံသို့ပင်မပြန်တော့ဘဲ. . ဘုရားပေါ်တွင်ပင်အိပ်ပျော်သွားလေ၏။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ. . .



"ကောင်လေး. . ကောင်လေး. . ထတော့လေကွာ. . ။ . . .းတောင်လင်းနေပြီကွ. . "

ဦးကြွက်နီ၏အသံကြောင့်. . မောင်သိန်းတန်မှာ အိပ်. . .ျော်နေရာမှ လန့်နိုးလာလေသည်။

"အဘ. . ဦးကြွက်နီ"

"မင်းကွာ. . ဘယ်သွားမယ်၊ ဘယ်လာမယ်ဆိုတာကိုတော့ . . .ကို ကြိုပြောမြဲခဲ့မှပေါ့ကွ။ မင်းက ဘာမှမပြောဘဲနဲ့. . ရုတ်တရက် . . .ပျောက်သွားတော့ တစ်ခုခုများဖြစ်နေပြီလားဆိုပြီး. . ငါ့မှာ မင်း . . .အတွက်စိတ်ပူလိုက်ရတာ. . ကောင်လေးရာ"

"ကျွန်တော့်ကိုခွင့်လွှတ်ပါ. . . အဘ"

ဦးကြွက်နီမှာ မောင်သိန်းတန်၏ယောင်ကိုင်းနေသော ပါး . . .ကြည့်လိုက်ပြီး. . .

"မင်းမျက်နှာကို ဆေးလူးမှဖြစ်မယ်. . ။ အတော့်ကို . . .ယောင်နေတာပဲကွ"

"ဟုတ်တယ်. . အဘဦးကြွက်နီ။ ကျွန်တော် ပါးစပ်တောင် . . .လို့မရချင်ဘူး"

"ကဲပါကွာ. . ။ အဘက. . နနွင်းကျပ်ထုပ်ထိုးပြီး ဆေးလူး . . .လိုက်တာနဲ့ မင်းအနာကသက်သာသွားမှာပါ။ ဘာလဲကွ. . . . .က နောက်ထပ်သင်ခန်းစာတွေကြုံရမှာကြောက်လို့. . အငြိမ့် . . .ကိုတောင် ပြန်မလိုက်ချင်တော့ဘူးလား။ အောင်မြင်အောင် ကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားပါ့မယ်လို့ စကားကြီး၊ စကားကျယ်တွေပြောပြီး လက်မြော

အရှုံးပေးလိုက်ပြီလား. . ဟား. . ဟား. . ”

“ကျွန်တော်က. . ဘာဖြစ်လို့ လက်မြောက်အရှုံးပေးရ

လဲ. . အဘရဲ့။ ဒီမှာ. . တွေ့လား”

မောင်သိန်းတန်က. . မိမိ၏လက်မောင်းတွင်ထိုးထ

သောစာတန်းကို ဦးကြွက်နီအားပြလိုက်သည်။

“အောင်မယ်. . မိုးပေါ်ကသိန်းတန် ဆိုပါလား”

“ဟုတ်တယ်. . အဘရဲ့။ ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်

ကျွန်တော်ရဲ့ညာဖက်လက်မှာ. . ကမ္ဘည်းတင်ထားလိုက်တာလေ. .

ဦးကြွက်နီသည်. . မောင်သိန်းတန်၏မျက်နှာအား အသေ

အချာစိုက်ကြည့်လိုက်ပြီးလျှင်. . .

“ဒါပေါ့ကွာ. . ။ တစ်နေ့မှာ မင်းဘဝကြီးအပြောင်းအ

ဖြစ်သွားအောင် ကြိုးစားလိုက်စမ်း။ ယောကျာ်းဆိုတာ တကယ်

ချင်လို့ကြိုးစားရင် မဖြစ်နိုင်တာမရှိပါဘူးကွ။ မင်းနောက်မှာ.

အဘရှိပါတယ်. . ”

နှစ်ဦးသား အားပါးတရရယ်မောလိုက်ကြပြီးလျှင် အငြိ

ရှိရာသို့ ထွက်လာခဲ့ကြလေတော့သည်။

❖ ❖ ❖



အလွတ်အထိပ်ဆိုတဲ့အနားမှာ. . .

ကျဆုံးခြင်းများဟာ. . .

အမြဲတမ်း. . .ကပ်လိုက်နေတယ်။

ဂျူဥင်တော်ငွေမြား

www.burmeseclassic.com

www.burmeseclassic.com



## မိုးပေါ်ကသိန်းတန်

အချိန်ကာလများသည်ကား . . တရွေ့ရွေ့ပြောင်းလဲ
နေကြပေ၏။ သုံးနှစ်ဆိုသောအချိန်ကာလသည် . . လူတစ်ယော
၏ဘဝကို အကြီးအကျယ်ပင်ပြောင်းလဲစေနိုင်ခဲ့ပေ၏။

ထိုကဲ့သို့သော ပြောင်းလဲမှုများစွာထဲတွင် . . မောင်သိ
တန်၏ဘဝပြောင်းလဲမှုများသည်လည်း အလွန်တရာပင်ထူးခြ
ဆန်းကြယ်လှပေ၏။

မောင်သိန်းတန်၏ . . ရိုးသားခြင်း၊ ကြိုးစားခြင်း၊ အနူ
တာခံနိုင်ခြင်း၊ အနုပညာကို နေ့ညမပြတ်အပင်ပန်းခံ၍ လေ့



ဆည်းပူးနိုင်ခြင်းစသည့်အရည်အသွေးတို့က . . မောင်သိန်းတန်၏ ပြောင်းလဲသွားသောဘဝလမ်းခရီးအတွက် အလွန်ပင်အရေးပါ အရာရောက်လှပေတော့သည်။

ရွှေပိတုန်းတင်မေအငြိမ့်အဖွဲ့ကြီးအား . . ယခုအချိန်တွင် ဇာတ်အဖွဲ့ကြီးတစ်ခုအဖြစ်သို့ အငြိမ့်ထောင်ဆရာဦးပါနောက်က ပြောင်းလဲတည်ထောင်လိုက်ပြီဖြစ်သည်။

ထိုဇာတ်အဖွဲ့ကြီး၏ ခေါင်းဆောင်မင်းသားမှာကား . . အသံကောင်း၊ ရုပ်ချော၊ အကကောင်း၍ ပျိုမေတို့အသည်းစွဲဖြစ် နေကြရသော . . နာမည်ကျော်ဇာတ်မင်းသား မိုးပေါ်ကသိန်းတန် င်ဖြစ်ပေသတည်း။

"မင်းသားရေ . . ။ ထမင်းစားဖို့ အဆင်သင့်ဖြစ်နေပြီလို့ အဘဦးကြွက်နီက မှာလိုက်ပါတယ်"

နက်ကျော်၏ခေါ်သံကြောင့် မောင်သိန်းတန်တစ်ယောက် အတွေးများပြတ်တောက်သွားရလေသည်။

"ဪ . . ။ အေး... အေး။ အခုလာခဲ့မယ်လို့ ပြောလိုက် နက်ကျော်ရေ . . "

ယခုအချိန်ထိ . . ပြောင်းလဲခြင်းမရှိသည်မှာကား အဘ ဦးကြွက်နီနှင့်နက်ကျော်တို့ပင်ဖြစ်ကြပေသည်။ မောင်သိန်းတန် အခေါင်းဆောင်မင်းသားဖြစ်လာသော်လည်း . . သူတို့နှစ်ဦးမှာ ကား ယခုထက်ထိတိုင် ထမင်းချက်၊ မီးထိုး၊ ကားဆွဲအဖြစ် အလုပ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေကြရတုန်းပင်ဖြစ်ပေသည်။

မိုးပေါ်ကသိန်းတန်ဇာတ်အဖွဲ့ကြီးသည်ကား မြန်မ ပြည်တစ်နံ့တစ်လျားတွင် အလွန်အောင်မြင်မှုရနေသောကြေ တစ်နှစ်လုံးပင် ပွဲချီအပြည့်ကပြကြရသောအဖွဲ့ကြီးဖြစ်ပေသည်

ယခုအချိန်အခါမှာ. . တိုက်ဆိုင်သည်ဟုပင် ဆိုရပေလ မည်။ မောင်သိန်းတန်တို့၏ဇာတ်အဖွဲ့ကြီးမှာ ယခုညတွင်လည ခရမ်းမြို့၏ဘုရားပွဲကြီးတွင် ကပြရန်ရောက်ရှိနေကြခြင်းပင်ဖြ ပေသည်။

မောင်သိန်းတန်သည်. . ထမင်းစားရန် ဇာတ်ရုံထဲမှထွ လာခဲ့လေသည်။ ထမင်းစားရုံထဲသို့ရောက်သောအခါ. . အဘ ကြွက်နီက လှမ်းခေါ်လိုက်သည်။

"ကဲ. . လာဟေ့. . ။ ဗလပ်ငနဲကလေးရေ။ ပုံးတွတ်ြ ရအောင်. ."

"အဘကတော့. . လုပ်ပြီ. ."

"ဟား. . . ဟား. . . ဟား. ."

ဦးကြွက်နီက. . မင်းသား မိုးပေါ်ကသိန်းတန်အတွ ထမင်းပွဲများပြင်ဆင်ပေးနေစဉ်. . .

"အဘရေ. . ကျွန်မလည်း ထမင်းစားမယ်. ."

"ဩော်. . ရွှေပိတုန်းတင်မေပါလား။ လာ. . လာ. . မ သားနဲ့ တစ်ခါတည်းသာဝင်စားလိုက်. ."



ဇာတ်မင်းသားမောင်သိန်းတန်ထိုင်နေသောခုံ၏ အနီးရှိ တ်နေသောခုံတစ်လုံးတွင် ရွှေပိတုန်းတင်မေကအတင်းဝင်ထိုင် ိုက်လေသည်။

"ကျွန်မနဲ့ ထမင်းအတူတူစားရလို့. . ကိုသိန်းတန်အတွက် နှောင့်အယှက်များဖြစ်နေမလား. . ။ အနှောင့်အယှက်ဖြစ်တယ် ိုရင်လည်း ပြောနော်. ."

"မတင်မေရယ်. . ကျွန်တော့်ကို အဲဒီလိုမပြောပါနဲ့။ မတင် မအတွက် အနှောင့်အယှက်ဖြစ်နေမှာကိုသာ ကျွန်တော်က. . ိုမ်နေမိတာပါဗျာ. ."

မောင်သိန်းတန်၏ စကားကြောင့်. . ရွှေပိတုန်းတင်မေ မျက်နက်ဝန်းကလေးကိုထောင့်ကပ်၍. . မောင်သိန်းတန်အား န်ပါပါဖြင့်ကြည့်လိုက်လေတော့သည်။

ရွှေပိတုန်းတင်မေ၏အကြည့်တွင် အဓိပ္ပါယ်များစွာပါဝင် သဖြင့်. . ထိုအကြည့်ကြောင့် မောင်သိန်းတန်၏ရင်ထဲတွင် စ်မျိုးကြီးခံစားနေရသည်မှာတော့ အမှန်ပင်ဖြစ်ပေသည်။

ထိုအချိန်တွင်. . ရွှေပိတုန်းတင်မေ၏အဒေါ်ဖြစ်သူ ဒေါ် မြသည် ထမင်းစားရုံထဲသို့အမြေးအလွှားရောက်ရှိ၍လာပြီး င်. . .

"ဟောဒီမှာ. . အဒေါ်ကိုယ်တိုင်ချက်ထားတဲ့ ငါးပိကြော် ။ ဒါက. . မန်ကျည်းရွက်နုသုတ်. . ။ ဟောဒါက. . ငါးခူဆီပြန်

www.burmeseclassic.com

www.burmeseclassic.com



ချက်လေး.။ မင်းသားလေးမောင်သိန်းတန်အတွက် ယူလာတာ ပေါ့. .။ စားကြည့်လိုက်ပါဦးနော်။ ဟင်း. . ဟင်း. . ”

ဒေါ်ကြီးမြသည် သူ့လက်ထဲမှသုံးဆင့်ချိုင့်ကိုဖွင့်လိုက်ရင်း မင်းသားလေးမောင်သိန်းတန်ရှေ့တွင် အစီအရီချခင်းပေးထား လိုက်လေသည်။

“မင်းသားလေးမောင်သိန်းတန်အတွက်ပဲဆိုတော့. . ကျုပ်တို့အတွက်တော့. . မပါဘူးလား. . ”

ဦးကြွက်နီက. . ထမင်းပွဲများလိုက်လံ၍ ချပေးနေရင်းမှ ရွှေပိတုန်းတင်မေ၏အဒေါ်ဖြစ်သူဒေါ်ကြီးမြကို စပ်ဖြဲဖြဲမျက်နှာ နှင့်လှမ်းမေးလိုက်လေ၏။

“အိုတော်. . မောင်သိန်းတန်က ခေါင်းဆောင်မင်းသား တော့။ တော်ကတော့. . ထမင်းချက်၊ ကားဆွဲဆိုတော့ ရှိတာနဲ့သာ ဖြစ်သလို စားလိုက်ပေါ့”

“ဟုတ်ပဗျာ. . တော်တော်လည်း တတ်နိုင်တဲ့မိန်းမကြီး။ ခင်ဗျား. . မှတ်မိသေးရဲ့လားဗျ။ အခုမင်းသားဖြစ်နေတဲ့ မောင် သိန်းတန်ကို ခင်ဗျားပါးရိုက်ခဲ့တာဟာ. . လွန်ခဲ့တဲ့သုံးနှစ်က ဒီနေ ရာ. . ဒီဘုရားပွဲမှာပဲနော်. . ”

ဒေါ်ကြီးမြသည် မျက်နှာတစ်ချက်မျှပျက်၍သွားသော် လည်း အချိန်မီပင်ဟန်ဆောင်၍ပြုံးလိုက်ပြန်ကာ. .

“ဟင်း. . ဟင်း. .။ လူဆိုတာ. . တစ်ခါတလေတော့



အမှားရှိမှာပေါ့ရှင်. . ”

“ကဲ. . တော်ကြပါတော့ဗျာ။ အဘဦးကြွက်နီရယ်. .။ ဒီအကြောင်းတွေကိုလည်း. . ပြန်ပြောမနေပါနဲ့တော့ဗျာ။ အဲဒီ အဖြစ်အပျက်တွေကို ပြန်စဉ်းစားမိရင်. . ကျွန်တော့်မှာ ရင်နာရ သွန်းလို့ပါ. . ”

ရွှေပိတုန်းတင်မေမှာ. . မောင်သိန်းတန်၏စကားကြောင့် ျက်စိပျက်၊ မျက်နှာပျက်ဖြစ်နေရှာလေ၏။ အဘဦးကြွက်နီမှာ ား သူ့စိတ်ထဲတွင်ရှိသည့်အတိုင်း ပြောခွင့်ရလိုက်သောကြောင့် အလွန်ပင် ကျေနပ်နေလေတော့သည်။

နေ့လည်စာစားပြီးကြသည်နှင့်. . မောင်သိန်းတန်သည် မိအား. . မင်းသားမှန်းမသိအောင်ရုပ်ဖျက်၍ ဘုရားကြီးဝင်း ထဲသို့ တစ်ယောက်တည်းစိတ်အေးလက်အေးလမ်းလျှောက်လာခဲ့ လေသည်။ ဘုရားဝင်းထဲရှိလူများမှာ မင်းသားမောင်သိန်းတန်မှန်း ည်သူမျှ မသိကြပေ. .။

မောင်သိန်းတန်သည်. . ဘုရားကြီးရှေ့တွင် အသေအချာ ိုင်ချလိုက်ပြီး စိတ်အေးလက်အေးပင်ဘုရားရှိခိုးနေလေသည်။

အံ့တန်ကြာအောင် ဘုရားရှိခိုးနေပြီးမှ. . မောင်သိန်းတန် သည် လွန်ခဲ့သောသုံးနှစ်က. . သူစိတ်ပျက်လက်ပျက်ဖြင့်မှီ၍ထိုင် နေခဲ့ဖူးသောတိုင်ကြီးပေါ်သို့. . သတိတရဖြင့် မှီ၍ထိုင်နေလိုက် လေတော့သည်။

www.burmeseclassic.com

"မိုးပေါ်ကသိန်းတန်. ."

သူ့အနီးရှိနေရာတစ်နေရာမှ သူ့နာမည်ကိုလှမ်းခေါ်လိုက်သံကြောင့်. . မောင်သိန်းတန်မှာ ရုတ်တရက်ထိတ်လန့်၍ တုန်ခနဲပင်ဖြစ်သွားမိရလေသည်။

"မောင်ရင့်ကိုခေါ်တာက. . ကျုပ်ပါဗျ. ."

မောင်သိန်းတန်က သေချာစွာကြည့်လိုက်သောအခါ. . ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသူတစ်ဦးဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့်ပါးမြိုင်းမွေးများမှာ ထိုဝတ်ဖြူစင်ကြယ်နှင့်လူ၏ မျက်နှာတစ်ခုလုံးအား. . ဖုံးအုပ်လုမတတ်ပင်ရှိနေချေ၏။

"ဆ. . ဆရာ. . ဆရာကြီးကိုးသင်္ချိုင်းရာဇာ. ."

"ဟုတ်ပဗျာ. . ။ လွန်ခဲ့တဲ့သုံးနှစ်က. . ကျုပ်နဲ့ဒီနေရာမှာတွေ့ခဲ့ဖူးတဲ့ ကားဆွဲလေးမောင်သိန်းတန်က. . အခုနာမည်ကြီးမင်းသားလေးမိုးပေါ်ကသိန်းတန်ဖြစ်သွားလို့. . ကျုပ်ကိုတောင် မမှတ်မိချင်တော့ဘူးပေါ့လေ. . ဟုတ်လား"

"ဟာ. . ဒီလိုမဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်က ဖြုံးခနဲဆိုတော့. . မမှတ်မိလိုက်လို့ပါ. ."

"ထားပါတော့လေ. . ။ အခုမောင်ရင်လေးဟာ မင်းသားဖြစ်သွားပြီ. . ။ မောင်ရင်လေးသိပ်ဖြစ်ချင်နေတဲ့. . အလွန်နာမည်ကြီးပြီးအောင်မြင်တဲ့ လူတစ်ယောက်အဖြစ်နေနိုင်ပြီ. ."



"မှန်. . မှန်ပါတယ်. . ဆရာကြီး"

"အေး. . အဲဒီလို မောင်ရင်လေးဖြစ်ချင်တာတွေ အားလုံးဖြစ်လာခဲ့ပြီဆိုတော့. . မောင်ရင်လေးဘဝဟာ တကယ်ရောပျော်နိုင်နေပြီလားကွာ. . ။ ကျုပ်မေးတာကို. . သေချာစဉ်းစားပြီးဖြေကြည့်စမ်းပါ. ."

မောင်သိန်းတန်သည်. . သူ့အနေနှင့် တစ်ကြိမ်တစ်ခါမျှစဉ်းစားမိခဲ့ဖူးသောမေးခွန်းကိုအမေးခံလိုက်ရသဖြင့် ရုတ်တရက်တွေဝေသွားကာ ပြန်ဖြေရန်စကားလုံးကိုပင် ရှာမရအောင်ဖြစ်သွားရလေတော့သည်။

ထိုပုဂ္ဂိုလ်ကြီးမေးသည့်မေးခွန်းမှာ သူ့အတွက်ဖြေရန်အလွန်ခက်ခဲနေသော မေးခွန်းပင်ဖြစ်ပေသည်။ သူသည် အောင်မြင်မှုကိုလိုချင်လွန်းသောကြောင့် သုံးနှစ်ဆိုသောအချိန်ကာလအတွင်း အားမနေကြိုးစားကာ အလုပ်များကိုသာအာရုံစူးစိုက်၍လုပ်ကိုင်နေခဲ့ရသဖြင့် သူ့ဘဝတွင်ပျော်ရွှင်ချမ်းမြေ့ခြင်းဆိုသောအရာနှင့်လုံးဝကင်းဝေးနေခဲ့ရပြီး ယခုအောင်မြင်မှုရရှိလာချိန်တွင်လည်း သူ့ဘဝသည်. . ယခင်ကအတိုင်းပင် ပျော်ရွှင်သည်လည်းမဟုတ်၊ မပျော်ရွှင်သည်လည်းမဟုတ်ဘဲ အထီးကျန်စွာဖြင့်သာအချိန်များကုန်ဆုံးနေခဲ့ရပေသည်။

"ဟုတ်ကဲ့. . ဆရာကြီး။ မှန်တာကိုဝန်ခံရရင် ကျွန်တော့်ကိုယ်ကျွန်တော်တောင်. . အခုအချိန်မှာဘာဖြစ်နေမှန်းသေသေ

www.burmeseclassic.com

www.burmeseclassic.com



ချာချာမတွေးမိခဲ့ဖူးပါဘူး။ အခု . . ဆရာကြီးကမေးခွန်းထုတ် လာမှပဲ . . ကျွန်တော်ဟာ ဘာတွေဆက်လုပ်သင့်နေတယ်ဆိုတာကို သေချာအချိန်ယူစဉ်းစားဖို့လိုအပ်နေတယ်လို့ သဘောပေါက်လာ ပါတယ်ခင်ဗျာ . . ”

ကိုသင်္ချိုင်းရာဇာဆိုသောပုဂ္ဂိုလ်ကြီးသည် မောင်သိန်းတန် က အမှန်အတိုင်းမရှက်မကြောက်ဖြေဆိုသည်ကိုသဘောကျစွာဖြင့် ခေါင်းတညိတ်ညိတ်လုပ်၍နေရာမှ ပြုံးလိုက်ပြီးလျှင် . .

“အေးလေ . . ။ ကျုပ်မေးတဲ့မေးခွန်းကို မောင်ရင်လေး အနေနဲ့သဘောပေါက်ရင် ကျုပ်ကျေနပ်ပါပြီ . . ။ မောင်ရင်လေး အနေနဲ့ . . ဘဝကိုအဓိပ္ပါယ်ရှိရှိဖြတ်သန်းနိုင်အောင်ကြိုးစားစမ်း ပါလေ။ လူဆိုတာ . . အောင်မြင်ပြီးရင်ကျရှုံးရမှာပဲ။ ကျရှုံးပြီးရင် တစ်နေ့နေ့မှာတော့ သေရမှာပါပဲ။ သေတဲ့အခါမှာ . . သင်္ချိုင်းကို ရောက်ကြရမှာမို့ . . ကိုသင်္ချိုင်းရာဇာဆိုတဲ့ကျုပ်နဲ့ မလွဲမသွေ တွေ့ဆုံကြရမှာပါပဲ . . ။ မောင်ရင်လေးဟာလည်း . . မောင်ရင် လေးကိုယ်တိုင် ဖြစ်ချင်လွန်းလို့ကြိုးစားခဲ့ရတဲ့ဘဝတွေကို စိတ်တိုင်း ကျဖြတ်သန်းပြီးရင် . . တစ်နေ့နေ့မှာတော့ ကျုပ်နဲ့မဖြစ်မနေဆုံ ကြရမှာပါကွာ . . ”

“ဆရာကြီးပြောတာတွေ . . အားလုံးမှန်ပါတယ်ခင်ဗျာ ကျွန်တော်နဲ့ဆရာကြီး . . မဖြစ်မနေ တွေ့ကြရဦးမယ်ဆိုတာ ဘယ်နေရာ၊ ဘယ်အချိန်မှာတွေ့ကြရဦးမှာလဲ . . ဆရာကြီးရဲ့”



“ဒါကတော့ . . တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာပေါ့ မောင်ရင် လေးရာ . . ။ ကျုပ်က . . သင်္ချိုင်းပေါင်းစုံမှာနေရတဲ့ ကိုသင်္ချိုင်း ရာဇာဆိုတော့ . . မောင်ရင်လေး သင်္ချိုင်းကိုရောက်လာရင်တော့ ဆုံကြရမှာ သေချာပါတယ်ကွ။ ဟား . . ဟား . . ”

ကိုသင်္ချိုင်းရာဇာဆိုသော . . လူဟူးလူဆန်းကြီးသည် ထိုင်နေရာမှထလိုက်ပြီးလျှင် သူ၏အနီး၌ချထားသောတောင်းကြီး ကိုလုံးအားထမ်း၍ . . ဟားတိုက်ရယ်မောကာ ထိုနေရာမှထွက်ခွာ သွားလေတော့သည်။

မောင်သိန်းတန်သည် ကိုသင်္ချိုင်းရာဇာဆိုသည့်ပုဂ္ဂိုလ်ကြီး ၏နောက်ကျောပြင်အား ငေးစိုက်၍ကြည့်နေလိုက်ပြီး . . စောစော က ပြောခဲ့ကြသည့်စကားများကိုပြန်လည်စဉ်းစားကာ မိမိ၏ဘဝ တွင် တစ်ကြိမ်တစ်ခါမျှမတွေးခဲ့ဖူးသေးသည့် ဘဝတွင်အဓိပ္ပါယ် ရှိနေထိုင်ရန်စိတ်ကူးများက . . တဖွားဖွားပေါ်ပေါက်လာခဲ့လေ တော့သည်။

♣ ♣ ♣

ဘဝ၏အဓိပ္ပါယ်ကို လေးလေးနက်နက်တွေးခေါ်စဉ်းစား လာသောမောင်သိန်းတန်သည် အောင်မြင်ခြင်း၏သဘောတရား းကိုနားလည်လာသဖြင့် . . ရှုံးနိမ့်ခြင်းကိုရင်ဆိုင်ရန်မကြောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ. . အလုပ်ကို ရဲရဲဝံ့ဝံ့၊ မကြောက်မရွံ့ပင်လုပ်ဆောင်လေတော့ရာ အောင်မြင်မှုများကိုပိုမို၍ ရရှိလာလေတော့သည်။

မောင်သိန်းတန်သည် ဇာတ်သဘင်လောကတွင်ယခင်ကလုပ်ဆောင်နေကြသည့် လမ်းရိုးလမ်းဟောင်းများမှခွဲထွက်ကာ သူ့စိတ်တိုင်းကျ. . ဇာတ်လမ်းအသစ်အဆန်းများ၊ တီးလုံးအသစ်အဆန်းများ၊ ကကွက်အသစ်အဆန်းများဖြင့် ရဲရဲရင့်ရင့်တီထွင်ကပြလေတော့ရာ. . ခြောက်လမျှကာလအတွင်း မိုးပေါ်ကသိန်းတန်ဇာတ်အဖွဲ့ကြီး၏နာမည်သည် ဇာတ်သဘင်လောကတွင်ပို၍ အောင်မြင်လာကာ မင်းသားလေးမိုးပေါ်ကသိန်းတန်သည်လည်း အလွန်ပင်နာမည်ကြီးလာလေတော့၏။

အောင်မြင်ကျော်ကြား နာမည်ကြီးလာသည်နှင့်အမျှ. . ဇာတ်မင်းသားလေးသိန်းတန်အား မြင်တွေ့ချင်သူ၊ ရင်းနှီးချင်သူမိန်းကလေးများသည်. . ဇာတ်ရုံ၏နောက်ဘက်တွင် အမြဲတမ်းပင်ရုံးစုရုံးစုနှင့်ဖြစ်နေကြလေတော့သည်။

ထမင်းချက်ဦးကြွက်နီသည်. . မောင်သိန်းတန်၏အနီးတွင်အနီးကပ်စောင့်ရှောက်ပေးပြီး မိန်းကလေးပရိသတ်များအားတောင်းပန်နေရလေသည်။

"မင်းသားလေးက. . မျက်နှာခြေလူးနေရလို့ မအားသေးပါဘူး ခင်ဗျာ. .။ မကြာခင်ဇာတ်ပွဲက စကတော့မှာမို့ ရုံထဲကနေပဲ ကတဲ့အခါမှာအားပေးကြည့်ရှုကြပါခင်ဗျာ. ."



"အလိုရှင်. .။ ကျွန်မတို့က. . မင်းသားလေးမျက်နှာကို အနီးကပ် ကြည့်ချင်နေကြတာပါ။ ရုံထဲကနေကြည့်တာကတော့. . သူပြောမှလားရှင့်. ."

"မင်းသားလေးက တော်တော်ရယ်. .။ ဒီအဖိုးကြီးက တွန့်တိုနေတတ်ရန်ကော. ."

"ကဲပါရှင်. .။ ခဏလောက်ဖြစ်ဖြစ်. . မင်းသားလေးကို ကြည့်ပြီး နှုတ်ဆက်စကားဆိုပါရစေ. ."

တစ်ယောက်တစ်ပေါက်ဖြင့်. . မကျေမနပ်တွတ်ထိုးနေကြသည်ကို. . မောင်သိန်းတန်က ဇာတ်ရုံထဲတွင်ပြင်ဆင်နေရင်းမှ ကြားလိုက်ရသဖြင့်. . .

"ကဲပါ. . အဘဦးကြွက်နီရေ။ တွေ့ချင်ရင်လည်း. . လွှတ်လိုက်ပါ. .။ လာကြပါစေလေ. ."

မောင်သိန်းတန်၏အသံကိုကြားလိုက်ရသည်နှင့် မိန်းကလေးပရိသတ်များသည်အတင်းတိုးဝှေ့ကြကာ မင်းသားမောင်သိန်းတန်၏အခန်းထဲသို့. . သူ့ထက်ငါအလျင်ဦးအောင် ပြေးဝင်လာကြလေတော့၏။

"ဟဲ့. . ဟဲ့. .။ ငါလည်း တိုက်မိကုန်ပါပြီ. .။ တော်တော်ဆော်တဲ့ မိန်းကလေးတွေပဲ. ."

ဦးကြွက်နီမှာ မိန်းကလေးများ၏အတွန်းအတိုက်ခံရင်းမှ ယိမ်းယိုင်မောရင်း ကျန်ရစ်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးပေါ်ကသိန်းတန်ဟူသောမင်းသားလေးကား ဇာတ်
သဘင်လောကတွင်. . တစ်ခေတ်တစ်ယောက် ထွန်းတောက်လာ
မြီဖြစ်ပေသည်။

လူတစ်ယောက် အောင်မြင်မှုရလာသောအချိန်တွင်. . ထ
လူအတွက် ချစ်ခင်ခြင်း၊ မနာလိုခြင်း၊ ပျက်စီးစေလိုခြင်းတို့ကလည်
အဘက်ဘက်မှ စောင့်ကြိုနေကြလေတော့၏။ ထိုလူ၏ အောင်မြ
မှုရလာခြင်းအကြောင်းရင်း၊ ထိုလူ၏ အောင်မြင်မှုရရန်ကြိုးစ
အားထုတ်ခဲ့ရပုံတို့ကို. . မည်သူကမျှ စေ့စေ့ငုငုတွေးတောကြခြ
မရှိကြဘဲ မနာလို၊ မရှုစိမ့်ဖြစ်နေကြခြင်းမှာ အလွန်ဆိုးရွားလှသေ
စိတ်ဓါတ်မျိုးပင်ဖြစ်ပေတော့သည်။

မင်းသမီးရွှေပိတုန်းတင်မေနှင့်. . သူမ၏အဒေါ်ဖြစ်
ဒေါ်ကြီးမြတို့မှာ. . မောင်သိန်းတန်တစ်ယောက် မင်းသားဖြစ်လ
ရခြင်းကိုပင် မူလကတည်းကကျေနပ်ခြင်းမရှိခဲ့ကြသဖြင့် ယခု
သို့အောင်မြင်မှုများအကြီးအကျယ်ရလာသောအခါ ပို၍ပို၍
မနာလို၊ မရှုစိမ့်နိုင်အောင်ဖြစ်လာကြကာ. . မောင်သိန်းတန်
ပျက်စီးရာ၊ ပျက်စီးကြောင်းကိုသာ. . အမြဲတမ်းကြံစည်လျှက်ရှိ
လေ၏။

"ဒီမောင်သိန်းတန်တစ်ယောက်. . မင်းသားဖြစ်လာ
ကျွန်မဖြင့် တဖြည်းဖြည်းနဲ့နာမည်မှိန်နေရပါရောလား. . ဒေါ်
မြရယ်. . "



"အေးလေ. . ။ ဒီမင်းသားကလည်း ဘာတွေများကောင်း
နေလို့. . လူတွေက ကြိုက်နေကြတာလဲမသိဘူး။ ကြံကြံဖန်ဖန်
ကားဆွဲရတဲ့ကောင်က မင်းသားတက်ဖြစ်နေရတယ်လို့. . ။ ငါ့တူမ
လေးက သူ့ကြောင့်နာမည်မှိန်နေရရှာတယ်. . ။ မဖြစ်ပါဘူးအေ။
ဒီကောင့်ကိုတော့. . တစ်ခုခုလုပ်ကြမှ ဖြစ်လိမ့်မယ်. . "

"ကြံကြည့်စမ်းပါဦး. . ဒေါ်လေးရယ်"

"အင်းပါကွယ်. . ။ ဒေါ်လေးလည်း အကွက်ကောင်းကို
ချောင်းနေတာပါပဲ. . ။ အကွက်ကောင်းတွေ့တာနဲ့. . ဒီကားဆွဲတဲ့
ကောင်ကို လမ်းဘေးပြန်ပို့လိုက်မှာပါ။ ဒီကိစ္စကို. . ဒေါ်လေး
တာဝန်ထားလိုက်စမ်းပါ တူမကြီးရယ်. . "

ရွှေပိတုန်းတင်မေ၏အဒေါ် ဒေါ်ကြီးမြသည် မင်းသား
မောင်သိန်းတန်အပေါ်၌ အမျိုးမျိုးအကောက်ကြံစည်နေလေတော့
သည်။ ဤသည်ကို ရိပ်မိသိရှိနေသောဦးကြွက်နီသည် မောင်သိန်း
တန်အားအနီးတပ်စောင့်ရှောက်ပေးနေပြီး သတိရှိစွာဖြင့်စောင့်
ကြပ်ပေးနေလေ၏။

မောင်သိန်းတန်တို့၏ မိုးပေါ်ကသိန်းတန်ဇာတ်အဖွဲ့ကြီး
သည်. . အမြိုမြို့၊ အနယ်နယ်သို့ လှည့်လည်၍ကပြနေကြသည်မှာ
တစ်နှစ်ပတ်လုံးပင်ဖြစ်၏။ ကပြရာနေရာတိုင်းတွင်လည်း. . မောင်
သိန်းတန်၏နာမည်သည်သာလျှင် ပို၍နာမည်ကျော်ကြားလာကာ
သူကြိုက်များလာပေတော့သည်။

www.burmeseclassic.com



မောင်သိန်းတန်တစ်ယောက်. . ထိုကဲ့သို့ အောင်မြင်မှုများ စွာရရှိလာရခြင်းသည်ကား. . မောင်သိန်းတန်၏ဆရာများဖြစ် ကြသော ထမင်းချက်ဦးကြွက်နီနှင့်လူ့ရှင်တော်ငွေမြားတို့၏ကျေးဇူ များကြောင့်ပင်ဖြစ်ပေ၏။

ထိုဆရာနှစ်ယောက်တို့မှာ မောင်သိန်းတန်အားအမြ မပြတ်သတိပေးဆုံးမနေကြသည့် လက်ဦးဆရာနှစ်ယောက်ပင်ဖြ ကြပေသည်။ ဇာတ်ရုံအတွင်းရှိအခြေအနေအရပ်ရပ်ကို အမြဲမပြတ် လေ့လာအကဲခတ်၍ ဆုံးမသွန်သင်ပေးနေသူကား လူ့ရှင်တော်ငွေ မြားပင်ဖြစ်ပေ၏။

လူ့ရှင်တော်ငွေမြားသည် ရွှေပိတုန်းတင်မေနှင့်ဒေါ်ကြီးမြ တို့က မောင်သိန်းတန်အပေါ်၌မနာလိုမရှုစိမ့်ဖြစ်နေကြပြီး မော သိန်းတန်အားအကောက်ကြံနေကြသည့်အဖြစ်ကို ရိပ်စားမိသလ မောင်သိန်းတန်ကိုယ်တိုင်ကလည်း ရွှေပိတုန်းတင်မေအားယခုအ ချိန်တိုင်အောင်ချစ်ခင်စွဲလန်းနေသည့်အဖြစ်ကို ကောင်းစွာရိပ် သိရှိနေပေသည်။

“မောင်သိန်းတန်ကို. . ဆရာ့အနေနဲ့ တစ်ခုတော့ကြိုတ ပြီး သတိပေးထားချင်တယ်ကွယ်. . ”

“ဟုတ်ကဲ့. . ။ ပြောပါ. . ဆရာငွေမြား”

“ဒီအချိန်မှာ မင်းဟာ. . အထွတ်အထိပ်ကိုရောက်နေ လူတစ်ယောက်ဖြစ်နေပြီနော်. . ”



“ဟုတ်ပါတယ်. . ဆရာငွေမြား”

“လူဆိုတာ. . အမြဲတမ်းလှုပ်ရှားနေရတဲ့သတ္တဝါတစ်မျိုး ပဲကွ. . ။ အစရှိရင်. . အဆုံးရှိမယ်။ အနိမ့်ရှိရင်. . အမြင့်ရှိမယ်။ အရယ်အမောရှိရင်. . အငိုရှိမယ်။ ဒါဟာ. . လူ့သဘာဝပဲမောင် သိန်းတန်ရေ။ မင်းအနေနဲ့ အဓိကသိထားဖို့ကတော့. . အထွတ် အထိပ်ဆိုတာရဲ့နောက်မှာ. . ကျဆုံးခြင်းဆိုတာ အမြဲတမ်းကပ် လိုက်နေတာကို. . သိထားဖို့လိုတယ်ကွ. . ”

လူ့ရှင်တော်ငွေမြားသည်. . မောင်သိန်းတန်အားစူးစူး စိုက်စိုက်ကြည့်ကာ. .

“မင်းအနေနဲ့. . အခုလိုအောင်မြင်မှုအထွတ်အထိပ်ကို ရောက်ရှိနေချိန်မှာ မင်းဘဝအတွက်အလိုအပ်ဆုံးအရာကတော့ မင်းနဲ့အတူ ဘဝလမ်းခရီးကိုအေးအတူ၊ ပူအမျှလျှောက်လှမ်းနိုင် မယ့် ဘဝအဖော်မွန်ပဲကွ. . ။ အဲဒီလိုဘဝအဖော်မွန်ကိုရွေးချယ် နိုင်မှလည်း. . မင်းဘဝမှာ မျိုးဆက်ဆိုတာကျန်ခဲ့နိုင်မှာပေါ့ကွ။ ဇာတ်မင်းသားမိုးပေါ်ကသိန်းတန်အနေနဲ့ ဇာတ်သဘင်လောကမှာ မျိုးဆက်တစ်ဆက်တော့ ကျန်ရစ်ခဲ့စေချင်တယ်ကွာ. . ”

လူ့ရှင်တော်ငွေမြားသည် ငေးငိုင်တွေဝေနေသောမောင် သိန်းတန်အား ပြုံးစေ့စေ့ဖြင့်ကြည့်လိုက်ပြန်ပြီးလျှင်. .

“ဆရာ့အမြင်ကိုပြောရရင်. . မောင်သိန်းတန်ကိုစွဲလန်း မြတ်နိုးနေကြတဲ့မိန်းကလေးတွေ အတော်များပါတယ်. . ။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေထဲက မိန်းကလေးနှစ်ယောက်ဟာဖြင့် မောင်သိန်းတန်နဲ့သင့်လျော်တယ်လို့ ဆရာကိုယ်တိုင်ယူဆမိပါတယ်. . ။ ပဲခူးကပွဲရုံပိုင်ရှင်သူဌေးမလေးမမြရီနဲ့ ရန်ကုန်ကအထည်ဆိုင်ပိုင်ရှင်မအေးမြတို့လေ. . ။ မောင်သိန်းတန်အနေနဲ့. . သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုရွေးချယ်ပြီးအိမ်ထောင်ပြုလိုက်ရင်မောင်သိန်းတန်ရဲ့ဘဝအေးချမ်းသွားမယ်လို့ ဆရာမြင်တယ်. . ”

“ဆရာပြောတာ အင်မတန်မှန်ပါတယ်ဆရာရယ်. ။ အဲဒီမိန်းကလေးနှစ်ယောက်စလုံးဟာ. . အဆင်းရော၊ အချင်းပါ ပြည့်စုံကြပါတယ်. . ။ ဒါပေမယ့်. . ကျွန်တော့်စိတ်ထဲမှာ သူတို့နဲ့ပတ်သက်ပြီး ညီမလေးတွေလိုပဲခင်မင်နေမိပါတယ်. . ။ ဇနီးမယားအဖြစ်အိမ်ထောင်ပြုဖို့အထိ. . ကျွန်တော့်အနေနဲ့ ဘယ်လိုမှစဉ်းစားလို့မရတာအမှန်ပါပဲဆရာရယ်. . ”

လူရှင်တော်ငွေမြားသည် မောင်သိန်းတန်၏စိတ်ထဲတွင် သူကိုယ်တိုင်ဝင်ကြည့်၍သိရှိနေသည့်အလား မောင်သိန်းတန်အား ပြုံး၍ကြည့်လိုက်ပြန်ကာ. .

“အင်းလေ. ။ မောင်သိန်းတန်ရဲ့ရင်ထဲကခံစားချက်တွေကိုလည်း ဆရာ့အနေနဲ့နားလည်သင့်သလောက်နားလည်ထားပါတယ်ကွယ်. . ။ မောင်သိန်းတန်ရဲ့ဘဝမှာ. . ဘယ်မိန်းကလေးကိုတမ်းတမ်းစွဲဖြစ်နေပြီး အဲဒီမိန်းကလေးနဲ့ပတ်သက်ပြီးဘယ်လိုတွေခံစားနေရတယ်ဆိုတာလည်း ဆရာရိပ်မိပါရဲ့. . ။ မောင်သိန်းတန်



ဘဝလမ်းကို မောင်သိန်းတန်ကိုယ်တိုင်ပဲရွေးချယ်ပါလေ. . ”

ဆရာဖြစ်သူလူရှင်တော်ငွေမြားသည် သက်ပြင်းတစ်ချက် မသိမသာချလိုက်ပြီးလျှင်. .

“အင်း. . ဆရာ့အနေနဲ့မောင်သိန်းတန်ကို အထူးသတိ ့ သတိပေးပြောပြထားချင်တာကတော့. . မင်းရဲ့အချစ်ဆုံးလူ မင်းအတွက်အမုန်းဆုံးရန်သူဖြစ်သွားဖို့ အင်မတန်လွယ်တယ် တဲ့အချက်ပါပဲကွာ. . ”

မောင်သိန်းတန်၏အတွေးများက သူ၏ဦးနှောက်ထဲတွင် စွာမှ ရှုပ်ထွေးနေပေတော့သည်။

မိမိ၏ ရှေ့ဆက်ရမည့်ဘဝခရီးသည်ကား. . လွန်စွာမှ ခဲလှကြောင်းနှင့် ရင်မောစရာများဖြင့်ပြည့်နှက်နေသည်ကို. . င်သိန်းတန် သိရှိလိုက်မိပေတော့သည်။

မောင်သိန်းတန်၏ဘဝမှာ ရွှေမရှား၊ ငွေမရှားမင်းသား းမောင်သိန်းတန်ဟုဆိုရမလောက်ပင် ပစ္စည်းဥစ္စာများကို း. . အတော်အတန် စုဆောင်းမိနေလေပြီ။ သူ့အားချစ်ခင် းနေကြသည့်မိန်းကလေးများစွာရှိနေသော်လည်း သူ့အနေ ည့်သည့်မိန်းကလေးကိုမူ. . ပြန်လည်ချစ်ခင်စွဲလမ်းမိခြင်း အချစ်ရေးနှင့်ပတ်သက်လာလျှင်. . ရေလိုက်ငါးလိုက်ပင်နေ ခဲ့ပေသည်။

ထိုသို့ဖြစ်နေရသည့်အကြောင်းရင်းမှာ မောင်သိန်းတန်

www.burmeseclassic.com

www.burmeseclassic.com



၏ရင်ထဲတွင်. . ယခုအချိန်တိုင်အောင်ပင် ရွှေပိတုန်းတင်မေတစ် ယောက်တည်းသာ ရှိနေခြင်းကြောင့်ဖြစ်ပေသည်။ မောင်သိန်းတ သည် ရွှေပိတုန်းတင်မေအား အလွန်စွဲလန်းချစ်ခင်နေမိသော်လည် ယခုအချိန်တိုင်အောင် တစ်ကြိမ်တစ်ခါမျှ ဖွင့်ဟပြောဆိုနိုင်ခဲ့ခြင် မရှိခဲ့သေးပေ. . ။

ယခင် စတင်ကြုံတွေ့ကြရစဉ်အချိန်ကလည်း. . နိမ့်က လှသည့်ကားဆွဲသမားဘဝနှင့် မင်းသမီးရွှေပိတုန်းတင်မေအ သူ့အချစ်ကို ဖွင့်ဟပြောနိုင်ခွင့်မကြုံခဲ့သလိုပင်. . ဇာတ်မင်းသ မိုးပေါ်ကသိန်းတန်အဖြစ် အောင်မြင်မှုများရလာသည့်အချိန်တွ လည်း ရွှေပိတုန်းတင်မေ၏ အတိတ်ကဇာတ်လမ်းများကိုသိရှိထ ခဲ့ပြီး သူကိုယ်တိုင်ပင်ဆိုင်းဆရာစိန်ကျောက်ခဲနှင့်အဖြစ်အပျက်ေ မျက်မြင်ကြုံတွေ့ခဲ့ရဖူးသူဖြစ်သောကြောင့် ထိုအဖြစ်အပျက်မ ကို စိတ်ထဲမှထုတ်ပယ်ပစ်နိုင်ခြင်းမရှိသေးသဖြင့် 'စားရမှာလည် သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီနှင့်တဝင်းဝင်း' ဟူသောစကာ ကဲ့သို့ဖြစ်နေရကာ. . မောင်သိန်းတန်တစ်ယောက်မှာ ရွှေပိတု တင်မေအား စွဲလမ်းချစ်ခင်မြတ်နိုးနေမိသည့်စိတ်ကို ရင်ထဲတွ သာသိမ်းဆည်းထားပြီး ဘဝတွင်တစ်ယောက်တည်းသာ အထီးက စွာ ကျိတ်မှိတ်ခံစားနေခဲ့ရလေသည်။

♣ ♣ ♣



ကံကြမ္မာဇာတ်ဆရာကဖန်တီးပေးလိုက်သော မောင်သိန်း တန်၏ဘဝအပြောင်းအလဲကား. . လုံးဝ မယုံကြည်နိုင်လောက် အောင်ပင် မြန်ဆန်လွန်းလှပေသည်။

သူ၏ဆရာများဖြစ်ကြသော ဦးကြွက်နီနှင့်လူရွှင်တော် ငွေမြားတို့ကသတိပေးနေသည့်ကြားမှပင်. . ဖြစ်ပျက်သွားသည့် အကြောင်းအရာတစ်ခုက ဇာတ်မင်းသားမိုးပေါ်ကသိန်းတန်၏ ဘဝတစ်ခုလုံးကို. . အဆုံးစွန်သောပျက်စီးခြင်းသို့ ရောက်ရှိသွား စေခဲ့ပေတော့သည်။

ပဲခူးဘုရားပွဲတော်ကြီးတွင်. . မိုးပေါ်ကသိန်းတန်ဇာတ် အဖွဲ့ကြီး စတင်ကပြမည့်နေ့ဖြစ်၏။ ထိုနေ့သည်ကား မောင်သိန်း တန်၏ဘဝတွင်. . တစ်သက်လုံး မေ့၍မရနိုင်တော့သည့်နေ့ပင် ဖြစ်ပေသည်။

ထိုနေ့ညနေစောင်းပိုင်းတွင်. . ဇာတ်သမားများမှာ အမြင် ထွက်၍လည်သူတွေကထွက်လည်နေကြသလို မိမိတို့၏အိပ်ယာ များတွင်အိပ်စက်နားနေသူတွေကလည်း အိပ်ပျော်နေကြပေသဖြင့် ဇာတ်ရုံကြီးထဲတွင်လူများရှင်းလင်းကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ နေပေသည်။

မောင်သိန်းတန်မှာလည်း. . ညကျလျှင် ပင်ပင်ပန်းပန်း ကပြရတော့မည်ဖြစ်၍ အားလပ်သည့်ညနေချိန်လေးတွင်အိပ်စက် အနားယူနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်. . ရွှေပိတုန်းတင်မေ၏အဒေါ်ဖြစ်သူ ဒေါ်ကြီးမြသည် ရေးကြီးသုတ်ပျာဖြင့် မောင်သိန်းတန်၏အခန်းထဲ ရောက်ရှိလာပြီး အကူအညီတောင်းလေတော့သည်။

"မောင်သိန်းတန်ရေ. . ။ မင်းနှမလေးခမျာတော့ ဗိုက် ထဲကအောင့်လို့ဆိုပြီး လူးလိမ့်နေတာပဲ. . ။ ကယ်ပါဦးကွယ်. . ဇာတ်ထဲကလူတွေကလည်း. . ဘယ်တွေရောက်နေကြမှန်း မသိ ဘူး။ ဒေါ်လေးကလည်း တစ်ယောက်တည်းဆိုတော့. . ဘာလုပ် ဘာကိုင်ရမှန်းတောင် မသိတတ်တော့ပါဘူးကွယ်. ."

မောင်သိန်းတန်မှာ သူ့ရင်ထဲတွင်ကျိတ်၍ ချစ်ခင်မြတ် နှိုးစွဲလမ်းနေရသူလေးဖြစ်သော ရွှေပိတုန်းတင်မေအတွက် စိုး စိတ်များဖြစ်ပေါ်လာမိလေ၏။

"သူ့ဗိုက်ကတော်တော်နာနေသလား. . ဒေါ်ဒေါ်"

"အေးကွယ်. . ။ အောင့်တယ်၊ အောင့်တယ်နဲ့ လူးလှိမ့် အော်နေတာပဲ. . ။ ဒေါ်ဒေါ်က ပရုပ်ဆီလိမ်းပေးနေပေမယ့်. . မျက်ဖြူတွေလန်ပြီး လူမှန်းသူမှန်းမသိလောက်အောင်ကို ဆိုး တာကွယ့်. ."

"ကဲ. . ဒီလိုဖြစ်လည်း ဒေါ်ဒေါ်ကဆရာဝန်သွားပင့်ေ ကျွန်တော်က. . သူ့ဆီမှာသွားပြီး စောင့်ကြည့်နေလိုက်ပါ့မယ်. . မြင်းလှည်းသမားကို. . ပန်ချာပီဆရာဝန်ကြီးဇေဗီဆင်းဆီ လို ပို့ဖို့ပြောပြီးတော့. . အဲဒီဆရာဝန်ကို ငွေဘယ်လောက်ကုန်



ရအောင်သာပင့်ခဲ့ပေတော့ ဒေါ်ဒေါ်. ."

"အေးကွယ်. . ကျေးဇူးတင်ပါတယ်. ."

မောင်သိန်းတန်မှာ ရွှေပိတုန်းတင်မေ၏အခန်းထဲသို့ စိုးရိမ်တကြီးပင်ပြေးဝင်သွားလေရာ အခန်းထဲသို့ရောက်သည်နှင့် ရွှေပိတုန်းတင်မေမှာ ဒေါ်ကြီးမြပြောသွားသလိုဗိုက်အောင့်မနေဘဲ ပြုံးရွှင်စွာထိုင်နေသည်ကိုတွေ့လိုက်ရလေ၏။ မောင်သိန်းတန် က အံ့ဩစွာဖြင့်လှမ်းမေးလိုက်သည်။

"အလို. . မတင်မေက ဗိုက်အောင့်နေတယ်ဆို. ."

"ဟုတ်ပါတယ် ကိုသိန်းတန်ရယ်. . ။ ခုနတုန်းကတော့ သေမလောက်ကို အောင့်နေတာပါပဲ။ အခုတော့. . ကိုသိန်းတန် ကိုမြင်လိုက်ရလို့ ပျောက်သွားပါပြီရှင့်. ."

"ဟာဗျာ. . ။ ကျွန်တော့်မှာဖြင့် မတင်မေအတွက်စိုးရိမ် လိုက်ရတာ. ."

"ကျွန်မအပေါ်မှာ. . ရှင်က တကယ်ပဲစိုးရိမ်နေသေးလို့ လားကိုသိန်းတန်ရယ်. . ။ ဇာတ်ထဲကိုရောက်ကာစ ကားဆွဲလေး မောင်သိန်းတန်ဘဝက. . ရှင်ဟာကျွန်မအတွက် အရာရာမှာဂရု စိုက်ခဲ့ပေမယ့် မင်းသားလေးမောင်သိန်းတန်ဖြစ်သွားကတည်းက ရှင့်စိတ်တွေပြောင်းလဲသွားတာကို ကျွန်မရိပ်မိနေပါတယ်ရှင်. ."

"ကျွန်တော်ဟာ စိတ်ပြောင်းလဲတတ်တဲ့လူမဟုတ်ပါဘူး တင်မေ။ မတင်မေ့အပေါ်မှာ. . ကျွန်တော့်စိတ်တွေဟာ ခုချိန်ထိ

www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲသေးပါဘူး . . ။ ကျွန်တော် . . ကျိန်ဆိုရင်တောင် ကျိန်ရ ပါရဲ့ဗျာ . . ”

ရွှေပိတုန်းတင်မေသည် . . မောင်သိန်းတန်၏အနီးသို့ တဖြည်းဖြည်းတိုးကပ်လာခဲ့ပြီး . . .

“ဒါဖြင့် . . ကိုသိန်းတန်ကတင်မေ့ကို ခုချိန်ထိချစ်သေးရဲ့ လား။ တင်မေကတော့ . . ကိုသိန်းတန်ကိုစွဲလမ်းပြီး မေတ္တာရှိနေ ခဲ့ရတာ ကြာလှပါပြီရှင် . . ”

ရွှေပိတုန်းတင်မေက ပြောပြောဆိုဆိုပင် . . မောင်သိန်း တန်အား လှမ်း၍ဖက်လိုက်သည်နှင့် . .

“လာကြပါဦးရှင် . . ။ ဟောဒီမှာ မင်းသားမောင်သိန်းတန် က . . ကျွန်မတို့မလေးကို ဗလက္ကာယပြုနေလို့ပါ . . ။ လာကြပါ . . ကယ်ကြပါ . . ”

ရွှေပိတုန်းတင်မေ၏ အဒေါ်ဖြစ်သူ . . ဒေါ်ကြီးမြ၏အော် ဟစ်သံကိုကြားလိုက်ရသည်နှင့် . . မောင်သိန်းတန်သည် သူ့အား အတင်းဖက်ထားသောရွှေပိတုန်းတင်မေအား . . တွန်းလွှတ်က အခန်းထဲမှ အမြန်ပြေးထွက်သွားလေတော့သည်။

သို့သော်လည်း . . ရွှေပိတုန်းတင်မေနှင့် အဒေါ်ဖြစ် ဒေါ်ကြီးမြတို့သည် ဇာတ်ထဲသို့နောက်ပိုင်းမှအသစ်ဝင်ရောက်လာ ကြသော ကားဆွဲ၊ မီးထိုးသမားနှင့်လူကြမ်းများကို ကြိုတင်စည်း ထားပြီးဖြစ်နေ၍ . . မောင်သိန်းတန်မှာ အခန်းတွင်းမှအထွက်တွ



အဆင်သင့်စောင့်နေကြသောလူများ၏ ဝိုင်းဝန်းရိုက်နှက်ခြင်းကို ခံလိုက်ရပြီး . . ဒဏ်ရာများပြင်းထန်စွာရရှိသွားကာ သတိလစ်၍ မေ့မျောသွားလေတော့သည်။ မောင်သိန်းတန်သတိလစ်မသွားမီ နောက်ဆုံးကြားလိုက်ရသောအသံမှာ . . အဘဦးကြွက်နီ၏အသံ ပင်ဖြစ်ပေသည် . . ။ အဘဦးကြွက်နီက . . .

“ဟေ့လူတွေ . . မှားကြမယ်နော်။ မင်းတို့တွေ . . အရမ်း မလုပ်လိုက်ကြနဲ့ဦး။ မှားကုန်ကြတော့မှာပဲ . . ”

“ဒုတ် . . ”

“အား . . ”

“ဟာ . . ဦးကြွက်နီကိုပါ ဓါးနဲ့ထိုးလိုက်ပြီဟေ့ . . ”

မင်းသားမောင်သိန်းတန်မှာ . . မျက်နှာတွင် ရုပ်ပျက်ဆင်း ပျက်ဖြစ်သော ဒဏ်ရာကြီးတစ်ခုကိုရလိုက်သည့်အပြင် ဆရာဖြစ် သူဦးကြွက်နီမှာလည်း မောင်သိန်းတန်အတွက်ကာကွယ်ပေးရင်း သေဆုံးခဲ့ရလေသည်။

လူရွှင်တော်ဦးငွေမြားမှာလည်း . . မောင်သိန်းတန်တစ် ယောက်ဆေးရုံသို့အမြန်ရောက်နိုင်ရန် သူကိုယ်တိုင်ထမ်းပိုး၍ဆေး ရုံအရောက်ပို့ပေးခဲ့ကြောင်းကို . . မောင်သိန်းတန်အား ကားဆွဲ သမားနက်ကျော်က လာ၍ပြောပြလေ၏။

နက်ကျော်သည် . . ဆေးရုံမှပြန်မသွားမီ မောင်သိန်းတန် အား သတင်းဆိုးတစ်ခုကိုပြောပြသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေပိတုန်းတင်မေက. . အတင်းအဓမ္မကြံစည်မှုနဲ့ ကို
သိန်းတန်ကို ပုလိပ်ဂါတ်မှာအမှုဖွင့်ထားတယ်လို့ကြားခဲ့ရတယ်
ကဲ. . ကျုပ်ပြန်ဦးမယ်ဗျာ။ မနက်ကျမှ တစ်ခေါက်လာခဲ့မယ်. ."

"အေးကွာ. . ကျေးဇူးတင်ပါတယ်. ."

မောင်သိန်းတန်မှာ. . နက်ကျော်မှတစ်ဆင့် အကြောင်း
ကိုသိလိုက်ရသည်နှင့် ရွှေပိတုန်းတင်မေအပေါ်တွင် အတော်ပ
စိတ်နာကျည်းသွားမိလေတော့သည်။

"တောက်. . ။ ရက်စက်လိုက်တဲ့. . မတင်မေ့ရယ်။ ကျု
ဆရာဦးကြွက်နီလည်း. . သေရတယ်။ ကျုပ်အနှစ်နှစ်၊အလ
တည်ဆောက်ခဲ့ရတဲ့ဘဝတစ်ခုလုံးကိုလည်း ဆုံးရှုံးခဲ့ရပြီ. . ။ ကျု
ဘဝတော့. . ပျက်ပါပေါ့လား"

မောင်သိန်းတန်သည်. . ချက်ခြင်းပင် ဆေးရုံထဲမှထွ
ပြေးခဲ့လေတော့သည်။ သူ့အနေဖြင့်. . ရုပ်အဆင်းမှာလည်းပျ
ယွင်းနေပြီဖြစ်ကာ. . ရွှေပိတုန်းတင်မေအား အတင်းအဓမ္မ
စည်မှုကလည်းရှိနေသဖြင့် လူအများနှင့်ရင်မဆိုင်ဝံ့တော့ဘဲ ရှ
ဖျက်ရှောင်တိမ်းနေရလေတော့သည်။

မောင်သိန်းတန်သည်. . ထိုကဲ့သို့ ရုပ်ဖျက်၍ရှောင်တိ
နေရင်း လူသားအချင်းချင်းစာနာမှုကင်းစွာ မတရားလုပ်ကြံမှု
ခံခဲ့ရသည့် သူ့ဘဝကိုအလွန်စိတ်နာကာ. . လူအများနှင့် ဆ
လက်၍အပေါင်းအသင်းလုပ်လိုစိတ်မရှိတော့ဘဲ လူ့ဘဝတွင်



ထိုင်ရသည့်သက်တမ်းတလျှောက်တွင်. . ရုပ်အဆင်းပျက်ယွင်း၍
လူတောမတိုးနိုင်တော့သည့်သူ့အနေဖြင့်. . သူစိတ်ချမ်းသာသလို
သာနေထိုင်သွားတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ကာ. . မင်းသား
လေးမိုးပေါ်ကသိန်းတန်ဘဝမှ သူတောင်းစားစိန်မြားဘဝသို့ကူး
ပြောင်း၍ ဇာတ်မြုပ်နေလိုက်လေတော့သည်။

ထိုသို့သူတောင်းစားအဖြစ် ဇာတ်မြုပ်၍နေထိုင်နေရင်း
ကွမ်းခြံဘုတာရုံကြီးထဲတွင် ပုလိပ်များကအဖွားအိုတစ်ယောက်အား
မတရားအနိုင်ကျင့်နေကြသည့်အဖြစ်ကို တွေ့မြင်လိုက်ရသောအခါ
သူ၏မဟုတ်မခံစိတ်ဓါတ်ကြောင့် ပုလိပ်များကိုပြန်လည်ရိုက်နှက်ပြီး
ထွက်ပြေးလာခဲ့ရလေသည်။

မောင်သိန်းတန်သည်. . ထိုသို့ထွက်ပြေးလာရာမှ တောင်
ငူမြို့စွန်ရှိပေကုန်းသုသာန်သို့ရောက်ရှိလာခဲ့ပြီး သုဘရာဇာပေတိုး
(ခေါ်)ကိုးသချိုင်းရာဇာနှင့်အတူနေထိုင်ရင်း ဆရာကြီးသုဘရာဇာ
ပေတိုး(ခေါ်)ကိုးသချိုင်းရာဇာထံတွင် ယောကျ်ားတို့တတ်အပ်
သောအတတ်ပညာများကို သင်ယူလေ့လာခဲ့လေရာ. . နဂိုမူလက
ပင် ပညာမှန်သမျှသင်ယူချင်နေသောမောင်သိန်းတန်မှာ. .
အချိန်ရှိသမျှ ကိုးသချိုင်းရာဇာသင်ကြားပေးသော ပညာရပ်များ
ကိုလေ့လာကျင့်ကြံနေခဲ့သဖြင့် ကိုးသချိုင်းရာဇာ၏ပညာရပ်များ
ကို. . အတော်အတန်ပင် တတ်မြောက်ခဲ့လေတော့၏။

ထိုသို့ဖြင့် လေးနှစ်ကျော်မျှကြာအောင်ပေကုန်းသုသာန်

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင်ခိုအောင်းနေထိုင်ခဲ့ပြီး ကိုးသချိုင်းရာဇာသင်ပေးသမျှပညာများကိုအပတ်တကုပ်သင်ယူနေခဲ့သောမောင်သိန်းတန်သည် သူ၏ဆရာဖြစ်သူကိုးသချိုင်းရာဇာ၏အကြံပေးချက်အရ. . ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာလာခဲ့ပြီး အခြေအနေများကိုစုံစမ်းကြည့်လိုက်သောအခါ သူတို့၏မိုးပေါ်ကသိန်းတန်ဇာတ်အဖွဲ့ကြီးသည်လည်း သူပျောက်ဆုံးသွားသည့်အချိန်မှစ၍ ဇာတ်အဖွဲ့ကြီးကိုဖျက်သိမ်းလိုက်ကြောင်း ကြားသိရလေတော့သည်။

မောင်သိန်းတန်သည် ရန်ကုန်မြို့နေရာအနှံ့အပြားတွင်သူတောင်းစားစိန်မြားဘဝဖြင့် တစ်နှစ်ကျော်မျှကျင်လည်နေထိုင်ရင်းသတင်းများကိုစုံစမ်းလေရာ မင်းသမီးရွှေပိတုန်းတင်မေသည်သူဌေးကြီးတစ်ဦးနှင့်အိမ်ထောင်ကျခဲ့ပြီး ရန်ကုန်မြို့၏ဂုဏ်သရေရှိလူတန်းစားများကြားတွင်ကျင်လည်နေရာမှ သူဌေးကြီးကွယ်လွန်သွားသောအခါ ပစ္စည်းအားလုံးကိုအမွေရရှိလိုက်ပြီး သူဌေးမကြီးဒေါ်တင်မေကြီးအဖြစ် စည်းစိမ်ခံ၍ချမ်းသာစွာနေထိုင်လျက်ရှိနေကြောင်းကို သိရှိလိုက်ရလေတော့သည်။

သူတောင်းစားစိန်မြားဖြစ်နေရှာသော မောင်သိန်းတန်သည် တောင်ငူပေကုန်းသုသာန်သို့ပြန်ရောက်လာပြီး သူကြားသိလာခဲ့ရသောသတင်းစကားများကို ဆရာဖြစ်သူကိုးသချိုင်းရာဇာအားဖွင့်ဟပြောပြကာ အတူပြန်လည်နေထိုင်ကြလေသည်။

လူနေအေးဆေးသလောက် စိတ်ဓါတ်ကအလွန်ပြင်းထန်



လှသောမောင်သိန်းတန်သည် သူ့ဘဝတစ်ခုလုံးကိုဖျက်ဆီးခဲ့သောရွှေပိတုန်းတင်မေ(ခေါ်)သူဌေးမဒေါ်တင်မေကြီးအား စိတ်ထဲတွင်လုံးဝခွင့်လွှတ်၍မရနိုင်ဘဲ. . နေ့စဉ်နှင့်အမျှ ရင်ထဲတွင်တနုံ့နုံ့ခံစားနေရပေသဖြင့်. . နောက်ဆုံး၌ ရန်ကုန်မြို့သို့ပြန်သွားပြီးဒေါ်တင်မေကြီးအား ကလဲ့စားချေလုပ်ကြံသတ်ဖြတ်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

"ဆရာကြီး. . ။ ကျွန်တော့်ရဲ့ဘဝတစ်ခုလုံး ပျက်စီးသွားအောင်လုပ်ခဲ့တဲ့သူကို. . ကလဲ့စားချေဖို့ အခွင့်အခါရောက်နေပြီမို့ခွင့်ပြုပါဆရာကြီး. . "

"အေးလေ. . ။ မင်းရဲ့ခံစားချက်နဲ့ မင်းရဲ့ဆန္ဒကိုတော့. . ဆရာကြီးလည်း မတားလိုပါဘူး။ အကူအညီရအောင် တာတော့ကိုပါခေါ်သွား. . ။ မင်းတို့အနေနဲ့. . ရန်ကုန်မှာ အမိကသတိထားရမှာကတော့. . ငါ့ရဲ့ရန်သူတော်ကြီး လူသူတော်သျှောင်တစောင်းဆိုတဲ့လူပဲ။ သူနဲ့တွေ့ကြုံရရင်. . ရင်ဆိုင်တိုက်ခိုက်ဖို့မကြိုးစားကြပါနဲ့။ သူဟာ. . မင်းတို့နဲ့ ယှဉ်ပြိုင်ဘက်မဟုတ်ဘူးကွယ့်။ လိုအပ်လာရင်တော့. . ဆရာ့ကိုဆက်သွယ်ကြပါ. . ။ လူသူတော်သျှောင်တစောင်းကိုတွေ့ရင်အမြန်ဆုံးရှောင်တိမ်းကြဖို့ ဆရာမှာထားတာကိုတော့ မမေ့ကြလေနဲ့ကွယ့်. . "

"စိတ်ချပါ. . . ဆရာကြီး. . "

ထိုသို့ဖြင့်. . သူတောင်းစားစိန်မြား (ခေါ်) မိုးပေါ်က

www.burmeseclassic.com

www.burmeseclassic.com



သိမ်းတန်နှင့်သွေးသောက်စဏ္ဍာလတာတေတို့နှစ်ဦးသည်. . ဒေါ်တင်မေကြီးကိုသတ်ဖြတ်ကလဲ့စားချေရန်အတွက် ရန်ကုန်သို့ထွက်လာခဲ့ကြလေတော့သည်။

"ဒီအဖြစ်အပျက်တွေကို ကျွန်တော်အမှန်အတိုင်းပြောပြနေတာပါ။ ကျွန်တော်ဟာ... ဒေါ်တင်မေကြီးကိုသတ်ခဲ့ပါတယ်"

သူတောင်းစားစိန်မြား (ခေါ်) မိုးပေါ်ကသိမ်းတန်သည် စုံထောက်ကြီးဦးဇင်ယော်အား အထက်ပါအတိုင်းဖြောင့်ချက်ပေး၍အစစ်ဆေးခံခဲ့လေသည်။

ကျန်ရှိနေသောအဖြစ်အပျက်များအား. . စဏ္ဍာလတာတေက ဆက်၍ဖြောင့်ချက်ပေးဝန်ခံလေတော့သည်။

(တာတေ၏ဝန်ခံချက်ကို အမှုမှတ်တမ်းပုံစံမျိုးမဟုတ်ဘဲ. . ဇာတ်လမ်းတစ်ပုဒ်ပမာ ရေးသားတင်ဆက်လိုက်ရပေသည်)

စာရေးသူ။



သူ့ဘဝတွင်...ကျားကောင်များစွာ...
ထိုးကျွေးခဲ့ရဖူးပေသည်။
ယခုအချိန်သည်...
မိမိက ပြန်စားရမည့်အချိန်ရောက်ပြီဖြစ်၏။

*သူတောင်းစားစိန်မြား*

www.burmeseclassic.com

www.burmeseclassic.com



## တာတေ၏ဖြောင့်ချက်

သူတောင်းစားစိန်မြားကိုတာတေက ပေကုန်းသုသာန်သို့
ခေါ်ဆောင်လာခဲ့ပြီး. . ဆရာကြီးသုဘရာဇာပေတိုးနှင့် တွေ့ပေ
လိုက်သောအခါ. . သူတောင်းစားစိန်မြားသည် သုဘရာဇာပေတိုး
နှင့် ယခင်ကပင်သိကျွမ်းခဲ့ဖူးသူမှန်းသိလိုက်ရသဖြင့် ပို၍အဆင်
ပြေသွားလေတော့သည်။

သူတောင်းစားစိန်မြားသည် သုသာန်အလုပ်များကိုဝိုင်
၍လုပ်ကိုင်ပေးခြင်း၊ စားသောက်ရန်အတွက် ချက်ပြုတ်ကျွေးမွေး
ခြင်းအမှုများကို တာဝန်ယူ၍လုပ်ကိုင်ပေးရလေသည်။



ပေတိုးသည်. . သူ့ဆရာဖြစ်သူ သုဘရာဇာပေတိုးနှင့်
သူတောင်းစားစိန်မြားတို့ပတ်သက်ခဲ့ကြသည့်နောက်ကြောင်းများ
အား လုံးဝကြားသိခဲ့ဖူးခြင်းမရှိသဖြင့်. . သုဘရာဇာပေတိုးနှင့်
နှစ်ယောက်ခြင်းဆုံကြသောအခါတွင်မှ အကျိုးအကြောင်းများကို
မေးမြန်းစပ်စုလေတော့ရာ သုဘရာဇာပေတိုးက. . မိုးပေါ်ကသိန်း
ဘန်တစ်ဖြစ်လဲ သူတောင်းစားစိန်မြား၏နောက်ကြောင်းများကို
အတိအကျပြန်လည်ပြောပြနေခြင်းအား အလွန်အံ့ဩလှစွာပင်
နားထောင်နေမိလေတော့၏။

တာတေသည်ငြိမ်၍ နားထောင်နေရင်း. . ဆရာကြီး
သုဘရာဇာပေတိုးအား သူအလွန်သိချင်နေသည့်အမိကအကြောင်း
ကိုမေးလိုက်လေသည်။

"ဆရာကြီးရယ်. . ။ ဆရာကြီး အခုပြောပြသွားတဲ့
အကြောင်းတွေဟာ. . သူတောင်းစားစိန်မြားရဲ့အဖြစ်အပျက်အမှန်
တွေချည်းပေါ့နော်. . ။ ဒီလောက် လျှမ်းလျှမ်းတောက်အောင်မြင်
နေပြီးမှ မိန်းမတစ်ယောက်ကြောင့်ဘဝတစ်ခုလုံးပျက်ခဲ့ရတဲ့ သူ့
အတွက် ကျွန်တော်စိတ်မကောင်းလွန်းလို့ပါခင်ဗျာ. . "

"ဟုတ်တယ်. . တာတေ။ ငါဟာ. . ကျင့်စဉ်တစ်ခုကိုကျင့်
ငင်းခရီးလှည့်လည်နေချိန်မှာ. . ဇာတ်မင်းသားမောင်သိန်းတန်နဲ့
စ်ခါဆုံခဲ့ရတယ်။ အဲဒီလိုဆုံချိန်မှာ. . ငါ့ရဲ့ကျင့်စဉ်ပြီးမြောက်
ဘာ့မယ်အချိန်ပေါ့ကွာ. . "

www.burmeseclassic.com

www.burmeseclassic.com



သုဘရာဇာပေတိုးအမည်ကိုခံယူထားသော ကိုးသချိုင်
ရာဇာသည် အဝေးသို့ငေးကြည့်၍စဉ်းစားနေရင်း သက်ပြင်းတစ်
ချက်ကို လေးလေးပင်ပင်ချလိုက်ကာ. .

"အင်းလေ. .။ ဘာပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက်စလုံး
ဟာ ငါ့တပည့်ရင်းတွေဖြစ်နေကြပြီး. . ငါကိုယ်တိုင်ကလည်း မင်
တို့အပေါ်မှာသံယောဇဉ်ရှိနေတာမို့. . ဒီနေ့ကစပြီး မင်းတို့နှ
ယောက်ကို ငါတတ်ထားတဲ့ပညာတစ်ချို့ကိုသင်ကြားပေးဖို့. . ငါ
ဆုံးဖြတ်လိုက်ပါပြီကွာ. . "

တာတေသည်. . ဆရာကြီးကိုးသချိုင်းရာဇာအား တအံ့
တသြမော့ကြည့်လိုက်ပြီးလျှင်. .

"ဆရာကြီးက ကျွန်တော်တို့ကို. . ဘာပညာတွေများသ
ပေးမှာမို့လဲဗျ. . "

"မင်းတို့နှစ်ယောက်စလုံးဟာ. . အင်မတန် ရိုးသားကြတ
အတွက် သူတစ်ပါးကစော်ကားလာရင် အမြဲတမ်းခေါင်းငုံ့ခံခဲ့ကြ
ရတယ်မဟုတ်လား. .။ အေး. . ငါ့ပညာတွေကို မင်းတို့တတ်ပြ
တဲ့အချိန်ကစပြီး မင်းတို့ကိုစော်ကားလာတဲ့လူမှန်သမျှကို ချက်ခြင်
လက်တုန့်ပြန်တိုက်ခိုက်ပြီး အနိုင်ယူနိုင်ကြတော့မှာပါ။ လူလူခြင်
ဆိုရင် ဘယ်သူ့ကိုမှကြောက်စရာမလိုတော့ဘူးပေါ့ကွာ။ လူ့ဘီလူ
လောက်ခွန်အားဗလရှိတဲ့လူမျိုးကိုတောင်မှ မင်းတို့ကအသာလေး
အနိုင်ယူနိုင်ကြတော့မှာပါကွာ. .။ ဟဲ. . ဟဲ. . "



"ဟုတ်ပါ့မလား. . ဆရာကြီးရယ်။ ဆရာကြီးက ဒီလောက်
အစွမ်းထက်တဲ့ပညာမျိုးကို တကယ်တတ်လို့လား. .။ ဆရာကြီး
ဖြစ်တာလည်း ကျွန်တော်တစ်ခါမှမမြင်ဖူးပါဘူးဗျာ. . "

"ပညာဆိုတာ ရန်ဖြစ်ဖို့မှမဟုတ်တာပဲ. . တာတေရာ။
င်းတို့ကိုလည်း ကိုယ့်ကိုယ်ကိုခုခံကာကွယ်ဖို့အတွက်သာ ဒီပညာ
သင်ပေးမှာပါကွ။ ငါ့ကို ဒီပညာတွေသင်ပေးခဲ့တဲ့ ကျေးဇူးရှင်
းကတော့ တိဗက်ကဆရာကြီးကွမ်ဆိုတာပဲကွ။ ပညာရဲ့အစွမ်း
မင်းတို့မကြာခင်မှာသိရမှာပေါ့ကွာ. . ဟား. . ဟား. . "

(ကိုးသချိုင်းရာဇာ၏ဆရာဖြစ်သော တိဗက်ဆရာကြီး
မ်၏အကြောင်းကို. . ကျွန်ုပ်ရေးသားခဲ့သော 'သျှောင်ပေစူးဘိုး
တ်' စာအုပ်တွင် အသေးစိပ်ဖော်ပြခဲ့ပြီးဖြစ်ပေသည်။)

စာရေးသူ

ထိုနေ့မှစ၍ ဆရာကြီးကိုးသချိုင်းရာဇာသည်. . တာတေ
မောင်သိန်းတန်(ခေါ်)သူတောင်းစားစိန်မြားတို့အား သူ၏လျှို့
က်တိုက်ခိုက်ရေးပညာရပ်များကို. . စတင်၍သင်ကြားပေးလေ
တော့သည်။

မောင်သိန်းတန်နှင့်တာတေတို့နှစ်ဦးသည်. . ညအခါ
တွင်အုတ်ဂူများပေါ်၌ စိတ်တည်ငြိမ်မှုအတွက်. . နာရီပေါင်း
စွာ ငြိမ်သက်စွာထိုင်နေကြရလေ၏။

"အဲဒီလို. . ငြိမ်ငြိမ်လေးထိုင်ပြီး စိတ်တွေကို တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



တည်းမှာစုစည်းထားကြရမယ်. .။ မိမိစိတ်ကို. . မိမိက ထိမ်းချု
နိုင်ရမယ်. .။ စိတ်ကို တည်ငြိမ်အောင်ထိမ်းချုပ်ထားကြ. . ”

သူတို့နှစ်ဦး၏နံဘေးမှနေ၍ ဆရာကြီးကိုးသင်္ချိုင်းရာဇ
က တတွတ်တွတ်ပြောဆိုသင်ပြပေးနေ၏။ နှစ်ဦးစလုံးပင် ကြိုးစ
၍ထိုင်ကြရပေသည်။

“ဟုတ်ပြီ. . မင်းတို့ရဲ့မတည်ငြိမ်တဲ့စိတ်တွေဟာ ငြိမ်သ
သွားတာနဲ့. . မင်းတို့ရဲ့အာရုံမှာ အလင်းရောင်ကလေးတစ်ခု
တွေ့လာကြရလိမ့်မယ်. . ”

သုံးလမျှကြာအောင်. . လေ့ကျင့်ပြီးကြသောအချိန်တွ
အာရုံစူးစိုက်လိုက်ကြသည်နှင့် ဆရာကြီးပြောသောအလင်းရော
ကို တွေ့မြင်လာကြရလေသည်။

“အဲဒီအလင်းရောင်ကို စွမ်းအားလို့ခေါ်တယ်။ အင်္ဂလိ
လိုတော့. . ပါဝါလိုက်ဖ်ပေါ့ကွာ။ အဲဒီအလင်းရောင်ကို မိမိလိုချ
တဲ့အချိန်မှာ. . ခြင်းတွေ့နိုင်တဲ့အဆင့်ထိ ရောက်လာအော
ကြိုးစားလေ့ကျင့်ကြရမယ်. . ”

ဆရာကြီးကိုးသင်္ချိုင်းရာဇာသည် ထိုလေ့ကျင့်ခန်းကို
နေ့စဉ်ရက်ဆက်သင်ကြားပေးနေလေ၏။ ထိုကဲ့သို့ နေ့စဉ်သင်ကြ
နေရသောကြောင့်. . ခြောက်လမျှကြာလာသောအချိန်တွင် မော
သိန်းတန်နှင့်တာတေတို့နှစ်ဦးစလုံးမှာ အလင်းရောင်ကို လိုသ
မြင်နိုင်သောအဆင့်သို့ ရောက်ရှိခဲ့ကြလေတော့သည်။



“အဲဒီ ကျင့်စဉ်ကတော့. . တိဗက်ဘုန်းတော်ကြီးတွေရဲ့
ကျင့်စဉ်များထဲက စိတ်ဓါတ်ခိုင်မာအောင်ကျင့်တဲ့. . ကျင့်စဉ်တစ်
မျိုးပေါ့။ မင်းတို့အနေနဲ့. . အချိန်အားရတိုင်း မပျက်မကွက်ဆက်
ပြီးလေ့ကျင့်ကြရလိမ့်မယ်. . ”

“ဟုတ်ကဲ့. . ကျွန်တော်တို့ ကြိုးစားပါ့မယ်. . ”

ထိုကဲ့သို့ ညစဉ်လေ့ကျင့်နေကြရသောကာလများတွင်
နေ့လယ်ပိုင်းအားလပ်သောအချိန်များ၌ ဆရာကြီးကိုးသင်္ချိုင်းရာ
ဇာသည် ဓါးပစ်ခြင်းအတတ်နှင့် ဒေါင်းမြီးတပ်မြားပစ်ခြင်းအတတ်
များကိုပါ သင်ကြားပေးလေ၏။

ထို့ပြင် ဗေဒင်ပညာ၊ နက္ခတ်ပညာ၊ ဆေးပညာ၊ ဂမ္ဘီရ
ပညာများကိုပါ ကြုံလျှင်ကြုံသလိုသင်ကြားပေးလေရာ သူတို့နှစ်
ဦးစလုံးက. . စိတ်ပါလက်ပါ ကြိုးစားလေ့ကျင့်ကြသောကြောင့်
အနည်းငယ်အတွင်း. . ပညာရပ်မျိုးစုံကို နှစ်ဦးစလုံးကျွမ်းကျင်
စွာ တတ်မြောက်သွားကြလေသည်။

“အင်း. .။ မောင်သိန်းတန်နဲ့ တာတေတို့ကတော့ အလွန်
တော်တဲ့တပည့်နှစ်ယောက်ပေပဲ။ မင်းတို့အတွက်. . ဆရာကြီးရဲ့
သက်ဝေ့ပညာကို ဆက်ပြီးသင်ပေးရဦးမှာပေါ့ကွာ. . ”

မောင်သိန်းတန်မှာ ဆရာကြီးကိုးသင်္ချိုင်းရာဇာ၏စကား
ကြောင့် အထူးပင်ဝမ်းသာသွားမိလေ၏။ မိမိ၏ဘဝအတွက်. .
အလွန်တန်ဖိုးရှိသောပညာရပ်များဖြစ်ခြင်းကြောင့် ကြိုးစား၍သင်

www.burmeseclassic.com

www.burmeseclassic.com



ယူလေ၏။ လက်ဝှေ့ပညာကို စတင်သင်ကြားခြင်းမပြုမီ. . ဆ
ကြီးကိုးသချိုင်းရာဇာက မြန်မာ့လက်ဝှေ့ပညာရပ်အကြောင်း
ရှင်းပြလေ၏။

"မြန်မာ့ရိုးရာလက်ဝှေ့ဆိုတာ. . ငါတို့အမျိုးသားများ
လက်နက်မဲ့ကိုယ်ခံပညာရပ်တစ်ခုဆိုတာကို. . မောင်ရင်တို့သိထ
ဖို့လိုတယ်ကွယ့်။ ငါတို့ရဲ့ မြန်မာ့ရိုးရာလက်ဝှေ့ပညာကို အင်္ဂလိ
အစိုးရက. . သူတို့အတွက်အန္တရာယ်လာဖြစ်မယ့်အရေးကိုမြင်
ပိတ်ပင်တားဆီးထားခဲ့တယ်။ အဲဒါကို. . ဆန့်ကျင်တဲ့အနေနဲ့ ငါ
မြန်မာ့ရိုးရာလက်ဝှေ့ပညာကို အခါအခွင့်သင့်တိုင်းလူငယ်လူရွ
တွေကိုသင်ပေးခဲ့ပြီး. . သူတို့ကိုလည်း အဆင့်ဆင့်ထပ်သင်ကြ
ပေးကြဖို့ ညွှန်ကြားခဲ့တာကြောင့်. . အခုဆိုရင် ငါနဲ့တွေ့ခဲ့တဲ့
ငယ်အတော်များများဟာ မြန်မာ့ရိုးရာလက်ဝှေ့ပညာကို တ
ကျွမ်းကုန်ကြပါပြီလေ. . "

ဆရာကြီးကိုးသချိုင်းရာဇာက. . မြန်မာ့ရိုးရာလက်
အခြေခံနှင့်ရာဇဝင်များကိုရှင်းပြလေ၏။

"ငါတို့ရဲ့ မြန်မာမင်းများလက်ထက်မှာ ချီးမြှင့်မြှောက်
ခြင်းခံခဲ့ရတဲ့ ဒီပညာရပ်ဟာ. . အခုလို ကိုလိုနီလက်အောက်
ရောက်နေတဲ့အချိန်မှာ. . အချိုးအနှိမ်ခံရတဲ့ပညာရပ်တစ်ခု ဖြစ်
ခဲ့ရတယ်. . "

ကိုးသချိုင်းရာဇာသည်. . ပြောရင်းဆိုရင်းပင် ဒေါသမ



ပေါက်ကွဲလာဟန်ဖြင့် တင်းမာခက်ထန်သောမျက်နှာထားဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်၏။

"အခုလည်း. . လက်ဝှေ့မထိုးရဘူး၊ လက်ဝှေ့ပွဲမလုပ်ရဘူးဆိုပြီးတားမြစ်ထားတယ်. . ။ လုပ်ရင် အင်္ဂလိပ်အစိုးရက. . အရေးယူတယ်၊ တားဆီးတယ်၊ ပိတ်ပင်ထားတယ်လေ။ အဲဒါကို. . ငါ့တပည့်ဖြစ်တဲ့မင်းတို့တွေက လုံ့လဝီရိယနဲ့ မြန်မာ့လက်ဝှေ့ပညာကို တတ်နိုင်သလောက်ပျံ့ပွားအောင် ကြိုးစားကြရမယ်. . "

"စိတ်ချပါ. . ဆရာကြီး။ ကျွန်တော်တို့တွေ တတ်နိုင်သလောက်ကြိုးစားပါ့မယ်. . "

မောင်သိန်းတန်နှင့်တာတေတို့သည် စိတ်ပါလက်ပါပင် ကတိပြုလိုက်ကြလေသည်။

"အေး. . ဟုတ်ပြီ။ ငါ့တပည့်နှစ်ယောက်ရဲ့စိတ်ဓါတ်ကို ငါယုံကြည်ပါတယ်ကွာ။ မင်းတို့နှစ်ယောက်စလုံးကို. . မြန်မာ့လက်ဝှေ့ပညာရှင်ကြီးတွေဖြစ်လာအောင် ငါကိုယ်တိုင်ကြိုးစားပြီးသင်ပေးရမှာပေါ့. . "

တစ်နေ့တွင်. . မောင်သိန်းတန်နှင့်တာတေတို့နှစ်ဦးသား လက်ဝှေ့ထိုးနေရာသို့ ကိုးသချိုင်းရာဇာကအသေအချာလာရောက်ကြည့်ရှုနေပြီးလျှင်. . .

"ကဲ. . တပည့်တို့။ လက်ဝှေ့ပညာနဲ့ပတ်သက်တဲ့ စည်းကမ်းတွေနဲ့ လိုက်နာဖို့အချက်တွေကို ပြန်ဆွေးနွေးကြရအောင်. .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . အမိန့်ရှိပါဆရာကြီး. . "

"ငါတို့ရဲ့ မြန်မာ့ရိုးရာလက်ဝှေ့ပညာက. . ထိုးသတ်နည်း စုံတယ်. . ။ ခြေ၊ လက်၊ ဒူး၊ တံတောင်၊ ခေါင်း၊ ခြေဖျား၊ လက်ဖျံဆိုတဲ့ ခန္ဓာကိုယ်ရဲ့အစိပ်အပိုင်းတွေကို အဓိကလက်နက်အဖြစ်အသုံးပြု ထားတဲ့ တိုက်ကွက်တွေနဲ့ဖွဲ့စည်းထားတဲ့ပညာကွ. . ။ ကဲ. . ငါသင် ပေးထားသမျှတိုက်ကွက်တွေကို အစအဆုံးပြန်လေ့ကျင့်ပြစမ်း. . "

မောင်သိန်းတန်နှင့်တာတေတို့သည် ဆရာကြီးကိုးသချိုင်း ရာဇသင်ကြားပေးခဲ့သောတိုက်ကွက်များကို တစ်ကွက်မကျန်ပြန် လည်လေ့ကျင့်ပြကြလေသည်။

"အေး. . မင်းတို့အခု တိုက်ခိုက်ခဲ့ကြတဲ့တိုက်ကွက်တွေ ဟာ. . ငါတို့မြန်မာ့ရိုးရာလက်ဝှေ့ပညာရဲ့ တိုက်ကွက်အစစ်တွေပဲ။ အဲဒီပညာတွေကို အခြေခံပိုင်ပိုင်နဲ့တတ်ကျွမ်းပြီးရင် ဆရာကြီးကွမ် ရဲ့ပညာတွေကိုဆက်သင်ဖို့အတွက် မခက်ခဲတော့ပါဘူးလေ။ အခြေ ခံပိုင်သွားရင်. . နောက်ထပ်ဆင့်ပွားပညာတွေ သင်ကြားပေးရတာ မခက်တော့ပါဘူးလေ။ အရေးကြီးတာက အခြေခံပိုင်ဖို့ပဲ. . "

မောင်သိန်းတန်နှင့်တာတေတို့သည်. . ဆရာကြီး ကိုးသ ချိုင်းရာဇပြောပြသမျှကို ခေါင်းငုံ့၍အာရုံစူးစိုက်စွာနားထောင် နေကြလေသည်။

"ကဲ. . မင်းတို့ရဲ့ခန္ဓာကိုယ် ကြံ့ခိုင်မာကျောနေဖို့အတွက် နေ့စဉ်. . ဘာတွေလုပ်ကြရမယ်၊ ဘယ်လိုလေ့ကျင့်ကြရမယ်ဆိုတာ



မောင်သိန်းတန်က. . ပြောပြစမ်းပါဦးကွ"

"တစ်အချက်က. . နေ့စဉ်ရေကူးခြင်းကို ကွမ်းယာသုံးရာ ဝါးပြီးတဲ့အချိန်ခန့်အထိ ပုံမှန်ကူးခတ်လေ့ကျင့်ရပါမယ်. . "

"အေး. . မှန်တယ်။ ဆက်ပြောစမ်း. . "

"နှစ်အချက်ကတော့. . ရေထဲမှာလက်သီးထိုးခြင်းနဲ့ ခုန် ပြီးကန်ခြင်းကို နေ့စဉ်ကွမ်းနှစ်ရာညက်ခန်အထိ ကျင့်ရပါမယ်. . "

"သုံးအချက်ကတော့. . အမြင့်ဆယ့်ငါးတောင်ကြိုးကို ခြေ ထောက်မကူဘဲနဲ့. . နေ့တိုင်း တွယ်တက်၊ တွယ်ဆင်း အကြိမ်နှစ် ဆယ်လုပ်ရပါမယ်. . "

"လေးအချက်ကတော့. . အမြင့်လေးတောင်ရှိတဲ့နေရာ ကနေပြီး မိမိကိုယ်ကို ကောက်ရိုးခင်းထားတဲ့မြေကြီးပေါ် ပစ်ချခြင်း ကို ခံနိုင်ရည်ရှိသမျှလုပ်ကြရပါမယ်. . "

"အေး. . ဟုတ်တယ်။ မင်းက အားလုံးမှတ်မိတယ်. . ။ ကဲ. . တာတေရေ။ မင်းကရော. . နောက်ထပ် ဘာတွေလေ့ကျင့်ရ ဦးမှာလဲဆိုတာ. . ပြောပြပါဦးကွယ့်. . "

"တစ်နေ့ တစ်နာရီ. . ကြိုးခုန်ရမယ်။ အမြင့်ခုန်ရမယ်။ အပြေးလေ့ကျင့်ရမယ်. . "

"ဟုတ်ပြီ. . နောက်ဆုံးအဓိကအချက်ဟာ ဘာလဲကွ. . "

"မှန်မှန်အိပ်၊ မှန်မှန်စား၊ သေရည်သေရက်ကို လုံးဝရှောင် ရပါမယ်. . ဆရာကြီး. . "

www.burmeseclassic.com

www.burmeseclassic.com



"အေး. . ။ မင်းတို့တော်တယ်။ အဲဒါတွေဟာ. . မြန်မာ့ရိုးရာလက်ဝှေ့ပညာနဲ့ တိုက်ခိုက်ရေးပညာရပ်အားလုံးရဲ့ အဓိကကျတဲ့လေ့ကျင့်မှုတွေပဲပေါ့။ ကဲ. . ငါ့တပည့်တွေ ဆက်ကြိုးစားကြပေတော့"

ကိုးသချိုင်းရာဇာမှာ ဆုံးမစကားနှင့်သိသင့်သောအချက်များကိုပြောဆိုပြီး ဇရပ်ပေါ်သို့တက်သွားလေတော့သည်။

"ကဲ. . တာတေရေ။ အမောပြေပြီဆိုရင် . . နောက်ထပ်တစ်ပွဲတစ်လမ်းလောက် အကဲစမ်းလိုက်ကြဦးစို့ဟေ့. ."

"လုပ်လိုက်လေ. . ကြာသလားလို့။ ဘက်တူရင် လူမရွေးပါဘူးနော်။ ကြက်တူရွေးတောင်ကလာတဲ့ တက်လူကလေးတာတေတဲ့ဟေ့. ."

"ဖြော်င်း. . ဖြော့င်း. ."

လက်ခမောင်းခတ်သံ တဖြောင်းဖြောင်းဖြင့်. . မောင်သိန်းတန်နှင့်တာတေတို့နှစ်ယောက်မှာ. . အကြိတ်အနယ်ပင် လက်ဝှေ့ပွဲကိုဆင်နွှဲနေကြလေတော့သည်။

♣ ♣ ♣

ပေကုန်းသုသာန်အတွင်း တိတ်ဆိတ်ငြိမ်သက်စွာရှိချေ၏။ ကိုးသချိုင်းရာဇာမှာ ဇရပ်ပေါ်တွင်လဲလျောင်း၍အနားယူနေပြီး



တပည့်နှစ်ဦးဖြစ်သူ တာတေနှင့်မောင်သိန်းတန်တို့မှာ ကျားကွက်ရွှေ့နေကြလေသည်။

"မင်းကျားကို. . ငါစားမယ်. ."

"မရဘူးလေ. . ဒီလိုရှောင်မှာပေါ့. ."

"ဒီလိုရှောင်တော့. . ဟောဒီလို တက်ချိန်မယ်ကွာ"

"မင်းချိန်လို့ ငါ့ကျားကိုစားရင်. . မင်းကျားလည်း သေသွားမှာပေါ့. . မောင်သိန်းတန်ရာ. . ။ ဟား. . ဟား. ."

သူတို့နှစ်ဦး အပြန်အလှန်ပြောဆိုရင်းကျားကစားနေကြချိန်တွင်. . ဆရာကြီးကိုးသချိုင်းရာဇာသည် လဲလျောင်းနေရာမှထ၍ထိုင်လိုက်ပြီးလျှင်. . .

"သူတစ်ပါးရဲ့ကျားကို စားတော့မယ်ဆိုရင်. . ကိုယ့်ကျားကိုမသေအောင်တော့ ဂရုစိုက်ရတာယ်. . မောင်သိန်းတန်ရဲ့"

ဆရာကြီးက မောင်သိန်းတန်ဘက်မှဝင်ပြီး. . ကျားကွက်ကိုကူ၍ရွှေ့ပြလိုက်သည်။ မကြာခင်ပင်. . တာတေ၏ကျားများအစားခံလိုက်ရပြီး. . ဆရာကြီးကိုးသချိုင်းရာဇာက အနိုင်ရသွားလေသည်။

"ဘာအလုပ်ပဲလုပ်လုပ်. . . အန္တရာယ်တွေကို ကြိုသိနေရမယ်ကွ။ ကျားကစားတာလည်း အဲဒီလိုပဲ. . ။ မိမိနိုင်ချင်တာချည်းတည်း မကြည့်ရဘူး။ မိမိရဲ့ကျားဘယ်နှစ်ကောင် အဆုံးရှုံးခံပြီးတော့မှ အနိုင်ရမယ်ဆိုတာကိုလည်း. . တွက်နိုင်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . ဆရာကြီး။ ကျွန်တော်. . သတိပြုပါ့မယ်"

ဆရာကြီးကိုသချိုင်းရာဇာမှာ ကျားကွက်ရွှေ့ခြင်းသဘောတရားများကို သင်ကြားပေးနေလေသည်။

"တစ်ခါတလေမှာ. . တစ်ဘက်လူရဲ့ကျားတွေ သုံးလေးကောင်စားရဖို့အတွက် မိမိဘက်က ကျားတစ်ကောင်နှစ်ကောင်ကို ထိုးကျွေးလိုက်ရတတ်တယ်။ အဲဒါဟာ ဘာလဲဆိုတော့. . တစ်ဘက်လူရဲ့လောဘစိတ်ကို. . နှိုးဆွပေးလိုက်တာပေါ့. ."

ဆရာကြီးကိုးသချိုင်းရာဇာမှာ အကြမ်းတစ်ခွက်သောက်လိုက်ပြီးမှ. . .

"တစ်ဘက်လူကလည်း ကျွေးပြီဆိုတာနဲ့. . အတင်းစားတော့တာပဲ။ အဲဒီလိုစားခြင်းဟာ. . သူ့အမှားဆိုတာ သူ့ကျားတွေကုန်သွားမှပဲ သိရတော့တယ်. ."

မောင်သိန်းတန်နှင့်တာတေတို့နှစ်ဦးသည် ဂရုတစိုက်ပင်နားထောင်နေကြလေသည်။

"အခုလည်း. . မောင်သိန်းတန်ကိုပြောချင်တာကတော့ မင်းဘဝမှာ. . ကျားကောင်တွေ ကျွေးခဲ့ပေါင်းများလှပါပြီ။ အခု. . မင်းက ပြန်စားရမယ့်အလှည့်ရောက်နေပြီဆိုတာကိုတော့. . မင်းသိထားဖို့လိုပြီကွ. ."

မောင်သိန်းတန်မှာ အဝေးသို့ငေးမောကြည့်နေမိသည်။ အတိတ်မှဖြစ်ရပ်များစွာသည် ဘိုင်စကုတ်ပြသလိုပင်. . ဖျတ်ခနဲ



ဖျတ်ခနဲ ပုံရိပ်များပြေးလွှားနေကြလေ၏။

"ဟုတ်ကဲ့. .။ ဆရာကြီးပြောတဲ့. . ကျွန်တော်အလှည့်ကိုရောက်ပြီဆိုတာ. . ကျွန်တော်သိပါရဲ့။ ဒါပေမယ့်. . ."

"မင်း. . ရန်ကုန်ကိုပြန်သွားပြီး လူတွေကြားမှာတစ်နှစ်လောက် ကျင်လည်နေထိုင်ကြည့်လိုက်ပါ မောင်သိန်းတန်. .။ တစ်နှစ်ပြည့်လို့မင်းပြန်ရောက်လာရင် ဘယ်လိုကျားကွက်မျိုးကို ဘာစားသင့်တယ်ဆိုတာ. . မင်းအနေနဲ့ ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာချထားပြီးဖြစ်နေမှာပါကွာ. .။ ဟား. . ဟား. ."

မောင်သိန်းတန်သည် ဆရာဖြစ်သူကိုးသချိုင်းရာဇာ၏ စကားကိုကြားလိုက်ရသည်နှင့် အတိတ်မှဖြစ်ရပ်များကိုပြန်လည်သတိရလာကာ သွေးများပင်ဆူပွက်မတတ်ခံစားလိုက်ရပြီး ဆရာဖြစ်သူကခွင့်ပြုသဖြင့်ရန်ကုန်မြို့သို့ တစ်ဦးတည်းထွက်ခွာသွားကာ ရန်ကုန်မြို့တွင်သူတောင်းစားတစ်ဦးအဖြစ်ကျင်လည်ကျက်စားနေခဲ့ပြီးနောက်. . ရွှေပိတုန်းတင်မေ(ခေါ်)သူဌေးမဒေါ်တင်မေကြီး၏အကြောင်းများကိုပါအလုံးစုံသိရှိခဲ့ရကာ. . တစ်နှစ်ပြည့်မြောက်သောအခါ ပေကုန်းသုသာန်သို့ ပြန်လည်ရောက်ရှိလာလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းတန်သည် ရန်ကုန်မြို့တွင်သူ့အနေနှင့်ကြားသိခဲ့ရသမျှကို ဆရာဖြစ်သူကိုးသင်္ချိုင်းရာဇာနှင့်သူငယ်ချင်းတာတေတို့အားပြန်လည်ပြောပြပြီး ဆရာဖြစ်သူနှင့်တပည့်နှစ်ဦးတို့သည် လျှို့ဝှက်သောပညာရပ်များကို ဆက်လက်လေ့ကျင့်ကြရင်းဖြင့်ပင် အချိန်များကို ဆက်လက်ကုန်လွန်ခဲ့ကြလေသည်။

မောင်သိန်းတန်သည် သူ့အနေနှင့်အလွန်ချစ်ခင်လေးစားရသော . . ဆရာဖြစ်သူကိုးသင်္ချိုင်းရာဇာနှင့် အချစ်ရဆုံးသူငယ်ချင်းတာတေတို့နှင့် ပြန်လည်တွေ့ဆုံနေထိုင်ခွင့်ရသဖြင့် စိတ်ထဲတွင်ပျော်ရွှင်နေမိသော်လည်း သူ့ဘဝတစ်ခုလုံးကိုမတရားဖျက်ဆီးခဲ့ပြီးမှ . . သူဌေးမဒေါ်တင်မေကြီးအဖြစ်စည်းစိမ်ယစ်မူးနေသော ရွှေပိတုန်းတင်မေ၏အကြောင်းကိုသာ နေ့စဉ်နှင့်အမျှ စိတ်ထဲတွင်တွေးနေမိကာ ဒေါသမီးတောက်လောင်သည့်ဒါဏ်ကို တနုံ့နုံ့ခံစားနေရပေသဖြင့် . . သူသည်ရန်ကုန်မြို့သို့ပြန်သွားပြီး ဒေါ်တင်မေကြီးအား ကလဲ့စားချေလုပ်ကြံသတ်ဖြတ်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

ဆရာကြီးကိုးသင်္ချိုင်းရာဇာအား သူ၏ဆုံးဖြတ်ချက်ကို ဖွင့်ပြောလိုက်သည့်အခါ . . မောင်သိန်းတန်၏ ခိုင်မာစွာဆုံးဖြတ်ချက်ချထားသောကြောင့် တည်ကြည်လေးနက်နေသောမျက်နှာအား အသေအချာစူးစိုက်ကြည့်လိုက်ပြီးလျှင် . .

"အေးလေ . . ။ မင်းရဲ့ခံစားချက်နဲ့ မင်းရဲ့ဆန္ဒကိုတော့ . .



ဆရာကြီး မတားလိုပါဘူး။ အကူအညီရအောင် တာတေ့ကိုပါခေါ်သွား . . ။ တာတေဟာ . . မင်းနဲ့သွေးသောက်မိတ်ဆွေ၊ သေတူရှင်ဘက်တစ်ယောက်ဖြစ်တယ် . . "

"ဟုတ်ပါတယ် . . မောင်သိန်းတန်ရယ်။ မင်းအတွက်ဆိုငါ့ အသက်တောင်ပေးဝံ့ပါရဲ့ . . "

မောင်သိန်းတန်နှင့်တာတေတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

ဆရာကြီးကိုးသင်္ချိုင်းရာဇာက . . ဒေါင်းမြီးတပ်မြားနှစ်ချောင်းကိုထုတ်ပေးလိုက်ပြီး . . .

"မင်းတို့အတွက် . . လိုရာသုံးနိုင်တဲ့ဒီမြားနှစ်စင်းကို ဆရာကြီးပေးလိုက်မယ် . . "

"ကျေးဇူးတင်ပါတယ် . . ဆရာကြီး"

"မင်းတို့အနေနဲ့ . . ရန်ကုန်မှာ အမိကသတိထားရမှာကတော့ . . ငါ့ရဲ့ရန်သူတော်ကြီးလူသူတော်သျှောင်တစောင်းဆိုတဲ့လူ . . သူနဲ့တွေ့ကြုံရရင် ရင်ဆိုင်ဖို့မကြိုးစားကြပါနဲ့။ သူဟာ . . မင်းတို့နဲ့ ယှဉ်ပြိုင်ဘက်မဟုတ်ပေဘူးကွယ့် . . ။

ဆရာကြီးကိုးသင်္ချိုင်းရာဇာသည် ဦးခေါင်းကိုမော့၍ အတန်ကြာအချိန်ယူပြီးစဉ်းစားနေရာမှ . .

"ဒီအတွက်လည်း သိပ်တော့စိတ်ပူမနေကြပါနဲ့လေ . . လူသူတော်သျှောင်တစောင်းကိစ္စကို ဆရာကြီးရဲ့တာဝန်သာထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ။ လူသူတော်သျှောင်တစောင်းကိုလမ်းလွှဲလို့ရအောင်. . ဆရာကြီးအမြန်စီစဉ်လိုက်ပါ့မယ်။ မင်းတို့လုပ်စရာရှိတာသာ. . စိတ်ချလက်ချ လုပ်ကြပေတော့. . "

မောင်သိန်းတန်အတွက်. . ဘဝနှင့် ရင်းနှီးခဲ့ရသော ကလဲ့စားချေခြင်းဟူသောကျားကွက်ကို ရွှေ့ရပေတော့မည်။ သူ့ဘဝတွင် ကျားကောင်များစွာထိုးကျွေးခဲ့ရဖူးပေသည်။ ယခုအချိန်သည် မိမိကပြန်စားရမည့်အချိန်ရောက်ပြီဖြစ်၏။

"ကျွန်တော်နဲ့ တာတေအတွက်တော့ဖြင့်. . မပူပါနဲ့ခင်ဗျာ။ ဘယ်လိုမျိုး. . အခက်အခဲအတားအဆီးတွေဖြစ်နေပါစေ။ ကျွန်တော်ဘယ်တော့မှ နောက်ဆုတ်မပြေးဘူးဆိုတာ. . ဆရာကြီးကို ကတိပေးပါတယ်"

တာတေကလည်း. . ဝင်ရောက်အားပေးလိုက်၏။

"ဒီမှာ. . မောင်သိန်းတန်။ တာတေဆိုတာ. . မင်းရဲ့သွေးသောက်ပါကွာ. .။ ဟဲ. . ဟဲ. . ဟဲ. . "

ညအမှောင်ထုသည် တဖြည်းဖြည်းနက်သည်ထက်နက်၍လာသကဲ့သို့ အမှောင်ထုထဲသို့တိုးဝင်ကြရတော့မည့်လူသားနှစ်ယောက်တို့သည်လည်း အမိုက်မှောင်ဖုံးရန်အဆင်သင့်ဖြစ်၍နေကြချေပြီတည်း။

❖ ❖ ❖



လွှန့်ခဲ့တဲ့ငါးနှစ်လောက်က...
မတင်မေတိုက်အောင့်လို့ဆို...
အခု...ကျူပ်က ဆေးလာတိုက်တာလေ။

ဓာတ်မင်းသားမိုးပေါ်ကသိန်းတန်

www.burmeseclassic.com

www.burmeseclassic.com



## အချစ်ဆုံးအတွက် အမုန်းဆုံးလူ

မောင်သိန်းတန်နှင့် တာတေတို့နှစ်ဦးသားတောင်ငူ
လော်ကယ်ရထားစီး၍ ရန်ကုန်မြို့သို့ထွက်လာခဲ့ကြလေသည်။

ရန်ကုန်မြို့သို့ရောက်သည်နှင့်. . မောင်သိန်းတန် လွှ
သည့်ခြောက်လခန့်ကသူတောင်းစားစိန်များအဖြစ် ရန်ကုန်တ
လာရောက်နေထိုင်ခဲ့စဉ်က စတည်းချနေထိုင်ခဲ့သည့်. . တာ
သချိုင်းထဲရှိ လူမနေသောဇရပ်လေးတစ်ခုတွင် ဝင်ရောက်နေထ
လိုက်ကြလေသည်။

တာတေသည်. . အလွန်စိတ်မြန်သူဖြစ်သည့်အတိ



ရန်ကုန်မြေသို့ခြေချပြီးချိန်မှစကာ ဒေါ်တင်မေကြီးအားကလဲ့
ားချေရန်ကိုသာအမိကထား၍ မောင်သိန်းတန်အားတိုက်တွန်း
နေလေသည်။

မောင်သိန်းတန်ကမူ. . ထိုကိစ္စအကြောင်းကို စိုးစဉ်းမျှ
ကားမစဘဲ တာတေအားရန်ကုန်မြို့၏နေရာအနှံ့အပြားသို့
ိုက်လံပို့ဆောင်ပေးရင်း ရန်ကုန်သို့အလည်အပတ်လာကြသူများ
ဖွယ်သာ အေးအေးဆေးဆေးပြုမူနေလေရာ. . နောက်ဆုံးတွင်
ာတေက စိတ်မရှည်နိုင်တော့ဘဲ. .

"ဘယ့်နှယ့် မောင်သိန်းတန်ရယ်. . ။ ငါတို့နှစ်ယောက်က
ကုန်ကို အပျော်လာကြသလိုတောင်ဖြစ်နေပါလားကွ. . ။ မင်း
ွက မစသေးဘူးလား. . "

မောင်သိန်းတန်သည် တာတေအားသွားဖြီး၍ပြုံးပြလိုက်
ျှင်. .

"သိပ်မလောစမ်းပါနဲ့ တာတေရာ. . ။ ငါက ရှိသမျှကျား
အကုန်လုံးကို ထိုးကျွေးခဲ့ရပြီးတဲ့လူပါကွ။ အခုလို. . ငါကပြန်
ရတော့မယ့်အချိန်မျိုးမှာ. . ပြိုင်ဘက်ကို နည်းနည်းလေးတော့
လှုပ်ရှားသွားအောင် လုပ်ပေးလိုက်ပါရစေဦး။ နောက်ပြီး. .
ူတော်သျှောင်တစောင်းဆိုပြီးတော့ ရန်ကုန်မြို့မှာကျော်ကြား
ဲ့. . ဆရာကြီးရဲ့ရန်သူတော်ပြိုင်ဘက်ကြီးကိုလည်း နည်းနည်း
က် ကလိပေးလိုက်ချင်သေးလို့. . အကွက်ချပြီး အချိန်ကို

www.burmeseclassic.com



စောင့်နေတာပါကွာ။ ဟား . . ဟား"

"ဟော့ကောင် . . မောင်သိန်းတန်။ မင်းကိုဆရာကြီးက သေသေချာချာမှာလိုက်တယ်လေ။ လူသူတော်သျှောင်တစောင်း ဆိုတဲ့သူ့ရဲ့ရန်သူတော်ကြီးကို . . ငါတို့တတွေ ဝေးဝေးကရှောင်ကြ ရမယ်မဟုတ်လားကွ . . "

"အေးလေကွာ . . ။ ငါတို့က ဝေးဝေးကရှောင်နေမှာပါပဲ ဒါပေမယ့် . . အဲဒီလူသူတော်သျှောင်တစောင်းဆိုတဲ့လူကို ငါတို့ရဲ့ ဆရာကြီးနဲ့ . . ကြုံဖူးသွားအောင်တော့ လုပ်ပြလိုက်ချင်သေးတယ် သူ့ဟာသူ ဘယ်လောက်ပဲပညာကောင်းကောင်း . . ငါတို့ဆရာကြီး ရဲ့ပညာတွေကိုတော့ ဒီလူမယှဉ်နိုင်ပါဘူးကွာ။ အဲဒါကြောင့် . . ဆရာကြီးက ငါတို့အတွက်စိတ်ပူပြီးရန်ကုန်ကိုလိုက်လာရင်း သူ ငါတို့ဆရာတပည့်သုံးယောက် တစ်ပွဲတစ်လမ်းလောက်နွှဲကြ လိုက်ချင်လို့ . . အဲဒီလိုနွှဲလို့ရအောင် တမင်အချိန်ဆွဲနေတာပါကွ ဟား . . ဟား . . "

အတိုက်အခိုက်၊ အထိုးအကျိတ်ကိုအလွန်ဝါသနာပါသော တာတေသည် မောင်သိန်းတန်၏စကားကိုကြားလိုက်ရသောအ သဘောကျစွာရယ်မောနေလေတော့၏။

"မင်းကတော့ကွာ။ ကြံကြံဖန်ဖန်လုပ်ချင်နေသေးတ ကပါလေ . . အခုလည်းပဲ ရက်တွေအတော်ကြာနေလို့ . . ဆရာ လည်း စိတ်ပူပြီးလိုက်လာတော့မှာပါ။ မင်းအစီအစဉ်ကို . . စလို



ပါတော့ မောင်သိန်းတန်ရယ် . . "

တာတေသည် ရန်ကုန်တွင်အနေကြာ၍ပျင်းနေသော ကြောင့် . . မောင်သိန်းတန်အား အတင်းပင်တိုက်တွန်းနေလေ တော့သည် . . ။

"အေးလေ . . ။ မင်းက . . စ,စေချင်တော့လည်း စ,လိုက် ကြရတာပေါ့ တာတေရာ . . "

မောင်သိန်းတန်သည် နောက်တစ်နေ့တွင်သူဌေးကတော် ဒေါ်တင်မေကြီး(ခေါ်)ရွှေပိတုန်းတင်မေထံသို့ ခြိမ်းခြောက်စာ တစ်စောင်ကိုရေး၍ဖေးပို့လိုက်လေ၏။

ထိုကဲ့သို့ . . ဒေါ်တင်မေကြီးထံသို့ ခြိမ်းခြောက်စာပို့ပြီး သည့်နေ့မှစ၍ . . မောင်သိန်းတန်နှင့်တာတေတို့နှစ်ဦးသည် . . ဒေါ်တင်မေကြီး၏သွားလေရာနောက်သို့ . . ဝတ်စုံမည်းများကို ကိုယ်စီဝတ်ဆင်ကြပြီး အနောက်မှတကောက်ကောက်လိုက်ပါနေ ကြလေတော့ရာ . . ၎င်းတို့အား သတိထားမိသွားသောဒေါ်တင် မေကြီးမှာ . . အလွန်ပင် စိတ်ဓါတ်များခြောက်ခြား၍လာလေ တော့သည်။

ဒေါ်တင်မေကြီးတစ်ယောက် . . စိတ်ဓါတ်များပျက်ပြား လာနေပြီကိုသိရှိကြသောအချိန်တွင် အခွင့်အခါကောင်းကို နှစ်ဦး သားစောင့်ဆိုင်းနေကြလေတော့သည်။

"တာတေရေ . . ။ မနက်ဖြန်ကျရင် ဒေါ်တင်မေကြီးက

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘဝကိုဖျက်ဆီးခဲ့တာ ငါးနှစ်တင်းတင်းပြည့်ပြီကွ. . ။ မနက်ဖြ
သူတို့အိမ်နားမှာအလှူရှိလို့ သူ့အိမ်ကလူတွေလည်းသွားဝိုင်းက
ပြီးလုပ်ပေးကြမယ်လို့ သတင်းကြားတယ်. . ”

“ဟေ. . ကောင်းတာပေါ့ကွ။ ဒါဆိုရင်. . မနက်ဖြန်ညမှ
မင်းရဲ့အစီအစဉ်တွေကို. . အကောင်အထည်ဖော်လိုက်တော့ပေ
မောင်သိန်းတန်ရာ. . ”

“အေးလေ. . ။ ငါကလည်း. . အဲဒီလိုစိတ်ကူးမိလို့ မင်းကို
တိုင်ပင်တာပေါ့တာတေရာ. . ဟဲ. . ဟဲ. . ”

ထို့နောက်. . မောင်သိန်းတန်နှင့် တာတေတို့သည
နောက်တစ်နေ့ညအတွက်အစီအစဉ်များကို အသေးစိပ်တိုင်ပင်နေ
ကြလေတော့သည်။

နောက်တစ်နေ့ညတွင်. . မောင်သိန်းတန်နှင့် တာတေတို့
သည် အစီအစဉ်အတိုင်း ဒေါ်တင်မေကြီး၏ခြံကြီးရှေ့သို့ရောက်
ရှိလာကြလေတော့သည်။

အခုန်အပျံပညာရမ်ဘက်တွင် ကျွမ်းကျင်လှသောတာတေ
သည်. . ထိုခြံကြီး၏ခြံစည်းရိုးကိုအသာခုန်ကျော်၍ ခြံကြီးထဲသို့
ဝင်ရောက်သွားပြီးလျှင် သစ်ပင်ကြီးတစ်ပင်အောက်တွင် စိတ်အေး
လက်အေးပင်ပွတ်ချွန်းဆေးလိပ်တစ်လိပ်ကိုလိပ်၍စောင့်နေလေ
တော့သည်။

“ဟော့. . ခြံရှေ့က. . ဘယ်သူလဲကွ”



ထိုခြံကြီး၏တံခါးရှေ့နားတွင်. . မောင်သိန်းတန်က
လူယောင်ပြလိုက်သည်နှင့်. . သူဌေးကတော်ဒေါ်တင်မေကြီး၏
ခြံစောင့်ဦးဖြူသီးသည် မီးအိမ်ကိုကိုင်၍ ခြံတံခါးနားသို့ကပ်လာ
လေတော့သည်။

ခြံစောင့်ဦးဖြူသီးသည် ခြံ၏တံခါးဝတွင်. . ခေါင်းစွပ်
အမည်းရောင်စွပ်ထားသော လူတစ်ဦးကိုတွေ့လိုက်ရသဖြင့်. .

“ဟေ့ကောင်လေး. . ။ မင်းကို . . ဘယ်သူလဲလို့ မေးနေ
တယ်လေကွား. ”

“ကျုပ်က. . ဒေါ်တင်မေကြီးရဲ့ အထူးဧည့်သည်ပါ။ ဒေါ်
တင်မေကြီးကိုတွေ့ခွင့်ရဖို့ ကျုပ်ကစာကြိုရေးပြီးအကြောင်းကြား
ထားပါတယ်. . ”

“မင်းက. . ဘယ်ကလာတာလဲကွ။ မင်းနာမည်ကို. .
ဘယ်သူလို့ပြောလိုက်ရမလဲ. . ”

“မိုးပေါ်က မောင်သိန်းတန်. . ”

“ဟေ့ကောင်လေး. . ။ ငါမေးနေတာကို ကောင်းကောင်း
ဖြေစမ်း. . ။ ဘယ့်နှယ်. . နာမည်က မိုးပေါ်ကမောင်သိန်းတန်
ဖြစ်နေရတာလဲ။ မင်း ဒီကထွက်သွားစမ်းကွာ. . ။ ငါ. . ရဲကိုတိုင်
လိုက်ရမလား. . ။ အဖိုးကြီးဆိုပြီး လာမစမ်းနဲ့ကွ. . ။ ဟောဒီမှာ
ကြည့်ထား. . ”

ခြံစောင့်ကြီးဦးဖြူသီးသည် သူ့ရှေ့မှလူအားသေချာစွာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း. . နောက်ကြောတွင် ဓါးအိမ်နှင့်သိုင်းလွယ်ထားသည့်
ငှက်ကြီးတောင်ဓါးကိုဆွဲထုတ်လိုက်ရာ. . ဓါးအိမ်ထဲမှ ဓါးကိုဆွဲ
ထုတ်လိုက်သံမှာ ရှမ်းကနဲထွက်ပေါ် လာလေတော့သည်။

"ဖြူသီးကိုလူကြီးဆိုပြီး. . လာမစမ်းနဲ့နော်. . ။ ရှမ်းကြီး
သိုင်းကို ငယ်ငယ်လေးကတည်းက. . ထုံးလိုချေ၊ ရေလိုနှောက်လာ
တဲ့ကောင်ကွ. . ။ မှတ်ထား. . "

ဦးဖြူသီးက. . ဓါးကိုဝှေ့ယမ်းပြရင်း တိုက်ခိုက်ရန်ဟန်ပြင်
လိုက်စဉ် ခြံဝင်းအတွင်းသို့ကြိုတင်ရောက်နှင့်နေသောတာတေက
ပွတ်ချွန်းဆေးလိပ်ကိုဖွာရှိုက်နေရင်းမှပင်. . ခြံစောင့်ကြီးဦးဖြူသီး
အား နောက်မှနေ၍ အသာအယာပင်ဝင်ကပ်၍ဖမ်းချုပ်လိုက်လေ
တော့သည်။

ဦးဖြူသီးမှာ ရုတ်တရက်အနောက်မှဖမ်းချုပ်ခြင်းကိုခံလိုက်
ရသဖြင့် မည်သို့မျှမတတ်နိုင်တော့ဘဲ လက်ထဲမှဓါးသည်လည်း
လွတ်ကျသွားလေတော့သည်။

"အဖိုးကြီး မလှုပ်နဲ့နော်. . ။ ကျုပ်လက်ထဲမှာလည်း ဓါး
တယ်ဆိုတာနားလည်ထား။ ရုတ်ရုတ်လုပ်ရင်တော့ တစ်ခါတည်း
ထိုးသတ်ပစ်လိုက်မယ်. . "

"မင်း. . မင်းတို့က. . ဘာ. . ဘာကိုလိုချင်လို့လဲ. . "

"ခြံတံခါးဖွင့်ဖို့. . သူ့ကို သော့ပေးလိုက်ပါ. . "

တာတေက. . ပွတ်ချွန်းဆေးလိပ်ကို အေးဆေးစွာဖွာရှိုက်



ရင်းအမိန့်ပေးလိုက်သည်နှင့်. . ဦးဖြူသီးသည် ခါးကြားမှသော့တွဲ
အား ဖြုတ်၍ပေးလိုက်ရလေတော့သည်။ မောင်သိန်းတန်သည်
သော့တွဲကိုရသည်နှင့်. . ခြံတံခါးကိုအမြန်ဖွင့်လိုက်ကာ ခြံအတွင်းသို့
ဝင်လိုက်လေ၏။

ဦးဖြူသီးသည်. . သူတို့နှင့်အတူ ရုန်းကန်၍လိုက်ပါလာ
ရင်းမှ တာတေကလက်တစ်ဖက်တည်းနှင့်ပေါ့ဆစွာချုပ်ကိုင်ထား
ချိန်တွင်. . ရုတ်တရက်ညာဖက်တံတောင်နှင့်တွက်၍ အတင်းရုန်း
ထွက်လိုက်လေတော့သည်။

တာတေသည် တိုက်ခိုက်ရေးပညာရပ်တွင်အလွန်ကျွမ်း
ကျင်သူဖြစ်သဖြင့် သူ့လက်ထဲမှရုန်းထွက်သွားသောဦးဖြူသီးအား
ရှေ့သို့ခြေတစ်လှမ်းတိုးကာ. . ထပ်မံတိုက်ခိုက်၍ ဖမ်းချုပ်လိုက်ပြန်
လေတော့သည်။

ထိုသို့လှုပ်ရှားတိုက်ခိုက်ကြရာမှ. . တာတေ၏လည်ပင်း
တွင်ဆွဲထားသောငွေဆွဲပြားကလေးမှာ မြက်ခင်းပြင်ပေါ် သို့ လွင့်
စင်ကျသွားပြီး တာတေဖွာရှိုက်နေသည့်ပွတ်ချွန်းဆေးလိပ်မှာလည်း
ပြုတ်ကျ၍သွားသည်ကို မည်သူမျှသတိမထားမိလိုက်ကြပေ။

"ကဲ ဒီလောက်တောင်ရုန်းနေတဲ့အဖိုးကြီး. . ။ အသက်
ကြီးနေလို့. . မသတ်ချင်တာ. . "

"အူး အူး. . အား အား. . "

ဦးဖြူသီးကထပ်မံရုန်းကန်နေသဖြင့်. . မောင်သိန်းတန်

www.burmeseclassic.com



သည် အသင့်ပါလာသောမေ့ဆေးပုဝါဖြင့်. . ဦးဖြူသီး၏မျက်နှာအား အလျှင်အမြန်ပင်ချုပ်နှောင်၍ ဖုံးအုပ်ပေးထားလိုက်လေတော့ရာ. . မေ့ဆေးငွေ့များကိုရှူရှိုက်မိသောကြောင့် ဦးဖြူသီးမှာ သတိလစ်မေ့မျော၍သွားလေတော့သည်။

"တာတေရေ. . ။ အချိန်သိပ်မရှိဘူး. . ငါတို့အိမ်ပေါ်ကို အမြန်တက်ကြရအောင်. ."

"အေးလေ. . တက်ကြတာပေါ့ကွာ။ မတက်ခင်မှာ ဒါလေးကို အရင်ပစ်လိုက်ဦးမယ်ဟေ့. . ။ ဒါမှဆရာကြီးပြောသလို စီအိုင်ဒီကငနဲတွေမျက်စေ့လည်သွားမှာကွ. . ဟား. . ဟား. ."

တာတေသည်. . စကားအဆုံးတွင် သူ၏လက်ထဲမှဒေါင်းမြီးတပ်မြားတစ်စင်းကို ထုတ်ယူလိုက်လေတော့သည်။ ထို့နောက် ဒေါ်တင်မေကြီး၏အိမ်အပေါ်ထပ်ဧည့်ခန်းရှိရာသို့ ဝရံတာမှဖွင့်ထားသောပြတင်းပေါက်မှတစ်ဆင့် လွှဲ၍ပစ်ထည့်လိုက်လေတော့ရာ. . ထိုဒေါင်းမြီးတပ်မြားသည် အပေါ်ထပ်ဧည့်ခန်းထဲရှိတိုင်တစ်တိုင်တွင် 'ဒုတ်'ခနဲ စိုက်ဝင်သွားလေတော့သည်။

"ဒုတ်. ."

"အိုး. . အမေ့. ."

ထိုအချိန်တွင်. . ဒေါ်တင်မေကြီးမှာ ဧည့်ခန်းထဲတွင် တစ်ဦးတည်းထိုင်၍ စာဖတ်နေလေသည်။ အိမ်ဖော်မိန်းကလေးများမှာလည်း. . အိမ်တွင်တစ်ဦးမျှရှိမနေကြဘဲ တစ်ခြံကျော်မှ



အလှူတွင်သွားရောက်၍ ပိုင်းကူလုပ်ပေးနေကြချိန်ဖြစ်သောကြောင့် ဒေါ်တင်မေကြီးမှာစိတ်ခြောက်ခြားလျက်ရှိနေလေသည်။

အိမ်ထဲတွင်. . သူမတစ်ယောက်တည်း အေးဆေးစွာအနားယူနေချိန်တွင် နံရံပေါ်သို့ ဒေါင်းမြီးတပ်မြားကလာရောက်စိုက်ဝင်နေခြင်းကိုမြင်လိုက်ရသဖြင့်. . ဒေါ်တင်မေကြီးမှာ လွန်စွာပင်ထိတ်လန့်ကြောက်ရွံ့နေမိလေတော့သည်။

ထိုအချိန်တွင်ပင်. . အိမ်အပေါ်ထပ်မှ ပြတင်းတံခါး၏မှန်ချပ်ကွဲသွားသောအသံကို ရုတ်တရက်ကြားလိုက်ရပြီးလျှင်. . အဝတ်နက်ခေါင်းစွပ်နှင့်လူနှစ်ယောက်သည် ပြတင်းတံခါးပေါက်မှ ကျော်ဝင်ကာ. . ဒေါ်တင်မေကြီး၏ရှေ့သို့ရောက်လာကြလေ၏။

"ရှင်. . ရှင်. . ရှင်တို့က ဘယ်သူတွေလဲ. ."

ဒေါ်တင်မေကြီး၏မေးခွန်းကို အဝတ်နက်ခေါင်းစွပ်နှင့်လူတစ်ယောက်က ပြန်ဖြေလိုက်သည်။

"လွန်ခဲ့တဲ့ငါးနှစ်လောက်က. . မတင်မေ ဗိုက်အောင့်လို့ဆို. . ။ အဲဒါကြောင့် အခု. . ကျုပ်က ဆေးလာတိုက်တာလေ. ."

"ဗာင်. . ။ ရှင်. . ရှင်က. ."

"ဟုတ်ပါတယ်လေ. . ။ ကျုပ်ဟာ. . မတင်မေရဲ့ချောက်တွန်းတာကို. . ဘဝပျက်သွားအောင်ခံခဲ့ရတဲ့. . မိုးပေါ်ကသိန်းတန်ပါပဲ. ."

အဝတ်နက်နှင့်လူက. . မျက်နှာကိုဖုံးထားသော အဝတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ချွတ်ပြလိုက်လေတော့သည်။

"ဟင်. . ကိုသိန်းတန်. . "

ပြောပြောဆိုဆိုပင်. . ဒေါ်တင်မေကြီးသည် ထိုင်ရာမှထ၍ပြေးထွက်ရန်ပြင်လိုက်လေရာ. . တာတေက အနောက်မှနေ၍ဖမ်းချုပ်လိုက်ပြီးလျှင်. . သူမ၏လည်ပင်းအား စတီးကြိုးလေးဖြင့်ရစ်ပတ်ထားလိုက်လေတော့သည်။

"အို. . ကျွန်မကို. . ကျွန်မကို. . ရှင်တို့က ဘာလုပ်[ကြ]မလို့လဲရှင့်"

"ဘာမှမလုပ်ပါဘူး မတင်မေရယ်. . ။ ဗိုက်အောင့်ပျောက်တဲ့ဆေး မတင်မေကိုတိုက်ပြီးရင်. . ကျုပ်ပြန်ပါ့မယ်. . "

"ကျွန်မ. . ကျွန်မကို မသတ်ပါနဲ့ရှင်. . ။ ကျွန်မ တောင်[း]ပန်ပါတယ်"

"မသတ်ပါဘူးဗျာ. . လွန်ခဲ့တဲ့ငါးနှစ်က မတင်မေကို[ကူ]ညီပြီးဆေးတိုက်ဖို့အလာမှာ. . ကျုပ်ဘဝတစ်ခုလုံးပျက်ခဲ့ရတယ်[.]အခု. . မတင်မေအလှည့်ရောက်ပြီပေါ့. . "

မောင်သိန်းတန်သည်. . ဒေါ်တင်မေကြီးရှေ့တွင် အသ[က်]တွေနေရသောနွားနို့ခွက်ထဲသို့ အဆိပ်မှုန့်များထည့်လိုက်သည်[။]ထိုအရာကို ဒေါ်တင်မေကြီးကကောင်းစွာမြင်လိုက်ရသဖြင့်. .

"ကျွန်မ. . ကျွန်မ တောင်းပန်ပါတယ်ရှင်။ ကျွန်မကို. . မသတ်ကြပါနဲ့. . "



"မသတ်ပါဘူး. . မတင်မေရယ်။ ကျုပ်က ဟောဒီနွားနို့ခွက်လေးတစ်ခွက်ကို. . လွန်ခဲ့တဲ့ငါးနှစ်က မတင်မေဗိုက်အောင့်နေချိန်မှာဆေးမတိုက်ခဲ့ရလို့. . အခုလိုငါးနှစ်ပြည့်တဲ့နေ့မှာ အမှတ်တရအနေနဲ့ တိုက်ရုံလေးပါပဲဗျာ. . "

"မသောက်ဘူး. . မသောက်ဘူး။ ရှင်တို့ နွားနို့ကို ကျွန်မမသောက်ဘူး. . "

BURMESE CLASSIC .com

သူဌေးကတော်ဒေါ်တင်မေကြီးသည် ထိုင်ရာမှအတင်းရုန်းကန်၍ထပြေးလေရာ. . သူမ၏လည်ပင်းအား တာတေက. . ကြိုးကွင်းစွပ်ထားသည့်စတီးကြိုးလေးကြောင့် အသက်ရှူကြပ်ကာသတိလစ်မေ့မြောသွားလေတော့သည်။

"တာတေရေ. . ။ သူ့ကြမ္မာကို. . သူ့ဟာသူ ဖန်တီးသွားလေပြီကွယ်. . "

"နေဦးကွ. . ။ အသက်ရှိ မရှိစမ်းသပ်ကြည့်ရအောင်. . မောင်သိန်းတန်ရေ. . "

"အသက်က ငွေ့ငွေ့လေးတော့. . ကျန်နေကောင်းပါရဲ့ဗျာ။ ဒါပေမယ့်. . ငါတို့ရဲ့ ဂမုန်းနက်အဆိပ်မှုန့်ထည့်ထားတဲ့နွားနို့ကိုတိုက်လိုက်ပြီးရင်တော့. . ပြန်ပြီး လှည့်ကြည့်စရာတောင်မလိုတော့ပါဘူး. . "

မောင်သိန်းတန်သည်ပြောပြောဆိုဆိုပင် သူဌေးကတော်ဒေါ်တင်မေကြီးအားပွေ့ထူလိုက်ပြီး. . သတိရအောင်နှိုးပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ အနည်းငယ်သတိပြန်ရလာသည်နှင့် ပါးစပ်အတွင်းသို့ နွားနို့များကိုအတင်းလောင်းထည့်လိုက်လေရာ သူဌေးကတော်ဒေါ်တင်မေကြီးမှာ. . ရှုန်းရင်းကန်ရင်းဖြင့် အသက်ပျောက်သွားရှာလေတော့သည်။

"တာတေရေ. . ။ ခြေစ၊ လက်စ မကျန်အောင်လုပ်နော်"

"စိတ်ချပါ. . မောင်သိန်းတန်ရာ။ ဒီတစ်ခါဖြင့် စိတ်ချရပါပြီ. . "

ဤသို့ဖြင့်. . မောင်သိန်းတန်နှင့်တာတေတို့နှစ်ဦးသား ကျွန်းလှေခါးကြီးမှဆင်းကာ အိမ်ရှေ့တံခါးမကြီးကိုဖွင့်၍ ညအမှောင်ထုထဲတွင်. . ခြောက်ထပ်ကြီးခြံကြီးထဲမှ အေးဆေးစွာ ထွက်လာခဲ့ကြလေတော့သည်။

❖ ❖ ❖

BURMESE CLASSIC .com



တကယ်တော့ ကျုပ်ကို...ကိုးသချိုင်းရာဇာက စိန်ခေါ်သွားတာပဲဗျ...။ သေခြင်းဆိုတဲ့ကတ်ပြားမှာ..."ရန်"ဆိုတဲ့ စာလုံးနဲ့"သူ"ဆိုတဲ့စာလုံးကို ထိပ်ကမြားပြထားတယ်လေ။

လူသူတော်ချောင်တစောင်း

www.burmeseclassic.com

www.burmeseclassic.com



## ရန်သူအဖြစ် သတ်မှတ်ခြင်း

ကျွန်ုပ် အငြိမ်းစားသတင်းထောက်ကြီးဦးသိန်းမောင်မှာ စုံထောက်ကြီးဦးဇင်ယော်ထံမှရရှိသော ခြောက်ထပ်ကြီးကုန်းမှ ဒေါ်တင်မေကြီးအားသတ်ခဲ့ကြသည့်လူသတ်တရားခံနှစ်ယောက်ဖြစ်ကြသည့်. . ဇာတ်မင်းသားလေးမိုးပေါ်ကသိန်းတန် (ခေါ်) သူတောင်းစားစိန်မြားနှင့် စဏ္ဍာလတာတေတို့၏ထွက်ချက်များကိုဖတ်ကြည့်နေမိလေရာ ၎င်းတို့၏နောက်ကြောင်းအဖြစ်အပျက်ဇာတ်လမ်းများမှာ အလွန်မှပင် စိတ်ဝင်စားဖွယ်ကောင်းလှသည်ကိုတွေ့ရှိရလေတော့၏။



ဆရာကြီးလူသူတော်သျှောင်တစောင်း၏ တရားခံများအား အရအမိဖမ်းဆီးလိုက်ပုံမှာ. . အလွန်ပညာသားပါလှသလိုသူ၏တပည့်များအား. . သူကိုယ်တိုင်ကဒဏ်ရာများရရှိနေသည့်ကြားမှပင် စွန့်စွန့်စားစားကယ်ဆယ်ရန်ကြိုးစားခဲ့သည့် ကိုးသချိုင်းရာဇာ၏စိတ်ဓါတ်မှာလည်း အလွန်ပင်အံ့သြစရာကောင်းလှပေတော့သည်။

အင်းစိန်စီအိုင်ဒီမှ. . စုံထောက်မင်းကြီး မစ္စတာစတီးဝပ်ကိုယ်တိုင်နှင့် သူ၏စုံထောက်အဖွဲ့ဝင်အားလုံးကပင်. . သဲလွန်စပျောက်ဆုံးနေခဲ့သည့် ခြောက်ထပ်ကြီးကုန်းလူသတ်မှုကြီးမှလူသတ်တရားခံများအား. . သူကတိပေးထားခဲ့သည့်အတိုင်းပင် သုံးရက်အတွင်းအရအမိဖမ်းဆီးပေးနိုင်ခဲ့ပြီး. . တရားခံများအား ရန်ကုန်မြို့သို့ သယ်ဆောင်လာစဉ် ဝင်ရောက်ကယ်ဆယ်ရန်ကြိုးစားသည့် ကိုးသချိုင်းရာဇာ၏အန္တရာယ်မှလည်း ကာကွယ်ပေးနိုင်ခဲ့သည့်အတွက် ဆရာကြီးလူသူတော်သျှောင်တစောင်းအား ချီးကျူးဂုဏ်ပြုမှတ်တမ်းများပင်ပေးပို့ခဲ့ကြကြောင်းကိုလည်း ကျွန်ုပ်အနေဖြင့် သတင်းစကားများကြားသိရပေသည်။

ထိုအဖြစ်အပျက်များဖြစ်ပွားသွားပြီးနောက် တစ်လခန့်ကြာသောအခါ. . ကျွန်ုပ်နှင့် စုံထောက်ကြီးဦးဇင်ယော်တို့သည် တနင်္ဂနွေနေ့အားလပ်ရက်ဖြစ်ပေသောကြောင့် ကျွန်ုပ်၏အိမ်တွင်ဆုံတွေ့ကြကာ. . ဧည့်ခန်းထဲတွင် စိတ်အေးလက်အေးထိုင်၍

ကျွန်ုပ်၏ဇနီးခင်ခင်ကြီး၏လက်ရာ လက်ဘက်သုတ်နှင့်အဖန်
ကိုမှီဝဲနေကြရင်း. . ယခုတစ်လော လမ်းမတော်ဘက်တွင်သော
ကျန်းနေသည့် လူမိုက်ကြီးလမ်းမတော်ဘိုးတုတ်၏အကြောင်း
ဆွေးနွေးနေကြလေသည်။

ထိုအချိန်တွင်. . ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယော်
ထိုင်နေကြသောစားပွဲ၏အရှေ့ဘက်ရှိကျွန်းတိုင်ကြီးသို့ ဒေါင်း
တပ်မြားတစ်ချောင်းသည် 'ဗြိုး'ကနဲအသံပေးကာစိုက်ဝင်လာ
သဖြင့်. . ကျွန်ုပ်၏စိတ်ထဲတွင် ဒေါင်းမြီးတပ်မြားပစ်ကျွမ်းက
သည့်ကိုးသချိုင်းရာဇာဆိုသည့်သူဘ်ရာဇာပေတိုးအား ရုတ်တရ
သတိရမိကာ တုန်လှုပ်သွားမိလေသည်။

သို့သော်လည်း. . ဒေါင်းမြီးတပ်မြား၏ လေထုကို
ပြေးဝင်လာသံကိုကျယ်လောင်စွာမကြားလိုက်ရခြင်း၊ တိုင်တွင်စို
ဝင်နေသည့်မြားတံမှာ လုံးဝတုန်ခါ၍မနေခြင်းတို့ကြောင့်.
ဆရာကြီးလူသူတော်သျှောင်တစောင်း၏ ဒေါင်းမြီးတပ်မြား
ဖြစ်သည်ကိုသိရှိလိုက်ကြကာ ကျွန်ုပ်နှင့်စုံထောက်ကြီးဦးဇင်ယေ
တို့သည်. . ဝမ်းသာအားရပင်ထိုင်နေရာမှထ၍ ဆရာကြီးလူ
တော်သျှောင်တစောင်းအား. . ဧည့်ခန်းဝမှနေ၍ ကြိုဆိုလိုက်
လေတော့သည်။

ယခုတစ်ကြိမ်တွင် ဆရာကြီးလူသူတော်သျှောင်တစော
သည်. . စတုဒ္ဒရီဘေကာကားအဖြူကြီးကိုစီးလာခြင်းဖြစ်ပြီး ကား



ပုလေးဂွမ်ရှိန်းကမောင်းနှင်လာကာ. . ကားရပ်လိုက်ပြီးသည်နှင့်
ပုလေးဂွမ်ရှိန်းက ကားတံခါးကိုပြေးဖွင့်ပေးလိုက်ပြီးလျှင် ဆရာ
ကြီးသည် ကားပေါ်မှစိတ်အေးလက်အေးအမူအရာဖြင့်ဆင်းသက်
လာလေတော့သည်။

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် သူ၏ထုံးစံ
အတိုင်း. . နံ့သာရောင်ထက်အောက်ဝတ်စုံကို သပ်ရပ်ခန့်ညား
စွာဝတ်ဆင်ထားပြီးလျှင် သျှောင်ကိုညာဘက်သို့သေသပ်စွာတွဲ၍
ထားကာ ဧည့်ခန်းထဲသို့ဝင်ရောက်လာလေ၏။ ထို့နောက်
ဧည့်ခန်းအလယ်ရှိခုံကြီးပေါ်တွင်. . အကျအန ဝင်ထိုင်လိုက်ကာ
သူ၏အိတ်ထဲမှရွှေနံ့သာဆေးပြင်းလိပ်ကိုထုတ်၍ ရွှေသားအစစ်ဖြင့်
ပြုလုပ်ထားသည့်မီးခြစ်ကိုထုတ်ယူလိုက်ကာ ဆေးပြင်းလိပ်ကိုမီးညှိ
ဖွာရှိုက်နေလေတော့သည်။

ကျွန်ုပ်သည် ဆရာကြီးလူသူတော်သျှောင်တစောင်းအား
ကြည့်၍နှုတ်ဆက်လိုက်ပြီးလျှင်. .

"ဘယ့်နှယ့်လဲ. . ဆရာကြီးရဲ့။ ကိုးသချိုင်းရာဇာနောက်
လိုက်သွားတာ. . တွေ့ရော တွေ့ခဲ့ရဲ့လားဗျ. . "

"ဖြည်းဖြည်းပေါ့ဗျာ. . ။ ကိုသိန်းမောင်က စိတ်လောရန်
ကော. . ။ ကျုပ် ပြောပြပါ့မယ်. . "

ဆရာကြီးသည် ဆေးပြင်းလိပ်ကိုသာအားပါးတရဖွာရှိုက်
နေလေရာ. . ကျွန်ုပ်တို့မှာ ဆရာကြီးလူသူတော်သျှောင်တစောင်း

www.burmeseclassic.com



၏ စကားအစကိုသာ စောင့်မျှော်နေမိကြလေ၏။

"ကျုပ်ဟာ. . ရန်ကုန်က ထွက်ခွာသွားပြီးတဲ့နောက်မှာ ကျုပ်တို့ရဲ့တိဗက်ဆရာကြီးကွမ်ရှိနိုင်တဲ့နေရာတွေကို အဆင့်ဆင့်သတင်းစုံစမ်းပြီး ဆရာကြီးကွမ်ဆိုတဲ့လူထူးထူးဆန်းကြီးကို တွေ့ဖို့ကြိုးစားခဲ့တာ. . တစ်ပတ်လောက်ကြာမှ ဆရာကြီးကွမ်နဲ့တွေ့ခွင့်ရတော့တယ်။ ဒါပေမယ့်. . ကိုးသချိုင်းရာဇာဟာ ဆရာကြီးကွမ်ဆီကို ရောက်နှင့်ခဲ့ပြီးဖြစ်နေတဲ့အပြင်. . သူ့ဒဏ်ရာတွေကိုလည်း ဆရာကြီးကသနားပြီးကုသပေးလိုက်လို့ ပျောက်ကင်းသွားပြီဆိုတာကိုပါ သိလိုက်ရတယ်. ."

"ဟင်. . ဒါဆို ဆရာကြီးနဲ့ကိုးသချိုင်းရာဇာတို့ မတွေ့လိုက်ကြရဘူးပေါ့. ."

"ကိုးသချိုင်းရာဇာဟာ ကျုပ်လိုက်လာမယ်ဆိုတာသိလို့ တိဗက်နယ်ထဲကဆရာကြီးကွမ်ရဲ့မိတ်ဆွေ တာ့လုံဆိုတဲ့သိုင်းဆရာကြီးဆီကို သူ့ဒဏ်ရာတွေပျောက်ကင်းတာနဲ့ ရှောင်ထွက်သွားတယ်လို့သတင်းကြားရတာပဲဗျာ. .။ သူ့ကြည့်ရတာ. . ကျုပ်ကိုအတော်လေးစိတ်နာသွားပုံရတယ်။ ဒါ့ကြောင့်လည်း. . ကျုပ်ရောက်လာခဲ့ရင်ပေးဖို့ဆိုပြီး ဆရာကြီးကွမ်ကို. . ဟောဒီကတ်ပြားလေးတစ်ခုပေးထားခဲ့တယ်လေ. ."

ဆရာကြီးလူသူတော်သျှောင်တစောင်းသည် သူ၏အိတ်ထဲမှရောင်စုံကတ်ပြားသေးသေးလေးတစ်ခုကိုထုတ်ယူ၍ ကျွန်ုပ်



တို့အား ပြသလိုက်လေသည်။

"အဲဒါ. . တားရော့ဂမ္ဘီရဗေဒင်ကတ်ပြားလို့ ခေါ်တယ်ဗျ။ အနောက်တိုင်းက ဂျစ်ပစီဗေဒင်ပညာရှင်တွေအသုံးများကြတယ်။ ပုံကိုကြည့်ပြီး အဓိပ္ပါယ်ဖော်ယူဟောပြောကြတာပေါ့လေ. ."

ထိုတားရော့ကတ်ပြားလေးတွင် ရေးထားဆွဲထားသောပုံမှာ အောက်ပါအတိုင်းဖြစ်ပေ၏။




သေခြင်း

www.burmeseclassic.com

ကျွန်ုပ်သည်. . ထိုကတ်ပြားလေးကိုအသေအချာကြည့်သော်လည်း. . အဓိပ္ပါယ်ကို လုံးဝနားမလည်နိုင်သဖြင့် ဆရာကြီးလူသူတော်သျှောင်တစောင်းအား. . ထပ်မံ၍ မေးခွန်းထုတ်လိုက်မိပြန်သည်။

"ဆရာကြီးရယ်. . ။ ဒီကတ်ပြားလေးရဲ့ အဓိပ္ပါယ်က. . ဘာကို ဆိုလိုတာလဲခင်ဗျ။ ကျွန်တော်တော့. . ဘယ်လိုမှနားမလည်နိုင်ပါဘူး. ."

"ပုံကိုကြည့်ပြီး. . အဓိပ္ပါယ်ဖေါ်ယူရတာလို့ ကျုပ်ပြောပြထားတာပဲကိုသိန်းမောင်ရယ်။ ဒီကတ်ပြားလေးကို သေချာကြည့်လေ. . အဓိပ္ပါယ်က ပေါ်လာလေပေါ့ဗျာ. ."

ကျွန်ုပ်သည် ရင်ထဲတွင်မခံချင်စိတ်များဖြစ်ပေါ်လာသဖြင့် ထိုတားရှော့ကတ်ပြားလေးကိုစူးစိုက်ကြည့်ကာ ကြိုးစား၍အဓိပ္ပါယ်ကိုဖေါ်ကြည့်လိုက်လေသည်. . ။

"ကျွန်တော်တွေ့ရတဲ့အဓိပ္ပါယ်ကတော့. . ရန်ကိုရှောင်၊ သူတော်ကောင်းစိတ်ကိုမွေးပါဆိုတဲ့. . ဆုံးမသဘောမျိုးပဲ မဟုတ်ဘူးလားဆရာကြီး. ."

ကျွန်ုပ်၏စကားကြောင့်. . ဆရာကြီးလူသူတော်သျှောင်တစောင်းသည်. . သဘောကျစွာပင် ထပ်မံ၍ရယ်မောလိုက်လေတော့သည်။

ကျွန်ုပ်တို့မှာလည်း. . ဆရာကြီးက အဘယ့်ကြောင့်ရယ်



သည်ကို နားမလည်နိုင်ကြပေ. . ။ ဆရာကြီးလူသူတော်သျှောင်တစောင်းသည်. . တားရှော့ကတ်ပြားလေးပေါ်မှ 'ရန်' နှင့် 'သူ' ဟုရေးသားထားသော အမှတ်အသားနေရာလေးများကို လက်ညှိုးထိုးပြလိုက်ပြီးလျှင်. .

"ခင်ဗျားတို့အနေနဲ့. . ရိုးရိုးသားသားတွေးကြည့်လိုက်ရင်တော့. . အဲဒီအဓိပ္ပါယ်မျိုးပေါ့လေ။ တကယ်တမ်းမှာတော့. . ကိုးသချိုင်းရာဇာဟာ. . သူ့ဘဝတစ်လျှောက်လုံးအတွက် ကျုပ်ကို အပြီးအပြတ် စိန်ခေါ်သွားတာဗျ။ သေခြင်းဆိုတဲ့ကတ်ပြားမှာ. . 'ရန်' ဆိုတဲ့စာလုံးနဲ့ 'သူ' ဆိုတဲ့စာလုံးတွေကိုရေးပြီး မြားပြထားတယ်လေ။ အဓိပ္ပါယ်ကတော့. . ကျုပ်ဟာ သူ့ရဲ့ရန်သူကြီးပေါ့။ သူနဲ့ကျုပ်ဟာ. . အသေအကြေတိုက်ခိုက်ကြရမယ့် ရန်သူကြီးတွေဖြစ်သွားကြပြီပေါ့ဗျာ။ နောက်တစ်ကြိမ်ပြန်ဆုံကြရင်. . ကျုပ်ကို သေခြင်းတရားနဲ့ရင်ဆိုင်တွေ့စေမယ်ပေါ့ဗျာ. . ဟား. . ဟား. ."

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက်ရယ်မောလိုက်သံကြီးသည်. . ကျွန်ုပ်၏အိမ်အတွင်း၌ ပဲ့တင်ထပ်လျှက်ရှိနေပေတော့၏။

ကျွန်ုပ်ဦးသိန်းမောင်နှင့် စုံထောက်ကြီးဦးဇင်ယော်တို့မှာ ဤကဲ့သို့ တစ်ကြိမ်တစ်ခါမျှရယ်မောခြင်းမရှိခဲ့ဖူးသည့် ဆရာကြီးလူသူတော်သျှောင်တစောင်းအား တအံ့တသြငေးမော၍သော ကြည့်နေမိကြလေ၏။

www.burmeseclassic.com



"တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာတော့ . . သူနဲ့ကျုပ်နဲ့ဟာ တစ်ဦးဦးရဲ့နောက်ဆုံးအကြိမ်အဖြစ်နဲ့ ပြန်ဆုံခွင့် ကြုံကြရဦးမှာပေါ့လေ . ."

ဆရာကြီးလူသူတော်သျှောင်တစောင်း၏ အောင်မြင်ပြတ် သားသောစကားသံကို . . ကျွန်ုပ်တို့နှစ်ဦးသား ကြက်သီးထဖွယ်ပင် ကြားလိုက်ကြရလေတော့သတည်း . .။

ဤတွင်ပြီး၏တည်း။

ရာဇဌာ

BURMESE CLASSIC .com

www.burmeseclassic.com